စံလု စာပေ

# လောကီပဒေသာ စွယ်စုံကျမ်း

(ရှေးမူဟောင်း)



ထက်မင်းလွင်

# လောကီပဒေသာ စွယ်စုံကျမ်း

## ထက်မင်းလွင်

ဖြန့်ချိရေးနှင့်မူပိုင်
စံလှစာပေတိုက်
အမှတ် ၁၈၀၊ ၂၉ လမ်း၊ ရန်ကုန်
☎ ၀၁ - ၂၄၆၆၂၁

စာမူခွင့်ပြုချက်အမှတ် - ၄၆၉/၂၀၀၀(၆)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် -

ပုံနှိပ်မှတ်တမ်း
၂၀၀၀ ခုနှစ်၊ အောက်တိုဘာလ၊ ပထမအကြိမ်

PM-1200

ကွန်ပျူတာစာစီနှင့် အတွင်းဖလင်
စံလှစာပေတိုက်
အမှတ် ၁၈၀၊ ၂၉ လမ်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဒေါ်မြမြကြွေ (စံလှစာပေတိုက်)၊ (မြ-၀၁၃၆၄)
အမှတ် ၁၈၀၊ ၂၉ လမ်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးဆန်းနိုင် စိုးမိုးမိတ်ဆက် ပုံနှိပ်တိုက် (မြ-၀၂၂၀၉)
အမှတ် ၁၄၆၊ ၃၃ လမ်း၊ ရန်ကုန်။

ဖြန့်ချိရေး
စံလှစာပေတိုက်
အမှတ် ၁၈၀၊ ၂၉ လမ်း၊ ရန်ကုန်
☎ ၀၁ - ၂၄၆၆၂၁

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဂြိုဟ်နေမှတ်ရန် သင်္ကေတ | ၁၅ |
| ၂။ | ဂြိုဟ်တို့၏ အက္ခရာနံလူမျိုးမှတ်ရန် | ၁၅ |
| ၃။ | ဂြိုဟ်တို့၏ မိတ်ရန် ဥဒါသိန်မှတ်ရန် | ၁၆ |
| ၄။ | တစ်နည်း မိတ်ရန် ဥဒါသိန်မှတ်ရန် | ၁၆ |
| ၅။ | ဂြိုဟ်တို့၏ကာလ ယောက်ျားကို မှတ်ရန် | ၁၆ |
| ၆။ | ဂြိုဟ်တို့၏ အစိုးရသောအရပ် | ၁၆ |
| ၇။ | ဂြိုဟ်တို့၏ အစိုးရသောအဆင်း | ၁၇ |
| ၈။ | ဂြိုဟ်တို့၏ အစိုးရသောနတ် | ၁၇ |
| ၉။ | ဂြိုဟ်တို့၏ အဓိပတိ | ၁၇ |
| ၁၀။ | ဂြိုဟ်တို့၏ ဂုဏ် | ၁၇ |
| ၁၁။ | လက်ယာဂြိုဟ် လက်ဝဲဂြိုဟ်မှတ်ရန် | ၁၇ |
| ၁၂။ | ကျွန်ဂြိုဟ် အရှင်ဂြိုဟ်မှတ်ရန် | ၁၈ |
| ၁၃။ | နဂိုဂြိုဟ် ယာယီဂြိုဟ်မှတ်ရန် | ၁၈ |
| ၁၄။ | ယောက်ျားဂြိုဟ်၊ မိန်းမဂြိုဟ်မှတ်ရန် | ၁၈ |
| ၁၅။ | ဂြိုဟ်စားတွက်နည်း | ၁၉ |
| ၁၆။ | ဂြိုဟ်စားလက်ဘွဲ့ရှစ်ပုဒ် | ၁၉ |
| ၁၇။ | ဂြိုဟ်ပျက်တွက်နည်း | ၂၀ |
| ၁၈။ | ဂြိုဟ်ပျက်ဟောနည်းလင်္ကာရှစ်ပုဒ် | ၂၁ |
| ၁၉။ | သက်ရောက်တွက်နည်း | ၂၂ |
| ၂၀။ | သက်ရောက်ဟောနည်း တနင်္ဂနွေဂြိုဟ်<br>သက်ရောက်ဟောတေးထပ် | ၂၂ |
| ၂၁။ | တနင်္လာဂြိုဟ် သက်ရောက်ဟောတေးထပ် | ၂၂ |
| ၂၂။ | အင်္ဂါဂြိုဟ် သက်ရောက်ဟောတေးထပ် | ၂၃ |
| ၂၃။ | ဗုဒ္ဓဟူးဂြိုဟ် သက်ရောက်ဟောတေးထပ် | ၂၃ |
| ၂၄။ | စနေဂြိုဟ် သက်ရောက်ဟောတေးထပ် | ၂၃ |
| ၂၅။ | ကြာသပတေးဂြိုဟ် သက်ရောက်ဟောတေးထပ် | ၂၄ |
| ၂၆။ | ရာဟုဂြိုဟ် သက်ရောက်ဟောတေးထပ် | ၂၄ |
| ၂၇။ | သောကြာဂြိုဟ် သက်ရောက်ဟောတေးထပ် | ၂၄ |
| ၂၈။ | မေးလာသော စကားလုံးရေကို ရှစ်ခုစား၍ဟောရန် | ၂၅ |
| ၂၉။ | မေးလာသော စကားလုံးရေကို ခုနစ်စားဟော | ၂၅ |
| ၃၀။ | နဂိုယာယီတွက်ကိန်း | ၂၅ |
| ၃၁။ | အနံ့ဝတ္တုနတွက်ကိန်း | ၂၆ |
| ၃၂။ | ဓနုံး လွန်း လင်္ဂ တြင်း နဝင်းပြက်တွက်နည်း | ၂၆ |
| ၃၃။ | ခါတ်သုဥ်း ဆေးသုဉ်းတွက်နည်း | ၂၆ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၃၄။ | ပုညဇီဝကမ္မတွက်နည်း | ၂၇ |
| ၃၅။ | ကမ္မကမ္မယာစသည်တွက်နည်း | ၂၇ |
| ၃၆။ | ခုနစ်နေ့ဖဝါးတွက်နည်း | ၂၇ |
| ၃၇။ | လူနတ်ဘီလူး နက္ခတ်ရွေးနည်း | ၂၈ |
| ၃၈။ | ထာစ်ဆယ့်နှစ်လဲ သန်းခေါင်နက္ခရွေးနည်း | ၂၈ |
| ၃၉။ | နံ့ဘက်ရွေးနည်း | ၂၈ |
| ၄၀။ | မိတ်ဘက်ရွေးနည်း | ၂၉ |
| ၄၁။ | ဓာတ်ဘက်ရွေးနည်း | ၂၉ |
| ၄၂။ | အိမ်ထောင်ဘက် ရန်ဘက်ရွေးနည်း | ၂၉ |
| ၄၃။ | နေ့ထပ်မင်္ဂလာအဟော | ၃၀ |
| ၄၄။ | ကံမွှာရန်ဘက်အဟော | ၃၀ |
| ၄၅။ | ရန်ဘက်အဟော | ၃၁ |
| ၄၆။ | မထိမ်းမြားသင့်သောခြောက်လ | ၃၁ |
| ၄၇။ | ထိမ်းမြားသင့်သောခြောက်လ | ၃၁ |
| ၄၈။ | ရက်ရာဇာ ရွေးနည်း | ၃၂ |
| ၄၉။ | ပြဿဒါးရက်ရွေးနည်း | ၃၃ |
| ၅၀။ | ကရိုဏ်းရက်ရွေးနည်း | ၃၃ |
| ၅၁။ | ရက်ယုတ်မာရွေးနည်း | ၃၄ |
| ၅၂။ | ရှမ်းရက်ရွေးနည်း | ၃၄ |
| ၅၃။ | တာဒနော၁ရက်ရွေးနည်း | ၃၄ |
| ၅၄။ | လဆန်းကိန်းရပ်ရွေးနည်း | ၃၅ |
| ၅၅။ | လဆုတ်ကိန်းရပ်ရွေးနည်း | ၃၅ |
| ၅၆။ | အမြိတ္တစုတ်ရွေးနည်း | ၃၅ |
| ၅၇။ | ဝါရမိတ္တု ရက်ရွေးနည်း | ၃၆ |
| ၅၈။ | လ ဒဏ်သင့်ရွေးနည်း | ၃၇ |
| ၅၉။ | လျှ တွင်း ရွေးနည်း | ၃၇ |
| ၆၀။ | သမားညိုနေ့ရွေးနည်း | ၃၈ |
| ၆၁။ | သမားဖြူနေ့ရွေးနည်း | ၃၉ |
| ၆၂။ | မဟာရက်ကြမ်းရွေးနည်း | ၃၉ |
| ၆၃။ | ရက်ပုပ်ရွေးနည်း | ၄၀ |
| ၆၄။ | နဂါးလှည့်အစဉ်အတိုင်းယူနည်း | ၄၁ |
| ၆၅။ | နဂါးပေါ်ရက်ရွေးနည်း | ၄၂ |
| ၆၆။ | နတ်နေလာဘ်နေ့ ရွေးနည်း | ၄၂ |
| ၆၇။ | တစ်နည်း နတ်နေရွေးနည်း | ၄၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၈။ | တစ်နည်း လာဘ်နေရွေးနည်း | ၄၃ |
| ၆၉။ | စက်နေရွေးနည်း | ၄၃ |
| ၇၀။ | နံ့ဖီလာရွေးနည်း | ၄၃ |
| ၇၁။ | လာဘ်, နတ်, စက်, နံ့ဖီလာရွေးနည်း | ၄၃ |
| ၇၂။ | ၇ ရက်သားသမီး ကျက်သရေတိုးအောင်ပြုလုပ်နည်း | ၄၃ |
| ၇၃။ | ၇ ရက်သားသမီး နေသင့်သောအရပ် | ၄၄ |
| ၇၄။ | တစ်နည်း ၇ ရက်သားသမီး မနေသင့်သောအရပ် | ၄၅ |
| ၇၅။ | ၇ ရက်သားတို့ မြို့သစ်ရွာသစ်၌ရှောင်ရန် | ၄၅ |
| ၇၆။ | ၇ ရက်သားသမီးတို့အမြစ်အညွန့် | ၄၅ |
| ၇၇။ | ၇ ရက်သားတို့ မှီနိုသောအသစ် ပြည်,ရွာ,မြို့ယူနည်း | ၄၆ |
| ၇၈။ | ၇ ရက်သားတို့ မှီသင့်သော နံ့ယူနည်း | ၄၆ |
| ၇၉။ | ၇ ရက်သားတို့ ခိုက်တတ်သော<br>ပဥ္စပွတ်–ဆပွတ်ယူနည်း | ၄၆ |
| ၈၀။ | အမှုကိစ္စ အခါပေးနည်း | ၄၇ |
| ၈၁။ | အဆင့်ဆင့်နိုင်သောနံ | ၄၈ |
| ၈၂။ | ဆယ့်နှစ်လ၌ မပြုသင့်သော အရာများ | ၄၈ |
| ၈၃။ | ၇ ရက်သားတို့စ၍ ရင်းနှီးရသောနည်း | ၄၉ |
| ၈၄။ | အဦးမပြုသင့်သော ကုသိုလ် | ၄၉ |
| ၈၅။ | မပြုကောင်းသောအရာများ | ၄၉ |
| ၈၆။ | ပြုသင့် မပြုသင့်သောအရာများ | ၅၀ |
| ၈၇။ | ဥစ္စာပျောက်ဟောကိန်း | ၅၄ |
| ၈၈။ | ခေါင်းမရိတ်ရသော ရက်ရွေးနည်း | ၅၄ |
| ၈၉။ | ရေမချိုးရသော ရက်ရွေးနည်း | ၅၄ |
| ၉၀။ | ရေချိုးရသော ရက်ရွေးနည်း | ၅၄ |
| ၉၁။ | ခေါင်းမဆေးရသော ရက်ရွေးနည်း | ၅၅ |
| ၉၂။ | ခေါင်းဆေးရသော ရက်ရွေးနည်း | ၅၅ |
| ၉၃။ | နား မဖောက်ရသော ရက်ရွေးနည်း | ၅၅ |
| ၉၄။ | ဆီလိမ်းရသော ရက်ရွေးနည်း | ၅၅ |
| ၉၅။ | ဆီမလိမ်းရသော ရက်ရွေးနည်း | ၅၅ |
| ၉၆။ | လက်သည်းလှီးရသော ရက်ရွေးနည်း | ၅၆ |
| ၉၇။ | လက်သည်းမလှီးရသော ရက်ရွေးနည်း | ၅၆ |
| ၉၈။ | ခေါင်းဆေးယတြာပြုနည်း | ၅၆ |
| ၉၉။ | ဗြိဟာဒသာညံ့သူ ယတြာပြုနည်း | ၅၆ |
| ၁၀၀။ | မှန်နိုရာ, ရှောင်ရာ ဆရာပြုရမည့်သူကို ပြဆိုခြင်း | ၅၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀၁။ | မြဲမြဲတည်တံ့အောင် ယတြာဘုရားထု ကိုးကွယ်နည်း | ၅၁ |
| ၁၀၂။ | အသက်ရှည်အောင် ယတြာဘုရားထု ကိုးကွယ်နည်း | ၅၂ |
| ၁၀၃။ | စီးပွားဖြစ်အောင် ဘုရားထု၍ ကိုးကွယ်နည်း | ၅၃ |
| ၁၀၄။ | ခရီးမသွားကောင်းသောနေ့ အရပ် | ၅၃ |
| ၁၀၅။ | ခရီးသွားသင့် မသွားသင့် တွက်နည်း | ၅၃ |
| ၁၀၆။ | ပညာသင်ရသောနေ့ကိုပြဆိုခြင်း | ၅၇ |
| ၁၀၇။ | ပညာသင်ကောင်းသောရက်ကို ပြဆိုခြင်း | ၅၇ |
| ၁၀၈။ | ကုန်ဝယ်ရ မဝယ်ရသောနေ့ | ၅၇ |
| ၁၀၉။ | မဝယ်အပ်သောအခါ | ၅၇ |
| ၁၁၀။ | ခုနစ်ရက်အလိုက်မပေးသင့်သောဝတ္ထုများ | ၅၈ |
| ၁၁၁။ | စကားအမှန်ယူနည်း | ၅၈ |
| ၁၁၂။ | အစဉ်နာရီယူနည်း | ၅၈ |
| ၁၁၃။ | နာရီလုပ်နည်းလက်ာ | ၅၈ |
| ၁၁၄။ | ဖဝါးမယွ[illegible]ည်း | ၅၉ |
| ၁၁၅။ | ဣတ္ထိသျှတ္တ [illegible]ျမ်း | ၅၉ |
| ၁၁၆။ | ဦးခေါင်းလက္ခဏာ | ၆၃ |
| ၁၁၇။ | နားရွက်လက္ခဏာ | ၆၃ |
| ၁၁၈။ | မျက်စိလက္ခဏာ | ၆၄ |
| ၁၁၉။ | နှာခေါင်းလက္ခဏာ | ၆၄ |
| ၁၂၀။ | လျှာလက္ခဏာ | ၆၄ |
| ၁၂၁။ | သွားလက္ခဏာ | ၆၄ |
| ၁၂၂။ | နှုတ်ခမ်းလက္ခဏာ | ၆၅ |
| ၁၂၃။ | လူတို့စားအပ်၊ မစားအပ်အရာ | ၆၅ |
| ၁၂၄။ | လူတို့ဝတ်အပ်၊ မဝတ်အပ်အရာ | ၆၈ |
| ၁၂၅။ | လူတို့ ပန်အပ်၊ မပန်အပ်အရာ | ၆၈ |
| ၁၂၆။ | သားသမီးအမည်မှည့်ခြင်း | ၆၉ |
| ၁၂၇။ | လအလိုက် အချင်းမြှုပ်နည်း | ၆၉ |
| ၁၂၈။ | လဆန်း၊ လဆုတ် သားဖွားအဟော | ၇၀ |
| ၁၂၉။ | လဆန်း၊ လကွယ် နေ့ရွေးနည်း | ၇၀ |
| ၁၃၀။ | ဂြိုဟ်စာပွင့်ရာ | ၇၁ |
| ၁၃၁။ | ဆယ့်နှစ်လရာသီ သံပေါက် | ၇၁ |
| ၁၃၂။ | နက္ခတ် ၂၇လုံး ရေတွက်နည်း၊ ၁၇လုံးသံပေါက် | ၇၂ |
| ၁၃၃။ | တစ်ဆယ့်နှစ်လ သန်းခေါင်နက္ခတ်ရွေးနည်း | ၇၃ |
| ၁၃၄။ | လူ၊ ဘီလူး၊ နတ် နက္ခတ်ရွေးနည်း | ၇၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၃၅။ | ဒုလိဒ္ဓစသော အမျိုးကိုးပါး နက္ခတ်ကိုးခိုင်သံပေါက် | ၇၄ |
| ၁၃၆။ | နက္ခတ်အထွက်အဝင် ခါးပတ်ရွေးနည်း | ၇၆ |
| ၁၃၇။ | နက္ခတ်တစ်ဖက်ကမ်းနှင့် နှစ်ဖက်ကမ်း အမြင်ရွေးနည်း | ၇၆ |
| ၁၃၈။ | အိမ်ရာကျောင်းရာတို့ကို ပတ်ဆေးသုတ်ဆေး | ၇၇ |
| ၁၃၉။ | အိမ်ရာကျောင်းရာ မြေကြီးအဟော | ၇၈ |
| ၁၄၀။ | ကျောင်းအိမ်ဆောက်ရာ မထားသင့်သောအရာများ | ၇၈ |
| ၁၄၁။ | အိမ်ကျောင်းကာကွယ်ဆေး | ၇၈ |
| ၁၄၂။ | ဒါးမြင်ါးမျိုးရွေးနည်း | ၇၉ |
| ၁၄၃။ | သစ်မခုတ်ရသောတော | ၇၉ |
| ၁၄၄။ | သစ်အမျက်ဟောနည်း | ၇၉ |
| ၁၄၅။ | တိုင်မပြုကောင်းသော အသားဆယ့်တစ်မျိုး | ၈၀ |
| ၁၄၆။ | တစ်နည်း အမျက်အဟော | ၈၀ |
| ၁၄၇။ | အမျက်အစာကျွေးနည်း | ၈၀ |
| ၁၄၈။ | ထုပ်-လျှောက်တို့ကို ရှစ်ခုစာအဟော | ၈၂ |
| ၁၄၉။ | တိုင်ရပ်ကို ခုနစ်ခုစားအဟော | ၈၂ |
| ၁၅၀။ | နေ့စွဲသစ်လဲကျမ်း | ၈၃ |
| ၁၅၁။ | မင်္ဂလာသစ် ခြောက်လုံးရွေးနည်း | ၈၄ |
| ၁၅၂။ | မြေစောင့်နတ် တင်ပုံကဗျာ | ၈၄ |
| ၁၅၃။ | ကြငှာန်းနတ်ပူဇော်ပွဲ | ၈၅ |
| ၁၅၄။ | အိမ်အပြစ် တစ်ဆယ့်ခြောက်ပါး | ၈၆ |
| ၁၅၅။ | အိမ်သစ်ဆောက် အသက်တွက်နည်း | ၈၆ |
| ၁၅၆။ | အိမ်ဆောက်လရွေးနည်း | ၈၇ |
| ၁၅၇။ | အိမ်ဆောက်နေ့ရွေးနည်း | ၈၇ |
| ၁၅၈။ | ကြိုးကိုင်ပန္နက်ရိုက်ရွေးနည်း | ၈၇ |
| ၁၅၉။ | အိမ်ကျောင်းဇရပ် စသည်ပနီးဆွဲနည်း | ၈၈ |
| ၁၆၀။ | အိမ်ဆောက်ပူဇော်နည်း | ၈၈ |
| ၁၆၁။ | တံခါးမထားရသောအရပ် | ၈၉ |
| ၁၆၂။ | အိမ်ကျောင်း မခိုက်အောင် တက်နည်း | ၈၉ |
| ၁၆၃။ | ဖက်ရှက်နိမိတ်အဟော | ၈၉ |
| ၁၆၄။ | အခြေလေးချောင်း တောသတ္တဝါ၊ အိမ်ရှာ မြို့အဝင် နိမိတ်အဟော | ၈၉ |
| ၁၆၅။ | လဆန်းလဆုတ် မြေခံရွေးနည်း | ၉၀ |
| ၁၆၆။ | မြေစာ ဆယ်ပါး၏ အကျိုးအပြစ် | ၉၀ |
| ၁၆၇။ | လဆုတ်မြေခံရွေးနည်း | ၉၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၆၈။ | တစ်နည်း လဆန်းမြေခံသံပေါက် | ၉၁ |
| ၁၆၉။ | လဆုတ်မြေခံသံပေါက် | ၉၁ |
| ၁၇၀။ | ခုနစ်နေ့ ဖဝါးယူနည်း | ၉၂ |
| ၁၇၁။ | တိထိငါးပါး အကျဉ်းအကျယ်နှစ်ရပ်ကို ပြဆိုခြင်း | ၉၂ |
| ၁၇၂။ | ထိထိငါးရပ်၏ ခရာစောက်ပုံ | ၉၂ |
| ၁၇၃။ | အကျယ်ခရာစောက်နှင့်တကွ အဟောကို ပြဆိုခြင်း | ၉၄ |
| ၁၇၄။ | နေကြတ် လကြတ်အကျဉ်းဟောရန် | ၉၅ |
| ၁၇၅။ | မျိုးကြဲရွေးနည်း | ၉၆ |
| ၁၇၆။ | လယ်နတ်ပူဇော်၍ လယ်ထွန်နည်း | ၉၆ |
| ၁၇၇။ | ထွန်သွားတတ်နည်း | ၉၆ |
| ၁၇၈။ | ကောက်သစ်ဆန်စားသောနေ့ | ၉၇ |
| ၁၇၉။ | စပါးသွင်းရ မသွင်းရသောနေ့ရွေးနည်း | ၉၇ |
| ၁၈၀။ | မောင်းဆင်နည်း | ၉၇ |
| ၁၈၁။ | ယောင်းမလုပ်နည်း | ၉၇ |
| ၁၈၂။ | ဖိုခုံလောက်လုပ်နည်း | ၉၈ |
| ၁၈၃။ | ပုဆိုးရက်ခြင်း၊ ဖျက်ခြင်း၊ ချုပ်ခြင်း၊ ဝတ်ခြင်းနည်း | ၉၈ |
| ၁၈၄။ | အဝတ်မချုပ်ရသော ရက်ရွေးနည်း | ၉၈ |
| ၁၈၅။ | ခေါင်းအုံးမွေ့ယာ ချုပ်ရန်ရက် | ၉၈ |
| ၁၈၆။ | မမွေးသင့်သော သတ္တဝါ ၉မျိုး | ၉၉ |
| ၁၈၇။ | မမွေးအပ်သော နွား ၇ မျိုး | ၉၉ |
| ၁၈၈။ | မွေးအပ်သော နွား ၉မျိုး | ၉၉ |
| ၁၈၉။ | ခုနစ်နေ့သား နွားမွေးကျမ်း | ၉၉ |
| ၁၉၀။ | နှံသင့်နွားမွေးနည်း | ၁၀၀ |
| ၁၉၁။ | ခုနစ်နေ့သား မြင်းမွေးကျမ်း | ၁၀၀ |
| ၁၉၂။ | မမွေးအပ်သော ကြောင်ခွေးများ | ၁၀၀ |
| ၁၉၃။ | မွေးသင့်သောဆိတ် | ၁၀၀ |
| ၁၉၄။ | မမွေးသင့်သောကြက် | ၁၀၁ |
| ၁၉၅။ | အဦးမွေးရသော သတ္တဝါ | ၁၀၁ |
| ၁၉၆။ | အိပ်မက်အပြားခြောက်ပါး | ၁၀၁ |
| ၁၉၇။ | တစ်နည်း အိပ်မက်အပြားလေးပါး | ၁၀၁ |
| ၁၉၈။ | အိပ်မက်သောအခါလေးပါး | ၁၀၂ |
| ၁၉၉။ | အိပ်မက်သောနေ့များ | ၁၀၃ |
| ၂၀၀။ | အိပ်မက်မကောင်းပျောက်အောင်ကုနည်း | ၁၀၄ |
| ၂၀၁။ | အိပ်မက်တိဏ္ဍုံကျမ်း | ၁၀၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၀၂။ | ခြပုန်းဆွဲအဟော | ၁၂၁ |
| ၂၀၃။ | ပျား နကျယ်စွဲအဟော | ၁၂၁ |
| ၂၀၄။ | မြွေခဲကျမ်း | ၁၂၃ |
| ၂၀၅။ | နေအိမ်ဖွဲ့ နိမိတ်အဟော | ၁၂၄ |
| ၂၀၆။ | လအိမ်ဖွဲ့ နိမိတ်အဟော | ၁၂၄ |
| ၂၀၇။ | တလ ငလျင်လှုပ်အဟော | ၁၂၅ |
| ၂၀၈။ | နေ့ ငလျင်လှုပ်နိမိတ်အဟော | ၁၂၆ |
| ၂၀၉။ | အခါ ငလျင်လှုပ်နိမိတ်အဟော | ၁၂၆ |
| ၂၁၀။ | တိမ်တံခွန်ထွက် နိမိတ်အဟော | ၁၂၇ |
| ၂၁၁။ | ကြယ်တံခွန်ထွက် နိမိတ်အဟော | ၁၂၇ |
| ၂၁၂။ | ငှက်မည်သံ နိမိတ်အဟော | ၁၂၇ |
| ၂၁၃။ | မှိုမ နပုံးငှက်သံ နိမိတ်အဟော | |
| ၂၁၄။ | ကြွက်ခဲနိမိတ်အဟော | ၁၂၈ |
| ၂၁၅။ | အဝတ်ကြွက်ခဲသော နိမိတ်အဟော | ၁၂၈ |
| ၂၁၆။ | မိုးခေါင်မည်ကို သိကြောင်းနိမိတ်အဟော | ၁၂၈ |
| ၂၁၇။ | ငတ်မွတ်အံ့သည်ကို သိကြောင်းနိမိတ်အဟော | ၁၂၉ |
| ၂၁၈။ | အသားလှုပ်ခြင်း နိမိတ်အဟော | ၁၂၉ |
| ၂၁၉။ | လက်ယာခေါ်သော အသားလှုပ်ခြင်း နိမိတ်များ | ၁၂၉ |
| ၂၂၀။ | လက်ဝဲခေါ်သော အသားလှုပ်ခြင်း နိမိတ်များ | ၁၃၀ |
| ၂၂၁။ | အိမ်တွင်မှိုပေါက်သည်ကို ပြဆိုခြင်း | ၁၃၁ |
| ၂၂၂။ | ရောယှက်၍မစားကောင်းသောအရာများ | ၁၃၁ |
| ၂၂၃။ | နှစ်ခိုက်ခန္ဓာအိမ်အဟော | ၁၃၂ |
| ၂၂၄။ | ဓာတ်လေးပါးနှင့်တကွ သုဉ်းသောအခါ ဝေဒနာကုရန် | ၁၃၂ |
| ၂၂၅။ | စန်းလွန်းလဂ် သုဉ်းတွက်နည်း | ၁၃၃ |
| ၂၂၆။ | ကြင်း၊ နှဝင်းဆေးသုဉ်းတွက်နည်း | ၁၃၃ |
| ၂၂၇။ | ကမ္ဘကွယ်၊ စသည့်ရွေးနည်း | ၁၃၄ |
| ၂၂၈။ | နာသောသူ ကြည့်ရန်ကိန်း | ၁၃၄ |
| ၂၂၉။ | သုံးခွထောက် ဟောကိန်း | ၁၃၄ |
| ၂၃၀။ | အနာဖြစ်ရာလက္ခဏာ | ၁၃၄ |
| ၂၃၁။ | ဆေးသမား လူနာသင့်မသင့်တွက်နည်း | ၁၃၅ |
| ၂၃၂။ | လူနာသေမသေတွက်နည်း | ၁၃၅ |
| ၂၃၃။ | ခန္ဓာငါးပါးပြတ်တွက်နည်း | ၁၃၅ |
| ၂၃၄။ | ဆေးနှ်ပြက်တွက်နည်း | ၁၃၅ |
| ၂၃၅။ | လူနာပြာပုံသို့ ကျမကျတွက်နည်း | ၁၃၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၃၆။ | လူနာယာယီရွှေ့ရန် တွက်နည်း | ၁၃၆ |
| ၂၃၇။ | အာယုပတ်တွက်နည်း | ၁၃၆ |
| ၂၃၈။ | လူနာ၏ အသက်ကို အချိန်ပိုင်းနည်း | ၁၃၆ |
| ၂၃၉။ | အာယုဆန်းပြတ်တွက်နည်း | ၁၃၆ |
| ၂၄၀။ | အနိပ်ကျမ်း | ၁၃၆ |
| ၂၄၁။ | လောကျမ်း | ၄၀ |
| ၂၄၂။ | ခေါင်းခဲ၍ ဇက်ကြောတင်းသည်ကို နှိပ်ရန် | ၁၄၃ |
| ၂၄၃။ | နားအူ နားပင်းနှိပ်ရန် | ၁၄၃ |
| ၂၄၄။ | မူး၍ တမှိုင်မှိုင်တထွေထွေရှိသည်ကို နှိပ်ရန် | ၁၄၄ |
| ၂၄၅။ | လေပူသည်ကို နှိပ်ရန် | ၁၄၄ |
| ၂၄၆။ | ကြို့ကြီးထိုးသော် နှိပ်ရန် | ၁၄၅ |
| ၂၄၇။ | သွားနာသွားကိုက်ကို နှိပ်ခြင်း | ၁၄၅ |
| ၂၄၈။ | မေးခိုင်၍ နေသည်ကို နှိပ်ရန် | ၁၄၅ |
| ၂၄၉။ | မျက်စိနာ တိမ်စွဲသလွှာလွှမ်းကို နှိပ်ရန် | ၁၄၅ |
| ၂၅၀။ | မိန်းမတို့၌ မီးယပ်နှင့်ယှဉ်သော<br>ရင်ဆို့ရင်ကျပ်နာတို့ကို နှိပ်ရန် | ၁၄၆ |
| ၂၅၁။ | လက်သေ လက်ကပ်သောနှိပ်ရန် | ၁၄၆ |
| ၂၅၂။ | လေပူသိုး၍ ရင်ကျပ်သောနှိပ်ရန် | ၁၄၆ |
| ၂၅၃။ | နံဘေးအောက် ရင်အောက်သောနှိပ်ရန် | ၁၄၇ |
| ၂၅၄။ | ခြေလက်သေထုံကျဉ်သော နှိပ်ရန် | ၁၄၇ |
| ၂၅၅။ | ဆီးကျင် ဆီးအောင့်နှိပ်ရန် | ၁၄၇ |
| ၂၅၆။ | ခါးကိုက် ခါးနာနှိပ်ရန် | ၁၄၇ |
| ၂၅၇။ | အဖျားကပ်ရောက်သော သူတို့ကို နှိပ်ရန် | ၁၄၈ |
| ၂၅၈။ | ခြေမသယ်နိုင် လက်မသယ်နိုင်ရှိသော နှိပ်ရန် | ၁၄၈ |
| ၂၅၉။ | တစ်ပါးသောဆရာ၏ အလိုအားဖြင့် ရှစ်ပါးသော နှိပ်ချက် | ၁၄၈ |
| ၂၆၀။ | တကျည်းနှင့် နှိပ်အပ်သော အချက် | ၁၄၉ |
| ၂၆၁။ | စမ်းသပ်ရန် သွေးကြောတို့အကြောင်း | ၁၄၉ |
| ၂၆၂။ | နေ့လ တာရာနက္ခတ်တို့၏ အတိတ်နိမိတ်အကြောင်း | ၁၅၁ |
| ၂၆၃။ | ကိတ်ဂြိုဟ်သုံးပါးကို တွဲ၍<br>၎င်းဂြိုဟ်၏ အတိတ်နိမိတ်ကိုပြခြင်း | ၁၅၅ |
| ၂၆၄။ | ကိတ် နေ့ဝန်း လဝန်း အဆင်းပြရာ အတိတ်နိမိတ်တို့၏<br>အကျိုးအပြစ်ကို ပြခြင်း | ၁၅၇ |
| ၂၆၅။ | လနှင့်ကြယ်ခြင်းရာ အကျိုးအပြစ်ကို ပြခြင်း | ၁၅၇ |
| ၂၆၆။ | ဓာတ်ဘက် | ၁၅၇ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၆၇။ | ခရီးမသွားကောင်းနေ့ အရပ် | ၁၅၈ |
| ၂၆၈။ | ခရီးသွားသင့်မသွားသင့် တွက်နည်း | ၁၅၈ |
| ၂၆၉။ | စန်းလွန်း လဂ် ကြွင်း နဝင်းပြက် တွက်နည်း | ၁၅၈ |
| ၂၇၀။ | ဓာတ်သုဉ်း ဆေးသုဉ်းတွက်နည်း | ၁၅၈ |
| ၂၇၁။ | ပုညဇီဝ ကမ္မတွက်နည်း | ၁၅၉ |
| ၂၇၂။ | ကမ္မကွယစသည်တွက်နည်း | ၁၆၀ |
| ၂၇၃။ | သူဌေးဓာတအဟောကိန်း | ၁၆၀ |
| ၂၇၄။ | ဆယ့်နှစ်လရာသီဘွဲ့ | ၁၆၀ |
| ၂၇၅။ | နေထွက်အချိန် နေ့ဝင်အချိန် | ၁၆၁ |
| ၂၇၆။ | ဒွးဂဏန်း ရေးနည်း | ၁၆၂ |
| ၂၇၇။ | ကျောက်စာရေးနည်း | ၁၆၃ |
| ၂၇၈။ | ပိဋကတ်သချ်ာရေးနည်း | ၁၆၃ |
| ၂၇၉။ | ဘင်္ဂတိုင်ဂြိုဟ်အဟော စာတမ်းတေးထပ် | ၁၆၄ |
| ၂၈၀။ | သက်ရောက်တွက်နည်း | ၁၆၅ |
| ၂၈၁။ | ဂြိုဟ်စာအဟော | ၁၆၅ |
| ၂၈၂။ | ဂြိုဟ်အဟောစာတမ်း | ၁၆၆ |
| ၂၈၃။ | ရှားမီးကိန်းနှင့် ဟောရန်အကျဉ်း | ၁၆၇ |
| ၂၈၄။ | ချရန်လင်္ကာ | ၁၆၇ |
| ၂၈၅။ | ဟောရန်အကျဉ်း | ၁၆၈ |
| ၂၈၆။ | စန္ဒရီကိန်းနှင့် စက်လေးလုံးအဟောလင်္ကာ | ၁၆၈ |
| ၂၈၇။ | ပဥ္စကာလ ကိန်းချဇယားများ | ၁၆၉ |
| ၂၈၈။ | အထက်ရပ်ဂြိုဟ်နေအဟော | ၁၇၀ |
| ၂၈၉။ | ဂြိုဟ်နေငါးကွက် ကြက်ငါးမျိုး အရှုံးအနိုင်အဟော | ၁၇၁ |
| ၂၉၀။ | စာရေးတော်ကြီး နော်ရထာသီပံရေး<br>ယိုးဒယားရုပ်ပုံဟော တေးထပ် | ၁၇၂ |
| ၂၉၁။ | အင်္ဂဝိဇ္ဇာ ကာလကြီးကိန်း | ၁၇၆ |
| ၂၉၂။ | တွက်ပုံမှာ | ၁၇၆ |
| ၂၉၃။ | ချရန်ဂဏန်းကား | ၁၇၆ |
| ၂၉၄။ | လက်တွေ့ဆေးနည်းတိုများ ဆီးဆေး | ၁၇၇ |
| ၂၉၅။ | အနာဝင်ပျောက်ဆေး | ၁၇၇ |
| ၂၉၆။ | ကျွဲအသားမာပျောက်ဆေး | ၁၇၇ |
| ၂၉၇။ | ပွေးဆေးအကျော် | ၁၇၈ |
| ၂၉၈။ | အဖော်အရောင်ဆေး | ၁၇၈ |
| ၂၉၉။ | ဝဲဆေး | ၁၇၈ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၂၀၀။ | တုတ်ကွေးရောဂါပျောက်ဆေး | ၁၇၈ |
| ၂၀၁။ | ချောင်းဆိုးဆေးကျော် | ၁၇၉ |
| ၂၀၂။ | အကြောရောဂါပျောက်ဆေး | ၁၇၉ |
| ၂၀၃။ | တလေးထိပ်အုံဆေး | ၁၇၉ |
| ၂၀၄။ | ဝမ်းရောဂါပျောက်ဆေး | ၁၇၉ |
| ၂၀၅။ | လိပ်ခေါင်းထွက်ပျောက်ဆေး | ၁၈၀ |
| ၂၀၆။ | နှင်းခူဆေး | ၁၈၀ |
| ၂၀၇။ | ရင်ဘတ်နာပျောက်ဆေး | ၁၈၀ |
| ၂၀၈။ | အသံဝင်ပျောက်ဆေး | ၁၈၀ |
| ၂၀၉။ | ယားနာဆေး | ၁၈၀ |
| ၂၁၀။ | ဆီးဆေး | ၁၈၁ |
| ၂၁၁။ | သွားနာသားဖုံးရောင် ရေစီးကမ်းပြိုပျောက်ဆေး | ၁၈၁ |
| ၂၁၂။ | နှင်းခူ သမင်ဖြူ နက် အနာဖက်ခွက်ဆေး | ၁၈၁ |
| ၂၁၃။ | နှင်းရှိဆေး | ၁၈၁ |
| ၂၁၄။ | ရင်ဘတ်နာ လေနာရက်ဆေး | ၁၈၂ |
| ၂၁၅။ | ကျင်ငယ်တစက်စက်ကျသော | ၁၈၂ |
| ၂၁၆။ | ဆီးဆေး | ၁၈၂ |
| ၂၁၇။ | ခူနာဆေး | ၁၈၂ |
| ၂၁၈။ | ပန်းနာရင်ကျပ်ပျောက်ဆေး | ၁၈၂ |
| ၂၁၉။ | ရင်ဘတ်နာပျောက်ဆေး | ၁၈၂ |
| ၂၂၀။ | သွေးလွန်ရောဂါ | ၁၈၃ |
| ၂၂၁။ | အဖျဉ်းဆေး | ၁၈၃ |
| ၂၂၂။ | လေနာပျောက်ဆေး | ၁၈၃ |
| ၂၂၃။ | ဒူနာမြင်းသရိုက် ဝမ်းကျဆေး | ၁၈၃ |
| ၂၂၄။ | ဖျားရာတွင် သွေးဝမ်းကျဆေး | ၁၈၄ |
| ၂၂၅။ | ကာလဝမ်းရောဂါ | ၁၈၄ |
| ၂၂၆။ | အရိုးကျိုး၊ အကြောပြတ်၊ ခွေးကိုက်၊ လုံထိုး ဓားခုတ်အတွက် ရေမန်း၊ ဆီမန်းဂါထာများ | ၁၈၄ |
| ၂၂၇။ | အရိုးကျိုး၊ အကြောပြတ်၊ ပယောဂ၊ အစာမိ အလုံးအကျိတ်လိမ်းရန် သောက်ရန် | ၁၈၄ |
| ၂၂၈။ | နားပိုး လည်ပိုးစသောအံပြင်သက်တန့်အတွက်ထုံးနှင်းမန်း | ၁၈၅ |
| ၂၂၉။ | ကလေးအနာဆက်အတွက် ဆီမန်းဂါထာ | ၁၈၅ |
| ၂၃၀။ | ရေယုန်အတွက် ကျွန်းသားမီးသွေးမန်းရာဂါထာ | ၁၈၅ |
| ၂၃၁။ | ငါးရိုးမြက်သော သောက်ရန်ရေမန်းဂါထာ | ၁၈၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၃၂။ | မာတြာစွဲ သူဝယ်နှာကုထုံး | ၁၈၆ |
| ၃၃၃။ | သဂြိုဟ်အပ် မသဂြိုဟ်ရာသော် ထင်းများ | |
| ၃၃၄။ | နှစ်အဖို့ ကုန်အပေါ်အရှားတွက်ကိန်း | |
| ၃၃၅။ | လအဖို့ကုန်အပေါ်အရှားတွက်ကိန်း | |
| ၃၃၆။ | တစ်နည်း ကုန်အပေါ်အရှားတွက်ကိန်း | |
| ၃၃၇။ | ဒုတ္တိကွက်ကိန်းတည်းနည်းအချုံးလင်္ကာ | |
| ၃၃၈။ | ရေကိန်းမိုးကိန်းတွက်နည်း | |
| ၃၃၉။ | ပဝတ္တိအခါရောင်းဝယ်ရန်တွက်ကိန်း | |
| ၃၄၀။ | လက်ဆောက်ဗေဒင်ဟောနည်း | |
| ၃၄၁။ | လက်ချိုးဗေဒင်နိမိတ်ဟော | |
| ၃၄၂။ | သက်တော်ရှစ်ဆယ်ဟောကိန်း | |
| ၃၄၃။ | ရေငန်ပိုင်ဦးရှင်ကြီး ဆွမ်းတင်မြှောက်ပသနည်း | |
| ၃၄၄။ | ပွဲပြင်နည်း ပင့်ရန် | |
| ၃၄၅။ | ဆွမ်းကပ်ရန် | |
| ၃၄၆။ | ပြန်ပို့ရန် | |
| ၃၄၇။ | ဘိုးသူတော် ဦးနုစကားပုံ | |
| ၃၄၈။ | အနန္တသူရိယအမတ် | |

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ဂြိုဟ်နေမှတ်ရန် သံဃေါက်

တနင်္ဂနွေဂဠုန်၊ ရှေ့မြောက်ကြို၊ နေတုံခြောက်နှစ်၊ အဖစစ်။ တနင်္လာကျား၊ အရှေ့ထား၊ နေဗြားဆယ့်ငါး၊ အမိထား။ အင်္ဂါခြေသေ့၊ ရှေ့တောင်ကွေ့၊ မရွေ့ရှစ်နှစ်၊ လင်ဂြိုဟ်ဖြစ်။ ဗုဒ္ဓဟူးဆင်ပါ၊ တောင်ရပ်မှာ၊ နေကြာဆယ့်ခုနစ်၊ သားသမီးဖြစ်။ စနေနဂါး၊ နောက်တောင်ထား၊ နေဗြားဆယ့်နှစ်၊ ဆွေမျိုးဖြစ်။ ကြာသပတေး ကြွက်၊ နောက်ရပ်ဘက်၊ ဂြိုဟ်သက်ဆယ့်ကိုး ဆရာမျိုး။ ရာဟု ဟိုင်းဆင်၊ နောက်မြောက်ခွင်၊ နေချင်ဒွါဒ၊ လူသတ်ပ။ သောကြာမှာပူး၊ မြောက်စူးစူး၊ ကွန့်မြူးနှစ်ဆယ့်တစ်၊ မယားစစ်။

## ဂြိုဟ်တို့၏အက္ခရာနှံ့ လူမျိုးမှတ်ရန်

အ–ဥ, တနင်္ဂနွေ မှန်လှပေ ဆွေမျိုးကျွမ်းဟုဆ‌ား။

က–ခ–ဂ–ဃ–င မှာ တနင်္လာ မျိုးမှာရှမ်းတလွှား။

စ–ဆ–ဇ–ဈ–ညမှာ ဂြိုဟ်အင်္ဂါ မျိုးမှာတလိုင်း(မွန်)များ။

ယ–လ–ဝ မှာ ဂြိုဟ်ဗုဒ္ဓါ မျိုးမှာကဒူးထား။

တ–ထ–ဒ–ဓ–န မှာ စနေသာ မျိုးမှာကုလားများ။

ပ–ဖ–ဗ–ဘ–မ မှာ ကြာသပတေးသား မျိုးမှာမြန်မာလေး။
ရ–ဠ ၌မှာ ရာဟုလာ မျိုးမှာ တရုတ်များ။

## ဂြိုဟ်တို့၏မိတ်ရန် ဥဒါသိန်မှတ်ရန်

အောင်ပကုလား၊ ဆွေသားဖော်ရင်း၊ မိတ်ဂြိုဟ်သွင်း။
ဦးသာစိန်ပန်း၊ ဒန်းလှကိုရှာ၊ မိတ်ဂြိုဟ်သာ။
အဆွေ ဂဆွေ၊ စရေ ဝံသေ၊ ဓာတ်ဂြိုဟ်ပေ။
ဦးညိုခေမာ၊ သုတဝေရီ၊ ရန်စီစီ။
မမှာသောကာ၊အင်းဝရာဇာ၊ အိမ်ထောင်ဖက် အသက်မရှည်ရာ။
ဦးဝေစံကူး၊ ရေဘူးတောသူ၊ ဓာတ်ရန်ဟူ။

အလောင်း ၎ ဆန်၊ မြင့်သိန်းတာန် စွန်သိမ်းထိပ်၊ ရိတ်ဆံပယ်ထ၊ ဗုဒ္ဓသစ္စာပွင့်၊ ထွန်းမြင့် ဥဒါသိန်ဂြိုဟ်။

## တစ်နည်း မိတ်ရန် ဥဒါသိန်မှတ်ရန်

အောင်–ကျော်–စံ–မွေး၊ ငါးအိမ်ဝေး၊ ငြိမ်းအေးခါပင်၊ လှည်းဦးသွင်၊ ဘုန်းအင်ကြီးစွ၊ သီလနှင့်နတ်ဝင်သား၊ မမှားခင်ပွန်းမှတ်။

အ–သေန်၊ စံလှ ဝက်ကို၊ မသတ်လို သူအိုကောင်း၊ ထိန်းကျောင်းအုပ်စု၊ ရန်လှုရှု၊ မိတ်ရန်လွတ်၊ ဥဒါသိန်ဂြိုဟ်ဟုမှတ်။

## ဂြိုဟ်တို့၏ကာလ ယောကျ်ားကိုမှတ်ရန်

ကိုယ် ၁–နွေ၊ စိတ် ၂–လာ၊ ၃–ဂါ အစွမ်းသတ္တိ၊ ၄–ဟူး စကား ဉာဏ်ပညာ၊ ၅–တေး၊ ၆–ကြာ လောဘတဏှာ၊ စနေ ရာဂ။

## ဂြိုဟ်တို့၏ အစိုးရသောအရပ်

၁–နွေ အရှေ့မြောက်ထောင့်၊ ၂–လာ အရှေ့၊ ၃–ဂါ အရှေ့တောင်ယောင့်၊ ၄–ဟူး တောင်၊ စနေ– အနောက်တောင်ထောင့်၊

၅–တေးအနောက်၊ ရာဟု–အနောက်မြောက်ထောင့်၊ ၆–ကြာ မြောက် စသည်တို့ကို အစိုးရ၏။

## ဂြိုဟ်တို့၏ အစိုးရသောအဆောင်

၁–နွေ အနီ၊ ၂–လာ အဖြူ၊ ၃–ဂါ အနီ၊ ၄–ဟူး အစိမ်း၊ ၅–တေး အဝါ၊ ၆–ကြာ အပြောက်၊ စနေ–အနက်၊ ရာဟု–အကြောင်။

## ဂြိုဟ်တို့ကို အစိုးရသောနတ်

မိးနတ် ၁–နွေ၊ ရေနတ် ၂–လာ၊ ကတ္တိကေယျနတ် ၃–ဂါ၊ ဗိဿနိုးနတ် ၄–ဟူး၊ ညိကြားနတ် ၅–တေး၊ သူဇာနတ် ၆–ကြာ၊ ဗြဟ္မာနတ် စနေဟုမှတ်။

## ဂြိုဟ်တို့၏ အဓိပတိ

၆–ကြာ၊ ၅–တေးဂြိုဟ်သည် ပုဏ္ဏား၊ ၁–နွေ၊ ၃–ဂါဂြိုဟ်သည် မင်း၊ ၂–လာ၊ ၄–ဟူး ဂြိုဟ်သည် ကုန်သည်၊ စနေဂြိုဟ်သည် အမျိုးလေးပါး စသည်ဖြင့် အဓိပတိဂြိုဟ်ကိုမှတ်။

## ဂြိုဟ်တို့၏ဂုဏ်

၁–နွေ၊ ၂–လာ၊ ၅–တေးတို့သည် သတ္တိဂုဏ်၊ ၄–ဟူး၊ ၆–ကြာဂြိုဟ်တို့သည် ရာဇဂုဏ်၊ ၃–ဂါ၊ စနေဂြိုဟ်တို့သည် တမဂုဏ်။

## လက်ယာဂြိုဟ် လက်ဝဲဂြိုဟ်မှတ်ရန်

အောင်၊ထွန်း၊ စံရာ၊ ဂြိုဟ်လက်ယာ၊ ကော၊ သာ၊ ပြာသာဒ်၊ လက်ဝဲမှတ်။

## ကျွန်ဂြိုဟ် အရှင်ဂြိုဟ်မှတ်ရန်

ချိုင့်လှောင်မြဲသုံး၊ အရှင်ဂြိုဟ်၊ အစ နံ ရှောင်း ကျွန်ဂြိုဟ်ပေါင်း။

## နဂိုဂြိုဟ် ယာယီဂြိုဟ်မှတ်ရန်

လူ့နှုတ်အပျိုး နဂိုဂြိုဟ်၊ ရွာကိုစင်းကပ်၊ ယာယီမှတ်။

## ယောက်ျားဂြိုဟ် မိန်းမဂြိုဟ်မှတ်ရန်

လဲ အုန်း ပြည့် ငြား၊ ဂြိုဟ် ယောက်ျား၊ ရွှေခါး သွယ်ထ ဂြိုဟ်မိန်းမ။

## မဟာဘုတ်တိုင်ထူနည်း

| | | |
|---|---|---|
| | ၅ အဓိပတိ | |
| ၀ အထွန်း | ၃ သိုက် | ၆ ရာဇ |
| ၄ မရဏ | ၁ ဘင်္ဂ | ၂ ပုတိ |

ဖွားသက္ကရာဇ်ကိုတည်၊ ၇ ခုစား၊ အကြွင်းအရ ဘင်္ဂ၊ မရဏ၊ အထွန်း၊ သိုက်၊ ရာဇ၊ ပုတိ၊ အဓိပတိ ခုနစ်ဌာနတွင် ၁–ခုကြွင်းမူ အောင်–လံ–ထူ–စစ်–သူ–ကြီး–ပွဲ ဟု ချလေ။ ၂–ခု၊ ၃–ခု၊ ၄–ခု၊ ၅–ခု၊ ၆–ခု၊ သုညကြွင်းတို့မှာ အက္ခရာနံအရ ရေ၍ထူ။

၁။ ပုတိဖွားမှာ၊ ငြိုငြင်စွာ၊ မွေးကာဖွားလတ်မည်။
ဝေးရပ်ခြားရွာ၊ အိမ်ထောင်မှာ၊ ပြုကာနေရမည်။
နှမြောတွန့်တို၊ ဝန်လုံးတို၊ စိတ်တိုဆတ်လိမ့်မည်။
၂။ ဘင်္ဂဖွားမှာ၊ ပျက်ပြားစွာ၊ မွေးကာလာရမည်။
ကြံစည်ပြုကာ၊ ပျက်တတ်တာ၊ သေချာမှတ်ရမည်။
၃။ မဒ္ဒဏဖွားမှာ၊ ဝေဒနာ၊ မွေးကာများလတ်မည်။
မသေကျေလတ်၊ မင်းဖြစ်တတ်၊ မုချမှတ်ရမည်။
၄။ အထွန်းဖွားမှာ၊ ထင်ရှားစွာ၊ မွေးကာလာတတ်မည်။
နာမည်သတင်း၊ ထင်ရှားခြင်း၊ မယွင်းဖြစ်လတ်မည်။
၅။ သိုက်ဖွားသူမှာ၊ ကုသလာ၊ ပြုကာဖွားလတ်မည်။
ရောင်းဝယ်ဖောက်ကား၊ ဒုန်းသွယ်စား၊ မမှားဖြစ်ရမည်။
၆။ ရာဇဖွားမှာ၊ ထက်မြက်စွာ၊ စိတ်မှာလျင်ရမည်။
ပန်းချီပန်းပု၊ နှုတ်လက်မှု၊ တတ်မှုစုံလိမ့်မည်။
၇။ အဓိပတိဖွား၊ လူအများ၊ မမှားစိုးအုပ်မည်။
ရဟန်းရှင်လူ၊ အများလူ၊ ကြည်ဖြူညွတ်ခမည်။

## ဂြိုဟ်စားတွက်နည်း

အသက်ကိုတည်၊ မွေးနံဂြိုဟ်သက်ကစ၍ အစဉ်အတိုင်း လက်ယာရစ်နှုတ်၊ မနှုတ်လောက်သော် ဂြိုဟ်စား၏။

## ဂြိုဟ်စားလက်ာရှစ်ပုဒ်

တနင်္ဂနွေဂြိုဟ် စားလေမူ ရွှေငွေဥစ္စာ၊ ကုန်တတ်စွာ၏။
ရောဂါလည်းရောက်၊ သောကလည်းနှောက်၊ တမှောင့်မှောင့်နှင့်၊
ကျွန့်ကြောင့်မငြိမ်၊ အိမ်ထောင်မီးတောက်၊ အရှေ့မြောက်က၊ မွေနှောက်

ခိုးယူ၊ ဖျက်ဆီးယူလိမ့်။ ရောင်ဖြူကြွားကြွား၊ စန်းဂြိုဟ်စားမူ၊ ပယ်ရှားဥပဒ်၊ ရွှေမတ်မတ်က၊ အဝတ်ကိုစ၊ လာဘ်လာဘနှင့်၊ ဒါသကျွန်ကျေး၊ ရွှေငွေနားတောင်း၊ ဦးခေါင်းဆင်ရန်၊ ပန်းမန်စုံပ၊ တန်ဆာရအံ့၊ ဘောမတာမူ၊ ချစ်သောသူနှင့်၊ အတူမနေ၊ ကွင်းကွေခုံငြင်း၊ နှောင်ဖွဲ့ခြင်းနှင့်၊ ရန့်ရှင်းဖြစ်ပွား၊ လုံခြားလည်းသင့်၊ မပွင့်မျက်နှာ၊ ဗျာပါဆင့်လောင်း၊ ဆွေဟောင်းမျိုးခြား၊ မုန်းထားရန်စ၊ အရှက်ရအံ့။ ဗုဒ္ဓထင်ရှား၊ ဂြိုဟ်လျှင်စားမူ၊ မယားကညာ၊ ဝတ်ဖြူလွှာနှင့်၊ ပါဒါစတု၊ လာဘ်တစ်စုလည်း၊ ရမူမုန်စွာ၊ တောင်ကလာအံ့၊ စနေဂြိုဟ်မှာ၊ ဖုတ်ပြိတ္တာနှင့်၊ ဒေဝါဒုက္ခ၊ မိန်းမစုန်းတတ်၊ တစ္ဆေနတ်တို့၊ ဖမ်းတတ်လေဘိ၊ နရတိက၊ ငြိတတ်လှ၏။ ဂြိုဟ်မြတ်ဇီဝါ၊ စားသောခါမူ၊ ရာဇာပုဓော်၊ ထင်ပေါ်သတင်း၊ လယ်ခင်းချောင်းတာ၊ မြို့ကျေးရွာနှင့်၊ ဖြူစွာဝတ်စား၊ လာဘ်များပြီးထု၊ ခြေလေးခုလည်း၊ လုလုမကြာ၊ နောက်ကလာအံ့။ ရာဟုခန္ဓာ၊ ဥစ္စာပျက်ပြုန်း၊ နှလုံးမသာ၊ ဝမ်းအနာလည်း၊ ရပ်ပါရပ်က၊ ပေးတတ်လှ၏။ ဆွေမျိုးတော်၊ တို့နှင့်သော်လည်း၊ သေရော်သလောက်၊ လက်ရောက်ပုတ်ခတ်၊ ရန်ဖြစ်တတ်၏။ သောမထင်ရှား၊ ဂြိုဟ်လျှင်စားမူ၊ မြင်းနွားကျွန်ကျေး၊ ဖြူဖွေးဝတ်စား၊ မြောက်တလွှားက၊ ပုဏ္ဏားသူတော်၊ သူမြတ်ကျော်တို့၊ ပူဇော်သက္ကာ၊ ခံတို့ရလိမ့်။

## ဂြိုဟ်ပျက်တွက်နည်း

စားသောဂြိုဟ်၏ နှစ်၊ လ၊ ရက်ကိုတည်၍ စားသောဂြိုဟ်ကစ၍ ကိန်းစိတ်အတိုင်း နှုတ်၊ မနှုတ်လောက်သော ဂြိုဟ်သည် ဂြိုဟ်ပျက် ဖြစ်၏။

## ဂြိုဟ်ပျက်ယောနည်း လင်္ကာရှစ်ပုဒ်

ရဝိဂြဟာ၊ ပျက်သောခါလျှင်၊ ရေညှာမြောက်ဆန်၊ ရန်အေး သနိက၊ ရန်သတ္တရု၊ ဖျက်ဆီးပြုလိမ့်၊ အမှုမဖြောင့်၊ ကျေးကျွန် ကြောင့်လည်း၊ မှောင့်မှောင့်ပူပြင်း၊ ချစ်သူကင်းလိမ့်။

တနင်္လာထက်၊ ဂြိုဟ်လျှင်ပျက်မူ၊ ရှေ့မျက်နှာက၊ မိတ်ဆွေ ရလျက်၊ ဒါသ ဒါသီ၊ ဖြူနီမဏိ၊ ရှိရှိသမျှ၊ ဥစ္စာရအံ့။

ဘောမသညာ၊ ဂြိုဟ်ပျက်မှာမူ၊ တောင်ညာရှေ့စပ်၊ အင်္ဂါရပ်က၊ ရန်ခပ်သိမ်းနှင့်၊ တုံ့သဖြင့်လည်း၊ ပျောက်လွင့်ဥစ္စာ၊ ကျေးရွာကျွန်ရင်း၊ ဆင်မြင်းကျွဲနွား၊ ပြေးသွားတစ်စွ။

ဂြိုဟ်ပျက်မူ၊ တောင်ကတုရု၊ ဥစ္စာပြုနှင့်၊ စိတ်တူကညာ၊ လိုရာကြံနိုင်၊ ပြီးစီးတိုင်အံ့။

စနေသောရီ၊ ပျက်သည်ရှိက၊ နရတိက၊ ဣတ္ထိယကြောင့်၊ ဒေါသပြမ်မှား၊ ကျွဲနွားကျွန်ကျေး၊ ထွက်ပြေးပုန်းလျှိုး၊ သူခိုးခိုးယူ၊ ချစ်သူကွေကွင်း၊ နိုင်နင်းရန်ဘက်၊ အမျက်ပွားများ၊ မျိုးတွေသားနှင့်၊ တရားခိုက်စစ်၊ တပေါင်ဖြစ်လိမ့်။

ကလစ်ဇိဝါ၊ ဂြိုဟ်ပျက်လာမူ၊ ပစ္ဆာနောက်ရပ်၊ ဖြူသော လာဘ်နှင့်၊ ကွမ်းချပ်ထီးစည်၊ မည်စည်နေရာ၊ မြို့ကျေးရွာလည်း၊ ရာဇာပူဇ၊ ခံတို့ရလိမ့်။

ရာဟုမှာမူ၊ ထောင့်ပါရပ်ပေ၊ မိန့်ဆိုလေကြောင့်၊ ဆူဇေပြင်းပြ၊ ခိုက်ရန်စနှင့်၊ ဒေါသမှုပြစ်၊ ကိုယ်မှာဖြစ်လိမ့်၊ စိတ်ညစ်သောအား၊ တစ်ရွာသွားအံ့။

ဘရဂူကား၊ တရူမြောက်က၊ ကျွန်ကောင်းရလျက်၊ မင်းမှ ဆုလာဘ်၊ ကျေးရွာထပ်၍၊ နှင်းအပ်ဝန်စု၊ ကြီးထုပညာ၊ ဘုန်းသမ္ဘာနှင့်၊ ကာယာသုခ၊ စိတ္တသုခ၊ ငြိမ်းချမ်းသာ၍၊ ရောဂါခုပင်း၊ စဉ်လွတ် ရှင်းအံ့။

## သက်ရောက်တွက်နည်း

မိမိရောက်သောအသက်ကို ၈ ခုစား၍ အကြွင်းအရ မွေးနံဂြိုဟ်ရှိ ရာက လက်ယာရစ်ရေလေ၊ ရောက်ရာဂြိုဟ်သည် သက်ရောက်ဂြိုဟ် ဖြစ်၏။

## သက်ရောက်ဟောနည်း

### တနင်္ဂနွေဂြိုဟ် သက်ရောက်ဟောတေးထပ်

ဥဏ္ဏှရှ ဖန်ပြာသာဒ်၊ ဂြိုဟ်မြတ်တဲ့သက်ဆုံ၊ စ၂ပေါင်းသိုက်ရိပ် မြိုကို၊ မျောက်သူ့ပုန်မွေနှောက်။ မကောင်းမှု ကြမ္မာဖန်၊ မတော်မှန် သည်ကိန်းသို့ရောက်။ တန်ခူးနှင့်ကဆုန်၊ နှင်းငွေမှုန်မြူသောက်၊ လပြာသိုချိန်အရောက်တွင်မှ၊ အမှုပေါက်မွေ့ရှာ။ သား-မြေး-ဆွေ ကျွန်ခပင်းရယ်ကြောင့်၊ မှုအခင်းဖြစ်တတ်လှပါ။ သူခိုးနှင့်မီးဆိုတာမှာ၊ သတိသာဆောင်ငြားလို့၊ ရှေ့မြောက်ပါး နှောက်တောင်စွယ်၊ ရှောင်ရှားပါ့ကွယ်။ ချစ်သူနှင့်စပ်သွယ်လျှင် ခင်မျိုမယ်မိန်းမနှင့်လေး။

### တနင်္လာဂြိုဟ် သက်ရောက်ဟောတေးထပ်

သီတဂူငွေပွင့်၊ စန်းယုန်မင်းဗိမာန်၊ သက်ရောက်လို့ဝင်ပြန်လျှင်၊ ဟောဆိုရန်တဝ။ မောင်ကောက်ရ သူဌေးကျော်၊ သင့်တော်လော် သည်ကိန်းသို့ကျ။ ငွေနှစ်ကယ်ဥစ္စာ၊ လိုရာကိစ္စ၊ ရှေ့နောက်ထံ ဒေသက၊ ရတော့မည်မှန်စွာ။ ခါကဆုန် ဝါခေါင်ဘုန်း၊ တန်ဆောင် မုန်းလရောက်သောအခါ။ ကြွက်မင်းနှင့်တနင်္လာ၊ ချမ်းသာရာခိုကပ်လို့၊ ဂြိုဟ်ရပ်ကလာဘ်ဖြူစင်၊ ရငြားလိမ့်ထင်။ ဟောလိုက်တဲ့စာတာရှင်ကို၊ နတ်ဗေဒင်ဆိုလောက်ကဲ့လေး။

## အင်္ဂါဂြိုဟ် သက်ရောက်ယောဘေးထပ်

ကောသရာရန်ဖေ့၊ နံ့ခြသော့ရောက်လာ၊ ခေါင်းဆယ်လုံးကံကြမ္မာငယ်၊ မင်းသိတာယဉ်နွဲ့။ သူ့တွက်ကြောင့် ခန္ဓာကုန်သည်၊ သည်ထုံးပုံကိန်းရောက်ပြန်ခဲ့။ ကဆုန်နှင့်ဝါခေါင်၊ ပြာသိုနှောင်တလှည့်၊ မိန်ရာသီ မကုန်တဲ့ခင်က၊ ကြောက်မက်ဖွယ်လမ်းတာ၊ ရှောင်တိမ်းပါမိန်းမခင်း၊ယိမ်းမယွင်း ဖြစ်မြဲမှန်စွာ။ ရှေ့တောင်ထောင့်ရပ်ဆီမှာ၊ အသားနီလူတစ်ယောက်ကယ်ကြောင့်၊ စိတ်နှောက်လို့ပူဗျာပါ၊ ငြိုးရန်ရေး၊ ချစ်သူနှင့် ကွေကွင်းကွာသည်၊ ချစ်ဒေဏ်ရာထိဦးမည်ပလေး။

## ဗုဒ္ဓဟူး ဂြိုဟ် သက်ရောက်ယောဘေးထပ်

မျိုးမာတင့် ဦး၊ ဗုဒ္ဓဟူးဂြိုဟ်ဝင်၊ လောင်းဆဒ္ဒန်ပျော်ရွှင်၊ ငြိုးမာန်စိတ်ဝင်ထား။ သောနုတ္တိုရ်မြားဒဏ်ရာ၊ စူးမှန်ရာသည်ကိန်းနှင့်ငြား။ တပို့တွဲခေါ်ဆို၊ လပြာသိုတခြား၊ မနှာလို ရန်မှားလို့၊ စကားအပြစ်တင်။ ဝမ်းရောင်အနာမှတ်၊ တွဲတတ်လိမ့် ငါဆရာထင်။ မြေနှစ်ချောင်းစုတ်ကြီးဝင်၊ ရှေ့တောင်ခွင်ဒေသက၊ လာဘ်လာဘဥဒဟိုရ်မြဲပကို။ နုတ်မျက်စိနှိုင်းဆိုသည်၊ တက္ကသိုလ်ဉာဏ်ကြီးမို့လေး။

## စနေဂြိုဟ် သက်ရောက်ယောဘေးထပ်

မျက်စောင်းရှိန် ထိန်လျှပ်၊ မျိုးရေနုတ်ရောက်လာ၊ စနက္ကလောင်းရာစာ၊ လေ့နှာဝါပျက်ပြုန်း။ သည်ကိန်းခုကြုံပြန်လျှင်၊ မှုတန်တန်ပွားနေကျထုံး။ အရောင်းနှင့်အဝယ်မှာ၊ ကြောက်မက်ဖွယ်ရှောင်အုံး။ မီး၊ ခိုးသူဖျက်လို့ ဆုံးတတ်လှအနေ။ လကဆုန်ဝါခေါင်တွင်း၊ မိန်းမခင်း ဖြစ်မြဲမသွေ။ သူ့အရပ်ဂြိုဟ်အနေကို၊ ရှောင်ခွာသွေယာယီပျက်ကယ်ကြောင့်၊ ခြေလက်စအနာတစ်သွယ်၊ ပေးတတ်လှတယ်။ ဂြိုဟ်ပါပ အမှုကြွယ်မယ်၊ အန္တရာယ်များနိုင်ပါ့လေး။

## ကြာသပတေးဂြိုဟ် သက်ရောက်ဟောတေးထပ်

ဆယ်ရပ်ခွင်ရောင်ခြည်စုံ၊ ဂြိုဟ်ဂုရုရောက်သော်၊ မင်းကုသ အလောင်းတော်၊ ဆွေကြင်ဖော်ယှဉ်တွဲ။ မယ်ပဘာဝတီကို ရပြန်သည် ကိန်းကြုံဆဲ။ တပေါင်းတဲ့ရန်ကြွေ၊ ကဆုန်နွေရောက်မြဲ။ နေ့မကြာ ပြတ်မစဲ လာဘ်ခပဲဥသသုံး။ စနေထောင့်ရပ်ဘုံမှာ၊ အချစ်ယုံမဝင်လွန်းနှင့်၊ နှုတ်ခွန်းမှုမသာကြည်၊ မိန်းမဖျက်မည်။ သတိကိုဆောက်တည်၊ စိတ်ကြံစည် ရိုင်းစေနှင့်လေး။

## ရာဟုဂြိုဟ် သက်ရောက်ဟောတေးထပ်

ဟိုင်းဆင်ပြောင် . မုန်သောက်၊ ဂြိုဟ်သက်ရောက်အခါ၊ သေနင်္သူရာကို၊ နတ်ဣန္ဒာလျှင်ဖျက်။ ဤကိန်းနှင့် ကြုံပြန်လာ၊ စည်းစိမ်ကွာဆုံးတတ်အသက်။ ကံပိန်လှသည့်အခါ၊ ပျောက်ဥစ္စာ ဝင်ထွက်၊ ရပ်ဌာနီ ဟိုအကွက်ကဲ၊ မာန်အပျက်ထွေးအုံ၊ ကြီးကြပ်သူ သင်္ဂဟ၊ မိန်းမကငြိုးစစ်နှင့်ကြုံ။ အကြောင်းမဲ့ဖြစ်ပုံကို၊ ရာသီကုန်ချိန် လုမှ၊ တရားမှုချစ်ဆွေလင်၊ သာကိန်းရမြင်။ လာဘ်စုတ်ရောက်မဝင် သည်၊ ဉာဏ်ဆင်ခြင်ဟောလေကွယ့်လေး။

## သောကြာဂြိုဟ် သက်ရောက်ဟောတေးထပ်

မှုန်မြူရိုလွန်သင်း၊ ဂြိုဟ်မင်းပူးဌာနီ၊ မယ်ဒွေးလှကြန်ညီ၊ သကီဆံလည်ပျော်ပိုက်၊ သုနေဘုန်းလှိုင်မှာ၊ ကြင်တူပြိုင်သည့်ကိန်းနှင့် ဆိုက်။ ကွမ်းခွက်ထီးစည်၊ ကြီးအမည်သမိုက်။ မိန်ရာသီခါအကြိုက် တွင်မှ၊ သိုက်မြိုက်သည့်ကညာ။ မြောက်ဒိသာရပ်ခြားက၊ လာဘ်စီးပွား ရတော့မည်သာ။ ဆန်စပါး ရတနာမှာ၊ အခါခါရပြီပ၊ မှန်မလွဲ ဧကန်သာ၊ ဟောသင့်လှပါ။ ရဟာန်းမြတ်ဖြစ်လာလျှင်၊ ရရန်သာ ရွှေကျောင်းပလေး။

## မေးလာသောစကားလုံးရေကို ၈ ခုစား၍ ဟောရန်

ဤ၊ ခန်း၊ စက်၊ ဝင်၊ နက်၊ မှင်၊ ရိပ်၊ သန်း

ဤ– ဤငှက်ကင်းကွာ၊ အသူရာ၊ အောက်မှာဖောက်ထိုးကျ။
ခန်း– ခန်းကြီးလှစွာ၊ ယောသကာ၊ အရာသူဌေးရ။
စက်– စက်စက်ယိုပြီး၊ သွေးသံစီး၊ ငြိုးကြီးစုန်းတွေကာ။
ဝင်– ဝင်လာအသွယ်၊ ပဘာမယ်၊ ရတယ်မင်းကံသ။
နက်– နက်လှပင်လယ်၊ ပြင်အကျယ်၊ တကယ်ပျက်ကိန်းကျ။
မှင်– မှင်သကံမြေ၊ ဘုံနန်းရွှေ၊ အမွေသိမ်းပိုက်ရ။
ရိပ်– ရိပ်ညှောင်ပင်ရင်း၊ ဆဒ္ဒန်မင်း၊ ထန်ပြင်းမြားစူးရှ။
သန်း– သန်းရံရွှေလယ်၊ လွှန်တင့်တယ်၊ မြင့်ကြွယ်ဘုန်းသစ်ထ။

## မေးလာသောစကားလုံးရေကို ၇ ခုစားဟော

မိုး၊ သန်၊ ကံ၊ လုံး၊ ထစ်၊ သံ၊ အုန်း

မိုး– မှလူ့ရွာ၊ စုတောလာ၊ လှောင်းလျာသန္ဓေချ။
သ– နေ့ရင့်မာ၊ ဗောဓိလျာ၊ ဖွားကာထူးကဲစွ။
ကံ– အကြောင်းပါ၊ နန်းရပ်ခွာ၊ တောမှာကျင့်ကြံရ။
လုံး– စုံတရား၊ သိမြင်ကြား၊ ဘုရားဖြစ်သည်ပ။
ထစ်– ဧချူးကြေညာ၊ မိဂဒါ၊ စကြာတရားပြ။
ညံ– ဆုလိုက်ခုန်၊ ငိုပွဲကြုံ၊ ရွှေဘုံနိဗ္ဗာန်ကြွ။
အုန်းခြိမ့်ကျော်ပြီး၊ ရှိန်ပြောင်ညီး၊ ဓာတ်မီးတောက်ထ။

## နဂိုယာဃီတွက်ကိန်း

အသက်တည်ထား၊ လေးခုစား၊ ကြွင်းငြားကော၊ သုံးခုကျ၊ ရေရန်ဆို၊ သွားမလို။ ခြေးနှင့်သုည၊ ကြွင်းတုံကာ၊ သွားကြစေလို၊

ယာယီဂြိုဟ်။ ဖွားသက္ကရာဇ်ဝယ်၊ ရောက်သက်ပယ်၊ တသွယ်မွေးနံ၊ မြောက်ပွားပြန်၊ စားရန်သတိနှင့်ခွင်း။ ကြွင်းဖြားပါပ၊ ယာယီကျ၊ သောမကြွင်းမှု၊ နဂိုယူ၊ ဗိုလ်လူနှလုံးသွင်း။

## အနိ ဝတ္တန တွက်ကိန်း

ခရီးသွားသူ၊ သက်တည်ထူ၊ ခြောက်မူနှုတ်ပြီးမှ။ ရှစ်ခုခွင်းသော်၊ ကြွင်းနံ့ပေါ်၊ ရှောင်နော်ထိုဒေသ။ အသက်တည်လတ်၊ ရှစ်ခွင်းဖြတ်၊ နံ့ရပ်ရှောင်သင့်လှ။ သက်တည်မွေးပွား၊ ရှစ်ခုစား၊ နံ့ကားမြင့်ရပ်၊ မသွားအပ်။

## စန်း၊ လွန်း၊ လဂ်၊ တြင်း၊ နဝင်းဖြတ်တွက်နည်း

အသက်တည်ထား၊ နှောဆယ့်ငါး၊ စားလေရှစ်ခုသာ။ သုဉ်းမူ စန်းပြတ်၊ မှတ်လေအပ်၊ ဆုံးတာတ်ထိုလူနာ၊ ဆယ့်ခုနစ်နှောထား၊ ထိုနည်းစား၊ သုဉ်းကြွင်းလွန်းပြတ်ပါ။ ဆယ့်နှစ်နှောလေ၊ ရှစ်စားပေ၊ ဘုဉ်ခြေလဂ်ပြတ်သဲ့ာ။ ကိုးခုမြှောက်ထား၊ သုံးခုစား၊ သုံးကြွင်းတြင်းမှာ။ သုံးမြှောက်ကိုးစား၊ သုဉ်းလေကြွင်း၊ မှတ်သားနဝင်းပါ။

## ဓာတ်သုဉ်း ဆေးသုဉ်းတွက်နည်း

သက်တည်သုံးစား၊ သုဉ်းလေကြွင်း၊ မစားဆေးရှောင်ရာ။ အသက်တည်ပါ၊ နှစ်ဆယ်သာ၊ နှောကာလေးခုစား။ သုဉ်းလျှင်မြေ ဓာတ်၊ ပျက်စီးလတ်၊ နာတာတ်ဦးခေါင်းမှာ။ ဆယ်နှစ်နှောကာ၊ လေးခုသာ၊ စားရာမှန်မမှား။ သုဉ်းလျှင်ကားရေ၊ ပျက်စီးလေ၊ နာတွေလည်ချောင်းယား။ လေးနှောလေးစား၊ သုဉ်းလေကြွင်း၊ ပျက်ပြား တေဇောဓာတ်။ ဘယရောဂါ၊ ဖြစ်တာတ်စွာ၊ ရင်မှာနာမည်မှတ်။

နှောခြောက်ခုပင်၊ လေးစားချင်၊ သုဉ်းလျှင်လေပျက်ခေတ်။ ဝမ်းပြည့်ဝမ်းနှာ၊ ဖြစ်ပြီးကာ၊ ရောဂါစွဲလို့ကပ်။ ထိုခေတ်လေးပါး၊ ပျက်ပြိုကြား၊ ပြုကြားယတြာ။ သက်ရောက်နံထင်၊ ဘုရားတွင်၊ ဖူးမြင်လှူဒါန်းရာ။ လဲ–ရေ–မီး–ယပ်၊ ထိုသည်ခေတ်၊ ယူမှတ်စဉ်တိုင်းသာ။ ကပ်လေလှူလေ၊ ပူဇော်လေ၊ ဒုက္ခဘေးကင်းကွာ။

## ပုညု၊ ဇီဝ၊ ကမ္မတွက်နည်း

အသက်တည်ငြား၊ သုံးသော်ထား၊ ထက်ကားသုံးသော်၊ လယ်မျှော်ပဉ္စ၊ အောက်နဝ၊ ခြောက်ထဆယ့်နှစ်စား။ ထက်သုဉ်းပုညု၊ လယ်ဇီဝ၊ အောက်မှကမ္မသား။ ပုညသုဉ်းက၊ ရပ်တေ၊ ကောက်မညောင်ပင်အား။ ဇီဝသုဉ်းလတ်၊ အာယုရပ်၊ လွှတ်အပ်ပုစွန်ငါး၊ ကမ္မသုဉ်းလာ၊ ပရိဝါ၊ လှူပါကိုယ်ချိန်ထား။

## ကမ္မကွယ စသည်တွက်နည်း

ကောဇာတည်ထား၊ အသက်စား၊ ရငြားလဒ်မှာ၊ သက်ခြောက်ပါ၊ ထပ်ကာဆယ့်နှစ် စားလေကြ။ တစ် နှစ်ကြွင်းမူ၊ ထိုသည့်သူ၊ မှတ်ယူကမ္မကွယ။ သုံးလေးငါးတန်၊ အကြွင်းကျန်၊ ခေါ်ရန်ပဋ္ဌေဒယ။ ခြောက် ခုနစ် ရှစ်ခု အကြွင်းမှု၊ ဥပပီဠက။ ကိုးနှင့် တစ်ဆယ်၊ ဆယ့်တစ်ဝယ်၊ မှတ်ဖွယ်အာယုကွယ။ ပီဠကမှာ၊ မထောင်းတာ၊ သုံးဖြာအကျ စိုးရိမ်ရ။

## ခုနစ်နေ့ ဗဝါးတွက်နည်း

တနင်္ဂနွေ၊ ဆယ်ဖဝါးရေ၊ ဆောင်လေမှုကိစ္စ။ ငါးဖဝါးတနလာ၊ ရှစ်ဖဝါးမှာ၊ အင်္ဂါ နေ့ဘောမ။ ဗုဒ္ဓလေးဖဝါး၊ သုံးဖဝါး၊

နကားဝှရှမ္။ ဆယ်နှစ်သောကြာ၊ စနေမှာ၊ ကိုးဖြာဖဝါးပြ။ ရိုခဲ့ရှိန်တွင်၊ ပြုဆောင်လျှင်၊ အောင်မြင်မှုကိစ္စ။

## လူ နတ် ဘီလူး နက္ခတ်ရွေးနည်း

ဖွားကာမတ်မတ်၊ တည့်နက္ခတ်၊ တည်လတ်ပါကုန်ကြ။ ဆောစုဖြိုခွင်း၊ ထိုအကြွင်း၊ မှတ်ခြင်းသညာပြ။ တစ်ကိုနတ်ယူ၊ နှစ်မှာလူ၊ သုံးမူဘီလူးရ။ လူသားလူချင်း၊ ထိမ်းမြားလျှင်း၊ ချစ်ခြင်းမေတ္တာမျှ။ လူနှင့်နတ်မှာ၊ လွန်ချမ်းသာ၊ ကြည်စွာအေးမြမြ။ ဘီလူးနှင့်လူ၊ ထိမ်းမြားမူ၊ အတူမနေရ။ ဘီလူးနှင့်နတ်၊ ထိမ်းမြားလတ်၊ ကောင်းမြတ်ရန်မျိုးပ။ နတ်ချင်းချင်းနော်၊ ထိမ်းမြားသော်၊ ရာကျော်သက်ရှည်ကြ။ ဘီလူးချင်းချင်း၊ ထိမ်းမြားလျှင်း၊ သတင်း တောစာကြွ။

## တစ်ဆယ့်နှစ်လ သန်းခေါင်နက္ခတ်ရွေးနည်း

တန်ခူး မာသ၊ စိတြ၊ ယှဉ်ထ မှတ်ပိုင်းခြား။ ဝိသာခါကြို၊ လကဆုန်၊ နယုန်ဇေဋ္ဌငြား၊ ဝါဆိုတစ်တန်၊ ပြုဗ္ဗာသာဠ်၊ အမှန်ယှဉ်လျက်သွား။ သရဝဏ် ဝါခေါင်၊ လဩဆောင်၊ လူ့ဘောင်မြဲမှတ်သား။ သတ္တဘိသျှ ကြယ်မင်း၊ တော်သလင်း၊ မပယွင်းနှလုံးထား။ အဿဝတီ တုလွတ်၊ သီတင်းကျွတ်၊ မချွတ်ပျော်ဖွယ်များ။ တန်ဆောင်မုန်းမှာ၊ ကြတ္တိကာ၊ မှတ်ပါ လူအများ။ နတ်တော်မှန်ပြီ၊ မိဂသီ၊ မိုးဆီလွန်ထင်ရှား။ ပြာသိုဖုသျှ၊ နက္ခတ္တ၊ ထွန်းပစက်ရထား။ မာဃမလွဲ၊ တပို့တွဲ ယှဉ်မြဲအာကာဖျား။ တပေါင်းပြုဗ္ဗ၊ ဖလဂုနီ၊ လနှင့်ညီ၊ သိဂီရွှေ အလား။ ထိုကြယ်ထိုလ၊ ပြည့်ဝန်းပ၊ တည့်မှသန်းခေါင်ငြား။

## နံဘက်ရွေးနည်း

အောင်၊ ပ၊ ကု၊ လား၊ ဆွေသားတော်ရင်း၊ နံဘက်ခြင်း။

အောင် – တနင်္ဂနွေ
ပ – ကြာသပတေး
ကု – တနင်္လာ
လား – ဗုဒ္ဓဟူး

**မိတ်ဘက်ရွေးနည်း**

ဦး၊ သာ၊ စိန်၊ ပန်း၊ ဒန်း၊ လှ၊ ကို၊ ရှာ၊
ဦး, သာ = တနင်္ဂနွေ – သောကြာ (အိမ်ထောင်ဘက်)
စိန်, ပန်း = အင်္ဂါ – ကြာသပတေး (အိမ်ထောင်ဘက်)
ဒန်း, လှ = စနေ – ဗုဒ္ဓဟူး (အိမ်ထောင်ဘက်)

**ဓာတ်ဘက်ရွေးနည်း**

အ ချော၊ ဂ ဈော၊ စ, ရေ, ဝံ, သေ၊ ဓာတ်ဘက်ပေ။
အ,ချော = တနင်္ဂနွေ – စနေ(ဓာတ်ဘက်)
ဂ, ဈော = တနင်္လာ – ကြာသပတေး (ဓာတ်ဘက်)
စ, ရေ = အင်္ဂါ – ရာဟု (ဓာတ်ဘက်)
ဝံ, သေ = ဗုဒ္ဓဟူး – သောကြာ (ဓာတ်ဘက်)

**အိမ်ထောင်ဘက် ရန်ဘက်ရွေးနည်း**

ဓ,မွှာ၊ သော, က၊ အင်း, ဝ၊ ရာ, ဓာ၊ အိမ်ထောင်ဘက်၊ အသက်မရှည်ရာ။
ဓ,မွှာ = စနေ – ကြာသပတေး (ရန်ဘက်)
သော,က = သောကြာ – တနင်္လာ (ရန်ဘက်)
အင်း, ဝ = တနင်္ဂနွေ – ဗုဒ္ဓဟူး (ရန်ဘက်)
ရာ, ဓာ = ရာဟု – အင်္ဂါ (ရန်ဘက်)

နေ့ထပ်မင်္ဂလာအဟော

နေ့ထပ်မင်္ဂလာ၊ ပြုသည့်သာ၊ နည်းမှာမှတ်ယူတွေး။ ဝဋ္ဋဝန် နှစ်သွယ်၊ မောင်နှင့်မယ်၊ ပေါကြွယ်ဥစ္စာငွေ။ ကျားနှင့်ကျားမှာ၊ ဦးချမ်းသာ၊ နောင်လာဒုက္ခရေး။ ခြင်္သေ့နှစ်တန်၊ ပေါင်းတုံပြန်၊ ရင်နှင့်ကွာမဝေး။ ဟိုင်းနှင့်တားဆင်၊ ပေါင်းဖက်လျှင်၊ ရှည်ပင်မမြဲသေး။ ကြွက်မင်း၏နံ၊ နေ့ချင်းပန်၊ သက်ပန်ချမ်းကြည်အေး။ ပူးနှင့်ပူးမှာ၊ ငြင်းတတ်စွာ၊ ဒုက္ခာမောက်လို့တွေး။ နဂါးနှင့်မြွေ၊ ရန်မိုးစွေ၊ နောင်လေမေတ္တာဝေး။ ပညာစက္ကူ၊ မြော်မြင်ရှု၊ နောင်မှု ချမ်းသာရေး။

တနင်္ဂနွေနှင့် တနင်္ဂနွေ ထိမ်းမြားရင် ဥစ္စာပေါများမယ်။

တနင်္လာနှင့်တနင်္လာ ထိမ်းမြားရင် ရှေးဦးစွာ ချမ်းသာမယ်။ နောင်အခါ ဆင်းရဲမယ်။

အင်္ဂါနှင့်အင်္ဂါ ထိမ်းမြားရင် ရန်ဖြစ်မယ်။

ဗုဒ္ဓဟူးနှင့် ဗုဒ္ဓဟူး ထိမ်းမြားရင် အရှည်မမြဲ ကွဲမယ်။

ကြာသပတေးနှင့် ကြာသပတေး ထိမ်းမြားရင် အေးချမ်းမယ်။

သောကြာနှင့်သောကြာထိမ်းမြားရင် ငြိုငြင်မယ်။

စနေနှင့်[illegible] ထိမ်းမြားရင် ခဏခဏ စကားများပြီး ရန်ဖြစ်မယ်။

ကမ္ဘာ့ရန်ဘက်အဟော

ဦး–ညို၊ ခေ–မာ၊ သု–တာ၊ ဝေ–ရီ ရန်စီစီ။

ဦး – ညို = တနင်္ဂနွေ – အင်္ဂါ

ခေ – မာ = တနင်္လာ – ကြာသပတေး

သု – တာ = သောကြာ – စနေ

ဝေ – ရီ = ဗုဒ္ဓဟူး – ရာဟု

၎င်းသည်တို့သည် ကမ္ဘာ့ရန်ဘက်များ ဖြစ်ပါသည်။

ရန်ဘက်အယောဘ

ဦး–ဝေ၊ စံ–ကူး၊ ရေ–ဘူး၊ တော–သူ ရန်သူမည်၏။

ဦး–ဝေ = တနင်္ဂနွေ– ဗုဒ္ဓဟူး

စံ–ကူး = အင်္ဂါနှင့် တနင်္လာ

ရေ–ဘူး = ရာဟုနှင့် ကြာသပတေး

တော – သူ = စနေနှင့် သောကြာ

ထိမ်းမြားသင့်သော ခြောက်လ

သိစိမ့်နှောင်လာ၊ လူတကာတို့၊ ကျမ်းလာညွှန့်ပြ၊ ဝါဆိုလကား၊ ပေးထိမ်းမြားမှု၊ နာ, ဖျား သေပျောက်၊ အေးကြီးရောက်အံ့။

ဝါဆို၊ ဝါခေါင်၊ ပုလောင်ရှိန်ပြင်း၊ တော်သလင်းနှင့်၊ ဆောင်း တွင်းဟေမ၊ နတ်တော်လဒ္ဓ၊ တူကွမိတ္တာ၊ ထိမ်းမြားပါမူ၊ ရောဂါ လည်းပွား၊ သေပျောက်များအံ့။

ချမ်းသာမိုမို၊ လပြာသိုမူ၊ ယှဉ်းထိုဥစ္စာ၊ မကြာပျက်စီး၊ ဒုက္ခကြီး၏။

တသီးမှတ်ကြောင်း၊ လတပေါင်းတွင်၊ ထိမ်းမြားချင်သော်၊ သေရှင်ကင်းကွာ၊ ဖြစ်တတ်စွာ၏။ သိသာကုန်စွ၊ ဤခြောက်လသည် ရှောင်ကြပုံသေ တကြောင်းတည်း။

ထိမ်းမြားသင့်သော ခြောက်လ

လောကဖွယ်ရာ၊ မှတ်သားနှာလော့၊ လက်ာညွှန့်ဖူး၊ နိဒါန်း ကျူးပိမ့်၊ တန်ခူး, ကဆုန်၊ ထိမ်းမြားတုံမူ၊ ပြည့်စုံကြွယ်ဝ၊ ချမ်းသာရအံ့။

ထိုမှတစ်ဖုံ၊ လနယုန်မူ၊ ခွေစုံနှစ်ဖြာ၊ ကြည်သာစိတ်ဝမ်း၊ ရှင်လန်းမေတ္တာ၊ ချစ်ကြင်ရာ၏။

လူ့ရှာခေါ်မှတ်၊ သိတင်းကျွတ်မူ၊ လှ၊ နတ်၊ ရဟန်း၊ ရှင်လန်းဖြင်ညီး၊ သား၊သမီးနှင့်၊ ပွားစီးလူ့ထံ၊ ကောင်းစွာစံအံ့။

မိုးယံအဆုံး၊ တန်ဆောင်မုန်းမူ၊ အသုံးအဆောင်၊အိမ်ထောင်ခမ်းနား၊ များသည့်ပရိက္ခရာ၊ လိုရာပြည့်စုံ။

မှတ်ယုံမလွဲ၊ တပို့တွဲကား၊ ပုလဲ သန္တာ၊ ရတနာရွှေငွေ၊ လက်ယက်ရေစို့၊ များထွေရာပုံ၊ လွန်ပြည့်စုံအံ့၊ လူ့ဘုံထင်ရှား၊ အမျိုးသားတို့၊ ထိမ်းမြားရာစွ၊ ဤ ဖလ ကို ကောင်းကြစေမူ၊ မိတ်ဘက်ယူသည်၊ ကြည်သူနှစ်ပါး၊ လက်ဆောင်တည်း။

## ရက်ရာဇာရွေးနည်း

" တန်ခူးသာကျော်၊ ထွန်းပေါ်ကဆုန်၊ နယုန်ညွန့်စ၊ အောင်လှဝါဆို၊ သာလို ဝါခေါင်၊ မြတောင် တော်သလင်း၊ သိတင်းကျွတ်ဆီ၊ သောရီတန်ဆောင်မုန်း၊ ချမ်းလုံးနတ်တော်၊ မိနော်ပြာသို၊ မိညို တပို့တွဲ၊ ထဲဝင် တပေါင်း၊ ကောင်းသည်မှန်စွာ၊ ရက်ရာဇာတည်။

တန်ခူးလ - သောကြာ၊ တနင်္လာ၊ ဗုဒ္ဓဟူး

ကဆုန်လ - စနေ၊ ကြာသပတေး

နယုန်လ - အင်္ဂါ

ဝါဆိုလ - တနင်္ဂနွေ၊ ဗုဒ္ဓဟူး

ဝါခေါင်လ - ဗုဒ္ဓဟူး၊ သောကြာ

တော်သလင်းလ - ကြာသပတေး၊ စနေ

သီတင်းကျွတ်လ - အင်္ဂါ

တန်ဆောင်မုန်းလ - သောကြာ၊ ဗုဒ္ဓဟူး

နတ်တော်လ - တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ

ပြာသိုလ - ကြာသပတေး၊ စနေ

တပို့တွဲလ - အင်္ဂါ၊ ကြာသပတေး
တပေါင်းလ - ဗုဒ္ဓဟူး၊ စနေ

## ပြဿဒါးရက်ရွေးနည်း

တန်ခူးလကာ၊ စ၍ရေလစ်၊ တမာသက်ရင်း၊ အင်ကြင်းဆူးရစ်၊ ရက်ပြစ်ဆိုးဝါး ပြဿဒါး။

တန်ခူးလ တမာ = စနေ၊ ကြာသပတေး
ကဆုန်လ သက်ရင်း = သောကြာ၊ ဗုဒ္ဓဟူး
နယုန်လ အင်ကြင်း = တနင်္ဂနွေ၊ တနင်္လာ
ဝါဆိုလ ဆူးရစ် = အင်္ဂါ၊ ဗုဒ္ဓဟူး

ဝါခေါင် တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း လေးလအတွက် အထက်ပါအစဉ်အတိုင်း၊ နတ်တော်၊ ပြာသို၊ တပို့တွဲ၊ တပေါင်း လေးလမှာလည်း ၎င်းအတိုင်းပင်။

ဝါဆို၊ တန်ဆောင်မုန်း၊ တပေါင်း ဤသုံးလမှာ ဗုဒ္ဓဟူးနေ့၏ မွန်းလွဲပိုင်းသည် ပြဿဒါးဖြစ်၏။

## ကရိုဏ်းရက်ရွေးနည်း

လဆန်းလေးရက် ဆယ့်လေးရက်မှာ ၄ ချက်တီးမှ သန်းခေါင်ကျူ။ ညကိုရှောင်ကွယ် ကရိုဏ်းတဲ့။ လဆန်းရှစ်ရက်၊ ဆယ့်ငါးရက်မှာ၊ နေထွက်သည်မှ မွန်းတည့်ကျ၊ ရှောင်ကြလေကွယ် ကရိုဏ်းတဲ့။ လဆုတ်သုံးရက်တခန်း၊ ညသန်းခေါင်မှ၊ နေထွက်ကျ၊ ရှောင်ကြလေကွယ် ကရိုဏ်းတဲ့။ လဆုတ်ခုနစ်ရက်၊ ဆယ့်လေးရက်မှာ၊ မွန်းတည့်ခါက၊နေဝင်ကျ၊ ကြမ်းလှသည်ကွယ် ပျက်မည်တဲ့။

## ရက်ယုတ်မာ ရွေးနည်း

တန်ခူး–ဝါဆို ၆ ကိုရှောင်တဲ့၊ ကဆုန်–တပို့တွဲ ၄ တို့လွဲ၊ ညှဉ်းဆဲရက်ယုတ်မာ။ နယုန် –တော်သလင်း၊ ရှစ်ကွင်းရှားရှောင်၊ ဝါခေါင်–တန်ဆောင်မုန်း၊ ဆယ်ရက်ကြို၊ လုံးလုံးစွန့်ပစ်ခွာ။ သီတင်း ပြာသို၊ ဆယ်ကိုနှစ်လောင်း၊ တပေါင်း–နတ်တော်၊ နှစ်ရက်ပေါ်၊ ရှောင်နှော်မှုများစွာ။

| | | | |
|---|---|---|---|
| တန်ခူး၊ ဝါဆို | လဆန်း | လဆုတ် | ၆ရက် |
| ကဆုန်၊ တပို့တွဲ | ။ | ။ | ၄ |
| နယုန်၊ တော်သလင်း | ။ | ။ | ၈ |
| ဝါခေါင်၊ တန်ဆောင်မုန်း | ။ | ။ | ၁၀ |
| သီတင်းကျွတ်၊ ပြာသို | ။ | ။ | ၁၂ |
| နတ်တော်၊ တပေါင်း | ။ | ။ | ၂ |

## ရှမ်းရက်ရွေးနည်း၊

တန်ခူး၊ ကဆုန်၊ ရှစ်ရက်ကြို၊ ရှောင်ကာနဲ့ ရှမ်းရက်သာ။ နယုန်–ဝါဆို၊ နှစ်ကိုရှောင်၊ ဝါခေါင် ကိုးကွင်း၊ တော်သလင်း၊ သီတင်းသုံးရက်မှာ။ တန်ဆောင်မုန်း ငါး၊ တစ်ကား–နတ်တော်၊ လေးသော်–ပြာသို၊ တပေါင်းကို၊ မလိုရှောင်အပ်စွာ။ ခုနစ်ရက် တပို့တွဲ၊ ခါတွန်နှင့်လွဲ၊ အမြဲရှောင်သင့်ပါ။

## တာနေရက်ရွေးနည်း

တစ်ကာအစ၊ ခြောက်သို့ကျ၊ ယူဆစဉ်တိုင်းဘက်။ ဝါ၊ ဝါအစ၊ နှစ်လသည်သာ၊ ယူလေပါ၊ ကြမ်းစွာ တာနေရက်။ ဓလေ့သွား၊ လှည်းသွား၊ ဆောင်းရန်များ၊ ရှောင်ရှားနှောင်တစ်သက်။

ခပ်သိမ်းကိစ္စ ဟူသမျှ ရှောင်ကြဉ် တာနော့ရက်။ ရှောင်ရန်
…နော ရက်သနော့ ယူလော့ ဆန်းဆုတ်…။ ပါဆို ငါးမောင်
…ရက်ရှောင် လူ့ဘောင်ကျိုးအတွက်။ တော်သလင်းဝါကျွတ်၊
…ရက်လွတ်၊ မချွတ်တာနော့ရက်။

တန်ဆောင်၊ နတ်တော် သုံးရက်မျှော် ရှောင်သော် ကိုယ်ကျိုး
…။

ပြာသို တပို့တွဲ၊ လေးရက်စွဲ၊ အမြဲရှောင်ဖို့တွက်။ တပေါင်း
…ခူး ငါးရက်ကျူး အထူးရှောင်တစ်သက်။

ကဆုန် နယုန်၊ ခြောက်ရက်ကြုံ၊ ရှောင်ကုန်တာနော့ရက်။

## …န်းကိန္နရုပ်ရွေးနည်း

ဆန်း ၂ ရက်တွင်၊ ဟေဟာခုတ်ထွင်၊ ထွက်ဝင်မပြုရာ။
…ဆန်း ၄ ရက်၊ ဆန်းကြုံချက်၊ ဟောင်တက်မပြုရာ။ ၁၂ ရက်
…၊ ရှင်ပျော်ပါး၊ ထိမ်းမြားမပြုရာ။ ၁၄ ရက်ကျ၊ မှုကိစ္စ၊
…ပျက်စီးရာ။ လဆန်းကိန္နရုပ်၊ လင်္ကာထုတ်၊ ကြိုးကုတ်မှတ်ကြပါ။

## …ဆုတ်ကိန္နရုပ် ရွေးနည်း

လဆုတ်ကြိမ်ခါ၊ ၃ ရက်မှာ၊ လယ်ယာမလုပ်သင့်။ ၇ ရက်
…၊ လဆုတ်ကျ၊ မင်းခ မပြုနှင့်။ ၉ ရက်တွေ့၊ လဆုတ်နေ့၊
…မတူးလင့်။ ၁၂ ရက်မှ၊ ကိစ္စဟူ၊ ပြုသူဘေးဒဏ်သာ။ လဆုတ်
…၊ နည်းအချုပ်၊ မယုတ်မှတ်ကုန်လင့်။

## …ခုတ် ရွေးနည်း

… ဝက်၊ ပုးနှင့်ဆင်၊ ဥတွင်ကျားထား၊ ၄ ရက်ကားကြွက်
… ခုနါး၊ သတ်မှာ အင်္ဂါ၊ ၈ မှာ ဂဠုန်၊ ဆန်းဆုတ်ကြုံ၊

မှတ်ကုန် အမြိတ္တာ။ အမြိတ္တာရက်များ၊ တွေ့ကြုံပြား၊ ကောင်းစွာ ခေါင်ထိပ်ကျ။

အမြိတ္တာစုတ်ရက်မှာ လက်ဖွဲ့ထိုးရင် အောင်မြင်၊ ဆေးဖော်ရင် ဆေးစွမ်းထက်မယ်၊ ဂါထာမန္တရား မန်းမှုတ်ရင် ပြီးစီးမယ်။

ဘယ်လမဆို လဆန်း လဆုတ် ၁ ရက် သောကြာဖြစ်ရင် အမြိတ္တာစုတ်ရက်။

ဘယ်လမဆို လဆန်း လဆုတ် ၂ ရက်မှာ ဗုဒ္ဓဟူးဖြစ်ရင် အမြိတ္တာစုတ်ရက်။

ဘယ်လမဆို လဆန်း လဆုတ် ၃ ရက်မှာ တနင်္လာဖြစ်ရင် အမြိတ္တာစုတ်ရက်။

ဘယ်လမဆို လဆန်း လဆုတ် ၄ ရက်မှာ ကြာသပတေးဖြစ်ရင် အမြိတ္တာစုတ်ရက်။

ဘယ်လမဆို လဆန်းလဆုတ် ၅ ရက်မှာ စနေဖြစ်ရင် အမြိတ္တာစုတ်ရက်။

ဘယ်လမဆို လဆန်း လဆုတ် ၇ ရက်မှာ အင်္ဂါဖြစ်ရင် အမြိတ္တာစုတ်ရက်။

ဘယ်လမဆို လဆန်း လဆုတ် ၈ ရက်မှာ တနင်္ဂနွေဖြစ်ရင် အမြိတ္တာစုတ်ရက်။

အချို့ကျမ်းတွင် လဆန်းလဆုတ် ၁ ရက်မှာ ဗုဒ္ဓဟူး သောကြာဖြစ်ရင် အမြိတ္တာစုတ်ရက်တို့ ဖြစ်ကြသည်။

**ဝါရမိတ္တု ရက်ရွေးနည်း**

၁။ ဆန်းဆုတ် ခြောက်မှာ၊ စနေသာ၊ မှတ်မှာ ဝါရမိတ်။

၂။ ခုနစ်ရက်တွင်၊ သောကြာမြင်၊ မှတ်ချင် ဝါရမိတ်။

၃။ ရှစ်ရက်ကြုံရေး၊ ကြာသပတေး၊ ကြည်ရေး ဝါရမိတ်။
၄။ ကိုးရက်အကူး၊ ဗုဒ္ဓဟူး၊ မှတ်ဦး ဝါရမိတ်။
၅။ ဆယ်ရက်ကြုံလာ၊ နေ့အင်္ဂါ၊ ရှောင်ရာ ဝါရမိတ်။
၆။ ဆယ့်တစ်အကျ၊ စနေ၊ မခ ဝါရမိတ်။
၇။ ဆယ့်နှစ်အကြုံ၊ နေ့ဂျွန်၊ ခေါ်တုံ ဝါရမိတ်။
၈။ အမှုကိစ္စ၊ ပြုမိကြ၊ သောက လန့်ဦးထိမ်။
ဆန်းဆုတ်ထိုရက်၊ နေ့ရောစွက်၊ ပေါင်းလျက်ရေတွက်ရာ။
စ်ဆယ့်သုံးကျ၊ မြဲမှတ်ပ၊ ဝါရမိတ္တုသာ။

## ၊ ဒဏ်သင့် ်းနည်း

ပိတောက်၊ ကျွန်း၊ အင်၊ သင်းဝင်၊ ယမ်းဆား၊ လေးလသွား၊
က်သား လဒဏ်သင့်။ အမှုကိစ္စ၊ ပြုသမျှ၊ လောကရှုပ်ထွေးလင့်။
တန်ခူးလ၊ ဝါခေါင်လ၊ နတ်တော်လ၊ ကြာသပတေး၊
နေကို ရှောင်ကြ။
ကဆုန်လ၊ တော်သလင်းလ၊ ပြာသိုလ၊ တနင်္ဂနွေ၊ တနင်္လာကို
ှင်ကြ။
နယုန်လ၊ သီတင်းကျွတ်လ၊ တပို့တွဲလ၊ သောကြာ၊ ဗုဒ္ဓဟူးကို
င်ကြ။
ဝါဆိုလ၊ တန်ဆောင်မုန်းလ၊ တပေါင်းလ၊ အင်္ဂါ၊ ရာဟုကို
င်ကြ။

## တွင်း ရှေးနည်း

ဆူး၊ ရစ်၊ သ၊ လဲ၊ အုန်း၊ နဲ၊ ကျွန်းအင်၊ လေးလစဉ်၊
ချင်၊ လတွင်းကျ။ ဤသည့်ရက်မှာ၊ မရှောင်ပါ၊ နှောင်ခါ
ားခုက္ခ။

လလျှင်တွင်းကျ၊ သီကြောင်းပြအုံ၊ နှာကြွအထူး၊ မှတ်လေဦးရှင့်၊ တန်ခူးဝါခေါင်၊ ထိုနှောင် နတ်တော်၊ ထင်ပေါ်ခြသေ့၊ ဟိုင်းကိုတွေ့မှ၊ ကြည့်၍ရှောင်ကုန်၊ ကဆုန် တော်သလင်း၊ ပြာသိုတွင်းကား၊ ပွးမင်းနှင့်ဆင်၊ ရှောင်ကြည့်လေကုန်၊ နယုန်ဝါကျွတ်၊ နှင်းစွတ်စိုရွှဲ၊ တပို့တွဲမူ၊ မျှဝဲတောင်ဟုန်၊ ဂဠုန်နဂါး၊ ရှောင်ရှားမှတ်ဖွယ်၊ ပျက်လွယ်တတ်၏၊ ထွန်းပဝါဆို၊ ရှောင်လိုတန်ဆောင်၊ မူလောင်ကပေါင်း၊ ထောင်းထောင်းကြေညက်၊ ကျားနှင့်ကြက်တည်း၊ ဆောင်ရွက်သမျှ၊ ဒုက္ခမကင်း၊ ဘေးမရှင်းသည့်၊ တွေ့ခြင်းမဲ့ လတွင်းကျ။

## သမားညိုနေ့ ရွေးနည်း

တန်ခူး ဆောင်မုန်း၊ ချမ်းတုန်းနတ်တော်၊ လသုံးဖော်၊ မလျော် ဥနှဲရှောင်။ ကညင်ကဆုန်၊ နယုန်လဘ်ကြက်၊ နေ့နံရက်၊ တစ်သက် လွတ်လွတ်ရှောင်။ ဝါဆို သံတောင်၊ ဝါခေါင်-ပြာသို၊ နှစ်လကို၊ မလိုအင်ကြင်းရှောင်။ တော်သလင်း-တပို့တွဲ၊ ဇလရှောင်ခွာ၊ ဝါကျွတ်-တပေါင်း၊ ပျက်တုံရှောင်း၊ မကောင်း သပြေရှောင်။ သမားညိုခေါ်ရိုး၊ သည်နေ့ဆိုး မှုမျိုးလွတ်အောင်ရှောင်။

သမားညိုရက်မှာ အိမ်ဆောက်ရင် မီးလောင်မယ်။
ထိမ်းမြားမင်္ဂလာပြုရင် မုဆိုးမဖြစ်မယ်။
ပညာသင်ရင် အပြီးမရောက်။
တန်ခူးလမှာ တနင်္ဂနွေ၊ စနေ သမားညို။
ကဆုန်လ တနင်္လာ၊ အင်္ဂါ သမားညို။
နယုန်လ ဗုဒ္ဓဟူး၊ ကြာသပတေး သမားညို။
ဝါဆိုလ သောကြာ၊ စနေ သမားညို။
ဝါခေါင်လ တနင်္ဂနွေ၊ တနင်္လာ သမားညို။

တော်သလင်းလ အင်္ဂါ၊ ဗုဒ္ဓဟူး သမားညို။
သီတင်းကျွတ်လ ကြာသပတေး၊ သောကြာ သမားညို။
တန်ဆောင်မုန်းလ စနေ၊ တနင်္ဂနွေ သမားညို။
နတ်တော်လ စနေ၊ တနင်္လာ သမားညို။
တပို့တွဲလ အင်္ဂါ၊ ရာဟု သမားညို။
တပေါင်းလ ကြာသပတေး၊ သောကြာ သမားညို။

အုန်းနှံ့ ချစ်၊ လက်ပံ သတင်း၊ အင်ကြင်း ဆူးလေ၊ သပြေ အနှမ်း၊ အုန်းထန်း အကုန်၊ စုရုံး ပုံသည်၊ ရှောင်ကြဉ် သမားညို၊ တစ်လနှစ်ရက်ဆို။

## သမားဖြူနေ့ရွေးနည်း

အုံတုံ–တစ်ရက်၊ နှစ်ရက်မှာအုန်း၊ သုံးရက်သပြေ၊ ပေမှာလေးရက်၊ ငါးရက်မှာရှောက်၊ ခြောက်ရက်ငှက်ပျော၊ သောခုနစ်ရက်၊ ဆန်းဆုတ်ထွက်၊ ရက်ကန်းသမားဖြူ ရှောင်လေဟူ။

လဆန်း လဆုတ် ၁ ရက် အုံတုံ တနင်္ဂနွေ၊ စနေ
လဆန်း လဆုတ် ၂ ရက် အုန်း = တနင်္ဂနွေ
လဆန်း လဆုတ် ၃ ရက် သပြေ = သောကြာ၊ ကြာသပတေး
လဆန်း လဆုတ် ၄ ရက် ပေ = ကြာသပတေး
လဆန်း လဆုတ် ၅ ရက် ရှောက် = ဗုဒ္ဓဟူး
လဆန်း လဆုတ် ၆ ရက် ငှက်ပျော=တနင်္လာ၊ ကြာသပတေး
လဆန်း လဆုတ် ၇ ရက် သော =သောကြာ

## ဟောရက်ကြမ်းရွေးနည်း

သုံး၊ ခြောက်–ရက်ကြို၊ ရှောင်လေကုန်၊ ဂျုန်ဆန်းလမှာ။

ငါး၊ ရှစ် ရက်တွင်၊ ရှောင်ဖယ်ကြဉ်၊ ဆန်းလျှင် တနင်္လာ။ ခုနစ်တစ်ဆယ်၊ ရှောင်ရှားဖယ်၊ ဆန်းကြယ်နေ့အင်္ဂါ။

မဟာရက်ကြမ်းခေါ် ရက်တကျင်ကိုရှောင်ကြ၊ ထိုရက်မှာ လှေနှင့် ခရီးသွားမယ်ဆိုရင် လှေနစ်မယ့်။ တောတောင်ကို သွားရမယ်ဆိုရင် ဘေးတွေ့မယ်။ ကျောင်းဆောက်မယ်၊ အိမ်ဆောက်မယ်ဆိုရင် ငွေကုန်ကြေးကျများမယ်၊ ငွေပေးမလောက်ဖြစ်မယ်။ တာနောရက်လည်း ခေါ်သည်။

ဝါဆိုလ၊ ဝါခေါင်လ၊ လဆန်း လဆုတ် ၂ ရက်ကိုရှောင်ကြ၊ မဟာရက်ကြမ်း။

တော်သလင်းလ၊ သီတင်းကျွတ်လ၊ လဆန်းလဆုတ် ၂ရက်ကို ရှောင်ကြ၊ မဟာရက်ကြမ်း။

တန်ဆောင်မုန်းလ၊ နတ်တော်လ၊ လဆန်း လဆုတ် ၉ ရက်ကိုရှောင်ကြ၊ မဟာရက်ကြမ်း။

ပြာသိုလ၊ တပို့တွဲလ၊ လဆန်းလဆုတ် ၄ ရက်ကို ရှောင်ကြ၊ မဟာရက်ကြမ်း။

တပေါင်းလ၊ တန်ခူးလ၊ လဆန်းလဆုတ် ၅ ရက်ကိုရှောင်ကြ၊ မဟာရက်ကြမ်း။

ကဆုန်လ၊ နယုန်လ၊ လဆန်းလဆုတ် ၆ ရက်ကို ရှောင်ကြ၊ မဟာရက်ကြမ်း။

## ရက်ပုပ်ရွေးနည်း

အုန်း၊ နှံ၊ ခူ၊ စံ၊ လက်ဝဲ၊ သီတင်း၊ အင်ကြင်း၊ ဆူးလေ၊ သပြေ၊ ၁၊ နမ်း၊ အုန်း၊ ထန်း၊ အကုန်၊ စုရုံးပုံသည်၊ ရှောင်ကြကုန်ရာ၊ ရက်ပုပ်မှာ၊ ရေးပါတန်ခူးလ မှတ်ကုန်ကြ။

| | | |
|---|---|---|
| လဆန်း လဆုတ် | ၁ ရက် | ၁ နွေ |
| ။ | ၄ ရက် | ၂ လာ |
| ။ | ၆-ရက် | ၃-ဂါ |
| ။ | ၉-ရက် | ၄-ဟူး |
| ။ | ၈-ရက် | ၅-တေး |
| ။ | ၇-ရက် | ၆-ကြာ |
| ။ | ၈-ရက် | စနေ |

နေ့ကြီးမှ ရက်ပုပ်ဖြစ်၍ မကောင်းပါ။

နဂါးလှည့်အစဉ်အတိုင်းယူနည်း

တ, တာ, က-နောက်၊ န, ဝါ,ဝါ-မြောက်၊ တော်,ကျွတ်, မုန်း-ရှေ့၊ နတ်, ပြာ, တွဲ-တောင်။ ဘုန်းခေါင်လှူပြား၊ နတ်နဂါး၊ ခေါင်းပြားလှည့်ရပ်၊ မသွားအပ်။

ပေါင်း၊ ခူး၊ ဆုန် ဤသုံးလ၊ နောက်မှာ ဦးခေါင်းသာ။ မြောက်မှဝမ်းပြင်၊ တောင်ခွင်ကျောထား၊ အမြီးဖျား၊ ရှေ့ပါးနေ သည်သာ။ လက်ယာရစ်နေ၊ ဤနည်းပေ၊ ဖြောင့်လေသုံးလမှာ။ မင်္ဂလာဆောင်လေ့၊ ပြောင်းရွှေ့ပြည်ရွာ၊ မြင်းစီးကျွဲများ၊ ဝယ်ပြားယူမွေး၊ ကြောင်၊ ခွေး၊ ကြက်ပင်၊ ခံတွင်းဝင်၊ ရှောင်ကြဉ် ဆေးဝေးခွာ။

စားလုတ်ကိုဖောက်၊ အမောက်လည်ပင်း၊ ကျောကိုနင်း၊ ထွန်လျှင်းလယ်နှင့်ယာ။ ဝမ်းပြင်မှာကြွက်၊ ခေါင်းထက်ဂျွန်၊ ကျောတုံ ပုံးစီး၊ အမြီး ဆိုင်နင်း၊ အိမ်ဆောက်လျှင်း၊ တွင်းကိုတူးအပ်စွာ။

နယုန်၊ ဝါဆို၊ ဝါခေါင်၌ အရှေ့မြောက်က၊ အနောက်သို့ ထွန်ပြီးလျှင် တောင်သို့လှည့်၍ လယ်ထွန်ခြင်းသည် စလုတ်ဖောက်၊ အမောက်လည်ပင်း၊ ကျောနင်းထွန်နည်းမည်၏။ အိမ်ဆောက်သော

အခါ ဝမ်းပြင်အရပ်က ကြာသပတေးနေ့သား၊ ဦးခေါင်းအရပ်ကို စနေသား၊ကျောအရပ်က သောကြာ၊ အမြီးအရပ်က ဗုဒ္ဓဟူးနေ့သား၊ နေစေ၍ တွင်းတူးရာ၏။

**နဂါးပေါ်ရက်ရွေးနည်း**

၁-နွေဆန်းသောလ၌ လဆန်း ၂ ရက်၊ ၁၀ ရက် လဆုတ် ၃ ရက်။

၂-လာ ဆန်းသောလ၌ လဆန်း ၁ ရက်၊ လဆုတ် ၆ ရက်။

၃-ဂိ ဆန်းသောလ၌ လဆန်း ၉ ရက်၊ လဆုတ် ၁၀ ရက်။

၄-ဟူး ဆန်းမူ လဆန်း ၂ ရက်၊ လဆုတ် ၄ ရက်။

၅-တေး ဆန်း လဆန်း ၁၂ ရက်၊ လဆုတ် ၂ ရက်။

၆-ကြာ ဆန်းမူ လဆန်း ၄ ရက်၊ လဆုတ် ၄ ရက်။

စနေဆန်းမူ လဆန်း ၂ ရက်၊ လဆုတ် ၆ ရက်နေ့သည် နဂါးပေါ်ရက်ဖြစ်၍ ရှောင်ရာ၏။

**နတ်နေ လာဘ်နေ ရွေးနည်း**

အုန်း၊ သီး၊ ဆက်၊ လာ၊ တောင်၊ ကာ၊ ရွာ၊ မှာ (နတ်လိုလျှင် စနေထောင့်က၊ လာဘ်ကိုလိုလျှင် တနင်္ဂနွေထောင့်တစ၍ လက်ယာရစ် ရေလေ။)

**တစ်နည်း နတ်နေရွေးနည်း**

အုန်းသီးဆက်လာ၊ တောင်ကရွာမှာ၊ နတ်တောင်ညာက လက်ယာသို့ပတ်၊ နတ်နေမှတ်၊ (ဤနည်းကား အရပ်ရှစ်မျက်နှာ)

**တစ်နည်း နတ်နေရွေးနည်း**

အရှေ့ချောင်းနား၊ နောက်ပါး အိုင်,သာ၊ မြောက်မှာလမ်းစ၊ တောင်မှာပ၊ မှတ်ကြနတ်နေရာ၊ (၎င်းနည်းက အရပ်လေးမျက်နှာ)

**တစ်နည်း လာဘ်နေရွေးနည်း**

ဦး၊ သာ၊ လှ၊ ရွာ၊ နေ ကြာ၊ စည်ပင်၊ ရှေ့မြောက်ခွင်က၊ ရေချင်လက်ဝဲ၊ လာဘ်နေမြဲ၊ (၎င်းနည်းကား အရပ်ရှစ်မျက်နှာ)

**စက်နေရွေးနည်း**

စလင့်မြို့သာ၊ ကျောင်းတည်ရာ၏၊ စက်သာရပ်နေ၊ ရှေ့မြောက် လွဲက၊ လက်ဝဲပတ် (၎င်းနည်းကား အရပ်ရှစ်မျက်နှာ)

**နံ့ဖီလာရွေးနည်း**

အင်း၀၊ ရှင်၊ ကြီး၊ ထန်း၊ သီး၊ စုပ်၊ ဖတ်၊ နောက်မြောက်ရပ်ကား ပတ်လေလက်ယာ နံ့ဖီလာ။

**လာဘ်, နတ်, စက်, နံ့ဖီလာ ရွေးနည်း**

မှန်, ကြာ,အုံ, ကြွ, ရ, ရန်, တောင်၊ ခိုမှောင်,တိမ်, သွေး၊ တုန်, အေး ချမ်းအောင်, ရွှေသောင်, သာမျှ, လွှမ်း, စ, ပွေ, အင်, သာ, လွင်, လျှံ, ဝင်း, အတွင်းဉာဏ်ရှိ, ရေးဘိမှန်ရွာ, စန္ဒရာက, သက်ယာသို့ပတ်, လာဘ်နှင့်နတ်, စက်မှတ်နံ့ဖီလာ။

**၇ ရက်သားသမီး ကျက်သရေတိုးအောင်ပြုလုပ်နည်း**

ကျက်သရေတိုးရန်၊ ခွန်းမိတ်ပြန်၊ မြဲမြဲမှတ်သိထား။
သိရှိရပ်မှာ၊ နေ့လိုက်သာ၊ ပြုရာကုသိုလ်များ။

ဖွားတနင်္ဂနွေ၊ ဖြစ်ခဲ့ပေ၊ ပြုလေစေတီများ။
နေ့တနင်္လာ၊ ထိုသူမှာ၊ ပြုရာလျှကနားး။
အင်္ဂါသားမှာ၊ တံခွန်သာ၊ စိုက်ပါမှန်မမှားး။
ဗုဒ္ဓဟူးဖွားလတ်၊ ကျောင်းဇရပ်၊ပြုအပ်ဝူလိုဏ်များ။
တန်ဆောင်း, ဇရပ်, ပြုလတ်ရေတွင်း၊ တံတားခင်း၊ ဖွားခြင်း အရသာ။
သောကြာတန်ဆောင်း၊ စိုက်တည်ထောင်၊ ထွန်းပြောင်သီရိဖွား။
တံခွန်ကြီးစွာ စိုက်သင့်ပါ၊ နေ့မှာစနေသား။
ထွန်းကျက်သရေ၊ ခွင်လျက်ဝေ တက်နေပုံအလား။
မိမိမွေးနံ့ အရပ်ကစ၍ ဝရီဝါရ, အာယု, နာဂရ, ဘူမိ, ဂဟာပတိ, တေဇ, ဌာန, သီရိဟု ရှစ်မျက်နှာ ရေတွက်ပြီးလျှင် သီရိ ကျရာ အရပ်၌ နေ့သား အလိုက်ပြုလေ၊ ကျက်သရေ တိုးတက်အံ့ဟူ၏။

## ၇ ရက်သားသမီးတို့ နေသင့်သောအရပ်

နေ့ တနင်္ဂနွေ နေသင့် ပေ၊ သာ, စေ့, ပင်းယရွာ။ တနင်္လာ တစ်သင်း၊ နေရပ်ခင်း၊ ထံ,ရင်း, သိမ်ဖြူရွာ။ အင်္ဂါဖွားသူ၊ နေရန်မူ၊ အောင်, ဖြူ, ထွန်းသစ်ရွာ။ ဗုဒ္ဓဟူးနေ့သား နေသင့်ပြား၊ ကျေးသား,အင်းတိုင်ရွာ။ ကြာသပတေးသားဖွားမြင် နေရပ်ခွင်၊ စံတင်ကြံအင်းရွာ၊ သောကြာဖွားလတ် နေထိုင်ရပ်၊ ရွှေ အပ်စစ်ကွင်းရွာ။ စနေသားတို့ နေရပ်မြို့၊ ပင်ကြို့ ရွှေဆောင်ရွာ။ နံသင့်အရ နေထိုင်ကြ၊ သုခကြီးကျယ်ရာ။ တနင်္ဂနွေသားတို့ သောကြာအရင်း အင်္ဂါ အဖျားပါသောရွာ၊ ကြာသပတေးအရင်း, ဗုဒ္ဓဟူးအဖျား ပါသောရွာ၌ နေလေကုန်ဟူလို (တနင်္လာသား စသည်တို့၌လည်း နည်းတူယူရန် သိလေ)

### တစ်နည်း ၇ ရက်သားတို့ မနေသင့်သောရွာ

ညောင်စေးဝါလင် နှစ်ရွာတွင်၊ ရှောင်ကြဉ်သူရဖ္။ ဝါစုံ–
ပေါက်မှော်၊ မည်နံ့ပေါ်၊ ရှောင်နော်စန္ဒရ။ မြောင်းမြသောင်းသာ၊
သည်နှစ်ရွာ ရှောင်ပါနေ့သောမ။ သဲသောင်တွံတေး၊ ‘မည်နံ့ပေး၊
ရှောင်ရေးဖွားဗုဒ္ဓ။ တော်တော်အိုင်အင်း၊ မည်နံ့သွင်း၊ ရှောင်လျှင်းဂုရုက။
ဥညကန်ကြီး၊ မည့်နှစ်သီး၊ ပျက်စီးနေ့သောကြာ။ ကံ့ကွို–စစ်ညောင်၊
အမည်ဆောင်၊ ရှောင်လေဖွားနာဂ။ ခုနစ်ရက်သား၊ အနေများ၊
ထွေပြားရန်မျိုးခ။ တနင်္ဂနွေသားတို့ အင်္ဂါနှစ်ချက်နေသောရွာ၊ ဗုဒ္ဓဟူး
နှစ်ချက်နေသောရွာ၌ မနေသင့် ဟူ၍ သိအပ်၏။ (တနင်္လာစသော
နေ့သားတို့၌လည်း နည်းတူယူရန် သိလေ)။

### ၇ ရက်သားတို့ မြို့သစ်ရွာသစ်၌ရှောင်ရန်

မြို့ရွာသစ်ကို၊ ရှောင်စေလို၊ မိန့်ဆိုကျူးလင်္ကာ။ စလင်း,
လောင်ဇေး၊ ရှောင်ကြဉ်ပေ၊ ဖွားလေသူရဖ္။ ရန်မြိုပင်းယ၊ ရှောင်ကြဉ်ကြ၊
ဖွားထတနင်္လာ။ မြောက်သား သဲဖြူ၊ ကွင်းရှောင်ဟူ၊ ဖွားသူနေ့သောမ။
သံတွဲသိန်းတန်၊ ရွာမည်နံ၊ ရှောင်ရန်ဗုဒ္ဓမှာ။ ထအောင်း, အုန်းနဲ့,
မည်နှစ်ဖုံ၊ ရှောင်လွှဲဂုရုမှာ။ အောက်ကုန်းကန်ဘောင်၊ အမည်ဆောင်၊
သေရှောင်ဖွားသောကြာ။ ကန်ဆည်, ညောင်ချဉ်၊ အမည်တွင်
ရှောင်ကြဉ်စနေသာ။ မရှောင်နေသူ၊ မီးအပူ၊ ကြီးထူတွေ့တတ်စွာ။

### ၇ ရက်သားသမီးတို့ အမြစ်အညွှန့်

ဂဠုန်ထောင်ကြွ၊ ဗျဿ–အုံ, ည,၊ သိဟ်–ချိန်းလေ၊ ဗုဒ္ဓေ–
စိန်ပွင့်၊ ကြွက်မင်း လမ်း,သာ၊ ပူးမှာ–မိုး,နွေ၊ စနေ–သ,အယ်၊
အသွယ်သွယ်သည်၊ မှတ်တွယ်မြစ်နှင့်ညွှန့်ပေတည်း။ တနင်္ဂနွေသား၏

အမြစ်ကား စနေ၊ အညွန့်ကား တနင်္လာ။ ထိုအမြစ်အညွန့်ပါသော မြို့ရွာတို့၌ နေရာ၏။ ဘုရားသုဉ် ကိုးကွယ်ခြင်းစသည်ကို ပြုရာ၏။ (တနင်္လာသား စသည်တို့၌လည်း နည်းတူယူ၍ သိရာ၏)။

**၇ ရက်သားတို့ မှီမိုသင့်သောအသစ် ပြည်, ရွာ, မြို့ယူနည်း**

ဂဠုန်–စောင်းလျား၊ ကျားကား–လက်ပံ၊ သီဟပန်သင်း၊ ဆင်မင်း–သနပ်၊ ကြွက်မြတ်–တောင်အုံ၊ ပူးတုံ–အကျော်၊ မြွေသော် ကညင်၊ မှိုစေချင်သည်၊ သစ်လျှင်ပြည်ရွာမြို့ကိုတည်း။

**တစ်နည်း မဖြတ်မရှိုးသင့်သော ၇ရက်သားတို့ အမြစ် အညွန့် ယူနည်း**

ရဝိ, တောင်ညာ၊ စန္ဒာ,အင်းဝ၊ ဘောမ,ဂဠော၊ ဗုဒ္ဓခွေသား၊ ကြွက်ကား လင်းတ၊ သောကြာ, ပန်းအုံ, မြွေတုံသက်နီး၊ မြစ်ညွန့် လန်းအောင်၊ ဆွတ်ဖျန်းအေးစေရာသတည်း။

**၇ ရက်သားတို့ မှီသင့်သော နံယူနည်း**

စေ,တိ, ယ,ဝ အောင်ပြု၊ ဖူ,ကျော်,ဘိ၊ သု,စိ,တော၊ ခွေလည်း၊ အောင်, မူးကြို၊ ကုန်,သင့်စွ၊ သ,တ္တလုံး ဆောင်,ယူလေ။ (သုံးလုံး တစ်ပုဒ် ၇ရက်သားတို့ အစဉ်အတိုင်းယူလေ)။

**၇ ရက်သားတို့ နိုက်တတ်သော ပဥ္စပွတ်–ဆပွတ်ယူနည်း**

အုန်း, အောင်, သူ၊ ချစ်, သူ, ထံ၊ စံ, ထွန်း, ဦး၊ လူ, အုံ, ကြံ၊ ပြန်,ချင်, စွာ၊ သူ, ဇာ, လှ၊ ထွား, လှ, မွတ်၊ လွတ်အောင် ရှူသဉ်း ဟနက်နွေသားသည် ဘောင်ကြာသပတေးနှင့် သောကြာခိုက်၏။

တို့ကြောင့် အုန်း-တနင်္ဂနွေသားသည် ဘောင်-ကြာသပတေးအရပ်ကို သု-သောကြာနေ့မှာ မသွားကောင်းဟု ရှေးဆရာတို့ ဆိုကုန်၏။ (ချစ်သူထံ စသည်ကိုလည်း နံသင့်အလိုက် သိလေ)။

**အမှုကိစ္စ၌ အခါပေးနည်း**

အုပ်ဆုသက်၊ ကောင်းဘက်ဗိ၊ ဇောဝိသိ၊ လှဆီဆဒ်၊ ပန်း,မြတ်၊ ဖြင်၊ သဲ စည် မာရ်၊ တောင်တန်သု။

အုပ်-တနင်္ဂနွေနေ့၌၊ ဆု-သုံးဖဝါးရှိမှု၊ သက်-သိကြားစောင့်၏။ ကောင်း-တနင်္လာနေ့၌၊ သက်-ငါးဖဝါးရှိမှု၊ ဗိ-ဗိဿနိုးနတ်စောင့်၏။

ဇော-အင်္ဂါနေ့၌၊ဝိ-လေးဖဝါးရှိမှု၊သိ-ခြသေ့စောင့်၏၊လှ-ဗုဒ္ဓဟူးနေ့၌၊ဆီ-သုံးဖဝါးရှိမှု၊ ဆဒ်-ဆဒ္ဒန်ဆင်မင်းစောင့်၏။ ပန်း-ကြာသပတေးနေ့၌၊ မြတ်-ငါးဖဝါးရှိမှု၊ ဖြင်း-မြဟ္မာမင်း စောင့်၏။ သဲ-သောကြာနေ့၌၊ တန်-ခုနစ်ဖဝါးရှိမှု၊ သု-အသူရိန် စောင့်၏။ (အမှုကိစ္စ ဟူသမျှတို့၌ နေ့အလိုက် အခါပေးရာ၏)။

တနင်္ဂနွေနေ့ အခါမှန်မူ အရှေ့မြောက်က လူနှစ်ယောက် ရန်ဖြစ်မည်။

တနင်္လာနေ့ အခါမှန်မူ အရှေ့က လူနှစ်ယောက် လက်တွဲ၍ လာမည်။

အင်္ဂါနေ့ အခါမှန်မူ အရှေ့တောင်က လူနှစ်ယောက် လျှို့ဝှက်သောစကားကို ပြောကြားလာမည်။

ဗုဒ္ဓဟူးနေ့ အခါမှန်မူ တောင်က ခြေလေးချောင်းစီး၍ ပန်းပန်လာမည်။

ကြာသပတေးနေ့ အခါမှန်မူ အနောက်က လူငါးယောက် သီချင်းဆို၍ လာမည်။

သောကြာနေ့အခါမှန်မူ မြောက်ကလူသုံးယောက် လက်နက် ကိုင်၍ဖြစ်စေ၊ သံခမောက်ဆောင်း၍ဖြစ်စေ လာမည်။

စနေနေ့အခါမှန်မူ အနောက်တောင်က မျက်စိပျက်သူဖြစ်စေ၊ မီးလျှံဖြစ်စေ မြင်လာမည်။

**အဆင့်ဆင့်နိုင်သောနံ**

အုန်း၊ ဆံ, ဆိ ,ထွေး၊ တောင်, ဇေး, လင်း, သက်၊ သီးခက်, ကင်းပုံ၊ ပန်း, အုံ, နံ့ရ၊ ဟူသမျှ နိုင်ကြအဆင့်ဆင့်။ အုန်း–တနင်္ဂနွေကို၊ ဆံ–အင်္ဂါနိုင်၏။ ဆိ–အင်္ဂါကို၊ ထွေး–စနေနိုင်၏။ တောင်–စနေနံကို၊ ဇေး–ဗုဒ္ဓဟူးနိုင်၏။ လင်း–ဗုဒ္ဓဟူးနံကို၊ သက်–သောကြာနံ နိုင်၏။ သီး–သောကြာနံကို၊ ခက်–တနင်္လာနံနိုင်၏။ ကင်း–တနင်္လာနံကို၊ ပုံ–ကြာသပတေးနံနိုင်၏။ ပန်း–ကြာသပတေးနံကို၊ အုံ– တနင်္ဂနွေနံနိုင်၏။ နံ့–စနေနံကို၊ ရ–ရာဟုနိုင်၏။ (ထို့ကြောင့် 'တနင်္ဂနွေသား စသည်တို့ကို အင်္ဂါနံစသည် အကျိုးမပေးဟုမှတ်ရာ၏။)

**ဆယ့်နှစ်လ၌ မပြုသင့်သော အရာများ**

ကဆုန်နယုန်၊ လ၌ကြိုသော်၊ ပြင်းဟုန်ထန်စွာ မပြုရာ။ ဝါဆိုဝါခေါင်၊ ရေဖောင်ဖောင်၊ တောတောင်ကမ်းရေ၊ ချောင်းမြောင်းရေ၊ ရှောင်လေမသောက်ရာ။ တောင်သလင်းနှင့် သီတင်းကျွတ်မူ၊ စပ်ငန်, မှုချဉ်, မရှောင်ကြဉ်, လူတွင်ဥပဒ်သာ။ တန်ဆောင်မုန်းနတ်တော်၊ လနှစ်ဖော်၊ နေ့သော်မအိပ်ရာ။ သီ,တွဲ,ပေါင်း,ရှူး၊ လလေးဦး၊ အိမ်[illegible] မပြုရာ။ မရှောင်ကြဉ်က၊ ဘေးဒုက္ခ၊ ဖြစ်ရဝေဒနာ။

## ဂု ရက်သားတို့စ၍ ရင်းနှီးရသောနည်း

စ၍ရင်းလာ၊ ကျွမ်းအလာ၊ သေချာမှဟ်ပိုင်းပြ။ နေ့တနင်္ဂနွေ၊ ဆယ်ယာမြေ၊ ရင်းလေလုပ်အပ်စွ။ တနင်္လာသား၊ အထည်များ၊ ထားရင်းသင့်လှ။ အင်္ဂါရွှေငွေ၊ ဗုဒ္ဓဟေ၊ အခြေလေးခုစ။ ကြာသပတေး ဆယ်ပျဉ်၊ စိုက်ပျိုးလျှင်၊ စည်ပင်ချမ်းသာရ။ နွားတိ, လက်, ပညာ၊ နေ့သောကြာ၊ ချမ်းသာပေါ်ကြွယ်စ။ လေးခုအခြေ၊ ရင်းနှီးလေ၊ နေ့ဟူသမျှ။

## ဦးမပြုသင့်သောစကုသိုလ်

တနင်္ဂနွေသားစု၊ အဦးပြု၊ ဆင်းတုကျောင်းကိုရှောင်။ တနင်္လာသား၊ လူအများ၊ ပြုထားရေတွင်းရှောင်။ ပုထိုး, စေရပ်မါ၊ စာတိုက်သား အင်္ဂါသားတို့ရှောင်။ တံခွန်လှူဦး၊ ထီးလှူဦး၊ ဗုဒ္ဓဟူးသာတို့ရှောင်။ ကြာသပတေး လှူဦးဖျား၊ သစ်သားဆင်းတုရှောင်။ ဖူးငုံရွှေကြာ သင့်ပါ၊ သောကြာသားတို့ရှောင်။ စာတိုက်,စေရပ်၊ လှူပညတ်၊ စနေရှောင်။ တစ်ပါးအလှူ၊ ရှေ့ဦးလှူ၊ နောက်စုရှားမရှောင်။

## မြေကောင်းသောအရာများ

အိမ်မှာလုံးစုံ၊ ဗတ်လည်ကုန်၊ ဆိုဆုံမရှိကောင်း။ ပန်းတိုင်, ထွာ၊ ပါကြီးဝါ၊ နီးစွာမစိုက်ကောင်း။ မျောက်နှင့်ဖရုံ၊ နို့စိုက်တုံ၊ ရှင်းသည့် ပျက်တတ်ရှောင်း။ အိမ်ရှေ့မန်ကျည်းပင်၊ စိုက်ခဲ့လျှင်၊ ကိုယ်တွင်ဥပဒ်လောင်း။ အိမ်ရှေ့မှသာ၊ နွားထားရာ မြန်စွာပျက်စီး ကြောင်း။ တောင်ကစပါးကျီ၊ ထားသည်လှေကား၊ အိမ်နောက်ပါး၊ ကပြားဆုတ်ယုတ်ကြောင်း။ ထဘီစာဘက်လျှင်၊ ပခုံးတင်၊ ဆွဲငင်မကောင်း။ သားမြေးတို့ကို၊ သွေးသံယို၊ မျက်လိုရိုက်မကောင်း။

ချိုကျိုးကျွဲနွား၊ ကန်ခြေားဆင်, မြင်း၊ စီးနင်းခြင်း, ရှောင်ကွင်းမဝယ်
ကောင်း။

## ပြုသင့်–မပြုသင့်သောအရာများ

တံခွန်ကုက္ကား၊ အောင်လံများ၊ လှားစိုက်အိမ်မှာ မပြုနှင့်၊ ဆန်မရှိခိုက်၊ မောင်းဆုံ၌၊ စိုက်၍ ကျည်ပွေ့မထားနှင့်။ အိမ်ရှေ့သမိုက် ထရံ၌၊ စိုက်၍လေးကိုမထားနှင့်။ စားဖွယ်သောက်ရန်၊ ခွက်ပန်းကန် အသံမြည်အောင်မပြုနှင့်။ ရေလဲမည်တွင်၊ထဘီလျှင်၊ အိမ်တွင်မလှန်း နှင့်။ခေါင်းလျှော်ပြီးလျှင်၊ ထုံးဆံပင်၊ နေတွင်မလှန်းနှင့်။ စားဖွယ်ပို့လာ ခွက်ယောက်မှာ၊ ဆေးကာပြန်၍မပေးနှင့်။ ကိုယ်ဝန်ဆောင်မိန်းမ၊ စားသမျှ ကိုယ်ကယှက်မဆေးနှင့်။ ကိုယ်ဝန်တသွယ်၊ သားသွင်ယ်၊ သားငယ်မကြောက်နှင့်။ ဥစ္စာမာန်အား၊ ဤသုံးပါး ကိုယ်စားမပြုနှင့် ရတနာသုံးဖြာ၊ ဆရာမိဘာ၊ ဆိုဆုံးမ၊ ကိုယ်ကမလွန်နှင့်။ သူကြီးမိဘာ၊ မိတ္တဆွေ၊ မိုးမြေတသင်း၊ နေ, လမင်း၊ မုန်းတင်းစကားမဆိုနှင့်။ ဦးဆောင်းပခြုပ်၊ ဦးထုပ်တစ်ဖြာ၊ ဆန်ကော်မှာ ဖာ၍မသုံးနှင့်၊ သင်ဖြူး အိမ်ရာ၊ ခေါင်းပေါင်းမှာ ဖာ၍ မသုံးနှင့်။ ရေလဲခေါင်းပေါင်း၊ မကောင်းဟူပြီ၊ အင်္ကျီလက်ခွံ၊ စုတ်ပြတ်လွန်၊ ကောင်းမွန်ရာရာ နည်းငယ်သာ မဖာမချုပ်နှင့်။ မိဘ, ဆရာ၊ သံဃာ-ဘုရား အရိပ်များ နေနားမခိုနှင့်။ သတင်းအရှိန်၊ စည်းစိမ်ပညာ၊ သူကြီးမှာ၊ ဝင်ကာ ခိုမသင့်။ သူ၏ဦးခေါင်း၊ တကြောင်းကျည်ဆွဲ့၊ အရှေ့ထရံ၊ ဤသုံးတန်၊ ခုန်ပျံမကျော်နှင့်။ ကြိုးကြိမ်တန်းများ၊ တံတား, လက်ကထုံ၊ သုံးခုလုံး ကုန်းကွစင်လို့မလျှိုနှင့်။ သစ်သစ်သည်လျှို မဲတန့်ထောင်လို့မထားနှင့်။ ခရီးရောက်ကာ၊ အိပ်ရာထစ၊ ဒေါသ မျက်ပွား၊ ဤသူများ၊ စကားလိုရာ မမေးနှင့်။ လာသတ္တဲ့ ငါး

စည်းစိမ်ရေး၊ မျှော်တွေးရှုလေသင့်။ မသန့်တခန်း၊ လမ်းသယ်တရှုပ်၊ သုံ့မြတ်နေရာ၊ ဥုံသုံးဖြာ၊ တက်ကာမမေးနှင့်။ နှုတ်ပိုက်ရှိငြား၊ မိန်းမများ၊ သွားလာမချီနှင့်။ မိန်းမမွေးနေ့ သီတင်းငနေ့နှင့်၊ နေ့လယ်အခါ ဥုံသုံးဖြာ၊ ကာမမြှူးထူးမပြုနှင့်။ လိုမရှိကာ၊ အင်္ဂါမမုန်း၊ ကျောင်းကန်၊ ဘုရား၊ သွားရင်းတထွေ၊ သမွေရင့်မာ၊ ဥုံခြံသာလည်း၊ ကာမမြူးထူး မပြုနှင့်။ ဆရာ, မိဘ၊ ကိစ္စတထွေ မီးနှင့်ရှေ၊ မထိုင်လေ၊ စားမပြုနှင့်။ စလောင်းတတန့်၊ ပန်းကန်တသီး၊ ဥုံမြေကြီး၊ ခတ်တီးမပြုနှင့်။ ထောင်ကမ်းတစ်မျိုး၊ ပုထိုးဘုရား၊ အိမ်စွဲပျား၊ ဖယ်ရှားမပြုနှင့်။ သိမ်လည်းတခန်း၊ ဈေးတန်းတိုတို၊ စရပ်တို၊ မှီခိုဝင်အောင်းမပြုနှင့်။ သာယောင်းဘဝ၊ ခိန်းမပန်ဆင်၊ ပန်းလျှင်တံခွန်, ဘုရားပန်း ရှုနမ်း မပြုနှင့်။ ဆွေမျိုးဥာတကာ၊ မိဘဆရာ ဥစ္စာရှိငြား၊ သေသောက်များ၊ စကားအမှန်မယူနှင့်။ ဦးရေငါးခေါင်း၊ သွန်းလောင်းမပြုတ်၊ ပလုတ် မကျင်း၊ ထမင်းအိုးရေ ထိုသုံးထွေ၊ ပုံသေမတူးနှင့်။ အယူမသမာ၊ မိစ္ဆာစာမျိုး၊ လက်ဖွဲ့ထိုးစား၊ လက္ခဏာအိပ်မက်၊ ဥုံလေးချက်၊ ဖက်ချက်မရှုနှင့်။ ခေါင်းပေါင်းတစ်မျိုး၊ ပုဆိုး,တဘက်၊ သစ်ရွက် ပန်း၊ ဆံပင်တလတ်၊ ဥုံလေးရပ် ဖြတ်ဘိမပြုနှင့်။ ဆိုခဲ့သမျှ၊ မြဲမှန်ကြ၊ သုခသရေတောင့်။

**မြဲမြံတည်တံ့အောင် ယတြာဘုရားထုံ ကိုးကွယ်နည်း**

ကိုယ့်မွေးနေ့မှ၊ ရှေ့နောက်ကျသည့်၊ နှစ်ဝန်များ၊ ထိုသစ်သား ဘုရားထုလေသင့်။

တည်ကြည်မြဲမြံ၊ ချမ်းသာသုခ၊ ဝန်းလျှံစန်းနှယ်ပွင့်။

တနင်္ဂနွေနေ့သား ထန်းကျင့်

တနင်္လာနေ့သား ဩဇာ

| | |
|---|---|
| အင်္ဂါနေ့သား | ကာလိန် |
| ဗုဒ္ဓဟူးနေ့သား | စိန်ပန်း |
| ကြာသပတေးနေ့သား ဝါးသဲ | |
| သောကြာနေ့သား | ပိတောက် |
| စနေနေ့သား | သစ်အယ် |

ဤနံ့သင့်သားတို့ကို ဘုရားထု၍ ကိုးကွယ်မှု တည်တံ့မြဲမြံ၏ဟု ဆိုလိုသည်။

**အသက်ရှည်အောင် ယတြာဘုရားထု ကိုးကွယ်နည်း**

မွေးနံ့သစ်သား၊ ကိုယ်တော်စား၊ ဘုရားထုပြီးမှ၊ မြင့်မြတ်ရာမှာ၊ ထားပြီးကာ ကောင်းစွာပူဇော်ကြ။

အသက်ရှည်ကြောင်း၊ ယတြာလောင်း၊ ထုံးဟောင်းဖော်ထုတ်ပြ။

| | | |
|---|---|---|
| တနင်္ဂနွေသား | – | အင် |
| တနင်္လာသား | – | ကံ့ကော် |
| အင်္ဂါသား | – | ညောင် |
| ဗုဒ္ဓဟူးသား | – | လွန် |
| ကြာသပတေးသား | – | ပေါက် |
| သောကြာသား | – | သီး |
| စနေသား | – | ထိန် |

ဤမွေးနံ့သင့် အသားတို့ကိုဘုရားထု၍ ကိုးကွယ်လျှင် အသက်ရှည်၏ဟု ဆိုလိုသည်။ ယခုအခါ သားငယ်သမီးငယ် အသေအပျောက်များသောသူတို့မှာ ၎င်းနည်းအတိုင်း သားသမီးတို့ နံ့သင့်သစ်သားကို ဘုရားထု၍ ကိုးကွယ်မှု သူငယ်တို့ အသက်ရှည်ရာ၏။

**ပွားဖြစ်အောင် ဘုရားထု၍ ကိုးကွယ်နည်း**

ကိုယ့်မွေးနံ့မှ၊ ရေတွက်ဆသော်၊ သုံးကျလေငြား၊ နံ့အသားကို ဘုရားကိုယ်တော်ထု။

ဝန္နနာမှာန၊ သဏ္ဍာယ၊ နိစ္စအမြဲပြု။

စီးပွားဥစ္စာ၊ ရတနာ၊ များစွာထောင်နှယ်စု။

| | | |
|---|---|---|
| တနင်္ဂနွေသား | – | ညောင် |
| တနင်္လာသား | – | လွှန် |
| အင်္ဂါသား | – | ပေါက် |
| ဗုဒ္ဓဟူးသား | – | သီး |
| ကြာသ ပ တေးသား | – | ထိန် |
| သောကြာသား | – | အင် |
| စနေ သား | – | ကျွန်း |

ဤကြိုရန်းနံ့ သစ်သားကို ဘုရားထု၍ကိုးကွယ်ရမည် ဆိုဂ သည်။

**ရှိမသွားကောင်းသော နေ့ အရပ်**

အုန်း–ဘောင်–သူ၊ ချစ်–သူ–ထံ၊ စံ–ထွန်း–ဦး၊ လူ–အုံ ကြီ၊ ပြန်–ချင်စွ၊ သူ–ဇာ–လှ၊ ထွား–လှမှတ်။

အုန်း–တနင်္ဂနွေသားသည်၊ ဘောင်–ကြာသပတေးနေ့၌၊ သူ သာကြာအရပ်သို့ မသွားကောင်း။ (ကျန် ၆–နေ့ကိုလည်း ဤနည် အတိုင်း သိလေ)။

**ရီးသွားသင့် မသွားသင့်တွက်နည်း**

ခရီးသွားလို၊ ရန်ဂြိုဟ်သက်နော၊ ဓားလေဝအဋ္ဌ၊ ကြွင်း

ရာဇာ ပုဖော်ရာ၊ နှစ်ဖော်ဆင်းရဲ၊ အောင်ပွဲကြိန်း၊ ချမ်း–ငြိမ်း စတုံ၊ ငါးခု ဂဟာဘ်ရဲ၊ ဆ–ကားဖျားနာ၊ သတ္တ–ခိုးသူ၊ သုဥ်းမူတစ်ဖန်၊ အိမ်မပြန်တည့်။

**ဥစ္စာပျောက်ဟောကိန်း**

အို, ကြင်ရာ, ဥဒကော၊ သူ–စနေ၊ စိတ်တူ၏ရှုပေ။ လ, ဒီ,သာ–ဂါမေ၊ ပျော်ရှင်ရာ ပမ္မတော၊ သင်တို့မောင်မင္ဂေ၊ တို့ဆောင်ဖန်း– အာသနေ။

အို– တနင်္ဂနွေနေ့ ပျောက်မူကား၊ ကြင်–တနင်္လာ အရပ်သို့ ထုတ်၍၊ ရာ–ရာဟုအနောက်မြောက်၊ ဥဒကော–ရေတွင်းရှိ၏။ (ကျန် ၆ နေ့ကိုလည်း ဤနည်းအတိုင်းသိလေ။)

**ခေါင်းမရိတ်ရသော ရက်ရွေးနည်း**

မွေးနေ့သောကြာ၊ တနင်္လာ၊ ကောသာဆံဖြတ် မပြုအပ်။ ကြွင်းသောနေ့မှာ ပြုလေပါ၊ မှန်စွာ အမြဲမှတ်။

မွေးနေ့နှင့်သောကြာနဲ့ တနင်္လာနေ့များတွင် ဆံပင်မညှပ်ရ၊ ခေါင်းမရိတ်ရ။ ကျန်သောရက်များတွင်မူ ပြုလုပ်နိုင်၏။

**ရေမချိုးရသော ရက်ရွေးနည်း**

ငါ့သား, ရွှေဒေါင်, ရေကိုရှောင်။

တနင်္လာ, သောကြာ, ဗုဒ္ဓဟူး, စနေနေ့များတွင် ရေမချိုးရ။

**ရေချိုးရသော ရက်ရွေးနည်း**

ဒေ..ဝင်, စံ, ဖြိုး ရေချိုးရက်

တနင်္ဂနွေ၊ အင်္ဂါ၊ ကြာသပတေးနေ့များတွင် ရေချိုးပါ။

### ခေါင်းမဆေးရသော ရက်ရွေးနည်း

က, ရင်, သား, မွေး ခေါင်းမဆေးနှင့်။

ဗုဒ္ဓဟူး၊ သောကြာ၊ ကြာသပတေးနေ့များတွင် ခေါင်းမဆေးရ

### ခေါင်းဆေးရသော ရက်ရွေးနည်း

အိုး, စည်, တီး, ပြီးအောင်ဆေး။

တနင်္ဂနွေ၊ အင်္ဂါ၊ စနေနေ့များတွင် ခေါင်းလျှော်ရမည်။

### နားမဖောက်ရသောရက်ရွေးနည်း

အ, ဋ္ဌ ဘူး, ထောက် နားမဖောက်နှင့်။

တနင်္ဂနွေ၊ စနေ၊ တနင်္လာ နားမထွင်းရ။

### နားဖောက်ရသော ရက်ရွေးနည်း

ရွှေ, ပန်း, ခေါ်သ, နေ့နှစ်ဝ, ထွင်းကြနားကိုသာ။

ဥပမာ—ဗုဒ္ဓဟူး၊ ကြာသပတေးနေ့များတွင်သာ နားဖောက်သင့်။

### ဆီလိမ်းရသော ရက်ရွေးနည်း

တနင်္လာနေ့ ဆီလိမ်းရင် အဆင်းလှသည်။ ဗုဒ္ဓဟူးနေ့ ဆီလိမ်းရင် အကျက်သရေ ရှိသည်။

သောကြာနေ့ ဆီလိမ်းရင် လာဘ်ရ၊ စနေနေ့ ဆီလိမ်းရင် အမှုခပ်သိမ်း အောင်၊ အခြားနေ့များ မကောင်း။

### ဆီမလိမ်းရသော ရက်ရွေးနည်း

အုန်း,ဆီ, ဘီးခေါ် နေ့သုံးဖော် ဆီနော်မလိမ်းနှင့်။

တနင်္ဂနွေ, အင်္ဂါ, ကြာသပတေး။

**လက်သည်းလှိုးရသော ရက်ရွေးနည်း**

ဆေး၊ တံ၊ လက်မှာ ဖြတ်ပါလေ။
အင်္ဂါ၊ စနေ၊ ဗုဒ္ဓဟူး။

**လက်သည်းမလှီးရသော ရက်ရွေးနည်း**

အို၊ ကြင်ရာမုန်းဟန်၊ လက်သည်းလှီးရှောင်ရန်။
တနင်္ဂနွေ၊ တနင်္လာ။

**ခေါင်းဆေးယတြာပြုနည်း**

မကောင်းရန်ဆား၊ ပျောက်ဖို့ရေး၊ ခေါင်းဆေးယတြာ။ သဖန်း၊ ခါ မြစ်၊ သရက်မြစ်၊ အုံမြစ်ဆေးနှစ်မြွာ။ ဥသျှစ်၊ ဇလပ်၊ ကြံမတ် လည်းစွက်၊ ဆေးသုံးချက်၊ အရွက်မှတ်အပ်စွာ။ ကင်ပွန်းတစ်ထွေ၊ ပန်းဥဿ၊ လင်းလေဆေးတစ်ဖြာ။ ရှစ်ပါးဆေးကျော်၊ ပုန်းရည်ဖျော်၊ ဆေးလျှော်ခေါင်းကိုသာ။ နိမိတ်သိန်းသောင်း၊ ဘေးရန်ပေါင်း၊ မကောင်း ကွယ်ပျောက်ရာ၊ (အိပ်မက်နိမိတ် စသည် မကောင်းသောအခါ ဆေးလျှော်လေ)။

**ဂြိုဟ်ဒသာညှံ့သူ ယတြာပြုနည်း**

ဂြိုဟ်စီးဒသာ၊ ညှံ့သောခါ၊ ရောဂါဘေးရန်များ။ သက်စေ့နံတူ၊ ပန်းကိုယူ၊ လှူလေမြတ်ဘုရား။ နံစေ့မီးတိုင်၊ ညီညီပြိုင်၊ ဆိုင်ရာ ထွန်းညှိထား။ ဤသို့ယတြာ၊ ပြုသောခါ၊ ရောဂါရန့်ကျက်ပြား။

**မှီခိုရာ၊ ပျောင်ရာ၊ ဆရာပြုရမည့်သူကို ပြဆိုခြင်း**

ကိုယ်မွေးနေ့က သုံးခုမြောက်၊ လေးခုမြောက် နေ့နံများကို

မှိုဲရာ၏။ ငါးခုမြောက်၊ ခြောက်ခုမြောက် နေ့နံများကို ရှောင်ကြဉ်ရာ၏။ နှစ်ခုခြောက်၊ ငါးခုမြောက်၊ ခြောက်ခုမြောက် နေ့နံများကို ဆရာပြု၍ ဆည်းကပ် ကိုးကွယ်ရာ၏။

**ပညာသင်ရသောနေ့ကို ပြဆိုခြင်း**

၁–နေ့၊ ၃–နေ့၊ ၅–နေ့၊ ၆–နေ့ ၎င်းနေ့(၄)ပါးမှာ လက်နက်ကိရိယာ ပညာသင်ရာ၏။ ၁၂ လ ပြက္ခဒိန်ချုပ်က ရက်ကောင်းလည်း ကြိမ်စေရမည်။

**ပညာမသင်ကောင်းသောရက်ကို ပြဆိုခြင်း**

မည်သည့်လမဆို လဆန်းဖြစ်စေ၊ လဆုတ်ဖြစ်စေ၊ ဆယ့်လေးရက်မှာပညာသင်မှု တပည့်နာ၏။ (၈)ရက်မှာ ပညာပေးမှု ဆရာနာ၏။ လကွယ်နေ့မှာ ပညာသင်ပေးမှု ဆရာတပည့်နှစ်ပါးနာ၏။ လပြည့်နေ့မှာ သင်ပေးမှု မိဘနှစ်ပါးနာ၏။

**ကုန်ဝယ်ရ၊ မဝယ်ရသောနေ့**

လွှမ်း, ဘုံ, ဝယ်ပါလေ။ အောင်,ကျော်, စ, နောင်း၊ မဝယ်ကောင်း။

**မဝယ်အပ်သောအခါ**

လက်, ဆုံ, စား, မူ၊ အိမ်နေသူ၊ ကိုယ်မှုနှုတ်မိုက်ရှိ။ ဆင်, မြင်း, ကျွဲ, နွား၊ စသည်များ၊ ဝယ်ထားဘေးဒဏ်ထိ။ သားချင်းထိုထို၊ လဲလှယ်ဆို၊ သူ့ကို ဝယ်စေဘိ။ ထိုသူထံဝယ်၊ အတန်းငယ်၊ ရက်လည်ထားသင့်၏။ နှစ်အစုံတွင်၊ ဝယ်ပြန်လျှင်၊ မြန်ပင်သောကာငြိ။ မဝယ်အပ်ပါ ဤအခါ၊ မြဲစွာ မှတ်ယူဘိ။

**ခုနစ်ရက်အလိုက် မပေးသင့်သောဝတ္ထုများ**

တနင်္ဂနွေနေ့မှာ၊ သူတကာ၊ ပဝါအဝတ် မပေးနှင့်။ တနင်္လာ တစ်ထွေ၊ နေ့ကြီးလေ၊ အခြေလေးချောင်း မပေးနှင့်။ အင်္ဂါနေ့ကား၊ သူတစ်ပါး၊ သွေးစ်ဝါးမပေးနှင့်။ ဗုဒ္ဓဟူးနေ့ကား၊ သူတစ်ပါး၊ ချေးငှားမပြုနှင့်။ နေ့ကြာသပတေး၊ ရွှေငွေပေး၊ ချေးငှားမပြုနှင့်။ နေ့ကား သောကြာ၊ ကြံကြိုက်လာ၊ မြီမှာမချေးနှင့်။ နေ့ကားစနေ၊ ရွှေနှင့်ငွေ၊ ယူငွေလဲတောင်းခံသင့်။

**စကားအမှန်ယူနည်း**

ကျွန်မသား၊ စကားမမှန်ရာ။ ကြွင်းသောနေ့ကား၊ မှန်စကာ။ ကြား်မည်ထင်လိုက်ပါ။

**အစဥ်နာရီယူနည်း**

မ, သည်, နေ့, ရောင်၊ တ, သန်း, ဒမှာင်, လှည့်၊ ဆောင်, ကွာ, သင်,ဆေး။ တစ်ဆယ်တိုး၍၊ တပိုးတင်၊ ညဥ့်လျှင် အကြွင်းဆေး။ **တစ်နည်းမှတ်ရန်။** ။ပက်, သံ, တာ, ရှည်, တီး, သံ, မြည်, လက်, ဆီ, ကံ, ဓာ, ရေး၊ တစ်ဆတိုး၍ တပိုးတင်၊ ညဥ့်လျှင် အကြွင်းဆေး။

**နာရီလုပ်နည်း လတ်ာ**

နေ့, ညဥ့်, စုံ, စီ၊ ပေါင်းနာရီဖြင့်၊ ပါဒ်ဗီဇနာ၊ ဖြန့်ခရာမှ၊ ထွက်လာကြသော်၊ တွက်ဆအညီ၊ တစ်နာရီမှ၊ ကြေးနီသပြာ၊ ၁၆သာ့မူ၊ မျက်နှာအဝ၊ ပြုပြီးမှလျှင်၊ ယာဝစတု၊ လေးပါဒ်ခုဖြင့်၊ ဓ, တင်, ကု, လီ၊ လက်သစ်ညီမျှ၊ ကိုးသစ်ချင့်သာ၊ အမြင့်စောက်မှာ၊

ဥပေတာကား၊ သတ္တဝါစင်စစ်၊ ခုနစ်သက်ပြင်း၊ ခွက်လုပ်ခြင်းမှာ၊ ၁၁သဝစွရာ၊ ဣဋ္ဌိယာ၏၊ ကောဘာဆံပင်၊ ၁၆ မျှင်ကို၊ ဝတ်လောက်စုရုံ၊ ယော်ပြီးတုံမှ၊ သမ္ဗုဒ္ဓကား၊ ရေဝယ်ချတော့။ တမျှထိုခါ၊ နစ်တစ်ခါကို၊ တစ်နာရီမှတ်၊ တစ်ပေါင်းစပ်လော့၊ များသူညာဏ်ရှင်၊ ဗဟိုရ်ဇဉ်တိုး၊ မှတ်ကိုသိချင်၊ ညဉ့်လျှင်လေးချက်၊ နေ့လေးချက်သည်၊ ရေတွက် ၆ဝ အမှန်တည်း။

ဖလားပုံမှာကား ကွမ်းအစ်ဖုံးကဲ့သို့ရှိ၏။ အထက်အောက် အချင်းထိပ်ဝ ကိုးသစ်ရှိ၏။ အဓောက်မှာ ခုနစ်သစ်ရှိ၏ဟု မှတ်။

ဖဝါးစထွန်းနည်း

စ, ကား, အ, နီ၊ အောင်, ကျော် စည်၊ ရွှေ, ပြည့်, သူမြတ် လေး။ ဖဝါးတိုရှည်၊ စထွန်းမည်၊ ယင်းသည် ပုံနှင့်ပေး။ တစ်နည်း မှတ်ရန်– စစ်,ကိုင်း၊ အ,နောက်၊ အုတ်, ကျော်ဟ, စု, ရာ၊ မ, သာ, ဆ, လ၊ တန်ခူးလကာစ မှတ်ကြအစဉ်သာ။

ဣတ္ထိသျှတ္တရကျမ်း

ကာမဂုဏ်ချမ်းသာကို အလိုရှိသော သူတို့ စားသုံးအံ့သော ဆေးကို ပြလိုက်ဦးအံ့။

ဆိတ် မြန်မာနို့ရည်တွင် ပျားရည်ခတ်သောက်၊ ဆေးပတ်ကို လသာဆံနှင့်ရော၍စား၊ သကာကို ရှိန်းခိုနှင့်ရော၍စား၊ နွားသားကို နှင့်ကြော်၍စား၊ ပျားရည်ကို ဆန်လှော်နှင့် ကြိတ်၍စား၊ ဥသျှစ်သီးကို ကွက်ဆု ရိုးနိစပ်၍စား၊ ဤဆေးခုကို စားရမူကား အညောင်းအညာ င်းပျောက်၍ အားရှိ၏။ မိန်းမတို့ အလိုကို ဖြည့်နိုင်၏။

မိန်းမတို့ အင်္ဂါ လက္ခဏာကို ဆိုပေအံ့။ ပဒုမ္မနီမိန်းမ၏

အင်္ဂါလက္ခဏာကား အသားဖြူ၏။အနံ့ကား ကြာညိုပန်းအနံ့ကဲ့သို့ ရှိ၏။ အရသာချို၏။ သခ်ရမိန်းမ၏ အင်္ဂါလက္ခဏာကား အဆင်း မည်း၏။ အနံ့ကား ငရုတ်ပန်းအနံ့ကဲ့သို့ရှိ၏။ အရသာချဉ်၏။ စိတ္တရနီမိန်းမ၏ အင်္ဂါလက္ခဏာကား အဆင်းရွှေ၏။ အနံ့ကား ကျင်ငယ်ရေနံ့ကဲ့သို့ရှိ၏။ အရသာဖန်၏။ ဟတ္ထနီမိန်းမ၏အင်္ဂါ လက္ခဏာကား အဆင်းနီ၏။ အနံ့ကား ငါး၏ အနံ့ကဲ့သို့ ရှိ၏။ အရသာစပ်၏။ ပဒုမ္မနီ မိန်းမ၏ သွားလာခြင်းကား စက္ကဝတ်ငှက် ကဲ့သို့ သွားလာခြင်း၊ သခ်ရနီမိန်းမ၏ သွားလာခြင်းကား ဟင်္သာ ငှက်ကဲ့သို့သွားလာခြင်း၊ ဟတ္ထနီမိန်းမ၏ သွားလာခြင်းကား ဆင်၏ သွားလာခြင်း။

ပဒုမ္မနီမိန်းမ၏ကြည့်ခြင်းကား ဆင်၏ကြည့်ခြင်း၊ သခ်ရနီ မိန်းမ၏ ကြည့်ခြင်းကား ကျား၏ကြည့်ခြင်း၊ စိတ္တရနီမိန်းမ၏ ကြည့်ခြင်းကား ကျီးကန်း၏ကြည့်ခြင်း၊ ဟတ္ထနီမိန်းမ၏ ကြည့်ခြင်း ကား ယင်၏ကြည့်ခြင်းတည်း။ ပဒုမ္မနီမိန်းမ၏အင်္ဂါစပ်ကား ကြာရွက် ကဲ့သို့ရှိ၏။ သခ်ရနီမိန်းမ၏ အင်္ဂါစပ်ကား ဆင်ဦးကင်းကဲ့သို့ရှိ၏။ စိတ္တရနီမိန်းမ၏ အင်္ဂါစပ်ကား သစ်မအင်္ဂါကဲ့သို့ရှိ၏။ ဟတ္ထနီမိန်းမ၏ အင်္ဂါစပ်ကား ဆင်မအင်္ဂါကဲ့သို့ရှိ၏။

ထိုဆိုခဲ့ပြီးသော မိန်းမတို့၏ အင်္ဂါစပ်သည် ဆင်ဦးကင်းကဲ့သို့ ရှိမူကား ဥတ္တမတည်း။ ပုန်းညက်ရွက်ကဲ့သို့ ရှိမူကား ပဏ္ဍိတတည်း။ ညောင်ရွက်ကဲ့သို့ ရှိမူကား မဇ္ဈိမတည်း။ သရက်ရွက်ကဲ့သို့ ရှိမူကား ဟီနတည်း။

ပဒုမ္မနီမိန်းမ၏ အင်္ဂါစပ်အစောက်ကား လက်ခြောက်သစ်ရှိ၏။ သခ်ရနီမိန်းမ၏အင်္ဂါစပ် အစောက်ကား လက်ရှစ်သစ်ရှိ၏။ စိတ္တရနီ မိန်းမ၏ အင်္ဂါစပ်အစောက်ကား လက်ဆယ်သစ်ရှိ၏။ ဟတ္ထနီမိန်းမ၏

အင်္ဂါစပ်အဝန်းကား တစ်ဆယ့်နှစ်သစ်ရှိ၏။ သခ်ရနီမိန်းမ၏ အင်္ဂါစပ် အဝန်းကား တစ်ဆယ့်ခြောက်သစ်ရှိ၏။ စိတ္တရနီ မိန်းမ၏ အင်္ဂါစပ်အဝန်းကား အသစ်နှစ်ဆယ်ရှိ၏။ ဟတ္ထနီမိန်းမ၏ အင်္ဂါစပ်အဝန်းကား တစ်ဆယ့်နှစ်သစ်ရှိ၏။ ထိုမိန်းမ၏ အင်္ဂါစပ်သည် သမင်ခွာကဲ့သို့ ရှိမူကား ယောကျ်ားအနာအဖျားများအံ့။အင်္ဂါစပ်ခုံ မညီမညွတ် ရှိမူကား ယောကျ်ားဆင်းရဲအံ့။ ဘေးသင့်အံ့။ အင်္ဂါစပ် ညည်းမူကား ယောကျ်ားသေအံ့။ ရှောင်ကြဉ်လေ။

လည်၌ ခရုသင်းကဲ့သို့ အရေးရှိ၏။ ပြေပြစ်သော အပြစ် မရှိသော သားမြတ်မတိုမရှည် ငါးပါးသော ကောင်းခြင်းနှင့် ပြည့်စုံသော် ကောင်း၏။ ငှက်သွားခြင်းကဲ့သို့ တင့်တယ်သော ဟန်ပန်ကိုဆောင်၍ သွားသော်၊ ဆင်၏ ကြည့်ခြင်းကဲ့သို့ ကြည့်သော် ကရဝိက်ငှက်ကဲ့သို့ အသံသာ၏။ လေးပါးသော အင်္ဂါတို့နှင့် ပြည့်စုံ၏။ အဆန်းတကြယ် စီရင်တတ်၏။ လင်၏ အလိုခပ်သိမ်း ကိစ္စတို့ကို ပြီးစေတတ်၏။ အမှတ်မရှိသော ကျေးဇူးလက္ခဏာနှင့် ပြည့်စုံသော အဆင်းရှိ၏။ ခါးစည်း ရင်ကျယ် ယယ်သောဝမ်းလည်းရှိ၏။ ဤသို့သော လက္ခဏာနှင့် ပြည့်စုံသော မိန်းမသည် ပဒုမ္မနီ မိန်းမမည်၏။ ထိုမိန်းမသည် လင်၏ ?ှင့်ဝတ် လင်၏အသရေကို ဆောင်ပေတတ်၏။ စည်းစိမ် ချမ်းသာ ကျေးဇူးအကျော်အစောကို ပွားစေတတ်၏။ လက်ချောင်း ကြီး၍ မျက်နှာထူသော်၊ လည်တိုသော်၊ ရင်ကြားစေ့သော်၊ ဆံနီသော် ဤကဲ့သို့သော မိန်းမသည် သခ်ရနီမည်၏။

လက်သည်းခြေသည်းတိုသော်၊ မြင်းခေါင်းတိုသော်၊ ရင်ကုန်း သော်, တင်ကျယ်သော်, မျက်နက်သော်, ဖမိုးမွေး လက်မွေးရှည်သော် ဤကဲ့သို့သော မိန်းမသည် စိတ္တရနီ မည်၏။ ဝမ်းပျဉ်းကျသော်၊ ခေါင်းကြီးသော်၊ သားမြတ်ရှည်သော်၊ ဆံကောက်သော်၊ မေးကြီးသော်

ဤကဲ့သို့သော မိန်းမသည် ဟတ္ထနီမည်၏။ အဖိုးကား ပဒုမ္မနီ တစ်သိန်းတန်၏။ သင်္ခရနီ တစ်သောင်းတန်၏။ စိတ္တရနီ တစ်ထောင် တန်၏။ ဟတ္ထနီ တစ်ရာတန်၏။(ဤကား အမြတ်ကိုဆိုလိုသည်။)

ရှေ့ဆိုလတ္တံ့သော ယောကျ်ားတို့နှင့်ယှဉ်ဟန်ကား ပဒုမ္မနီ မိန်းမသည် သင်္ခရနီယောကျ်ားတို့နှင့် ယှဉ် ရာ၏။ သင်္ခရနီ မိန်းမသည် ဖြာပဝ္ဂဏာယောကျ်ားတို့နှင့် ယှဉ်ရာ၏။ စိတ္တရနီမိန်းမသည် မိဿ ယောကျ်ားတို့နှင့် ယှဉ်ရာ၏။ ဟတ္ထနီမိန်းမသည် အဿာန ယောကျ်ား တို့နှင့်ယှဉ်ရာ၏။ မိန်းမတို့သည် တပ်ခြင်း၊တွေ့ခြင်း၊ ယားယံခြင်း၊ ခြေလက်ဆုပ်နယ်ခြ း ထိခြင်း၊ လုံ့လပြုခြင်း၊ တုန်လှုပ်ခြင်း၊ အရောင်အဆင်းကိုဆောင်ခြင်း၊ ယောကျ်ားတို့၏ နှစ်သက်ဖွယ်ကို ပြုခြင်းအရာကို ကောင်းစွာဆောင်ခြင်း၊ လင်၏အလိုသို့ ပြုပြင်သော အရာကို ကောင်းစွာဆောင်ခြင်း၊ ပစ္စည်းဥစ္စာတို့၌ ကောင်းမွန်စွာ စောင့်ရှောက်ခြင်း၊ ဤကား မိန်းမကောင်းတို့ လက္ခဏာတည်း။ တိုင်ပင်ရန်ရှိသောအခါ အမတ်ကြီးကဲ့သို့ ဖြစ်စေ၊ အမှုကြီးငယ်တို့ကို လုပ်ဆောင်သောအခါ ကျွန်မကဲ့သို့ ဖြစ်စေ၊ စောင့်ရှောက်အံ့သောအခါ အထိန်းကဲ့သို့ဖြစ်စေ၊ အိပ်ရာ ဝင်သောအခါ ပြည့်တန်ဆာမကဲ့သို့ဖြစ်စေ ဤကား မိန်းမမြတ်တို့၏ လက္ခဏာတည်း။

အထူးသဖြင့် သတိပြုရန်ကား– လပြည့်လကွယ်၊ လဆန်း ရှစ်ရက်၊ လဆန်းတစ်ရက်၊ လဆုတ်ရှစ်ရက် သင်္ကြန်ကျသောနေ့ ဆိုအပ်ခဲ့သော နေ့တို့၌ မမေထုန်မှီဝဲ ပေါင်းဖော်သူတို့ကား အားသင့်အံ့။ ကျက်သရေ ယုတ်အံ့။ အလိုရှိဟန်ကား အရပ်မြင့်သော မိန်းမသည် တစ်ညဉ့်လျှင် နှစ်ဆယ့်ငါးကြိမ် အလိုရှိ၏။ အရပ်ပုသော မိန်းမသည် ခုနစ်ကြိမ် အလိုရှိ၏။ ချက်နက်သော မိန်းမသည် ခုနစ်ကြိမ် အလိုရှိ၏ သားနီစပ်သော မိန်းမသည် နှစ်ဆယ်ငါးကြိမ် အလိုရှိ၏၊

အကြောရှည်သော မိန်းမသည် အကြိမ်နှစ်ဆယ် အလိုရှိ၏။ ကြုံသော မိန်းမသည် ဆယ်ကြိမ်အလိုရှိ၏။ ဆူသော မိန်းမသည် အကြိမ်နှစ်ဆယ် အလိုရှိ၏။ ဖြူသောမိန်းမသည် တစ်ဆယ့်ခုနစ်ကြိမ် အလိုရှိ၏။ သားမြတ်ရှည်သောမိန်းမသည် နှစ်ဆယ့်လေးကြိမ်အလိုရှိ၏။ အသားရွှေသော မိန်းမသည် တစ်ကြိမ်သာ အလိုရှိ၏။ ခါးစည်း တင်ကျယ် ငယ်သောဝမ်းရှိသော မိန်းမသည် ကိုးကြိမ်အလိုရှိ၏။ မဒုမ္မနီ မိန်းမမျိုးကား ငါးကြိမ်အလိုရှိ၏။ သခ်ရနီ မိန်းမမျိုးကား ခုနစ်ကြိမ် အလိုရှိ၏။ စိတ္တရနီ မိန်းမမျိုးကား ကိုးကြိမ်အလိုရှိ၏။ ဟတ္ထနီ မိန်းမမျိုးကား တစ်ဆယ့်နှစ်ကြိမ် အလိုရှိ၏။ ပဒုမ္မနီ မိန်းမမျိုးကား မျောက်နွားတို့၏ ပေါင်းဖော်ခြင်းကို နှစ်သက်၏။ စိတ္တရနီ မိန်းမမျိုးကား ကျား၊ မိကျောင်းတို့၏ ပေါင်းဖော်ခြင်းကို နှစ်သက်၏။ ဟတ္ထနီ မိန်းမမျိုးကား ဆင်၊ မြင်းတို့၏ ပေါင်းဖော်ခြင်းကို နှစ်သက်၏။ ဤကား ခပ်သိမ်းသော မိန်းမတို့ကို ပေါင်းဖော်ရာ၌ နှစ်သက်သော အခြင်းအရာတို့ကို ဆိုသတည်း။

**ဦးခေါင်းလက္ခဏာ**

ဦးခေါင်းလက္ခဏာ၊ ကျမ်းအလာ၊ သေချာမြဲမှတ်သား။ ဦးခေါင်းကြီးမူ၊ များသူခင်မင်၊ လုံးလျှင်ကောင်းစား၊ ဝန်းပြားဂုဏ်ပျက်၊ ငယ်မူဝန်တို၊ မောက်မို့နဖူး၊ ဣဿာကြူး၊ အထူးသတိထား။ ဆင်ဦးကင်းမူ၊ များလူခင်လေ့၊ နောက်စေ့ထွက်မှာ၊ ပညာဦးကွင်း၊ နောက်ဖယ်ထွင်း၊ နက်ခြင်းပျင်းရိများ။

**နားရွက်လက္ခဏာ**

နားရွက်အလို၊ ကျမ်းအဆို၊ လူမိုက်မှတ်ယူလတ်။ နားကြီးငြူစူ၊

ငယ်မူငြိုငြင်၊ ဝန်းလျှင်စွမ်းရှိ၊ ကဝိအမှန်၊ နားချွန်မင်းဖြစ်၊ ရှည်လစ်ပညာ၊ ကျယ်စွာ နားတွင်း၊ ထွန်းလင်း ကျော်ကြား၊ နားမွေးများ၊ နံ့ပွား လူပေါင်းချစ်။

**မျက်စိ လက္ခဏာ**

မျက်စိအနေ၊ ညွန့်ခဲ့ပေ၊ မှတ်လေမျိုးလေးပါး။ မျက်စိကျယ်က၊ ကြီးလှဉာဏ်မြင်၊ ဝန်းလျှင်လျှပ်ပေါ်၊ ညိုသော်ကောင်းတတ်၊ ကြောင်လတ်ကြမ်းတမ်း၊ နီမျက်ခမ်း၊ မှိန်စမ်း လူများ။

**နှာခေါင်း လက္ခဏာ**

နှာခေါင်း သဏ္ဌာန်၊ လက်ာပြန်၊ မြဲမြဲမှတ်ဖို့ရာ။ ကြောင်နှာတူဏိ၊ နံ့သိပညာ၊ သစ်နှာတူပြန်၊ ဆောင်ရန်မှုကြီး၊ ပြီးဆီးအောင်မြင်၊ သမာဃာန၊ ကြွယ်ဝဖြစ်ထွန်း၊ နှာချွန်းမိတ်များ၊ နှာတိုပြား၊ နည်းပါးဥစ္စာမှာ။ နှာပွကြမ်းကြုတ်၊ သူယုတ်ချင်းသိမ်၊ နှာပိန်တမူ၊ နှာဖြူတသီး၊ ပညာကြီး၊ အံ့ချီးသူသူငါ။

**လျှာ လက္ခဏာ**

လျှာ၏ လက္ခဏာ၊ ညွန်ပြမှာ၊ နှုတ်မှာအာရုံစွဲ။ လျှာလယ်လှိုက်ပြား၊ စပါးရွှေငွေ၊ ခြေရုံများရာ၊ ကြီးလျှာသွင်းမှု၊ ချစ်သူလွန်ပေါ၊ ဝန်းသောလျှာလျှင်၊ မြော်မြင်ဉာဏ်ရှိ၊ စွမ်းမှုသတ္တိနှင့်၊ နံ့သိလျှံရဲ၊ ဖြူမြဲသဏ္ဌာန်၊ ပါးပြန်ဘုန်းရှိ၊ ကြီးသည့်လျှာဖျား၊ ရှည်မူကား အများခဝပ်မြဲ။

**သွား လက္ခဏာ**

သွား၏နေဟန်၊ အကျိုးပြန်၊ နာခံမှတ်ယူပါ။ သွားကြီးမြဲမြဲ၊ ငယ်ပြန့်ဆင်းရဲ၊ သွားကျဲ ဉာဏ်ရှိ၊ စိပ်ဘိထိုသွား၊ စကားကြွယ်ဝ၊ ချွန်ဖြ-မွ-မူ၊ အများသူ၊ ကြည်ဖြူလွန်မေတ္တာ။

တ်ခမ်းလက္ခဏာ

နှုတ်ခမ်းလက္ခဏာ၊ သိဖို့ရာ၊ လက်ာညွှန်ပြခဲ့။ နှုတ်ခမ်းငယ်လျှင်၊ ၂နှံပျော့ရှင်၊ ကြီးထူဒုက္ခ၊ နီလှနှုတ်ခမ်း၊ ဘုန်းကံကြီးမား၊ အများ ကံရော်၊ ဖြူသော်တစ်ချက်၊ မည်းနက်အနေ၊ ရှုပ်ပွေမတရား၊ တ်ခမ်းပါး စကားကောင်းတတ်မြဲ။

## လူတို့စားအပ်၊ မစားအပ်ရာများ

အသင်သူသည် သေ၍ မသာဆွမ်းကျွေးအံ့၊ ထိုကျွေးသော ရာ၌ မေတ္တာရေကိုခံ၍ စားအပ်၏။ တရားအကြား လိုသော်ကား န်းမထည့်အပ်၊ ထည့်ချေသော် ထိုပန်းညှိုးတိုင်း ထိုအိမ်သခင်တို့ ကောင်းရှိတတ်၏၊ အသင်သူသည် ထမင်းမစားရ၍ မွတ်သိပ် ဘ်လောင်သော် တစ ထမင်းနှင့် ကုမ္ဘီးထမင်းနှစ်ခုတွင် ကုမ္ဘီး ထမင်းကို မစားအပ်၊ တစထမင်းကို စားအပ်၏။ စားမိချေသော် ားကြီးစွာ ရောက်ရာ၏။ အသင်သူသည် မုဆိုးထမင်းနှင့် မိန်းမပြို ထမင်းကို စားလိုသော် မုဆိုးထမင်းကို စားအပ်၏။ မိန်းမပြိုထမင်း ကို မစားအပ်၊ စားမိချေသော် ကြန်အင်လက္ခဏာနှင့် မပြည့်စုံသည် ဖြစ်ရာ၏။

အသင်သူသည် ပြည့်တန်ဆာ ထမင်းနှင့် ခဝါသည်ထမင်း ကို စားလိုသော် ပြည့်တန်ဆာ ထမင်းကို စားအပ်၏။ ခဝါသည် ထမင်းကို မစားအပ်၊ စားမိချေသော် ဒဏ်ကြီးစွာ ရောက်ရာ၏။ အသင်သူသည် နတ်ဝင်ထမင်းနှင့် ကဝေသည်ထမင်းကို စားလိုမူ နတ်ဝင်ထမင်းကို စားအပ်၏။ ကဝေသည် ထမင်းကို မစားအပ်၊ စားမိချေသော် အရှုံ့အစော် ညှံရာ၏။ အသင်သူသည် နတ်တင် သော ထမင်းနှင့် သင်ပုတ်တင်သော ထမင်းကို စားလိုမူ နတ်တင် သော ထမင်းကို စားအပ်၏။ သင်ပုတ်တင်သော ထမင်းကို

မစားအပ်၊ စားမိချေသော် ရတနာသုံးပါး စိမ်ရေသင့်ရာ၏။ အသင်သူသည် ကင်ပွန်းပေးသော ထမင်းနှင့် ခေါင်းရိုတ်မဂ်လာပြုသော ထမင်းကို စားလိုမူ ကင်ပွန်းပေးသော ထမင်းကို စားအပ်၏။ ခေါင်းရိုတ်မင်္ဂလာပြုသော ထမင်းကို မစားအပ်။ စားမိချေသော် အညွန့်အသား မရှိသည် ဖြစ်ရာ၏။

အသင်သူသည် ဥသျှောင်ထုံးသော ထမင်းနှင့် နားထွင်းသော ထမင်းစားလိုမူ ဥသျှောင်ထုံးသော ထမင်းကို စားအပ်၏။ နားထွင်းသော ထမင်းကို မစားအပ်၊ စားမိချေသော် မကောင်းသော အပြစ်ရောက်ရာ၏။ အသင်သူသည် အလှူကောင်းမှု ပြုသော ထမင်းနှင့် အတာကျွေးသော ထမင်းကို စားလိုမူ အလှူကောင်းမှု ပြုသော ထမင်းကို စားအပ်၏၊ အတာကျွေးသော ထမင်းကို မစားအပ်၊ စားမိချေသော် ဒဏ်သင့်ရာ။ အသင်သူသည် ဂြိုဟ်စာကျွေးသော ထမင်းနှင့် စုန်းစားကျွေးသော ထမင်းကို စားလိုမူ ဂြိုဟ်စာကျွေးသော ထမင်းကို စားအပ်၏။ စုန်းစာကျွေးသော ထမင်းကို မစားအပ်၊ စားမိချေသော် လူတို့သမုတ်တတ်၏။ အသင်သူသည် နတ်ပြုသော်ထမင်းနှင့် တစ္ဆေ ဥပဒ်ပစ်သော ထမင်းကို စားလိုသော် နတ်ပြုသော ထမင်းကို ဥပဒ်ပစ်သော ထမင်းကို မစားအပ်၊ စားမိချေသော် အငြိုးသိုတတ်၏။

အသင်သူသည် မုဆိုးထမင်းနှင့် တံငါထမင်းကို စားလိုမူ မုဆိုးထမင်းကို စားအပ်၏။ တံငါထမင်းကို မစားအပ်၊ စားမိချေသော် ကျက်သရေယုတ်ရာ၏။

အသင်သူသည် သူစိမ်းထမင်းနှင့် ချည်စာသွင်းသော ထမင်းကို စားလိုမူ သူစိမ်းထမင်းကို စားအပ်၏။ ချည်စာသွင်းသော ထမင်းကို မစားအပ်။ စားမိချေသော် ဒုက္ခကြီးစွာ ရောက်ရာ၏။

အသင်သူသည် နပန်းထမင်းနှင့် ပဏ္ဍုကြက်ထမင်းကို စားလိုမူ ပန်းထမင်းကို စားအပ်၏။ ကဏ္ဍုကြက်ထမင်းကို မစားအပ်၊ စားမိချေ က် ကျုက်သရေယုတ်ရာ၏။

အသင်သူသည် လင်နေ၍ သားရှိသော မိန်းမထမင်းနှင့် ားမရှိသော မိန်းမထမင်းကို စားလိုမူ သားရှိသော မိန်းမထမင်း ို စားအပ်၏။ သားမရှိသော မိန်းမထမင်းကို မစားအပ်၊ စားမိချေ ာ် အရှိန်အစော် ညှိုးရာ၏။

အသင်သူသည် မုဆိုးဖိုထမင်းနှင့် မုဆိုးမ ထမင်းကို စားလိုမူ ဆိုးဖိုထမင်းကို စားအပ်၏။ မုဆိုးမ ထမင်းကို မစားအပ်၊ စားမိချေ ာ် မကောင်းဟူသာ်ရွေ့ ဘေးရောက်တတ်၏။

အသင်သူသည် သဒ္ဓါဆွမ်းနှင့် မသာဆွမ်းကို စားလိုသော် ဒ္ဓါဆွမ်းထမင်းကို စားအပ်၏။ မသာဆွမ်းထမင်းကို မစားအပ်၊ ားမိချေသော် ဒုက္ခကြီးစွာ ရောက်ရာ၏။

အသင်သူသည် နှုတ်ပိုက်ကိုယ်ဝန်ရှိသောသူ ထမင်းနှင့် ဝမ်း ထမင်းကို စားလိုသော် နှုတ်ပိုက်ကိုယ်ဝန်ရှိသောသူ ထမင်းကို အပ်၏။ ဝမ်းဆွဲထမင်းမစားအပ်၊ စားမိချေသော် ဘုန်းတန်ခိုး ှုံးရာ၏။

အသင်သူသည် ငှက်ခတ်သမားနှင့် လမွှာယ် ထမင်းကို စား ိုမူ ငှက်ခတ်သမားထမင်းကို စားအပ်၏။ အလမွှယ်ထမင်းကို ားအပ်၊ စားမိချေသော် အဆိတ်အတောက် ညှိုးရာ၏။

အသင်သူသည် စားရေးတံချသော ဆွမ်းနှင့်ငြိုလ်ဒဏ်လွဲ ပြု ာ ထမင်းကို စားလိုမူ စာရေးတံချသော ဆွမ်းထမင်းကို စားအပ် ၊ ငြိုလ်လွဲဒဏ်လွှဲ ပြုသော ထမင်းကို မစားအပ်၊ စားမိချေသော် ာ်ခပ်သိမ်း ရောက်ရာ၏။

ဤကား လူတို့ စားအပ် မစားအပ်သည် အထူးဆိုသော် စကားပြီး၏။

## လောကီကျမ်းလာ
## လူတို့ဝတ်အပ် မဝတ်အပ်ရာများ

အသင်သူသည် တစပုဆိုးနှင့် သူကောင်ထုပ်သော ပုဆိုးတစ်စ ပုဆိုးကို ဝတ်အပ်၏။ သူကောင်ထုပ်သော ပုဆိုးကို မဝတ်အပ်၊ ဝတ်မိချေသော် ဒုက္ခကြီးစွာ ရောက်တတ်၏။

အသင်သူသည် ပွဲနီစင်းသော အဝတ်ပုဆိုးနှင့် နတ်တင်သော ပုဆိုးကို ဝတ်လိုမူ ပွဲနီခင်းသော အဝတ်ပုဆိုးကို ဝတ်အပ်၏။ နတ်တင်သောပုဆိုးကို မဝတ်အပ်၊ ဝတ်မိချေသော် ငြိုငြင်တတ်၏။

အသင်သူသည် လင်းလတ်ပုဆိုးနှင့် ယများပုဆိုးကို ဝတ်လိုမူ လင်းလတ်ပုဆိုးကို ဝတ်အပ်၏။ ယများပုဆိုးကို မဝတ်အပ်၊ ၁တ် မိချေသော် ဒဏ်သင့်ရာ၏။

အသင်သူသည် ခဝါသည်ပုဆိုးနှင့် ပြည့်တန်ဆာမပုဆိုးကို ဝတ်လိုမူ ခဝါသည်ပုဆိုးကို ဝတ်အပ်၏။ ပြည့်တန်ဆာမပုဆိုးကို မဝတ် အပ်။ ဝတ်မိချေသော် ကြန်အင်လက္ခဏာ ယုတ်ရာ၏။

လူတို့ ဝတ်အပ်၊ မဝတ်အပ်သည်ကို ဆိုသော်အခန်းပြီး၏။

## လူတို့ပန်အပ် မပန်အပ်ပန်းများ

အသင်သူသည် သကြန်ကျသောနေ့ ဦးခေါင်းဆေးသော ပန်းနှင့် ထိမ်းမြားမင်္ဂလာပြုသော ပန်းကို ပန်လိုမူ သကြန်ကျသောနေ့ ဦးခေါင်းဆေးသော ပန်းကို ပန်အပ်၏။ ထိမ်းမြားမင်္ဂလာ ပြုရာသော ပန်းကို မပန်အပ်။ ပန်မိချေသော် အဆိပ်အတောက် ညှိရာ၏။ ဘုန်းတန်ခိုးနိမ့်၏။

အသင်သူသည် နတ်တင်သော ပန်းနှင့် ဘုရားတင်သောပန်း ကို ပန်လိုမူ နတ်တင်သော ပန်းကို ပန်အပ်၏။ ဘုရားတင်သော ပန်းကို မပန်အပ်၊ ပန်မိချေသော်ရတနာသုံးပါး စိမ်ရေသင့်ရာ၏။

အသင်သူသည် မုဆိုးမပန်းသောပန်း၊ မိန်းမမြုပန်သော်ပန်း၊ နတ်စင်မပန်သောပန်း၊ ကဝေမပန်သောပန်း၊ လူသေပန်သောပန်း၊ ပြည့်တန်ဆာမ ပန်သောပန်း၊ ခဝါသည်ပန်သောပန်း၊ သူကောင် အလောင်းမှာ ထည့်လိုက်သော်ပန်း၊ ကိုယ်ဝန်ဆောင်မိန်းမ ပန်သော ပန်း၊ နပုန်းပဏ္ဍုက်ပန်သောပန်း၊ ကင်ပွန်းတပ်ရာ၌ ထည့်သောပန်း၊ ဗာကမွှေလွှ၌ ထည့်သောပန်း၊ နတ်ပြုရာ၌ ထည့်သောပန်း၊ ဤသို့ ဆိုအပ်ပြီးသော ပန်းတို့ကို ခုနစ်ရက်သမီး၊ ခုနစ်ရက်သားတို့သည် မပန်ဆင်အပ် ဝိုမှတစ်ပါး ဘယက်နားတောင်း စသည်တို့ကို လည်း မပန်ဆင်အပ်၊ ပန်ဆင်တစ်ပါး အကောင်းကျိုး ပျက်မှောက် ရောက် စေတတ်၏။ မိချေသော် အသင်သူတို့ ပန်အပ် မပန်အပ် ပန်းတို့ကိုဆိုသော အခန်းပြီး၏။

## သားသမီးအမည်မှည့်ခြင်း

အရင်းမွေးနံ၊ အဖျားခံ၊ မှတ်ရန် ပဥ္စပွတ်။
သားသမီးရတနာ၊ မည်သညာ၊ မှတ်ရာလောကဝတ်။
ဤသို့ကညာ၊ ပြုသူမှာ၊ ချမ်းသာမှန်မချွတ်။

တနင်္ဂနွေသား, သမီးမှာ ပဥ္စပွတ်နံ၊ ကြာသပတေးခံ၍ အုန်းပွင့်၊ အုန်းမြင့်ဟုမှည့်။

## လအလိုက် အချင်းမြှုပ်နည်း -

ပေါင်း, ခူး, ဆုန်သာ–ဖွားမြင်လာ၊ မြောက်မှာ အချင်းမြှုပ်။ နယုန်, ဝါ, ဝါ ဖွားမြင်လာ–ရှေ့မှာ အချင်းမြှုပ်။ တော်သလင်းနှင့်

သိတင်း ဓာန်ဆောင်၊ နောက်ပြောက်ရှောင်၊ တောင်မှာ အချင်းမြှုပ်။
နတ်တော် ပြာသို၊ ခေါ်ဆိုတပို့တွဲ၊ နောက်တွဲအချင်းမြှုပ်။

## သူငယ်ကို ထမင်းစ၍ ခွံ့ရန်ရက်

ဖွားမြင်ပြီးနောက် ခြောက်လမြောက်၊ ကောက်၍ထမင်းခွံ့။
လေး, ခြောက်, ကိုး, ရှစ် တစ်ဆယ့်နှစ်၊ ပစ်လေရှောင်ခွာစွန့်။
လဆုတ်, လဆန်း, ဤရက်ကြမ်း၊ ဘေးဘျမ်းများကြုံလွန်း။

## လဆန်း–လဆုတ် သားဖွားအယော

လဆန်း တစ်ရက်မှာ ဖွားမြင်လာ၊ ယုတ်မာဆိုးမယ့်သား။ နှစ်ရက်ဖွားက၊ ငယ်ဒုက္ခ၊ ကြီးမှ ချမ်းသာများ။ သုံးရက်ရဟန်း၊ လေးဆန်းပေါ်ကြွယ်၊ ငါးဝယ်ပဒေသာ၊ ခြောက်ကျမ်းသာ၊ ခုနစ်မှာ ဥစ္စာပွား။ ရှစ်မှုမိုက်ဂိုး၊ ကိုးကားညှိုးငယ်၊ ဆယ်မှာဆူလစ်၊ တစ်ဆယ့် တစ်ပင်၊ သက်လွှင်ထင်ရှား၊ ဆယ့်နှစ်တစ်သွယ်၊ စလွယ်တင်သုံး၊ ဆယ့်သုံး ဆင်မြင်း၊ ပေါ်ခြင်းကြွယ်ငွေ၊ ဆယ့်လေး ကုန်သွယ်၊ လပြည့်ဝယ်၊ တကယ်ပျင်းတတ်ငြား။ ကျော်တစ်ဖျင်းလှ၊ နှစ်မှာဥစ္စာ၊ ရရာမလွဲ၊ ရောက်ဆဲသုံးရက်၊ မထွက်သိတင်း၊ လေးရက်တွင်း၊ ထန်ပြင်းပူလောင်လှ။ ငါးရက်မိုရာ၊ ခြောက်မှာချမ်းမြ၊ သတ္တသူတော်၊ ရှစ်ရက်ပေါ်၊ တောပျော်ထွက်တတ်စွ။ ကိုးရက်နှမ်းနယ်၊ ဆယ်ဝယ် တရား၊ လည်သွားဆယ့်တစ်၊ တစ်ဆယ့်နှစ်၊ စင်စစ်ငွေကြွယ်ဝ။ ဆယ့်သုံးဆင်ပေါ်၊ ဆယ်ကျော်လေးတွင်၊ ဆင်ယင်လှငြား၊ တစ်ဆယ့် ငါး၊ ကောင်းငြား ဆင်းရှုပ။

## လဆန်း လကွယ်နေ့ရွေးနည်း

ဘုန်း, မွေး၊ သာထွေး၊ ဥ,ညြ၊ ကျော် စော၊ လုလင် ပုတ်သင်၊ တော်ကတ်တဲ့၊ အောင်ကဲ၊ စံညို လှ,ပျို၊ သင့်, သင်

ဘော်,အင့်၊ င,ကျော်၊ ခင်, ယော်, ပျံပေ၊ လနှင့် လကာ် မမှတ်ရာ။
ဆန်းသောလသာ ရေတွက်ပါ။

## ဂြုဟစာပွင့်ရာ

ဆယ်ပါးဂြုဟ်စာ၊ ပွင့်မျက်နှာ၊ ၎င်းသချာစွဲယူအပ်။ နေ တနင်္ဂနွေ မြခံပေ၊ ပွင့်လေ နောက်တောင်ရပ်။ ဂြိုဟ်တနင်္လာ၊ တောင်ရပ်သာ၊ အင်္ဂါရှေ့တောင်မှတ်။ ဗုဒ္ဓဟူးအရှေ့၊ ကြွက်နေ့ကောင်းကင်၊ သောကြာလျှင်၊ မြေတွင်ပွင့်ပေတတ်။ စနေရှေ့မြောက်၊ ရာဟုမြောက်၊ နောက်မြောက် ကိန်းဂြိုဟ်မြတ်။ အနောက်မိတ္တူ၊ မျက်နှာပြု၊ အမှူအောင်မြတ်တတ်။ ဆယ် ဘ်ပွင့်ရာ၊ မူမျက်နှာ၊ ပြုပါကောင်းကျိုးကပ်။

## ဆယ့်နှစ်လရာသီသံပေါက်

ရာသီမိဿ၊ တန်ခူးလ၊ ဓာတ်မှာ တေဇောသာ။
ကုံကော့် ရင်ခတ်၊ ပွင့်တုံလတ်၊ ခေါ်မှတ်ပွဲအတာ။
ပြိဿရာသီ– ပထဝီ၊ ယှဉ်မှီမြဲမကွာ။
စံကားမိုးရွာ၊ ပွင့်မြဲပေ၊ ညောင်ရေပွဲတော်သာ။
မေထုန်၊ လနယုန် –ဓာတ်ကြံဝါယောသာ။
စံပယ် မြတ်လေး၊ ကြိုင်ကြိုင်မွှေး၊ စာမေးပွဲတော်သာ။
ဝါဆိုကရကဋ်– အာပေါဓာတ်၊ မပြတ်ယှဉ်ပါလေ။
ပုန်းညက်မဥ္စူ၊ ရန့်ကြူ၊ ပွဲမူ ပဉ္စင်းသာ။
ဝါခေါင်လည်းကြိမ်– ရာသီသိဟ်၊ ပြင်းရှိန်တေဇောသာ။
စာရေးတံ ပွဲ၊ လှူတော်မြဲ၊ ပွင့်မြဲပန်းခတ္တာ။
တော်ဆန်းပထဝီ– ကုံရာသီ၊ အညီယှဉ်မြဲပါ။
ယင်းမာကြိုင်သင်း၊ တော်သလင်း၊ ရေခင်းပွဲတော်သာ။

**တူရာသီမှတ်–** ဝါယောဓာတ်၊ လမြတ်သီတင်းကျွတ်။

ကြာနီ၊ ကြာညို၊ လန်းလန်းစို၊ မြင်းမိုရ်ပွဲမချွတ်။ ဗြိစ္ဆာရာသီ၊ ရေနှင့်မှီ၊ ခေါ်ညီအာပေါဓာတ်။ ကထိန်တော်ပွဲ၊ လှူတော်မြဲ၊ ခုဝဲရွှေပွင့်ချပ်။ ဓနုဉ္စလျှင်၊ တေဇောယှဉ်၊ သဇင်ဂမုန်းပ။ မဟာပိန္နဲ၊ နတ်ကြီးပွဲ၊ ခေါ်မြဲနတ်တော်လ။ ဓာတ်မြတ်ပထဝီ၊ ယှဉ်ပြိုင်မှီ၊ ရာသီမကာရ။ မြင်းပွဲကြဲလို၊ လပြခံသို၊ ခွာညိုဖူးငုံစ။ ယဒုဂုမ်းပုံ၊ ရာသီကုန်၊ ဓာတ်ကြုံ ဝါယောပ။ ဆူးပန်းပေါက်လဲ၊ တပို့တွဲ၊ ပွင့်မြဲသာကာလ။ ပိတောက်သရဖီ၊ မိန်ရာသီ၊ စေတီပွဲတော်လ။ အာပေါဓာတ်ပြောင်း၊ ရှုက်သစ်လောင်း၊ တပေါင်းဆိုသည့်လ။ ဆယ့်နှစ်လစဉ်၊ ဓာတ်လေးအင်၊ ပွဲလျှင်ဒွါဒသ။ ပန်းဆာယ်နှစ်ဂုံ၊ ရနံ့လှုံ၊ မှတ်ကုန်မြဲကိစ္စ။

## နက္ခတ် ၂၇ လုံး ရေတွက်နည်း ၂၇ လုံး သံပေါက်

အဿဝဏီ၊ ခြောက်လုံးညီ၊ တူပြီမြင်းခေါင်းလို။ ဘရဏီမှာ၊ သုံးလုံးသာ၊ ပမာခမောက်လို။ ကြတ္တိကာကြယ်၊ ခုနစ်သွယ်၊ ကြက်ငယ်စုသလို။ သုံးလုံးယှဉ်လာ၊ ကျီးတာရာ၊ သချာဆယ်လုံးဆို။ ဆယ်လုံးအညီ၊ ရောဟဏီ၊ တူပြီငါးလိုရို။ မိဂသီမှာ၊ သုံးလုံးသာ၊ ဝေါဟာ လိပ်ခေါင်းလို။ လိပ်လက်ခေါ်ကြ၊ ဘဒြ၊ စကတစ်လုံးဆို။ သုံးလုံးယှဉ်လာ၊ ရွှေဟာသ်၊ သချာဆယ်လုံးဆို။ ပုဏ္ဏဖုသျှ၊ ငါးလုံးစု၊ နှိုင်းတုသဘော်လို။ ငှက်ချေးခံတွင်း၊ ဆယ်လုံးမြင်၊ ခေါ်တွင်ဖုသျှဆို။ အဿလိဿမှာ၊ လေးလုံးသာ၊ တူစွာခက်ရင်းလို။ ပုစ္စန်တာရာ၊ ဆယ့်လေးသာ၊ ယှဉ်လာသွားသည့်ဆို။ ကြယ်မာဃမှာ၊ လေးလုံးသာ၊ တူစွာသံကောက်လို။ ပြုဗ္ဗပလဂုဏီ၊ ဥတ္တရဖလဂုဏီ၊ နှစ်လုံးစီ၊

တူညီညောင်စောင်းလို။ ချိန်ခွင်တာရာ၊ လေးလုံးသာ၊ ယှဉ်လသွားသည်ဆို။ ဆယ့်လေးလုံးသာ၊ ဝိသာခါ၊ ဇမာပတ်ဝိုင်းလို ဆယ့်ငါးလုံးရ၊ နေရာမ၊ ကနာလည်းဆစ်ဆို။ငါးလုံးမှန်လှ၊ ကြယ်ဇေဠ နဂချက်ခေါ်ဆို။ တံငါတာရာ၊ ရှစ်လုံးသာ၊ သွားလာ ယှဉ်မြဲဆို လေးလုံးမှန်လှ၊ ကြယ်မူလ၊ နာဂမြီးဖျားဆို။ ပြုဗ္ဗာသာဠ်၊ ဥတ္တရာသာဠ် လေးလုံးမှန်၊ လှမ်းယှဉ် ဆင်မလို။ ကိုးလုံးသချာ၊ ဆင်တာရာ ယှဉ်ကာသွားသည်ဆို။ သရဝဏ်များဟန်၊ သုံးလုံးမှန်၊ ရောင်လျှံရွှန်းစို။ အင်ကြင်းသီးတွင်၊ လေးလုံးမြင်၊ မည်တွင် နေသိဒ္ဓိဆို သတ္တဗိသျှ၊ ခြောက်လုံးရ၊ တူလှဆုံကြီးလို။ ဆယ့်လေးလုံးသာ မြင်းတာရာ၊ ယှဉ်လာသွားသည်ဆို။ ပြုဗ္ဗာဘဒြပိုဒ်၊ ဥတ္တရ ဘဒြပိုဒ် ခေါ်သမိုက်၊ မှတ်ပိုက်ညောင်စောင်းလို။ ကိုးလုံးအညီ၊ ရေဝတီ တူပြိုင်မြူးလိုလို။ ရှစ်လုံးမှန်စွာ၊ ဗျိုင်းတာရာ၊ သွားလာယှဉ်မြဲဆို၊ နက္ခတ်တာရာ၊ ယှဉ်တွဲကာ၊ ရံခါကွဲမပြို။ ကျမ်းသျှဗ္ဗရာ၊ ဤသို့သာ မှတ်ပါများလူဗိုလ်။

**တစ်ဆယ့်နှစ်လ သန်းခေါင်နက္ခတ်ရွေးနည်း**

ဘဇန်ခူးမာသ၊ စိတြ၊ ယှဉ်လမှတ်ပိုင်းခြား။ ဝိသာခါကြို၊ လကဆုန်၊ နယုန်ဇေဠထား။ ဝါဆိုတစ်ဖန်၊ ပြုဗ္ဗာသာဠ်၊ အမှန်ယှဉ် လျက်သွား။ သရဝဏ်ဝါခေါင်၊ လဠ္ဌဆောင်၊ လူ့ဘောင်မြဲမှတ်သား။ ပြုဗ္ဗာဘဒြပိုဒ် ကြယ်မင်း၊ တော်သလင်း၊ မယွင်းနှစ်လုံးထား။ ရေဝတီ တုလွတ်၊ သီတင်းကျွတ်၊ မချွတ်ပျော်ဖွယ်များ။ တန်ဆောင်မုန်းမှာ၊ ကြတ္တိကာ၊ မှတ်ပါလူအများ။ နတ်တော်မှန်ပြီ၊ မိဂသီ၊ မိုးဆီလွန်

ထင်ရှား။ ပြာသိုဖုသျှ၊ နက္ခတ္တ၊ ထွန်းပစက်ရထား။ မာဃမလွဲ တပို့တွဲ၊ ယှဉ်မြဲအာကာဖျား။ တပေါင်းဥတ္တရ၊ ဖလဂုဏီ၊ လနှင့်ကြည် သီဂီရွှေအလား။ ထိုကြယ်ထိုလ၊ ပြည်ဝန်းပ၊ တည့်မတ်သန်းခေါင်ပြား

## လူ, ဘီလူး, နတ်, နက္ခတ်ရွေးနည်း

ဖွားခါမတ်မတ်၊ တည့်နက္ခတ်၊ တည်လဂ်ပါကုန်ကြ။ သုံးခု ဖြို့ခွင်း၊ ထိုအကြွင်း၊ မှတ်ခြင်း သညာပြ။ တစ်ကိုနတ်ဟူ၊ နှစ်မှာလူ၊ သုံးမူ ဘီလူးရ။ လူသား, လူချင်း၊ ထိမ်းမြားခြင်း၊ ချစ်ခြင်းမေတ္တာမျှ။ လူနှင့်နတ်မှာ၊ လွန်ချမ်းသာ၊ ကြည်ဖွာအေးမြမြ။ ဘီလူးနှင့်လူ၊ ထိမ်းမြားမူ၊ အတူမနေရ။ ဘီလူးနှင့်နတ်၊ ထိမ်းမြားလတ်၊ ကောင်းမြတ် ရန်မျိုးပ။ နတ်ချင်းချင်းနော်၊ ထိမ်းမြားသော်၊ ရာကျော်သက်ရှည်ကြ။ ဘီလူးအချင်းချင်း၊ ထိမ်းမြားလျှင်း၊ သတင်းတောဇော်ကြွ။

## ဒွါဒသစသော အမျိုး ၉ ပါး နက္ခတ် ၉ နိုင်သံပေါက်

၁။ အဿဝဏီမှာ၊ မူလသာ၊ လိဒ္ဓါ ဆိုင်းရဲသား။
၂။ ဘရဏီ, ဏီ၊ ပြုဗ္ဗာချို၊ များပြီ မဟာဒ္ဒနထား။
၃။ ကြတ္တိကာ, ဏီ၊ ဥကြာမည်၊ စောရီခိုးသူများ။
၄။ ရောဟ ဟဿဒ၊ သရဝဏ်ပြ၊ ရာဇမင်းကိုထား။
၅။ မိဂသီ စိတြ၊ နေမှီ၊ ဒေဝိမိဖုရား။
၆။ အဒြဿွာတိ၊ သတ္တတိ၊ ပစ္စလိဒ္ဓတောင်သူပြား။
၇။ ပုဏ္ဏဿာခါ၊ ပြုဗ္ဗသာ၊ မစ္စအမတ်များ။
၈။ ဖုသျှနုရာ၊ ဥတ္တရာ၊ ဗြဲဟ္မာပုဏ္ဏားထား။
၉။ ၎သိသာဇေဋ္ဌ၊ ရေဝတီဖြ၊ သမဏာရဟန်းရျား။

| ၁ | ၂ | ၃ | ၄ | ၅ |
|---|---|---|---|---|
| ပ | အဝ | တော | ဝါ | အကာ |
| အဿဝဏီ | ဘရဏီ | ကြတ္တိကာ | ရောဟဏီ | မိဂသီ |
| မာဃ | ပြုဗ္ဗဖလဂုဏီ | ဥတ္တရဖလဂုဏီ | ဟဿဒ | စိတြ |
| မူလ | ပြုဗ္ဗာသာဠ် | ဥတ္တရာသာဠ် | သရဝဏ် | ဓနသိဋ္ဌ |
| ဒလီဒွေါ | မဟာဒွနော | စောရော | ရာဓာ | ဒေဂီ |
| သူဆင်းရဲ | ဥစ္စာများသူ | ခိုးသူ | မင်း | မိဖုရား |

| ၅ | ၈ | ၆ | ၉ |
|---|---|---|---|
| သည်းခြေ | ရာဟုဓာတ် | သောကြာအဝှဒ် | ကိတ် |
| အဒြ | ပုဏ္ဏဖုဿျ | ဖုဿျ | အဿလိဿ |
| သွာတိ | ဝိသာခါ | အနုရာဓ | ဇေဋ္ဌ |
| သတ္တဗိဿျ | ပြုဗ္ဗဘဒြပိုဒ် | ဥတ္တရာဘဒြပိုဒ် | ရောဝတီ |
| ပစ္စလိဒွေါ | အမစ္စာ | ဗြဟ္မဏော | သမဏော |
| တောင်သူ | အမတ် | ပုဏ္ဏား | ရဟန်း |

## နက္ခတ်အတွက်အဝင် ခါးပတ်ရွေးနည်း

ရဝိသောလသဿ၊ဝိယစန္ဒ၊ ဘောမ ဆောဝိသ၊ ဗုဒ္ဓပုညာ၊ ဓိဝါစတု၊ ဖလဂုအဠ၊ ဒွါဒသသောရီ၊ နေ့မှီချလစ်၊ နှစ်ဆယ့်တစ်နှင့်၊ နှစ်ဆယ့်နှစ်ကြား၊ ချထားကြက်ခြေ၊ မြိမှတ်လေဟု၊ နေမိတ္တကဝိဇ္ဇာ၊ ဆရာညွှန်းတုံ၊ ကဆုန်ကစ၊ ရေထသဘော၊ ရောက်လချန့်ထား၊ မြှောက်ပွားဒွိသာ၊ ရောက်ရာရက်စုတ်၊ ဖြိုးကုတ်သတ္တာ ဝိသ၊သေသကြွင်းမှတ်၊ ရနက္ခတ်ပေါင်း၊ ထီးဆောင်းနန်းတက်၊ စုံဖက်ထိမ်းမြား၊ တိုင်းကားပြည်ရွာ၊ တည်ထောင်ရာသား၊ မင်္ဂလာမ၊ မနဝတ်ဆင်၊ နက္ခတ်ဝင်တည့်၊ ထိုပြင်တလစ်၊ စစ်ချီစစ်သွား၊ ယန္တရားယတြာ၊ ပညာသင်မှု၊ ဆေးကုဆေးစား၊ နားထွင်းဆံရိတ်၊ ကောက်စိုက်ပျိုးကြဲ၊ ဆောင်မြဲဖဒင်၊ အတွင်းပင်တည်း၊ ထို့ပြင် တသင်း၊ လက်ဖွဲ့အင်းနှင့်၊ ထိုးကွင်းမန္တန်၊ မကျန်ဆေးကြိတ်၊ တစ်လိပ်ဆေးကြူး၊ အထူးမင်္ဂလာ၊ ကြံရာကမ္မတ်၊ ဝတ်နက္ခတ်ပေ၊ စီရင်လေလော့၊ တစ်ထွေစုတ်,လာဘ်၊ သံအပ်သေချာ၊ ဝဏကစ၊ ဆယ့်ကိုးကျဆုံး၊ သီကုံးပြည့်အောင်၊ လှူတန်ဆောင်ကို၊ ပေါင်မြှောက်နေ့လိုက်၊ ရောထွေးဆိုက်ရာ၊ နှစ်ဆသာပို၊နောက်ဆိုသည်ကား၊ မြအလားနှင့်၊ နောဗြားပြီးလတ်၊ သတ်ဖြတ်စားလတ်၊ တစ်, နှစ်ဆုံမှတ်၊ ကြွင်းမြင်လတ်မူ၊ ဥပဒ်မိတ္တူ၊ ဏဏရှလော၊ စတုပဥ္စ၊ ညသုဥပကာ၊ ဗြိတ္တလာဘ်၊ သိဒ္ဓိဝရ၊ ဝရံစုတ်မှတ်၊ ဥပဒ်ဘေးပြု၊ မိတ္တစသော ပျက်ကြေကာဏ၊ အမြိတ္တနှင့်၊ လာဘ်တို့မှာ၊ ကောင်းမြတ်ရာသည်၊ ဝိဇ္ဇာသိပ္ပတင်ကျမ်းတည်း။

## နက္ခတ်တစ်ဖက်ကမ်းနှင့် နှစ်ဖက်ကမ်းအမြင်ရွေးနည်း

ရာဇသမ္မ၊ ဣတ္ထိယနှင့်၊ ကာယသိဒ္ဓိ၊ ပြီးဘိမှန်လှ၊ ဝိဇ္ဇာမယ၊ မှတ်ကဒ္ဒိကြလေ၊ တကျ်ရိုးဖွေလိမ့်၊ တစ်ထွေရုံးပေါင်း၊ ဝကျောင်းဗျာပနာ၊

ဖြုလိုရာကို၊ ပညာရှိများ၊ အမျိုးသားတို့၊ မှတ်သားစေရုံ၊ လက်ဘခြုံစိမ့်၊ ရတုံမရွေ့၊ထိုနေ့နက္ခတ်၊ တည်လတ်ပြီးငြား၊ ၉–ခု စားရ၊ ကြွင်းငြားပဉ္စ၊ တကသုညာ၊ မြင်လာကမူ၊ မျှော်ရှုတစ်ခန်း၊ တစ်ဖက်ကမ်းတည်း၊ ထမင်းဘောမ၊ သတ္တပြီသျှ၊ မြင်မှုမထွက်၊ နှစ်ဖက်မမြင်၊ထို့ပြင်စန္ဒ၊ ဗုဒ္ဓသောကြာ၊ ကြွင်းမြင်လာမူ၊ ချမ်းသာကြည်လင်၊ နှစ်ဖက်မြင်၏။ ထို့ပြင်တစ်ခန်း၊ တစ်ဖက်ကမ်းကား၊ ပုထိုးဂူကျောင်း၊ တန်ဆောင်း, ဇရပ်၊ မဏ္ဍပ်မြေစိုက်၊ တည်လိုက်ကောင်းစွာ၊ ပြုတုံရာ၏။ ဘယ်ညာ နှစ်ချက်၊ နှစ်ဖက်အမြင်၊ အကန်းတွင်ကား၊ ရှိန်းဝင်ဆဲဘယာ၊ ဌာပနာနှင့်၊ ဝိဇ္ဇာမိုရ်ရှုရ၊ ကာယသိဒ္ဓိ၊ ပြီးဘိစီရင်၊ နှစ်ဖက်မြင်မူ၊ ချစ်ခင်ဆပ္ပား၊ သနားကြင်နာ၊ ဣတ္ထိယာနှင့်၊ ရာဇသမ္ဘ၊ ဟူသမျှကို၊ ဆောင်ကြစီရင်၊ ပြီးအောင်မြင်သည့်၊ ဉာဏ်အင်ကျေးဇူးတောက်ထွန်း တည်း။

**အိမ်ရာကျောင်းရာတို့ကို ပက်ဆေးသုတ်ဆေး**

ကြက်, ဆိတ်, ဆေး, လင်း, ရှိန်း, ကန့်သွင်း၊ မြင်းချေး ထည့်ကြိတ်၊ ကြပုန်းရည်ဖျော်ကာ၊ အိမ်ကျောင်းရာ၊ ဖျန်းကာပက် လေကြ။ (ကြက်သွန်နီ၊ ဆိတ်ဖူး၊ ဆေးဒန်း၊ လင်းလေကိုယူလေ။) ၎င်းဆေးသာ၊ တိုင်ရင်းမှာ၊ လိမ်းကာသုတ်အပ်စွ။ ပန်းရင်းတစ်ပါး၊ ဆောင်းမေးခါး၊ ညက်ထွားကြိတ်လေကြ။ ဆီနှင့်ဖျော်ကာ၊ ရက်မမှာ၊ သုတ်ပါကောင်းမြတ်လှ။ စန္ဒကူးနီ–ဖြူ၊ ပန်းပေါက်ဟူ၊ ယူလေ ဆေးပန်းရင်း။ ပရိတ်ရွှေငွေ၊ ပတ္တမြားရေ၊ ဖျော်လေမှန်းမယွင်း။ စရွေးမှာသာ၊ သုတ်လေပါ၊ ရန်ကွာဘေးမျိုးကင်း။ မြေကြမ်းသစ်ဆိုး၊ နိုင်လေရှိုး၊ နှိမ်ချိုးပယ်ဖျောက်ရှင်း။

## အိမ်ရာ ကျောင်းရာ မြေကြီးအဟော

အိမ်ကျောင်းဆောက်ရာ၊ မြေကိုသာ၊ သေချာမှတ်ပြီးမှ။ ပေါက်ပေါက်ဆန်ပနီး၊ မီးခွာန်မှန်း၊ ကြိဖျန်းပူဇော်ကြ။ တူရွင်းနှင့်ကော်၊ ယူပြီးသော်၊ ချိန်နော်ကြည့်အပ်လှ။ တစ်ကျပ်ပြည့်လတ်၊ ဆင်းရဲတတ်၊ နှစ်ကျပ်ဥစ္စာရ။ သုံးကျပ်မလေးကျပ်၊ မကောင်းတတ်၊ ငါးကျပ်မေတ္တာမျှ။ ခြောက်ကျပ်မှာလာဘ်၊ ခုနစ်ကျပ်၊ အရပ်ပြောင်းရွှေ့ရ။ ရှစ်ကျပ်ဥစ္စာ၊ ပေါများပါ၊ ကိုးမှာသိဒ္ဓိဝ။ တစ်ဆယ်အားမှတ်၊ ဆယ့်တစ်ကျပ်၊ တိုးတက်သက်ဓိဝ။ ဆယ့်နှစ်ဆယ့်သုံး၊ ချိန်ကျပ်နှုန်း၊ ရွှင်ပြုံးချမ်းသုခ။ ဆယ်လေးချစ်ခင်၊ ဆယ့်ငါးတွင်၊ လူရှင်မှန်တတ်လှ။ ဆယ့်ခြောက်ကောင်းမွန်၊ တစ်ဆယ့်ခွန်၊ အလွန်မြက်ထက်စွ။ ချိန်ကြပ်ကောင်းစွာ၊ အိမ်ကျောင်းရာ၊ ဆောက်ကာနေထိုင်ကြ။ ကြံတိုင်းလည်းအောင်၊ သိဒ္ဓိဆောင်၊ လှ့ဘောင်ကျော်စောရ။

## ကျောင်းအိမ်ဆောက်ရာ မထားသင့်သောအရာများ

ကျောင်း, အိမ်ဆောက်၍၊ တိုင်ဘောင်မှာ, ပန်းသာမဆွဲနှင့်။ ထုတ်မစွပ်ခင်၊ ရက်မတင်၊ ရှောင်ကြဉ်မပြုနှင့်။ ကြမ်းထက်မောက်မို၊ တိုင်တိုတို၊ ပိုလို့မထားနှင့်။ အိမ်မဆောက်ခင်၊ ဝင်းခတ်လျှင်၊ ရန်ပင်ဆားတွေ့သင့်။ ကျွန်းတိုင်ပေါ်တွင်၊ ငါးကိုတင်၊ တင်ခြင်းမပြုနှင့်။ ခေါင်လျောက်ခွတွင်၊ မပြီးခင်၊ ကြမ်းတွင်မဖောက်နှင့်။ ကျောင်း, အိမ်ဆောက်ရာ၊ တိုင်ချင်းသာ၊ ထိကာမစိုက်နှင့်။ ထုတ်စွန်းထက်သာ၊ ရွေးသာရှည်စွာ မထားနှင့်။

## အိမ်ကျောင်း ကာကွယ်ဆေး

အိမ်သစ်တက်လို၊ များလှုဗိုလ်၊ ရန်ဖြိုဖျက်ဖို့ဆေး။ အရှေ့[illegible]ပါး၊ သိကိုထား၊ သိကြားဆိုလို့ရေး။ အနောက်တောင်ပါး၊

ကိုထား၊ နဂါးဆိုလို့ရေး။ အနောက်မြောက်ပါး၊ မိကိုထား၊ နတ်သား၊ သန်းဆိုလို့ရေး။ အရှေ့မြောက်နား၊ ဘုံကိုထား၊ ဘဘုရားဆိုလို့ရေး။ ရည်,ငွေရည်၊ စိန်ကျောက်ရည်၊ ထည့်လေ ကာကွယ်ဆေး။ ဆိုတိုင်းပြုက၊ ဘေးမခ၊ ချမ်းမြကြည်ရွှင်အေး။

### မြေ့ငါးမျိုးရွေးနည်း

အဆင်းဖြူကြား၊ မြေပုဏ္ဏား၊ စီးပွားဖြစ်တတ်စွာ။ အဆင်းနီလွှင်၊ ဘုရင်၊ မင်းလျှင်ဖြစ်တတ်ပါ။ အဆင်းနက်က၊ မြေဒါသ၊ ဒုက္ခားတွေ့ရာ။ အဆင်းဝါ၊ မြေပကတိ၊ သုခီအဝေရာ။ အဆင်းပြာလျှံ၊ ကသပ်၊ နိုင်ငံတည်ထောင်ရာ။ မြေမင်းပုဏ္ဏား၊ ကျောင်းအိမ်ရာ၊ ဆောက်ထားရေပ်သာ။ မြေဝါသမှာ၊ ဥယျာဉ်မှာ၊ လယ်မှာလုပ်လေပါ။ မြေပကတိကို၊ ရဟန်းဆို၊ နေလို ကောင်းလေစွ။

### သစ်မခုတ်ရသောတော

သိန်း, စွန်, ခဇ်ပုပ် နေတောအုပ်၊ သစ်ခုတ်မအပ်၊လင်းတ, စွာ ငှင်းယုတ်မာ၊ နေရာမခုတ်အပ်။

### သစ်အမျက်ဟောနည်း

ဆယ်ပိုင်းထားကာ၊ သစ်များမှာ၊ မျက်ပါဟောချဲ့ပြ။ တစ်ပိုင်းများချစ်သူ၊ နှစ်မူဘေးဒုက္ခ။ သုံးပိုင်းသော်စား၊ လေးမှာကား၊ ပွားသေတတ်စွ။ ငါးပိုင်းကိုသေ၊ ခြောက်ပိုင်းနေ၊ များဖွေ့ကျွဲရ။ ခုနစ်ကျွမ်းဝင်၊ လာဘ်ကြီးမြင်၊ ရှစ်ခွင်ပျက်စီးရ။ ကိုးပိုင်းရာ၊ ဆယ်ပိုင်းမှာ၊ ကြီးစွာလာဘ်ကိုရ။ လှေရော, လှည်းရော၊ ကျောင်းရော၊ မျက်ဟောဤရွေ့မျှ။

**တိုင်မပြုကောင်းသော အွှသားဆေယ်တစ်မျိုး**

တဲအိမ်တို့မှာ၊ မဆောက်သင့်ရာ၊ မှတ်ပါတစ်ကြောင်း၊ မိန့်လိုက်ရှောင်းအံ့။ မိကျောင်း မအူ၊ သခွတ်ဟူသား၊ ညောင်သွဲသျှားနှင့်၊ သီးသားသပြေ၊ သစ်စိမ့်ရေသာ၊ တတွေတလော၊ လက်ပံနှော၍၊ လဲဝါရောရာ၊ ဆယ့်တစ်ဖြာကို၊ အိမ်မှာတဲက၊ မဆောက်ရသည်၊ လောကဝေါဟာ လူ့ထုံးတည်း။

**တစ်နည်း အမျက်အဟော**

(လှေမှာရော၊ လှည်းမှာမပြင်၊ ကျောင်းမှာဒြပ်၊ အိမ်တွင်လှေကား၊ သစ်ကိုဆယ်ပိုင်း ပိုင်း၍ထား) ပထမပိုင်း၌ အမျက်ရှိမူ မင်းပူဇော်ခံရအံ့။ ဒုတိယပိုင်း၌ အမျက်ရှိမူ ချစ်သူများအံ့။ တတိယပိုင်း၌ အမျက်ရှိမူ ထမင်းအဖျော်များအံ့။ စတုတ္ထပိုင်း၌ အမျက်ရှိမူ မယားသေသည် ဖြစ်အံ့။ ပဉ္စမပိုင်း၌ အမျက်ရှိမူ မိမိသေသည်ဖြစ်အံ့။ ဆဋ္ဌမပိုင်း၌ အမျက်ရှိမူ နွားတည်းဟူသော လာဘ်ရအံ့။ သတ္တမပိုင်း၌ အမျက်ရှိမူ မယားရသည်ဖြစ်အံ့။ အဋ္ဌမပိုင်း၌ အမျက်ရှိမူဆင်းရဲသည် ဖြစ်အံ့။ နဝမပိုင်း၌ အမျက်ရှိမူ မြေလာဘ်ရအံ့။ ဒသမပိုင်း၌ အမျက်ရှိမူ ချမ်းသာခြင်း လွတ်ရောက်အံ့။ သူခပ်သိမ်းတို့ ပူဇော်ခံရ၏။

**အမျက်အစာကျွေးနည်း**

ပထမပိုင်းတွင် အမျက်ရှိသော် လမိုင်းမည်သော နတ်စောင့်၏။ ဥစ္စာရှင် မင်းပူဇော်ခံရအံ့။ ခံရမည်ဟု နေချေသော် အဖ သေတတ်၏။ လွတ်စေလိုသော် ငါးဖျင်းသလက်ကို မီးဖုတ်၍ ထမင်းတစ်ဆုပ်နှင့် တင်ပေး၊ အဖနှင့်တူသော ဥစ္စာပေးအံ့။ ဒုတိယပိုင်းတွင် အမျက်ရှိသော် ရုက္ခမည်သော နတ်စောင့်အံ့။ ချစ်ခင်သူများ အဆွေခင်ပွန်းကောင်း

သတတ်၏။ လွတ်စေလိုသော် ငါးပြေမကို မီးဖုတ်၍ ထမင်းတစ်ဆုပ်
နှင့် တင်ပေး။ အဆွေခင်ပွန်းကောင်းရှောက်အုံ့။ တတိယပိုင်းတွင်
မျက်ရှိသော် အပေါ့မည်သော နတ်စောင့်၏။ ဆန်စပါး အစား
သောက်ပေါများအုံ့။ ပေါများမည်ဟု နေချေသော် ဆန်၊ စပါး
စားအသောက်နည်းတတ်၏။ မနည်းစေလိုသော် ငါးစင်ရိုင်းကို
ဖုတ်၍ ထမင်းတစ်ဆုပ်နှင့် တင်ပေး။ ဆန်စပါး အစားအသောက်
ါများအုံ့။ စတုတ္ထပိုင်းတွင် အမျက်ရှိသော် သာရမည်သော
တ်စောင့်၏။မယားသေတတ်၏။ မသေစေလိုသော် ငါးဖျင်းသလက်
ကို မီးဖုတ်၍ ထမင်းတစ်ဆုပ်နှင့် တင်ပေး။ မယားနှင့်တူသော
ဘက်ရအုံ့။ ပဥ္စမပိုင်း အမျက်ရှိသော် အရက္ခမည်သော နတ်စောင့်၏။
မိ သေတတ်၏။ သေမည်ဟူ၍ မကြောက်နှင့်၊ ပျောက်စေလိုသော်
ါးဖျင်းသလက်ကို မီးဖုတ်၍ ထမင်းတစ်ဆုပ်နှင့် တင်ပေး။ ဘေးဒဏ်
ွတ်အုံ့။ ထူးထွေသော အဆွေခင်ပွန်းကောင်းရအုံ့။ ဆဋ္ဌမပိုင်းတွင်
မျက်ရှိသော် ကင်းသန်း မည်သော နတ်စောင့်၏။ ဥစ္စာ၊ ကျွဲ၊
းများအုံ့။ များမည်ဟူ၍နေချေသော် ပျက်စီးတတ်၏။ လွတ်စေလို
သော် ငါးခူကို မီးဖုတ်ထမင်းတစ်ဆုပ်နှင့်တင်ပေး။ စည်းစိမ် ကျွဲ၊နွား
းအုံ့။ သတ္တမပိုင်းတွင် အမျက်ရှိသော် နိယောဃမည်သော နတ်
ောင့်၏။ ကျွန်သမီးရအုံ့။ အဋ္ဌမပိုင်းတွင်အမျက်ရှိသော် ဥရဃောသ
ည်သော နတ်စောင့်၏။ ကျွဲ၊ နွား၊ ကျွန်ကျေး ပျက်စီး၍ ဆင်းရဲ
တတ်၏။ ပျက်စီးခြင်းကို ပျောက်စေလိုသော် ငါးသံချိပ်ကို မီးဖုတ်၍
မင်းတစ်ဆုပ်နှင့်တင်ပေး။ များစွာသော ကျွန်၊ ကျွဲ နွား ရ၍
င်သောအုံ့။ နဝမပိုင်းတွင် အမျက်ရှိသော် သာရောမည်သော
တ်စောင့်၏။ လာဘ်သပ္ပကာ ရအုံ့။ ရမည်ဟူ၍ နေချေသော်

ပျက်စီးတတ်၏။ မပျက်စီးစေလိုသော် ငါးပုတ်သင်ကို မီးဖုတ်၍ ထမင်းတစ်ဆုပ်နှင့် တင်ပေး။ ကြီးစွာသော လာဘ်ရအံ့။ ဒသမပိုင်းတွင် အမျက်ရှိသော် ဒုက္ခမည်သော နတ်စောင့်၏။ သား,မြေး, ကျေး, ကျွန်ရစေတတ်၏။ ရမည်ဟူ၍ နေချေသော် မရရှိတတ်။ ရစေလိုသော် ငါးဖျင်းသလက်ကို မီးဖုတ်၍ ထမင်းတစ်ဆုပ်နှင့် တင်ပေး။ သား, မြေး, ကျေး ကျွန်ရအံ့။

## ထုပ်–လျှောက်တို့ကို ရှစ်ခုစားအဟော

အိမ်ဆောက်လိုမူ ထုပ်နှင့်လျှောက် အတောင်ဖွဲ့၍ရော၊ သုံးမိုက်နှင့်မြှောက်၊ ရှစ်ခုစား၊ တစ်ခုကြွင်းမူကား တံခွန်သင့်၏။ ကုန်သည်တို့ နေရ၏။ နှစ်ခုကြွင်းမူကား အခိုးသင့်၏။ ရဟန်း, ပုဏ္ဏားတို့ရ၏။ သုံးခုကြွင်းမူကား ခြသေ့ံသင့်၏။ မင်းတို့နေရ၏။ လေးခုကြွင်းမူကား ခွေးသင့်၏။ မုဆိုးတို့နေရ၏။ ငါးခုကြွင်းမူကား နွားသင့်၏။ သူဆင်းရဲတို့ နေရ၏။ ခြောက်ခုကြွင်းမူကား မြည်းသင့်၏။ ရွာသူကြီးတို့ နေရ၏။ ခုနစ်ခုကြွင်းမူကား ဆင်သင့်၏။ အမတ်တို့နေရ၏။ ရှစ်ခုကြွင်းမူကား(၁၃၃၀) အသုဉ်းဖြစ်၍ မတင့် တယ်ခြင်းဖြစ်၏။ ပြည့်တန်ဆာတို့ နေရ၏။

## တိုင်ရပ်ကို ၇ ခု စား အဟော

စိုက်ဆောက်လိုသော သစ်တို့မှာ မြေဝင်အိမ်ရယ်ကျော်တို့ကို တိုင်းပြီးလျှင် စရွေးအောက်ရသော အတောင်ကို မိုက်ဖွဲ့၍တည်၊ ၇ ခုနှင့်စား၊ သေသ, အကြွင်းကိုဟောလေ။ ၁ ခု ကြွင်းမူကား မအောင်အံ့။ ၂ ခု ကြွင်းမူကား သိဒ္ဓိပြီးစီးအံ့။ ၃ ခု ကြွင်းမူကား

သာရအံ့။ ၄ ခု ကြွင်းမူကား လာဘ်ရအံ့။ ၅ ခု ကြွင်းမူကား
အံ့။ ၆ ခု ကြွင်းမူကား ချမ်းသာခြင်းသို့ ရောက်အံ့။ ၇ ခု
င်းမူကား သုညဖြစ်၍ ငြင်းခုံခြင်းသည်ဖြစ်၏။

သစ်လဲကျမ်း

တနင်္ဂနွေနေ့ အိမ်ဆောက်မူ ဥရုတိုင် စရွေးအောက် တစ်
ချင်းတွင် ခေါင်းသက်ရှိ၏။ အရှေ့မြောက်တောင့် သစ်နှင့်လဲဘိ၊
မူ အိမ်ရှင်သေအံ့၊ လဲမူ ဖြူသောဥစ္စာ ရအံ့။ တနင်္လာနေ့
ဆောက်မူ အနောက်မြောက်ထောင့်သစ်တွင် ရက်မအောက်
က်သေးရှိ၏။ အရှေ့မြောက် သစ်နှင့်လဲဘိ၊ မလဲမူ အိမ်ရှင်သေအံ့။
အခြေလေးချောင်းရအံ့။ အင်္ဂါနေ့ဆောက်မူ အလယ်ကျ
သစ်တွင် ရက်မအထက် ပုရွက်ဝင်လောက်ရုံ အပေါက်ရှိ၏။
င်အလယ်သစ်လဲဘိ၊ မလဲမူ အခြေလေးခုသေအံ့။ လဲမူ သမီး
ရအံ့။ ဗုဒ္ဓဟူးနေ့ အိမ်ဆောက်မူ မြောက်ထောင့် သစ်နှင့်
နှင့် တစ်ထွာချင်းတွင် အမျက်ရှိ၏။ အနောက်တောင်ထောင့်
လဲဘိ၊ မလဲမူ အခြေလေးခုတို့နှင့်တူသော ကျွန်၊ သား၊ မြေး
သေအံ့။ ကြာသပတေးနေ့ အိမ်ဆောက်မူ အရှေ့ခေါင်တိုင်ခွတွင်
ခေါင်းသက်ရှိ၏။ အလယ်ခေါင်တိုင်နှင့် လဲဘိ၊ မလဲမူ အနာအဖျား
အံ့။ လဲမူ၊ အခြံအရံများအံ့။ သောကြာနေ့ အိမ်ဆောက်မူ
ယ်ထောက်ရှေ့ခွတွင် အောက်တစ်ထွာခြားမှ ခေါင်းသက်ရှိ၏။
က်ထောက်ရှေ့နှင့် လဲဘိ၊ မလဲမူ အနာအဖျားများအံ့။ လဲမူ
ယ် မရှိ။ အလွန်ကောင်း၏။ စနေနေ့ အိမ်ဆောက်မူ တောင်ထောင့်
တွင် ရက်မအောက်၌ လခေါင်းအထက် စရွေးအောက်တွင်
က်သေး ဆင်းတက်ရှိ၏။ အရှေ့မြောက်ထောင့်သစ်နှင့်လဲဘိ၊
သားဦး ယောကျ်ားသေအံ့။ သတိထား၍ ပြုကြလေ။

**မင်္ဂလာသစ် ၆ လုံးရွေးနည်း**

အရှေ့တောင်မူ၊ တိုင်ဥရူ၊ မှတ်ယူတွေးမဆ။ အရှေ့မြောက် ဝယ်၊ စုံပင်လယ်၊ အကယ်တူအမျှ။ တောင်လယ်ကို၊ ကျပန်းဖို၊ ခေါ်ဆိုသမုတ်ကြ။ အလယ်မြောက်စဉ်၊ ခေါ်ဝေါ်လျှင်၊ ယူချင်ကျင်နိမ်းမ၊ မည်ရှားလတ်လီ၊ တိုင်ကူမ္ဘီ၊ ရှည်မှီနောက်တောင်က။ သပြေတိုင်ရန်၊ အညာဆန်၊ မြောက်စွန်အနောက်က။ ရှေးထုံးစဉ်လာ၊ ဗိသုကာ၊ ဘာသာသကော်တ။ စသည်မပျက်၊ ခုတိုင်ဖက်၊ လေ့ကျက် သဘာဝ။ ရှေ့စွန်းတောက်ရှည်၊ ကြွယ်ဝစည်၊ ရွှေပြည်သုဝဏ္ဏ။

အရှေ့သို့ ဦးထားလျက် မြောက်သို့ မျက်နှာမူ၍ ဆောက်သော အိမ်မှာ အဆောင်တို လျှောက်တန်းနှစ်ဖက်တွင် တောင်အစဉ်မှာ သစ်ယောကျ်ား၊ မြေ ၂အစဉ်မှာ သစ်မိန်းမဟု ယူရာ၏။

**မြေစောင့်နတ်တင်ပုံကား**

အိမ်, ကျောင်း, ဇရပ် ဆောက်လုပ်လိုသူတို့သည် ပန္နက်သဲ မချမီမြေစောင့်နတ်ကို အစာကျွေး၍ ပူဇော်ခြင်းပြုရာ၏။ ပူဇော်ခြင်း ကား လင်ပန်းထဲတွင် အသက်သတ်မပါဘဲ ထမင်းကို ဖန်ခွက်နှင့် ထည့်၍ ယိုတို့ကိုလည်း ဖန်ခွက်နှင့်ထည့်၍ ဆန်စပါးကိုလည်း ဖန်ခွက်နှင့်ထည့်၍ ပူဇော်ရာ၏။ (ဥပ-ဘုမ္မိရာဇာ မြေသခင်ကို အစိုးရသည့် နဂါးသနင်း မြေနတ်မင်း၊ ကောင်းခြင်းတိုင်းမြဲ၊ ပန္နက်သဲက၊ စသည်ရိုးပေါင်း၊ ခြပုန်းတောင်ပို့၊ ဤသို့အကြောင်း၊ ရှေးသူဟောင်းတို့၊ မကောင်းချွတ်လွဲ၊ မြေထဲထားမြှုပ်၊ အရုပ်အင်းချ၊ ဆိုရေးစကား၊ ဒေါသကင်းရေး၊ ကောင်းရာဆေးလော၊ သူ့ဆွေးသွန်ရာ၊ ဆရာပြုဟောင်း၊ မကောင်းတစ္ဆေ၊ နေ့တွင်သည်ကား၊ ဝေးဝေးရှား၍၊

ူး၊ရုပ်တု၊ ဆင်းတုမလွတ်၊ ဓာတ်တော်မွေတော်၊ ရှိကြားသော်လည်း၊ ာ်ရော်ရှိညွှတ်၊ နတ်တို့ဘာသာ၊ ကောင်းရာကောင်းအောင်၊ ကောင်း ုးဆောင်၍၊ ကောင်းအောင်ထားပါ၊ နတ်တကာတို့၊ မ,ပါစေ ကြောင်း၊ ရေကြောင်းဆေးမည်၊ အလျှံတည်၍၊ အရောင်ညီးညီး၊ င်ဗန်းကြီးနှင့်၊ ပွဲကြီးနတ်ယကာ၊ ကိုင်စွဲကာနှင့်၊ အင်းကားလက်ယာ၊ ားကားလက်ဝဲ၊ ကိုင်နတ်စွဲအနေ၊ မြေတွင်ချ၍၊ ပသ မလွတ်၊ ွင်းချွတ်သော်လည်း၊ နတ်ရှင့်ပွဲတော်၊ စားတော်ခေါ်သော၊ ဝဟိဘတ္တံ၊ ုတ္တာဟိ–ဘုဥ္စာဟိ၊ ဤသို့ တင်ပြီးလျှင် ဆန်စပါးတို့ကို အိမ်ရာအတွင်း ြဲပြီး ပ ္ ာ် ိ ျရာ၏။

## ွင့်နှန်းနတ်ပူဇော်ပုံကား

အိမ်တို့မှာ ဥရုကြငှန်းတိုင်တို့ကို အ ျင်တူးစိုက်ရာ၏။ စိုက်ပြီးလျှင် ကြငှန်းတိုင်တို့ကို ကန်တော့ပွဲဖြင့် ပသ,ပူဇော်ရာ၏။

အို–သောင်းယူဓနာ ကျွန်းမျက်နှာထက် တောတောထွန်းညှိအံ့ဖွယ် ာ၊ မဏိစိခြယ် စလွယ်သင်းကျစ် ဦးရစ်ရွှေဘောင်း နားတောင်း ာ်ကျပ် လက်စွပ်လက်ကောက်ဖြိုးမောက်ဘယက် ကိုးမည်မြက်ကို လက်ဝတ်ဆင် ဘိရင်သီဂိ ပုစ္စန်ဆီနှင့် မှိုင်းရှိဝေမှောင် ပုဆိုးရောင်မှူ ိမ်တောင်တက်သစ် လျှပ်စစ်ပမာ လူတကာကို သမာတည်ကြည် ာင်းစိမ့်မည်ဟု ရွှေရည်ပုံသွန်း ဖြိုးရိပ်ဝန်းလည် ကျပန်းမည်သာ ာ်ဒေဝါ။ ကြမ္မာယွင်းယို ဂြိုဟ်ဝင်, ဂြိုဟ်ထွက်၊ဂြိုဟ်တက်ဂြိုဟ်နှိမ့် ာ်အိပ်စန်းကျ မူလတိမ်းပါး ဂြိုဟ်စားယွင်းဖောက် သက်ရောက်ဂြိုဟ် ုံး နှလုံးမသာ ဓာတာဂုတက် အိပ်လက်စနည်း တော်လည်းငလျင် ာင်အစွပ် ထိပ်ကတ်နိုက်တိုက် လူ၌များစွာ ယတြာရုပ်နာမ်

မကောင်းကြ၍ အသံသောင်းသောင်း ဒုက်မကောင်းနှင့် များတောင်း ပြစ်မြင် ရှိခဲ့လျှင်လည်း သန့်ရှင်းကြည်ဖြူ မ,စိမ့်ဟူ၍ ညွှန်လှုပေဆာ နေဇာမြက်နှ ဗေယျာထုပ် အောက်မူဆော်ဆော် ကျွန်းနန်းတော်ကို ရေကျော်စွန်ငှက် ခေါင်သက်ဦးမှာ ပဋ္ဌာကစ်းလွတ် နွယ်ပတ် မိကျောင်း ခေါ်ဝေါ်ကျောင်းကူး ဘိလူးတံချင် တမင်ကိုယ်ဝန် ပြစ်မျိုးလွန်၍ ကောင်းမွန်ချောမော မြတ်သဘောဖြင့် မနောကြည်သာ ကိုးကွယ်ပါ၏။ သမ္ဘာ–သမ္ဘ ဟူသမျှကို နိစ္စမသွေ နတ်မင်းနေ၍ အောင်ဗေယျာတု အောင်ဆုသော, သေ,' မစေသောဝ်)။

## အိမ်အပြစ် တစ်ဆယ့်ခြောက်ပါး

အိမ်ရာကျောင်းကန်၊အမှန်ဆောက်ရာ၊ ဗိသုကာတို့၊ ကျမ်းလာ စိစစ်၊ ဆယ့်ခြောက်ပြစ်ကို၊ မလစ်ရှုဖွယ်၊ သိကုံးခြယ်အံ့။ အိမ်ဝယ် စို့ပေါက်၊ ခြသေ့ဟောက်နှင့်၊ ထို့နောက်မီးကူး၊ ခေါင်းဖြူပါးဘီး၊ ရောက်လည်း လိုက်ပေါက်၊ တစ်ဆို့ရောက်နှင့်၊ မဖောက်ဟာချင်၊စည်းလျှင် မထိ၊ ကျီးလည်းမအာ၊ ရှာလည်းမထွက်၊ တစ်ချက်ထိုးဆောင်၊ တကြောင်းသိန်းစွပ်၊ ရင်ကွဲမှတ်လေသ တထပ်ကျီးနား၊ မှိုကားမပေါက်၊ တစ်ဆယ့်ခြောက်ကို၊ မှတ်လောက်စေ့ရေ၊ မျိုးလေးထွေတို့၊ ရှောင်လေ အပ်စွာ၊ သိကုံးမှာသည်၊ ကျမ်းလာမျိုးမှတ် စကားတည်း။

## အိမ်သစ်ဆောက် အသက်တွက်နည်း

အိမ်သစ်ဆောက်လို၊ များလှုဗိုလ်၊ သက်ကိုရှစ်ခုစား။ တစ်ခု ကြွင်းမူ၊ သူဌေးယူ၊ နှစ်မူ သူကြွယ်ထား။ လေးခုကြွင်းခြား၊ ရွှေလှေကား၊ ငါးကား ရွှေပြာသာဒ်။ သုံး, ခြောက်, ခုနစ်၊ သုံးထုံးလစ်၊ အိမ်သစ် မဆောက်အပ်။

## အိမ်ဆောက်လရွေးနည်း

လတန်ခူးမှာ၊ အိမ်ဆောက်ကာ၊ ချမ်းသာပြည့်ကြွယ်ဝ။ သကဆုန် ကား၊ ဆန်စပါး၊ ပေါများကြွယ်တတ်လှ။ ဝါခေါင်လမှာ၊ အိမ်ဆောက်ကာ၊ ဥစ္စာတိုးပွားရ။ နတ်တော်လတွင်၊ အိမ်ဆောက်လျှင် ပေါ်ထင်ကျော် စောစွ။ ပြာသိုလမှာ၊ လူတကာ၊ များစွာချီးမွမ်းရ။ တပေါင်းလဝယ်၊ ချမ်းသာကြွယ်၊ ဆောင်ဖွယ်ဤခြောက်လ။

## အိမ်ဆောက်နေ့ရွေးနည်း

နေ့ ၀ ၄ ၇ မန္တ၊ အိမ်ဆောက်လေ၊ ဒုက္ခဆိုင်းရဲစွာ။ တနင်္လာ ဆောက်၊ နှစ်လမပြောက်၊ ပွားမြောက်ချမ်းသာရ။ အင်္ဂါဆောက်ငြား၊ ဆန်စပါး၊ ပေါများလွန်ကြွယ်ဝ။ လေးနှစ်, လေးလ၊ နေ့ဗုဒ္ဓ၊ဆောက်က လွန်သူခ။ ကြာသပတေးနေ့တွင်၊ ဆောက်ခဲ့လျှင်၊ ဂုဏ်မြင်ချမ်းသာရ။ သောကြာဆောက်က၊ သုံးလကျ၊ သုခပွားများလှ။ ဗုဒ္ဓဟူးအတု၊ စနေမူ၊ နည်းယူမှတ်လေကြ။ အောက်နံပန္နက်၊ ပန်းဆွဲတက်၊ လယ်ရက် အိမ်ရှင်ပ။ နေ့ခုနစ်ရက်၊ အိမ်ဆောက်ချက်၊ တစ်သက်မှတ် အပ်စွ။

## ကြီးကိုင် ပန္နက်ရိုက်ရွေးနည်း

တနင်္ဂနွေသား၊ အိမ်ဆောက်ငြား၊ မှတ်သားရွေးချယ်ရာ။ ကြာသပတေးသား၊ သောကြာသား၊ ကိုင်ငြားကြီးကိုသာ။ နီလျှင်နဂါး၊ စနေသာ၊ နက်ထားပန္နက်မှာ။ ဤသည့်လူကား၊စည်းစိမ်ပွား၊ တိုးပြား နေ့တိုင်းသာ။ စသည်များ နည်းထားခိုးယူပါ။

| အိမ်ရှင် | ကြီးကိုင်သူ | ပန္နက်ရိုက်သူ |
|---|---|---|
| ၁။ တနင်္ဂနွေ | ၅ နေ့နှင့် ၆ နေ့သား | ၇ နေ့သား |
| ၂။ တနင်္လာ | ၆ နေ့နှင့် ၇ နေ့သား | ၁ နေ့သား |
| ၃။ အင်္ဂါ | ၇ နေ့နှင့် ၁ နေ့သား | ၂ နေ့သား |
| ၄။ ဗုဒ္ဓဟူး | ၁ နေ့နှင့် ၂ နေ့သား | ၃ နေ့သား |
| ၅။ ကြာသပတေး | ၂ နေ့နှင့် ၃ နေ့သား | ၄ နေ့သား |
| ၆။ သောကြာ | ၃ နေ့နှင့် ၄ နေ့သား | ၅ နေ့သား |
| ၇။ စနေ | ၄ နေ့နှင့် ၅ နေ့သား | ၆ နေ့သား |

**အိမ် ကျောင်း ဇရပ် စသည် ပန်းဆွဲနည်း**

အိမ်ဆောက်ရာတွင် ပန်းဆွဲလျှင် သိမြင် မှတ်ကုန်ရာ။
ဥက္ကဆွဲလျှင် သစ္စာပင် များပင် ကြွယ်တတ်ပါ။
ပြည်သောင်ဆွဲရှိ မင်းနှင့်စိုး မြတ်နိုးပူဇော်ရာ။
ရေသဖန်းလျှင် ဆွဲသည်တွင် ကြည်လင့်စိတ်ချမ်းသာ။
မြေစာညိုညက် ပန်းဆွဲချက် အသက်ရှည်တတ်စွာ။
အိမ်ဆောက်ပန်းဆွဲ နည်းဝေခွဲ အမြဲမှတ်ကြရာ။

**အိမ်ဆောက်ပူဇော်နည်း**

ပေါင်း၊ ချိုး၊ ကဆုန်၊ သုံးလကြို ပြုတုံ့ပူဇော်ရ။
ပန်းဖြူ ပန်းနီ၊ ဖျော်နှင့်ဆီ၊ အညီပူဇော်ကြ။
နယုန်၊ ဝါ၊ ဝါ၊ သုံးဖြာလရောက်၊ ပေါက်ပေါက်မြိုင်မြိုင်၊ ခုနစ်တိုင် ဆီ၊ ပုဆိုးနီ၊ ပန်းနီပူဇော်ကြ။
တော်သလင်းနှင့်၊ သီတင်း၊ တန်ဆောင်၊ ပန်းမြောင်ပေါက်ပေါက်၊ ကြံမြောက်ပြုကာ၊ ခုနစ်ဖြာ၊ ဆီသာ မီးထွန်းကြ။
နတ်၊ ပြာ၊ တွဲ ကို၊ ထမင်းညို၊ ပန်းညိုပူဇော်ရာ။

**တံခါးမထားရသောအရပ်**

အိမ်သစ်ပြီးမြောက်၊ အနောက်တောင်ပါး၊ နောက်မြောက်ပါး၊ တံခါးမပြုနှင့်။ တံခါးပြုက၊ များဒုက္ခ၊ မုချဘေးဒဏ်သင့်။

**အိမ်သုံးမျိုးအခွဲ**

အောက်ဝါမြင့်မူ၊ ထားသင့်ဟူ၊ နေသူ ဥစ္စာရှား။
အောက်ဝါ နိမ့်မူ၊ လိပ်သင့်ဟူ၊ နေသူရောဂါများ၊
အောက်ထက်မျှမူ၊ နွားသင့်ဟူ၊ နေသူသုခပွား။

**အိမ်ကျောင်းမခိုက်အောင်တက်နည်း**

အိမ်သစ်တက်ကြွား၊ သပြေသား၊ ဆောင်ထားတပ်အပ်စွ။ ကျောင်းသစ်တက်ကြွား၊ သနပ်သား၊ ဆောင်ထားနိုင်နင်းလှ။ ကျောင်းကြမ်း, အိမ်ကြမ်း၊ နိုင်ရိုးတန်း၊ နည်းလမ်းညွှန်၍ပြ။

**ဖက်ရွက်နိမိတ်အဟော**

ကိစ္စရှိကာ၊ မေးရောက်လာ၊ သညာအမှတ်ထား။ သစ်ရွက်ကိုသာ၊ ခူးစေပါ၊ ဆရာဟောမြွက်ကြား။ အရင်းပြတ်မှာ၊ သေဆုံးရာ၊ ဆေါက်ပါ ခိုက်ရန်ပွား။ အဖျားပြတ်လျှင်၊ လွန်ငြိုငြင်၊ ပူပင်သောကများ။ သစ်ရွက်နှာဆာ၊ လွတ်၍ပါ၊ ချမ်းသာသုခပွား။

**အခြေလေးချောင်း တောသတ္တဝါ၊ အိမ်,ရွာ, မြို့ဝင် နိမိတ်အဟော**

အခြေလေးဖြာ၊ တောသတ္တဝါ၊ ဝင်လာနိမိတ္တ။ အရှေ့မှပင်၊ တောသားဝင်၊ မင်းလျှင်ပူဇော်ရ။ အနောက်မျက်နှာ၊ ဝင်ပေလာ၊ ကြီးစွာ စိတ်သောကာ။ ရှေ့တောင်မှာကား၊ ဝင်လာပြား၊ ထွားထွား ညက်ကြေရ။ ကြွင်းရပ်မှသာ၊ ဝင်ရောက်လာ၊ ထူးစွာကျိုးမပြ။

## လဆန်း လဆုတ် မြေခံရွေးနည်း

ဆန်းထငါးရက်၊ ၁၅ ရက်၊ ခံလျက်သူရဖွာ။ လေးရက်ဆန်းပြန်၊ ဘူမိမှန်၊ မြေခံတနင်္လာ။ ၃– တစ်ဆယ့်သုံး၊ မြေခံထုံး၊ မှတ်ကြုံး ဂြိုဟ်သောမာ။ ၂– တစ်ဆယ့်နှစ်၊ ခံလစ်နေ့ဗုဒ္ဓါ။ ၁– ဆယ့်တစ်ရက်၊ ဆန်းပြန်ချက်၊ ကြွက်မင်းမြေခံလာ။ ဆယ်ရက်ဆန်းက၊ ဂြိုဟ်သောကြ၊ ခံထမလွဲပါ။ ကိုးရက်ခေါင်ဥး၊ ဆန်းလာသေး၊ ခံရေးစနေပါ။ ဆန်းရှစ်ရက်တွင်၊ ရာဟုပင်၊ မြေလျှင်ခံသည်သာ။ ၇– ရက်ကို၊ မြေခံဆို၊ ကိုတ်ဂြိုဟ်ကျမ်းပြလာ။ ၆– ရက်ဆန်းမှ၊ မြေခံရှု၊ မိတ္တူမှတ်လေပါ။ လပြည့်ကျော်တွက်၊ မြေခံချက်၊ ရက်ဗုဒ္ဓမြောက်ရက်မေ၊ ခံလေဂုရုလာ။ ကျော်ထငါးရက်၊ ဆယ့်ငါးရက်၊ ခံလျက်ဂြိုဟ်သောကြာ။ ၄–တစ်ဆယ့်လေး၊ ကျော်ပြန်သေး၊ ခံရေးရေနှာဂါ။ ၃–ရက်ကျော်ပြန်၊ ဆယ့်သုံးတန်၊ မြေခံ ရာဟုသာ။ ၂– တစ်ဆယ့်နှစ်၊ ကိတ်ခံလစ်၊ စင်စစ်မှန်လေပါ။ တစ်ရက်–ဆယ့်တစ်ရက်၊ ပြည်ခဲကျော်ထွက်၊ ခံချက် မိတ္တူသာ။

## မြေစာဆယ်ပါး၏ အကျိုးအပြစ်

တနင်္ဂနွေခံ၊ ပျက်ရန်ဥစ္စာ၊ စန္ဒလာဘ်ရ၊ ဘောမရောဂါ၊ ဗုဒ္ဓငြိမ်းမှု၊ ဂုရုအောင်ရာ၊ သောကြာလာဘ်၊ စနေဆင်းရဲ၊ နှောင်တဲ့ရာဟု၊ ကေတုချမ်းအေး၊ မှုရေးမိတ္တူ၊ ကျိုးပြစ်ပြ၊ မှတ်ကြသော့ကုန်ပါ။

## လဆုတ်မြေခံရွေးနည်း

ဆန်း, ဆုတ်, မြေခံ၊ ညှိနှစ်တန်၊ မှတ်ရန်မိန့်ခဲ့မှာ။ လဆန်းကြုံရေး ၁–၄–၉–၈၊ ၉ ဆယ့်နှစ်၊ စွန့်ပစ်ဝေးဝေးခွာ။ လဆုတ်ကြုံလစ်၊ ၂–၃–၅–၇၊ ဆယ့်တစ်သုံးသွယ်၊ မှတ်ဖွယ်မကောင်းပါ။

## တစ်နည်း လဆန်းမြေခံသံပေါက်

မြေခံနှစ်ပါး၊ ထွေပဟန်ခြား၊ မှတ်သားမျိုးလေးဖြာ။ လဆန်း တစ်ရက်၊ နတ်ခံလျက်၊ ကျေပျက်ပြုန်းတီးရာ။ ကညာသမီး၊နှစ်ရက်နှီး၊ ပြီးစီးဆောင်တိုင်းသာ။ သုံးရက်မှာနွား၊ ခံလာငြား၊ လာဘ်တားကြီး လှစွာ။ လေးရက်နဂါး၊ ကြုံလာငြား၊ မမှားပျက်စီးရာ။ ငါးရက်ဂဠုန်၊ မြေခံကြုံ၊ အပုံချမ်းသာရာ။ ခြောက်ရက်မှာဆင်၊ သေဘေးမြင်၊ ဆင်ခြင်အမြဲသာ။ ခုနစ်ရက်တွင်၊ သိန္နွာပင်၊ အောင်မြင်ပြီးစီးရာ။ ဒွန်းစဏ္ဍားခံ၊ ရှစ်ရက်မှန်၊ ပူပန်ဆင်းရဲစွာ။ ကိုးရက်မှာထူး၊ ခံဘီလူး၊ ရှောင်ဦးဝေးလှစွာ။ ဆယ်ရက်တွင်ကျ၊ ဗြဟ္မာပ၊ ကြွယ်ဝချမ်းသာရာ။ ဆယ့်တစ်ရက်ကား၊ ချမ်းသာများ၊ သိကြားခံလေပါ။ ဆယ့်နှစ်ရက်တွင်၊ ပျက်စီးမြင်၊ ခံချင်ခွေးယုတ်မာ။ ဆယ့်သုံးရက်ကား၊ ဗြဟ္မာထား၊ ကြီးပွား ချမ်းသာရာ။ ဆယ့်လေးရက်မှန်၊ ဂဠုန်ခံ၊ ကြံတိုင်းပြီးစီးပါ။ ဆယ့်ငါးရက်ကား၊ ခံသိကြား၊ ကြီးပွားချမ်းသာရာ။

## လဆုတ် မြေခံသံပေါက်

တစ်ရက်ကျော်ပြီး၊ ရှုမငြီး၊ သမီးလှကညာ။ ဆောင်လေသမျှ၊ မှုကိစ္စ၊ မုချစီးပြီးရာ။ နှစ်ရက်မှာကား၊ ဗျဿကျား၊ ကြီးမားဆင်းရဲစွာ။ သုံးရက်နတ်ခံ၊ ဗိဘားတွေ့မှန်၊ ကောန်မလွဲသာ။ လေးရက်မှာနွား၊ နတ်တွေ့ငြား၊ ရှားပါး၊ မရှိပါ။ ငါးရက်မှာဆင်၊ သေဘေးမြင်၊ ဆင်ခြင်လွဲအပ်စွာ။ ခြောက်ရက်ဂဠုန်၊ မြေခံကြုံ၊ လုံးစုံကောင်းလှပါ။ ခုနစ်ရက်ကား၊ ဒွန်းစဏ္ဍား၊ မမှားပျက်စီးရာ။ ရှစ်ရက်မှာလျှင်၊ သိန္နွာပင်၊ အောင်မြင်ပြီးစီးရာ။ ကိုးရက်မှာကား၊ ဗြဟ္မာထား၊ မင်းကားပူဇော်ရာ။ ဆယ်ရက်ဘီလူး၊ ခံတုံဦး၊ အထူးသေပျောက်ပါ။ ဆယ့်တစ်ရက်တုံ၊ နဂါးကြုံ၊ အပုံဆင်းရဲစွာ။ ဆယ့်နှစ်ရက်ကား၊

ချမ်းသာများ၊ သိကြားခံလေပါ။ ဆယ့်သုံးရက်မှန်၊ ဝက်လျှင်ခံ၊ ကောန်ပြုန်းတီးရာ။ ဖြဟ္ဗာဆယ့်လေး၊ ခံတုံသေး၊ မနေးလာဘ်ကြီးစွာ။ ဂျွန့်ဆယ့်ငါး၊ ခံလေငြား၊ ကြီးမားချမ်းသာရာ။

## စုနစ်နေ့ဖဝါးယူနည်း

တနင်္ဂနွေ၊ ဆယ်ဖဝါးရေ၊ ဆောင်လေမှုကိစ္စ။ ငါးဖဝါး တနင်္လာ၊ ရှစ်ဖဝါးမှာ၊ အင်္ဂါနေ့ဘောမ။ ဗုဒ္ဓလေးဖဝါး၊ သုံးဖဝါး၊ နေ့ကြားဂုရုမှ။ ဆယ့်နှစ်သောကြာ၊ စနေမှာ၊ ကိုးဖြာဖဝါးပြ။ ဆိုခဲ့ချိန်တွင်၊ ပြုဆောင်လျှင်၊ အောင်မြင်မှုကိစ္စ။

## တိထိငါးပါး အကျဉ်းအကျယ် နှစ်ရပ်ကို ပြဆိုခြင်း

ငှင်းလရက် ဆောက်အုံသောနေ့အထိရေ၊ ၅–ခုစား၊ တစ်ခုကြွင်းမှ နန္ဒာတိထိ။ ၂–ခုကြွင်းမှ ဘဒြာတိထိ။ ၃– ခုကြွင်းမှ ဇေယျာတိထိ။ ၄ ခု ကြွင်းမှ ရိတ္တာတိထိ။ ၅ ခု ကြွင်းမှ ပုဏ္ဏတိထိ ဟူ၍မှတ်။ ထိုငါးပါးသော တိထိတို့တွင် ရိတ္တာတိထိ၌ ကျောင်း၊ ကန်၊ ဘုရားတည်ထားခြင်း၊ အိမ်ရာဆောက်ခြင်း စသည်တို့ကို အထူးရှောင်ပါလေ။

## တိထိငါးရပ်၏ ဇရားဇောက်ပုံ

| အမည် | နန္ဒာ | ဘဒြာ | ဇေယျာ | ရိတ္တာ | ပုဏ္ဏ |
|---|---|---|---|---|---|
| တိထိ | ၁ | ၂ | ၃ | ၄ | ၅ |

အကျယ်ခရားဆောက်နှင့်တကွ အဟောကို ပြဆိုခြင်း

ထိုနေ့ တိထိကို သိလိုသော် စတုဒသတည်၊ ရောက်သောလတွင် ရက်ကိုရေ၍ နန္ဒာ၊ ပဉ္စဒသာစား၊ စားကြွင်းမှာထိုနေ့တိထိဖြစ်၏။

| နန္ဒာ | ဘဒြာ | ဇေယျ | ရိတ္တာ | ပုဏ္ဏ |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |

ကောင်းသောမင်္ဂလာ၊ ချမ်းသာစီးပွား၊ များပါစေအောင်၊ ကောင်းကျိုးဆောင်မည်၊ နားတို့လည်လော့၊ တိထိတစ်လုံး၊ ၆ လုံး၊ ၁၀ လုံးသည် နန္ဒာတိထိဖြစ်၏။ ထိုနန္ဒာတိထိ၌ အိမ်တိုင် ထူခြင်း၊ အိမ်ဆောက်ခြင်း၊ ကောက်မျိုးကြဲခြင်း၊ ကျောင်းဆောက်ခြင်း၊ ဘုရားစေတီ ပုထိုးတည်ခြင်း၊ ထီးတင်ခြင်း၊ အလှူကောင်းမှုပြုခြင်း၊မင်းဝယ်ခစားခြင်း၊ ဤသို့ပြုကောင်းလျက် မပြုဘဲ ဘဒြာတိထိပြုမိချေအံ့။ စန်း, လဂ်, နေ့၌ပင် ကောင်းသော်လည်း ပျက်တတ်လေသတည်း။ ထိုသို့ အဖြစ်အပျက်ဖြစ်သည်ကို အကြောင်းမသိမူ၍ မစစ်မကြော မမေးမမြန်း ကျမ်း၌လာသော အစီရင် မတတ်သောသူတို့ကို အမှုဆောင်၍ မပြီးနိုင်လျှင် ကံကိုသာရိုး၍ ငရဲလားရလေ၏။ ထို့ကြောင့် ရကား ဘဒြာတိထိ၌ မပြုရာဟု မှတ်လေ။

ဘဒြာတိထိ၌ကား ၂ လုံး၊ ၆ လုံး၊ ၁၂ လုံးတည်း။ ဘဒြာတိထိ၌ အမှုဆောင်ရသည်ကား အရှင်စကားဆိုခြင်း၊ ဝန်ခံခြင်း၊ အမည်အရည်ခံခြင်း၊ အမည်မှည့်ခြင်း၊ ကိုယ်စားလှယ်သွားခြင်းစသော အမှုကို ဘဒြာတိထိ၌မပြုဘဲ ဇေယျာတိထိ၌ ပြုမိအံ့။ နေ့တိုင်းပျက်စီး

တတ်သည်။ ဧယျာတိထိကား ၃ လုံး၊ ၈ လုံး၊ ၁၃ လုံးတည်း။ ထို ဧယျာတိထိ၌ ပြုရသောအမှုကား တရားဆုံးဖြတ်ခြင်း၊ အားထုတ်၍ ကောင်းသောအမှုပြုခြင်း။ မြို့တည်ခြင်း၊ ကျူးတူးခြင်း၊ တံခါးတိုင်၊ တံခါးတပ်ခြင်း၊ အဲမောင်း, လုံ့ရှည်အိမ် ဓား, ခွက်ခွင်း ကြေးနင်း, မောင်းစည်, လက်ခတ်, မုရိုးစည်, ပဋှင်, တူရိယာ, မနောလင်ပန်း, ကြေးရောသနွေ့ဖလား, ကာလွှားဘုနပ်, ကျောက်အုတ်ခင်းခြင်း၊ ရန်သူရှိရာ အရပ်သို့ စစ်ထိုးခြင်း၊ တပ်တည်ခြင်း၊ ကင်းတိုကင်းရှည် ထားခြင်း၊ အောင်တမန်သွားစေခြင်း၊ ကြီးစွာသော သစ္စာရေတို့ကို တိုက်ခြင်း။ ဤသို့စသော အမှုတို့ကို ဧယျာတိထိမပြုဘဲ ရိတ္တာတိထိ၌ ပြုမိသော် မကောင်း၊ ပျက်တတ်၏။

ရိတ္တာတိထိ၌ကား ၄ လုံး၊ ၉ လုံး၊ ၁၄ လုံးတည်း။ ရိတ္တာ တိထိ၌ပြုရသော အမှုကား မြေ၌တည်ယှင်ခြင်း၊ သစ်ပင်ကောက်ပင် စသည်တို့ကို ခုတ်ထစ်ဖြတ်လှဲခြင်းစသော အမှုတို့ကိုပြုခြင်း၊ လှေကား ထောင်ခြင်း၊ လက်ကတုံးဖွဲ့ခြင်း၊ အိမ်တက်ခြင်း၊ ဘိသိက်မြှောက်ခြင်း၊ ခမဲပေးခြင်း၊ ရှူး, ဆောက်, တံစဉ်း, ပုဆိန်, လေးမြား ခတ်ခြင်း, တောင်း, တင်း, ပုတ်ယက်ခြင်း၊ ရက်ဖောက်ခြစ်နဲ့သပီခြင်း၊ ဥယျာဉ် စသည်တို့ကို လည်းကောင်း ဆေးကုခြင်း၊ ဆေးကြိတ်ခြင်း၊ သူနာတို့ ဆေးသမားခေါ်ခြင်း၊ ဆေးသမားလာခြင်း၊ ပဋှင်းခံခြင်း၊ ဆံ,မုတ်ဆိတ် ရိတ်ခြင်းတို့ကိုလည်းကောင်း ရိတ္တာတိထိ၌ ပြုရာ၏။ ပုဏ္ဏားတိ ထိ၌ကား ၅ လုံး၊ ၁၀ လုံး၊ ၁၅ လုံးတည်း။ ထိုပုဏ္ဏားတိထိ၌ကား အတတ်ပညာသင်ခြင်း၊ စာပေးခြင်း၊ စာလှူခြင်း၊ မန္တရား သရဇ္ဈာယ်ခြင်း၊ မီးမြေချခြင်း၊ မော်ကွန်းတည်ခြင်း၊ လင်မယား ဥစ္စာအတုထားခြင်း၊ အမိ, အဖတို့ကို ပူဇော်ခြင်း၊ ဘယက်တန်ဆာ ဆင်ခြင်း၊ ရတနာတို့ကို သိမ်းဆည်းခြင်း စသောအမှုတို့ကို ပုဏ္ဏား

တိထိဥ္စပြုရာ၏။ ဤသို့လျှင် တိထိငါးပါးတို့၌ အမှုဆောင်သရုပ်ကို ဆရာတို့ မိန့်ဆိုကုန်၏။

## နေကြွတ်, လကြွတ် အကျိုးဟောရန်

အစဥ္စာကောင်းကင်၊ ပုံတောင်ယှဥ်လျက်၊ အစဥ်တွက်ကြ၊ နေနှင့်လတို့၊ ကမ္ဘာ့ဓမ္မတာ၊ သူရာတမ်းလတ်၊ ကြွတ်သည့်ရောင်ခြည်၊ အတည်မရှိ၊ ဝိပရိသဘော၊ အဟောစေ့ငုံ၊ စုံစွာရှု၍၊ ယခုအကန့်၊ တစ်တန့်တင်ပါး၊ ပိုင်းခြားပြသအံ့သော နေကြွတ်,လကြွတ် အကျိုး ဟောကား...

နေ,လတို့ကို ရာဟု ကြွတ်သောအခါ နီသောအဆင်းရှိမူ မီးဘေး၊ ဝတ်မွတ်ဘေး၊ မိုးကြိုးလောင်မီးဘေး၊ မီးနှင့်စပ်အပ်သည့် အလုပ် စသည်တို့အား နှိပ်စက်ခြင်းဖြစ်အံ့။ မိုးသည်းထန်စွာရွာအံ့။ သားငှက်တို့ ပျက်စီးအံ့။ ချိုးရင်မွေး၊ ခိုခြေ၏အဆင်းကဲ့သို့ နီပြေသော အဆင်းရှိမူကား သူဆင်းရဲတို့အား ဖျားနာဆင်းရဲခြင်းဖြစ်အံ့။ ကြာပဒုမ္မာကဲ့သို့ ဖြူသောအဆင်းရောယှက်၍ နီသောအငွေ့သန်းမူ၊ ကုန်သည် လူမျိုးတို့ ရောင်းရေးဝယ်မှုညံ့ခြင်း၊ သတ္တဝါအပေါင်းတို့ ဖျားနာ တတ်ခြင်း၊ အစားဆန်ရေပေါများခြင်း၊ မီးဘေးရောက်ခြင်းတို့သည် ဖြစ်၏။ နေအရုဏ်တက်သကဲ့သို့ အဆင်းရှိမူ ဝတ်မွတ်အံ့။ ရွှေးနီ အဆင်းရှိမူ စစ်ဖြစ်အံ့။ (မီးအရောင်ကဲ့သို့ရှိမူ ဘေးများအံ့လည်း ဟုသည်။)

ဆေးဒန်းအဆင်း၊ ရွှေသောအဆင်း၊ နေစာရီးအဆင်းကဲ့သို့ ရှိမူ အသေအပျောက်များအံ့။ တစ်နည်း စစ်ထွက်အံ့။ ဖြူသောအဆင်း ရှိမူ ဝပြောအံ့။ ပုဏ္ဏားလူမျိုးတို့အား နှိပ်စက်အံ့။ ဖျော့သောအဆင်း ရှိမူ ဝတ်မွတ်အံ့။ မန္တာအယူ မကောင်းသောသူတို့ ပျောက်ပျက်အံ့။

ကြောင်သော အဆင်းရှိမူ သစ်သီးမျိုး ပျက်စီးအံ့။ ခရီးသွားသော သူ၊ အမျိုးယုတ်သူတို့ ပျက်စီးငတ်မွတ်အံ့။ အရောင်မည်းမူ သူဆင်းရဲတို့ အနာရောက်အံ့။ မီးခိုးရောင်ရှိမူ ဘေးကင်းအံ့။ ဖြည်းညှင်းစွာ မိုးရွာအံ့။ (ကတာစိန္တာမဏိကျမ်း၌ မိုးနည်းအံ့လည်းဟူ)

ရှေးသူရကျမ်းဟောင်း၌ သမ္မကြတ်မူ ဖွတ်သိုပ်အံ့။ နံထောင်ဖောက်မူ အနာနှိပ်စက်အံ့။ အပ်မူ ဝပြောအံ့။ ကြတ်သောအရောင် နီမူ မင်း၊ ကြောင်မူ ရဟန်း၊ ပုဏ္ဏား၊ ရွှေမူ သူဌေး၊ သူကြွယ်၊ ညိုမူ စစ်သူကြီး၊ မည်းမူ ဆင်းရဲသားနှင့် အခြေလေးခု သတ္တဝါတို့ကို၊ ဖြူမူ ဝပြောအံ့ ဟူ၏။

## ပျိုးကြီရက်ရွေးနည်း

ကျူး-လာ-မိုးသက်၊ ပျိုးကြီရက်။
စနီးလင်္ဂအနေ၊ ကောင်းလှစေ။

## လယ်နတ်ပူဇော်၍ လယ်ထွန်နည်း

လယ်နတ်ကိုသာ၊ ပူဇော်ရာ၊ နည်းနာယူကုန်ကြ။ နွားတပ်လျက်သာ၊ ထွန်ကိုင်းမှာ၊ ကိုင်ကာသပြီးမှ။ မြတ်လေးဖြူစွာ၊ ပန်းနှင့်သာ၊ လယ်မှာ တင်ပသ။ သမ္မဒေါသာ၊ ရှင်းရှင်းကွာ၊ များစွာ သိတတ်လှ။

## ထွန်သွားတပ်နည်း

တစ်ချောင်း၊ သုံးချောင်း၊ ငါးချောင်း၊ တစ်ဆယ်၊ မှုကြီးငယ်၊ တပ်ဖွယ်ထွန်သွားများ။ တစ်ချောင်းထွန်က၊ သင့်မြတ်လှ၊ သုခ တိုးစီး... သုံးချောင်းထွန်မူ၊ ထိုသည့်သူ၊ ပြောထူစားဖွယ်များ။

ါးချောင်းထွန်လျှင်၊ လယ်သခင်၊ စည်ပင်ဥစ္စာများ။ ဆယ်ချောင်း ွန်ပေ၊ ကျက်သရေ၊ တက်နေပုံအလား။ ထွန်သွားတပ်ရာ၊ မ်းအလာ၊ မှတ်ပါနောင်လူများ။

## ကောက်သစ် ဆန်စားသောနေ့

ကောက်သစ်စပါး၊ ရလာငြား၊ စားနေ့လှ မိုးသူ။ ဆရာသမား၊ ဘများ၊ ဘုရား,ကျောင်းကန်လှူ။ နက္ခတ်ကောင်းရာ၊ စားလေပါ၊ မ်းသာသုခဟူ။

## ပါးသွင်းရ မသွင်းရသောနေ့ရွေးနည်း

တနင်္ဂနွေ, တနင်္လာ၊ စပါးမသွင်းရာ။ ဆောင်, လ, ဟော, ္ခာ၊ စပါးသွင်းနေ့ပါ။ တစ်နည်း–ကမ္ဘနေ့များ၊ တွေ့လေငြား၊ ပါးမသွင်းရ။ ကြွင်းငါးနေ့မှာ၊ သွင်းလေပါ၊ ဥစ္စာတိုးတက်လှ။

## မောင်းဆင့်နည်း

မောင်းတုံးရှည်စွာ၊ ဆယ့်လေးထွာ၊ လေးထွာခါးလျှင်ပြု။ ထွာမှာကား၊ လက်ညှပ်ထား၊ မှတ်သားမယွင်းမှု။ ဆယ့်တစ်ထွာတွင်၊ ျည်ပွေ့ပင်၊ ဦးလျှင်ကျန်းသုံးခု။ ဂဟာပတီမှာ၊ ထားလေပါ၊ ရောဂါရန်မပြု။

## ယောက်မလုပ်နည်း

ယောက်မလုပ်လို၊ များလူဗိုလ်၊ ရှက်ကို ကြိုးဝမ်းဆွဲ။ ကြိုးဆန့်တင်၊ အပေါ်မှာ၊လေးဖြာလက်သစ်ကဲ။ ယောက်မရှိကို၊ ားစေလို၊ ကျမ်းဆိုမှန်မလွဲ။ ထိုထက်လွှန် ထုဇာ်၊ ပြုပြင်လုပ်၊ ကျိုးနုပ်လွန်သေးဖွဲ့”

## ဖိုခုံလောက်လုပ်နည်း

ဖိုခုံလောက်လုပ်ရာ၊ ရှေးနည်းနှာ၊ ကျမ်းလာမှတ်သားစု။ လုံးပတ်သုံးထွာ၊ ကြီးဆုံးသာ၊ ငယ်မှာ လေးသစ်ပြု။ အမြင့်တစ်ထွာ၊ မပိုရာ၊ မှာထုံးတန္တု။

## ပုဆိုးရက်ခြင်း၊ ဖြတ်ခြင်း၊ ချုပ်ခြင်း၊ ဝတ်ခြင်းနည်း

ပုဆိုးရက်ဖြတ်၊ ချုပ်ဝတ်အပ်၊ ရှေ့မှတ်နည်းနယ။ ဗုဒ္ဓနေ့မှာ၊ စရက်ပါ၊ စန္ဒပြီးစေရ။ ကြာသပတေးနေ့တွင်၊ ဖြတ်ပြီးလျှင်၊ ဝတ်ဆင်နေ့သောကြာ။ ဆိုတိုင်းပြုမူ၊ ထိုသည့်သူ၊ နတ်လှူဆေးမီယ။

## အဝတ်မချုပ်ရသော ရက်ရွေးနည်း

ဆန်းရက်ကြံရောက်၊ လေး–ခြောက်–ခုနစ်၊ ရှစ်–ကိုး–တစ်ဆယ်၊ အထည်အဝတ် မချုပ်ရ။ လဆုတ်တစ်သွယ်၊ ဆယ်နှင့် တစ်–နှစ်၊ သုံး–ခြောက်–ရှစ်၊ ဆယ့်နှစ်မချုပ်ရ။

## တစ်နည်း အဝတ်မချုပ်သော ရက်ယူနည်း

လဆန်းကြုံရေး၊ လေး–ခြောက်–တစ်ဆယ်၊ တစ်ဆယ့် တစ်ဝယ်၊ အထည်မချုပ်နှင့်။ လဆုတ်စစ်စစ်၊ တစ်–နှစ်–သုံး– ခြောက်၊ ရှစ်မြောက်ဆယ်ဟူ၊ ဆယ့်နှစ်မူ၊ ချုပ်ယူဘေးဒဏ်သင့်။

## ခေါင်းအုံး၊ မွေ့ရာချုပ်ရန်ရက်

ဝါ–လဲ–ဖုံ–သာ၊ မွေ့ရာဖုံချုပ်၊ ခေါင်းအုံးလုပ်လေ၊ ဤသုံးတွေ၊ ကြုံစေနက္ခတ်ကောင်း။

မွေးသင့်သော သတ္တဝါကိုးမျိုး

ခွေး ကြောင်, ကြောင်နက်၊ ကြက်ပြာ, ကြက်ညိုအကြာနီ၊ ...ကို နွားတ်ခမ်းတွဲ။ နွား နှမ်း, မြင်းဝါ၊ ဆင်ဟိုင်းသာ၊ ရှောင်ရာ ...ပြုကျွဲ။ မမွေးသင့်ပြား၊ ဤကိုးပါး၊ ပယ်ရှားလိုက်ကြကွယ့်။

မွေးအပ်သော နွား ၇ မျိုး

အသားပွပြား၊ နိမ့်တင်ပါး၊ ထိုနွားမမွေးအပ်။ ပေါင်အနေ ...င်း၊ ဒူးမြင်းခေါင်း၊ မကောင်းဟူ၍မှတ်။ သွားကြားရေယို၊ ...ယ်လူးချို၊ နံတို–နံကြပ် မမွေးအပ်။ မျက်တွင်းကျနွား၊ ခြေခွင်နွား၊ ...းထားမပြုအပ်။ မြေကယ်၍ပါး၊ ခြေတိုခါး၊ ခေါင်းမှာ တိုလတ် ...မွေးအပ်။ မွေးရှည်, မြီးရှည်၊ မွေးကြမ်းသည့်၊ လက်ရှည်,တိုလတ် ...မွေးအပ်။ နှာခေါင်းရှည်ပြား၊ ထိုထိုနွား၊ ရှောင်ရှား သက်လုံးမှတ်။

...းအပ်သော နွား ၉ မျိုး

ထိပ်လယ်ကျားနေ၊ လည်ပင်းဖွေ၊ ရှိလေနွားမြတ်၊ မွေးမြူ ...ပ်သည်။ခြေ–လက်အဖြူ၊ မြီးဖျားဖြူ၊ ခွာမှုရှည်လတ်၊ မွေးမြူ ...ပ်သည်။ ကျောက်ကုန်း၌ဖွေ၊ မြီးရင်းဖွေ၊ ရှိလေတုံလတ်၊ ...မြူအပ်သည်။ မျက်စိ မျက်နှာ၊ တင့်တယ်စွာ၊ နားမှာတိုလတ်၊ ...မြူအပ်သည်။ ဆိုခဲ့လေပြား၊ ထိုသည့်နွား၊ ကောင်းစားစေတတ်၊ ...က်လုံးမှတ်ပါ။

...နေ့သား နွားမွေးကျမ်း

နေ့ခုနစ်ရက်၊ နွားမွေးချက်၊ တစ်သက်မှတ်လေကွယ့်။ ...ဂနွေသား၊ မွေးသကြား၊ နွားမှာ နီ, ဖြူတဲ့။ တနင်္လာသား၊

မွေးဖို့ကား၊ နွား၊နီပြောက်ကျားတဲ့။ နွားနက်အင်္ဂါ၊ ဗုဒ္ဓါနေ့သား နီကျားကျား၊ မွေးထားကောင်းသည့်တဲ့။ ကြာသပတေး၊ သောကြာ စနေမှာ ကြောင်, ပြာအနှမ်းမွေးလေတဲ့။

**နံ့သင့် နွားမွေးနည်း**

တနင်္လာသား၊ မွေးသင့်ပြား၊ နွားနီ, နွားနက်တဲ့။ နီပြောက် မွေးပါ၊ တနင်္လာ၊ အင်္ဂါဖြူကျားတဲ့။ ဗုဒ္ဓနီဖြူဖြူ၊ ဂုရုမှု၊ မွေးပ နွားနက်တဲ့။ နှမ်း၊ပြောက်သောကြာ၊ စနေမှာ၊ ဥစ္စာတက်မည်တဲ့။

**ခုနစ်နေ့သား မြင်းမွေးကျမ်း**

မြင်းမွေးကျမ်းကို၊ ပြည့်စွန်းဆို၊ လူ့ဗိုလ်မှတ်နားသွင်း။ တနင်္ဂနွေ သားမှာ မွေးသင့်ရာ၊ ဆင်းမှာနီမောင်း ဖောင်းဝတ်မြင်း။ တနင်္လာမှ ပြောက်အဖြူ၊ မှတ်ယူအုန်းခမြင်း။အင်္ဂါမြွင်းနက်၊ ခိုင်းလျော်ချက် တစ်သက်မှတ်လေမင်း။ ဗုဒ္ဓဟူးသားမူ၊ လေးဘက်ဖြူ၊ မညှိုနီချင်းချင်း၊ ကြာသပတေးရွှေ။ သောကြာပေ၊ မွေးလေခံ့သီးဆင်း။စနေ, နီ နက်၊ မွေးရန်ချက်၊ ကျမ်းထွက်မှန်မယွင်း။

**မမွေးအပ်သော ကြောင်, ခွေးများ**

ခြေ, လက်, မည်းတူး၊ မြူးတူ, နားရောင်၊ ပွသောကြောင် ကောင်းအောင်မွေးအပ်စွ။ ခြေသည်း, လက်သည်း၊ နက်မည်းမှင်တု ကိုယ်လုံးဖြူ၊ ခွေးမူမွေးလေကြ။ ခြေလက်မည်းဖြူ၊ နှာမောင်းဖြူနှင့် ကိုယ်မူအနီ၊ ကြန်စုံညီ၊ ဤသုနခ မွေးသင့်လှ။ ပုတ်သင်မည်းသွင် အမည်ထင်၊ နားလျှင်ရှည်လေစွ။ ကြက်ရုံးမြက်ဆံ၊ ခွေးကြောင်ပျံ နိုင်းစံမရ သုနခ။

**သင့်သောဆိတ်**

၁၀ ချောင်း၊ ၉ ချောင်း သွားကောင်းရှိက၊ မွေးသင့်လှ၊ တ်များရာဇမင်း။ ဝဲ,ယာဗွေပါ၊ ရှေ့လာသောက်စား၊ ဆိုဆိတ်များ၊ ထားကောင်းကြွယ်ခြင်း။

**မွေးသင့်သောကြက်**

ဥကိုဖောက်စား၊ ကြက်မများ၊ ဘုရားကျောင်းကန်လှူ။ ငါးဥ၊ ဥ၊ ဥပြောက်တစ်သွယ်၊ ဥငယ်, ဥပြား၊ ကြက်မများ၊ ဘုရား ကျောင်း၊ကန်လှူ။

**ဦးမွေးရသော သတ္တဝါ**

ခြေနှလေးချောင်းတွင်၊ ရှေးဦးတွင်၊ အလျင်ဝယ်လို့မွေး။

**ပိမက်အပြား ခြောက်ပါး**

၁။ မြင်ဖူးသည်ကို စွဲ၍မက်ခြင်း၊ အကျိုးရှိ၏၊ အပြစ်ရှိ၏။

၂။ ကြားဖူးသည်ကို စွဲ၍မက်ခြင်း၊ အကျိုးအပြစ်ရှိ၏။

၃။ ခံစားဖူးသည်ကို စွဲ၍မက်ခြင်း၊ အကျိုးအပြစ်ရှိ၏။

၄။ ကြံဖူးသည်ကို စွဲ၍မက်ခြင်း၊ အကျိုးအပြစ်ရှိ၏။

၅။ ဖြစ်ဖူးသည်ကို စွဲ၍မက်ခြင်း၊ အကျိုးအပြစ်မရှိ။

၆။ ဓာတ်ချောက်ချား၍ မက်ခြင်း၊ အကျိုးအပြစ်မရှိ။

**န်နည်း အိပ်မက်အပြားလေးပါး**

၁။ နတ်တို့ ပြောကြား၍မက်ခြင်း၊ အကျိုးအပြစ်မရှိ။

၂။ ရှေ့ခံစားလေ့ကျက်ဖူး၍မက်ခြင်း၊ အကျိုးအပြစ်မရှိ။

၃။ ဓာတ်ချောက်များ၌ မက်ခြင်း၊အကျိုးအပြစ်မရှိ။
၄။ အကျိုးပေးအံ့သောကြောင့် မက်ခြင်း၊ ဧကန္တ အကျိုးရှိ၏။

**အိပ်မက်သောအခါ လေးပါး**

၁။ နေ့အခါမက်မှု မှန်–မမှန် နှစ်ပါး။
၂။ ညဦးယံမက်မှု မှန်–မမှန် နှစ်ပါး။
၃။ မိုးသောက်ယံမက်မှု အမှန်။
၄။ အရုဏ်တက်မက်မှု အမှန်။

**တစ်နည်း အိပ်မက်သောအခါ သုံးပါး**

၁။ ညဦးမက်မှု တစ်နှစ်အတွင်း အကျိုးအပြစ်ပေးသည်။
၂။ သန်းခေါင်မက်မှု နှစ်နှစ်ခွဲအတွင်း အကျိုးအပြစ် ပေးသည်။
၃။ မိုးသောက်မက်မှု၊ တစ်လအတွင်း အကျိုးအပြစ်ပေးသည်။

**တစ်နည်း အိပ်မက်သောအခါ ငါးပါး**

၁။ ညဦးမက်မှု သုံးနှစ်အတွင်း အကျိုးအပြစ် ပေးသည်။
၂။ သန်းခေါင်မက်မှု နှစ်နှစ်အတွင်း အကျိုးအပြစ် ပေးသည်။
၃။ မိုးသောက်မက်မှု တစ်နှစ်အတွင်း အကျိုးအပြစ်ပေးသည်။
၄။ နံနက်နေထွက်မက်မှု၊ ခုနစ်လအတွင်း အကျိုးအပြစ် ပေးသည်။
၅။ မွန်းတည့်မက်မှု ခုနစ်ရက်အတွင်း အကျိုးအပြစ် ပေးသည်။

**တစ်နည်း အိပ်မက်သောအခါ ငါးပါး**

၁။ နေ့အခါမက်ခြင်း၊ အကျိုးအပြစ် ပေး မပေး။
၂။ ပထမယံမက်ခြင်း၊ အကျိုးအပြစ် မပေး။

၃။ သန်းခေါင်ယံမက်ခြင်း၊ အကျိုးအပြစ်ပေးသည်။
၄။ မိုးသောက်ယံမက်ခြင်း၊ အကျိုးအပြစ်ပေးသည်။
၅။ အရုဏ်တက်မက်ခြင်း၊ အကျိုးအပြစ်ပေးသည်။

**မက်သောအခါ ငါးပါး**

၁။ ပထမယံမက်မှု တစ်နှစ်အတွင်း အကျိုးအပြစ်ပေးသည်။
၂။ ဒုတိယယံမက်မှု ခြောက်လအတွင်း အကျိုးအပြစ် ပေးသည်။
၃။ တတိယယံမက်မှု သုံးလအတွင်း အကျိုးအပြစ်ပေးသည်။
၄။ စတု ယံမက်မှု တစ်လအတွင်း အကျိုးအပြစ်ပေးသည်။
၅။ အရုဏ်တက်မက်မှု ဆယ့်ရက်အတွင်း အကျိုးအပြစ် ပေးသည်။

**နည်း အိပ်မက်သောအခါ လေးပါး**

၁။ ညဦးမက်သော် တစ်နှစ်အတွင်း အကျိုးအပြစ် ပေးသည်။
၂။ သန်းခေါင်မက်သော် တစ်လခွဲအတွင်း အကျိုးအပြစ် ပေးသည်။
၃။ သန်းလွဲမက်သော်၊ ခုနစ်ရက်အတွင်း အကျိုးအပြစ် ပေးသည်။
၄။ မိုးသောက်မက်သော်၊ တစ်လအတွင်း အကျိုးအပြစ် ပေးသည်။

**က်သောနေ့များ**

၁။ တနင်္ဂနွေနေ့မှာ မယားအတွက် မက်သည်။
၂။ တနင်္လာနေ့မှာ ဆွေမျိုးအတွက် မက်သည်။

၃။ အင်္ဂါနေ့မှာ မိဘဆရာသမားအတွက် မက်သည်။
၄။ ဗုဒ္ဓဟူးနေ့မှာ ဘားသမီးအတွက် မက်သည်။
၅။ ကြာသပတေးနေ့မှာ အဆွေခင်ပွန်းအတွက် မက်သည်။
၆။ သောကြာနေ့မှာ ကျွန်၊ ကျွဲ၊နွားအတွက် မက်သည်။
၇။ စနေနေ့မှာ ကိုယ့်အတွက် မက်သည်။

**အိပ်မက်မကောင်း ပျောက်အောင်ကုနည်း**

အိပ်မက်ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ နံနက်အခါ မြော်မြင်တတ်သောသူထံ ပြန်ကြားရာသည်။ အိပ်မက်မကောင်းမူ ဘုရားကို ဆီမီးပူဇော်၍ ခေါင်းဆေးရာသည်။ အိမ်ရာ မထောင်သောသူတို့ကို ပူဇော်၍ အိပ်မက်သူကို ရွေးရာသည်။ အသက်ရှည်၍ ဘုန်းကြီးပြီး စည်းစိမ်ဥစ္စာနှင့် ပြည့်စုံရပါလို၏ဟု ဆုတောင်းရာသည်။

**တစ်နည်း အိပ်မက်မကောင်းပျောက်အောင်ပြုနည်း**

အိပ်မက်မကောင်းသော သူသည် ပရိတ်တော် ရေစံ၍ ခေါင်းဆေးရာသည်။ သစ်ပုတ်၊ ရေချမ်း၊ ထီး၊ တံခွန်၊ ပန်းတို့ဖြင့် ဘုရား ပုထိုးကို ပူဇော်ရာသည်။ ဗောဓိညောင်တော်ကို ထောက်ရာသည်။

ဤသို့ ကျမ်းအစောင်စောင်တို့ အဆိုမညီကြ။ သို့သော်လည်း အိပ်မက်မကောင်း ထင်မက်လျှင် မည်သည့်အခါ၊ အချိန်၊ နေ့၌ မက်သော အိပ်မက်ဖြစ်စေ၊ (ယတြာကောင်းက မင်းလောင်းပျောက်) ဆိုသကဲ့သို့ ဆေးရှစ်ပါးဖြင့် ခေါင်းဆေးခြင်းလည်းကောင်း၊ ဘုရားပုထိုးရှိခိုးခြင်း၊ နံ့သင့်ပန်းတို့ဖြင့် သက်စေ့ပူဇော်ခြင်း၊ တိရစ္ဆာန် စတုရန်းနံ့ သစ်သားတို့ကို အောက်ခံပြု၍ ခေါင်းဆေးခြင်းကိုလည်းကောင်း၊

ဤသို့စသော လောကီ, မဗ္ဗ, ယတြာကို ပြုခြင်းကြောင့် လွန်သည်မရှိ ကင်းပျောက်ကုန်သည်။

အိပ်မက်, အတိတ်, နိမိတ်, တပေါင်, စနည်း, ဂြိုဟ်စား, သက်ရောက် စသည်တို့ကို မယုံကြည်တတ်လျှင် မိစ္ဆာဒိဋ္ဌိဖြစ်တတ်သည်။ ထို့ကြောင့် ငါ့အား အကုသိုလ်ကံ အကျိုးပေးလို၍ မကောင်းသော အိပ်မက်စသည်တို့ကို မြင်လာကုန်သည်။ ကုသိုလ်ကံ အကျိုးပေးလို၍ ကောင်းသောအိပ်မက် စသည်တို့ကို မြင်လာကုန်သည်။ ဤသို့ ပုဗ္ဗနိမိတ်အဖြစ်ဖြင့် ကံကို အရင်းထား၍ ယုံကြည်ရမည်ဟု ပညာရှိတို့ မိန့်တော်မူကြသည်။ ထို့ကြောင့် ကံကို အရင်းထား၍ ယုံကြည်ကြလေသည်။

**မြင်သည်ကိုစွဲ၍ မက်သော အိပ်မက်များ**

စေတီရုပ်ပွား၊ ပုထိုးကို မြင်မက်သော် နတ်ကြီးတို့ ချစ်ခင်သည်။

ဘုရားဆင်းတုံ ရုပ်ပွားကြွသွားသည်ကို မြင်မက်သော် ကျက်သရေတိုးသည်။

နေ၊လ ကြွတ်သည်ကို မြင်မက်သော် ဘုန်းရှိသောသား ဖွားသည်။

အသီးအရွက် ပြည့်စုံသော သစ်ပင်ကို မြင်မက်သော် ဥစ္စာ ပြန့်ပွား၍ များပြားသည်။

အုန်းသီး ထန်းသီးကို မြင်မက်သော် လာဘ်ရသည်။

ရေအိုးတွင် လ, ကျသည်ကို လည်းကောင်း၊ လယ်တွင် ကျားရောက်သည်ကိုလည်းကောင်း မြင်မက်သော် အိမ်ရှေ့မင်း ဖြစ်သည်။

လိုဏ်ဂူကိုလည်းကောင်း၊ သံတိုင်ပြုသည်ကိုလည်းကောင်း မြင်မက်သော် မင်းသော်လည်းကောင်း၊ အမတ်သော်လည်းကောင်း ဖြစ်သည်။

ရွှေငွေကို မြင်မက်သော် မယားကောင်းရသည်။

နေ၊အိမ်၊လ ဖွဲ့သည်ကို မြင်မက်သော် ကျေးဇူးကြီးစွာ ချမ်းသာသုခရသည်။

နေ၊လ မွန်းတည့်သည် မြင်မက်သော် ချမ်းသာကြီးသည်။

ကြယ်ကို မြင်မက်သော် သူတစ်ပါးထက် မြတ်သည်။

ထမ်းစင်ထက် ကျိုးနားသည်ကို မြင်မက်သော် နာဖျားသေပျောက်သည်။

အိမ်ပြို၊ တောင်ပြို၊ ဘုရားပြို သစ်ပင်ကျိုးသည်ကို မြင်မက်သော် ဘေးကြီးစွာ ရောက်သည်။

ရေနောက်ကိုမြင်မက်သော် ဘေးကြီးစွာ ရောက်သည်။ ရေကြည်ကို မြင်မက်သော် ချမ်းသာသည်။ ရန်ငြိမ်းသည်။ ကျားကို မြင်မက်သော် မကောင်းပါ။

လှည်း၊ ပျဉ်၊ စာစည်းဆုံ၊ ချားရဟတ်တို့ကို မြင်မက်သော် သူ မကောင်းကြံသည်။ ခရုသင်းကို မြင်မက်သော် ဘေးကြီးသည်။

ဘုရားရုပ်တုကို မြင်မက်သော် ဘုန်းကြီးသည်။ အယူမှားသော သူတို့ကို မြင်မက်သော် မိစ္ဆာနတ် နှောင့်ယှက်သည်။

ဆင်၊ မြင်း၊ ဗိုလ်ပါကို မြင်မက်သော် ချမ်းသာသည်။

စစ်သည်အများ လာသည်ကို မြင်မက်သော် ရောဂါဖြစ်သည်။

မျောက်ကို မြင်မက်သော် မကောင်းပါ။ (ရွှေ၊ ငွေ ရသည်)

ချောင်းကန်ရေကို မြင်မက်သော် သူကြီးဖြစ်သည်။

ဥယျာဉ်ကို မြင်မက်သော် လာဘ်ကြီးရသည်။

အိမ် မီးလောင်သည်ကို မြင်မက်သော် ဘေးရောက်သည်။

ရဟန်း အိမ်တွင်နေသည်ကို မြင်မက်သော် အိမ်ရှေ့မင်းဖြစ်သည်။

အပုပ်ကို မြင်မက်သော် လာဘ်ကြီးရသည်။

အိုးလည်ပြတ်ကို မြင်မက်သော် မကောင်းပါ။
ကြက်ခွပ်သည်ကို မြင်မက်သော် တရားတွေ့ရသည်။
ကျွဲလာသည်ကို မြင်မက်သော် ဘေးတွေ့သည်။
ကျွဲခတ်သည်ကို မြင်မက်သော် ရန်တွေ့သည်။
စပါးကို မြင်မက်သော် စကားဖြစ်လာသည်။
ဝက်ချင်းပက်သည်ကိုမြင်မက်သော် ရန်ဖြစ်သည်။
လက်ကတုံးတိုင်လဲသည်ကို မြင်မက်မူ ကိုးကွယ် ပြုသူ သေသည်။
လက်ကတီးတိုင် လဲသည်ကို မြင်မက်သော် မယားသေသည်။
တိုင်မ လဲသည်ကို မြင်မက်သော် မိမိသေသည်။
ဖွဲမီး တငွေ့ငွေ့ကို မြင်မက်သော် အပူတွေ့သည်။
မီးဖိုကို မြင်မက်မူ အလွန်ပူသည်။
သူသေကို မြင်မက်က အပြီးအစီးရောက်သည်။
သူသေ ထသည်ကို မြင်မက်က စကားဟောင်းပေါ်သည်။
မုန်တိုင်းထသည်ကို မြင်မက်သော် ကြောင့်ကြများသည်။
မြွေပွေး မြွေဟောက်ကို မြင်မက်မူ ရန်ပျောက်သည်။
ဥဗျိုင်း ဝန်းရံသည် မြင်မက်သော် အကြီးအကဲဖြစ်သည်။
အိမ်နား ဝန်းကျင်၌ မှိုပေါက်သည်ကို မြင်မက်သော် မိုးကြိုးကျသည်။
သူခိုးခေါင်းပြတ်သည်ကို မြင်မက်သော် ရန်အောင်သည်။
ဓား၊ လှံ၊ အရောင်တောက်သည်ကို မြင်မက်က ဘုန်းကြီးသည်။
ထောပတ်ရည်၊ နို့ရည်ကို ရွှဲရွှဲသောအားဖြင့်မက်မူ ဘီလူးဘေး၊ တော်မွတ်ဘေး၊ နာဖျားဘေးရောက်သည်။

အသီးနှင့်ပြည့်စုံသော သရက်, ဥသျှစ်ပင်တို့ကို မြင်မက်သော် ဥစ္စာ တိုးပွားသည်။

ထောပတ်, ပျားရည်တို့ကို မြင်မက်က ချမ်းသာကြီးသည်။

ရေ၌ မြွေ ကင်းကို မြင်မက်က ချမ်းသာရောက်သည်။

စေတီ,ဆင်းတု, တိမ်တိုက်, ရဟန်း, ပုဏ္ဏား မင်းတို့ကို မြင်မက်က ကောင်းကျိုးရောက်သည်။

စင်ကြယ်သော သူငယ်, ကြွယ်ဝသောသူ, မီးရဲရဲ, မြင်းစစ်သား ယာဉ်, သစ်ပင်, အစွယ်ရှိသော ဆင်, ငါးစိမ်း၊ အဆိပ်တို့ကို မြင် မက်သော် ကောင်းကျိုးရောက်သည်။

နေ, လ, အဿဝဏီ နက္ခတ်တို့ကို မြင်မက်က မပင်မပန်း မင်းဖြစ်သည်။

စင်ကြယ်သော နွားငယ်ဖွားသည်ကို လည်းကောင်း၊ လဝန်း ကိုလည်းကောင်း မြင်မက်က မင်းဖြစ်သည်။

သွေးကိုလည်းကောင်း၊ မြေ၌ လက်နက်စိုက်ထောင်သည်ကို လည်းကောင်း၊မြူတိမ်ကင်းသော ကောင်းကင်ကို လည်းကောင်း၊ နွား, ကျွဲ, ဆင်, မြင်း, ခြသေ့ကို လည်းကောင်း၊ နန်းပြာသာဒ်ကို လည်းကောင်း၊ နတ်ကိုလည်းကောင်း၊ ပုဏ္ဏားဆရာကို လည်းကောင်း မြင်မက်သော် ချမ်းသာကြီးသည်။

ရေစီးကိုလည်းကောင်း၊ အိမ်၌ ဆင်, မြင်း, နွား, မွေးဖွား သည်ကို လည်းကောင်း၊ ရွှေ, ငွေကို လည်းကောင်း မြင်မက်သော် ကောင်းကျိုးရောက်သည်။

မကောင်းသောရေ သွန်လာသည်ကို မြင်မက်သော် သေသည်။

နတ်ဆင်းတု, ဗိဿနိုး နတ်တို့ကို မြင်မက်သော် အဆွေခင်ပွန်း ကောင်း ရသည်။

နီသောပန်းကို မြင်မက်သော် သေသည်။

ပခြုမ်တွင်း၌ ဓိးတောက်ကိုလည်းကောင်း၊ ဓားလုံအရောင် တောက်သည်ကိုလည်းကောင်း မြင်မက်သော် ကျွန်မူ တော်လှန်သည်၊ တော်လှန်သူ အမတ်ဖြစ်သည်။

အမတ်ဖြစ်ပြီးသူ မင်းဖြစ်သည်။

ထင်းပုံကို မြင်မက်က မကောင်းပါ။

အိမ်ကို ဆူးရံသည် မြင်မက်က ခိုးသူနှိပ်စက်သည်။

မိန်းမ အမွှေးရှည်ကို မြင်မက်က ချမ်းသာသည်။

ငှက်ပျောဖင်ကို မြင်မက်က ရွာပြောင်းရသည်။

ဆင်, မြင်း, လား, နွားမကို မြင်မက်က ကောင်းစားသည်။

ပွဲခံသည်ကို မြင်မက်က သေပျောက်သည်။

အလွန်ကြီးသော ကျွဲ, နွားကိုမြင်မက်က အလွန်ကောင်းသည်။

အရပ်လေးမျက်နှာမှ လာသည်ကိုမြင်မက်က လာဘ်ရသည်။

ဆင်ပေါက်ကို မြင်မက်က သူတစ်ပါး၏ ကိုးကွယ်ရာ ဖြစ်သည်။

## ကြားသည်ကိုစွဲ၍ မက်သော အိပ်မက်များ

ရုပ်ပွားဆင်းတု တရားဟောသည်ကို ကြားရမြင်ရမက်သော် ကျော်စောသည်။ စည်ကြီး, ကြေးနင်း, မောင်း, ခွက်ခွင်း, ပတ်သာ, နရည်, ခရု, ခရာ, ခေါင်းလောင်းသံကို ကြားရမက်သော် နှစ်လို ဝမ်းသာသည်။ သတင်းကောင်း ကြားရသည်။ မိုးကြိုးသံ၊ စည်, ခရာသံ, နဲသံ ကြားမက်သော် အမတ်ဖြစ်သည်။ ခင်ပုပ်ငှက်သံ ကြားမက်သော် အနာကြီးသင့်သည်။ ဥဒေါင်းသံ ကြားမက်သော် သတင်းကောင်းကြားသည်။ သာယာသောအသံ ကြားမက်သော် သတင်းကောင်းကြားသည်။

**စားသည်ကို စွဲ၍ မက်သောအိပ်မက်များ**

သစ်သီးမှည့်,သခွားမှည့်, လက်သုပ်, အမြိန်အရသာစား အုန်းသီးစားမက်သော် လာဘ်ရသည်။ ရှောက်, သံပရာသီး စားမက်သော် ရန်ပျောက်သည်။ မန်ကျည်းသီး စားမက်က သူကောင်းဖြစ်သည်။ ငရုတ်, ချင်း စားမက်သော် သူ့ဟာကာတို့ ဆရာဖြစ်သည်။ ဟင်းမျိုးစား သစ်ရွက်စားမက်သော် လာဘ်ရသည်။ လိမ် ငါးစားမက်သော် စပါး ဆန်ရေပေါသည်။

လိပ်ဥစသော ဥမျိုးစားမက်သော် ဆင်းရဲသူ ကြွယ်ဝသည်။ မြေခဲစားမက်က မင်းမှလာဘ်ကြီးရသည်။ သူတောင်းစားမက်သော် စစ်သူကြီးဖြစ်သည်။ ထမင်းစားမက်သော် လာဘ်ရသည်။ (ကျွန် ကြောင်များပါရှိလည်း) ရေခွက်နှင့်ထည့်၍ ထမင်းစားသော် လာဘ်ကြီး ရသည်။ အပုပ်စား, ကြက်သားစားမက်သော် လာဘ်ကြီးရသည်။ ၎င်းအပုပ်စားပြီးမှ အန်သည်ဟု မက်သော် ဘေးသင့်သည်။ သားငါး ကင်စား မိကျောင်းသား စားမက်သော် လာဘ်ကြီးရသည်။ လူသား စားမက်သော် ကျေးရွာ, ဆင်မြင်းရသည်။ ကွမ်းရွက်, သစ်ရွက်စား မက်သော် ပုဆိုးကောင်းရသည်။ ကြက်စသည်တို့၏ အတောင်အဖျား အနား စားမက်သော် ချမ်းသာသည်။ ရေကန်ထက်နေလျက် ကြာဖက် ဖြင့် နို့ဃနာ စားမက်ရသော် မင်းဖြစ်သည်။ ကျောက်ဖျာကို မျိုမက် သော် ကျေးရွာကြီးစွာရသည်။ ပြာသာဒ်ထက်၌နေလျက် စားရမက်သော် ကောင်းစားသည်။ ကျက်ပြီးလူသားစားရမက်သော်၊ လူလက်ရုံးစားရ မက်သော် မင်းဖြစ်သည်။ မင်းမဖြစ်သော် အသပြာတစ်သိန်းရသည်။

**သောက်သည်ကိုစွဲ၍ မက်သော အိပ်မက်များ**

နို့ကို ရွှေခွက်ဖြင့်သောက်မက်သော် သူများထက် ကျော်စော

သည်။ လာဘ်ကြီးရသည်။ မြစ်ရေသောက်မက်သော် သူများထက် ကျော်စောသည်။ နွားနို့သောက်မက်သော် ဉစ္စာများသည်။ သူများကို ကျေးဇူးပြုသည်။ သမုဒ္ဒရာရေ သောက်မက်သော် အလွန်ကောင်းသည်။ ပျားရည်သောက်မက်သော် ကြံသမျှပြီး၍ လာဘ်ကြီးတွေ့သည်။ နမ်းဆီသောက်မက်သော် စိုးရိမ်ကင်းသည်။ ရေသောက်မက်သော် အရာရှိဖြစ်သည်။ နို့ချိုသောက်မက်သော် မင်းဖြစ်သည်။ သေအရက် သောက်မက်သော် ကြောင့်ကြများသည်။ နို့စို့ရမက်သော် ပညာပေး လာသည်။ ပညာပေါက်သည်။ အိမ်မိုးခေါင်သို့ တက်၍ ရေလောင်း မက်သော် မင်းဖြစ်သည်။ ပြာသာဒ်ထက်၌ နေလျက်သာမက်သော် ကောင်းစားသည်။ ပျားရည်, ထောပတ်ရည် သောက်ရမက်သော် စည်းစိမ်တိုးသည်။ သွေးသောက်ရမက်သော် ပညာရသည်။ ဉစ္စာ ရသည်။ အလျှံနှင့်တကွ ထောပတ်ကိုသောက်ရသည်ဟု မြင်မက်သော် ချမ်းသာတိုးသည်။

## စီးသောယာဉ်ကိုစွဲ၍ မက်သော အိပ်မက်များ

ထမ်းစင် သန်လျင်းကို စီးမက်သော် လာဘ်ရသည်။ ပုခက်စီး မက်သော်ထင်ရှားသည်။ မြင်းစီးမက်သော် ချမ်းသာသည်။ မိကျောင်းစီး မက်သော် ရန်ကိုနိုင်သည်။ သင်္ဘောစီးမက်သော် အများထက်မြတ် သည်။ မြင်းဖြူစီးမက်သော် မင်းဖြစ်သည်။ နွားလည်ပင်းကို စီးမက်သော် သုခဖြစ်သည်။ လှေစီးလျက် မြုပ်သည်မက်သော် ယောက်ျားကောင်းရသည်။ ဖိနပ်စီးမက်သော် ဖျားနာသည်။ မြွေငန်းစီး မက်သော် ရောဂါဖြစ်သည်။ ပတ္တမြားစီးမက်သော် သားကောင်းရ သည်။ ကျွဲစီးမက်က ကျွန်ရသည်။ ပြာသာဒ်,တောင်, တောစိုးသစ်ပင်, အထိကရသစ်ပင် တောင်ထွတ်တို့ကို တက်စီးမက်သော် ချမ်းသာ

စီးပွားများသည်။ လေ့စီးလျက် မြစ်ကို ပင်ပန်းစွာ ကူးရသည်ဟု မက်က အရပ်တစ်ပါး ပြောင်းပြီးမှ ပြန်လာရသည်။ ယောင်စီးသည့်, ဝက်စီးသည် မက်က သေသည်။

**နွတ်ကိုစွဲမက်သော အိပ်မက်များ**

ရဟန်းပုဏ္ဏားနှင့် စကားပြောရမက်က ချမ်းသာသည်။ အသံသည်းစွာ ငိုကြွေးရမက်သော် ထင်ရှားသည်။ စည်းစိမ်များသည်။ တရားဟောမက်က သူနှင့် ခိုက်ရန်ပွားသည်။

**ကိုယ်ကိုစွဲ၍ မက်သော အိပ်မက်များ**

ဘုရား ပုထိုး ရှိခိုးမက်သော် ချမ်းသာသုခရသည်။ ဦးခေါင်းကွဲသည်၊ မြွေ့ရာမှကျသည်၊ သူ့ကို ဆီးတားရသည်။ ဒွန်းစဏ္ဍား အထက်နေရသည်။ စက်ပတ်သည်၊ထိတ်လန့်သည်၊ မြေတူးသည်၊ ဆား,ဆီ၌ ထိုင်သည်။ က,ခုန် မြူးထူးသည်။ စောင်းမှတစ်ပါး အခြားတူရိယာ တီးရသည်။ သီချင်းဆိုရသည်။ နွားချေးရေ ချိုးရသည်မက်သော် မကောင်းပါ။

မိမိအူကိုထုတ်၍ ရွာကိုပတ်သည်မက်က ရွာ၌ အကြီးအကဲဖြစ်သည်။

မိမိအူကို ထုတ်၍ ပြည်ကို ပတ်သည် မက်က ဘုရင်ဖြစ်သည်။

အသီးရှိသော သစ်ပင်ကို တက်ရသည်မက်က ချမ်းသာသည်။

အမှုများသည်ကိုလည်းကောင်း၊ သူကောင်းချီသည်ကို လည်းကောင်း မက်က အလွန်ကောင်းသည်။

သူငယ်ကိုချီ၊ ရွှေ, ငွေကို အစိုးရမက်က . ချမ်းသာသည်။

ထီးဆောင်းရသည်မက်က အေးမြသည်။

ပြာသာဒ်ကြီး ပြုရသည်ကို မက်က ဘုန်းကြီးသည်။

ခြုဆည်းလည်းကို လှုပ်ရသည်၊ စောင်းတီးရသည်၊ ခရုသင်း ...တ်ရသည်၊ ဆင်,မြင်း, ကျွဲ, နွား ရသည်မက်က ... တိုးသည်။

တလားမှ ဝင်ရသည်၊ထင်းပုံလက်တင်သည်၊ အလိုမတူသူနှင့် ...ါင်းဖော်ရသည်မက်က သေသည်။

မြစ်ကို ကူးရသည်၊ ဘင်ပုပ်လိပ်ရသည်မက်က ယုတ်သောသူ ...ဘ်ရသည်၊ မြဘ်သောသူ ကျေးလက်ရသည်။

သိမ်နွှာရသည် မက်က အသက်ရှည်သည်။

ပုဆိုးဖြူဝတ်, ဂန်းဖြူပန်မက်က သူကြီးဖြစ်သည်။

ကိုယ်တွင် လောဏ်တက်မက်က ကျွဲ, နွား, ကျွန်များသည်။

မြေစာပန်းပန် မက်က မင်းဆရာ ဖြစ်သည်။

အိမ်ရာထောင်မက်က လာဘ်ကြီးရသည်။

နဂါးကိုဖမ်းမက်က ရန်ပျောက်သည်။

မျှော့တွယ်မက်က အကြီးအကဲဖြစ်သည်။

တံခွန်လွှား ကောင်းကင်ပျံရမက်သော် ထင်ရှားသည်။

ဆင်စွယ်နှစ်ချောင်းကို စွဲမက်က ထင်ရှားသည်။

အုတ်ခဲပစ် မက်က အမှုရောက်သည်။

တန်ဆာဆင် မက်က ဘုန်းတန်ခိုးကြီးသည်။

ကြာညိုပန်း ပန်ရသည်မက်က မယားကောင်းရသည်။

တောင်အရပ်သို့ သွားရမက်က ရောဂါရသည်။

မြင့်စွာ တက်မက်က သူတစ်ပါးထက် မြတ်သည်။

ကိုယ်ရောင်ထွက်မက်က ကိုယ်ပုပ်မက်သော် တန်ခိုးကြီးသည်။

မီးမှုတ်မက်သော်၊ ချုန်း၊ တောင်းစွဲမက်သော်၊ မောက်တို ဆောင်းမက်က အကြီးအကဲ ဖြစ်သည်။

ဦးခေါင်းရှိတ်မက်က၊ လည်ပင်းကိုမက်က နာဖျားသည်။

အိုး ညည်းလိမ်း, ပုဆိုးဝတ်, ခြေသည်း, လက်သည်း ညှိး၊ အိမ်ရေမ်းပင်စိုက်မက်သော် မကောင်းပါ။

မြစ်ကူး, တံတားလျှောက်မက်က နိုင်ငံရှိမိလျှော်အလိုပြည့်သည်။

ဝရမ်းစွဲ, ဖျာလိပ်၊ မိမိရွေးမက်က လာဘ်ကြီးသည်။

စား, ရေ သွားမက်သော်၊ ဆံရှည်မက်သော် အသက်ရှည်သည်။

ခေါင်းမြီးကို ထိုးရှတ်မက်က ဆေးရှာက်သည်။

လက်ဝါးကြားရောက်, ဝက်ကို ယုန်တို့ မြွေလျှောင်၊ တံခွန်လွှား, တန်းထိုးဆောင်းမက်က ကျော်စောသည်။

လွှားကားစား, သစ်ပင်ကိုခုတ် မက်က မကောင်းပါ။

ကျားရွှယ်, မိကျောင်းရွယ်, ရင်ဝယ်စိုက်မက်သော် အမတ်ဖြစ်သည်။

သွေးပေါက်ယို, ခြေလက်တိုမက်က အစဝ်ဖြစ်သည်။

ဦးခေါင်းပြတ်မက်က မကောင်းပါ၊ သေတတ်သည်။

မီးကို ရသည်မက်သော် စည်းစိမ်ကို စီးလောင်သည်။

နွားဖမ်းရသည်မက်က ဆုလာဘ်ရသည်။ သူကြီးဖြစ်သည်။

အရုးလှည့်ပတ်ခံရသည်၊ ဖောင်းတီးရသည်မက်က သွားလေရာ လာဘ်ကြီးရသည်။

မိကျောင်းဖမ်းသည် မက်က ဆုလာဘ်ရသည်။

နေ အိမ်, လ အိမ်မှ မြင်မက်က သားသမီးကောင်းရသည်။

သစ်သီးလွယ်ပိုးရသည်မက်က ကောင်းစားသည်။

တံခြေ သားကြိုး မက်က ဥစ္စာလျော့သည်၊ နာဖျားသည်။

ဆူးဖူးရသည် မက်က ရန်တွေ့သည်။

ဓာတ်တော်ရသည် မက်က ကျက်သရေ တိုးတက်သည်။

နွားရှသည့် မက်က ဥစ္စာတိုးပွားသည်။
လက်ယာလက်ရုံးပြွတ်သည် မက်က သားကြီးသေသည်။
မ်းသာအံ့လည်း ယူ)
မြွေခဲမက်က သားရစွဲရှိသည်။ (ချမ်းသာအံ့လည်းဟူ)
ခရီးသွားမက်က အကြံမြောက်သည်။
အိမ်သစ်တက်၍ စောင်းတီးရသည် မက်က မင်းဖြစ်သည်။
လည်တိုး၊ ဥသျှောင်လှီး မက်သော် ဖျားနာသည်။ လိပ်ဖမ်း၊
ဖမ်းမက်က ဆန့်စပါးရသည်။
ကျွဲ၊ နွား ခြံသွင်းမက်က ကျွန်ရသည်။
လောက်ကို ဖမ်းမက်သော် အစာဆန်ရေများသည်။
ဥသျှောင်မက်က ဆွေမျိုးရောက်သည်၊ ဖြန့်ပွားသည်။
ဆင်ဖြူ ချွန်းတင်မက်က သူကောင်းဖြစ်သည်။
ကိုယ်မှာ အကြောင်အကျားဖြစ် မက်က မယားကောင်းရသည်။
အနှိပ်အစက်ခံရသည်၊ ပြာလိမ်းကျံရသည်မက်က ဆေးတွေ့
ည်။
အိမ်၌ ထင်းမဲပါက်မက်က မိုးကြိုးကျသည်။
ကောင်းကင်ပျံတက်၊ တံခွန်လှူမက်က ထင်ရှားသည်။
ကိုယ်လက်ယားယံမက်က လာဘ်ကြီးရသည်။
ငှက်ကြွေးမက်က စည်းစိမ်တိုးသည်။
ဦးထုပ်ဆောင်း၊ လိင်ရှည်မက်က မိန်းမစွဲမက်သော် ချမ်းသာ
ည်။
နားခေါင်းသွေးထွက် မက်က သူများမှီခိုဖြစ်သည်။
နို့ညှစ်မက်က ကြွယ်ဝသည်။
အထက် ရှေ့သွားကျိုးမက်က သား၌ ဘေးရောက်သည်။

အောက်ရှေ့သွားကျိုးမက်က သမီး၌ ဘေးရောက်သည်။

အံသွားကျိုးမက်က ဆွေမျိုးကြီးသူတို့ ဘေးရောက်သည်။

ရွံ့ကိုနင်းမက်က ကျက်သရေယုတ်သည်။

ရွံ့စင်၊ ရွံ့ထိမက်က မကောင်းသတင်းဖြစ်သည်။

လဲသည် မက်က တရားရှုံးသည်။ လက်စွပ်ဝတ်မက်က သူစွပ်စွဲသည်။

ပိတုန်းတုပ် မက်က ချစ်သူများသည်။

ပျားထိုးမက်က ရန်တွေ့သည်။

အနှောင်အဖွဲ့မှ လွတ်, ဆေးနက် လိမ်းကျံမက်က ဥစ္စာရသည်။

ဖန်ရည်စွန်း ဝတ်ရသည်၊ ပန်းနီပန်ရသည် မက်က ဘေးတွေ့သည်။

ဂုံညင်းကစားသည် မက်က မင်းချစ်သည်။

ခြေတို့ ကိုယ်မွှေးရှည် မက်က တန်ခိုးကြီးသည်။

သူ့ကို ခဲပစ်မက်က ဥစ္စာကုန်ကျသည်။ (ဥစ္စာရအံ့လည်း ဟူ၏)

လေးမျက်နှာမှ လာသော ခိုးသူကို ဖမ်းမက်သော် ချမ်းသာသည်။

ခြေသည်း လက်သည်း စသည်တို့ကို ရေတွက်မက်သော် အသက်ရှည်သည်။

ငါးဖမ်း, မိန်းမနှင့် အတူအိပ်မက်က လာဘ်ရသည်။

ဆားလျက်မက်သော် သူများ၏ မှီခိုရာ ဖြစ်သည်။

ငှက်တော်ကို ဖမ်းမက်က အမတ်ဖြစ်သည်။

မိန်းမကို နားထွင်းရသည် မက်က ရွှေ ငွေ ရသည်။

ကုန်းကို တက်ပြီးမှ ကျင်းသို့ တက်၍ ခေါင်းဆေးမက်က မင်းဖြစ်သည်။

နှနှင်း၊ စန္ဒကူး လိမ်းကျံသည် မက်က ဖျားနာသည်။
ကြာပွင့်ပန်း, ပန်းပန် မက်က. ဖျားနာသည်။
ကျောက်ဖျာထက်နေ မက်က အလွန်ကောင်းသည်။
ချေးထွက်၊သွေးထွက် မက်က ဘုန်းကြီးသည်။
နွားကျောင်းမက်က အကြီးအကဲ ဖြစ်သည်။
လက်ကောက်၊ နားတောင်း၊ ဆံကျင်ဝတ်ဆင်ရသည် မက်က
အားကောင်းရသည်။
ရွှေလက်ဖွဲ့ဝတ် မက်သော် ဥစ္စာရှိသော မိန်းမရသည်။
မန်ကျည်းသီးဆွတ် မက်က သူကောင်းဖြစ်သည်။
ခိုငှက်ဖမ်းမက်က မင်းဖြစ်သည်။
ရယက်စရာပြု မက်က ဝမ်းမြောက်စရာ ကိစ္စဖြစ်သည်။
အိမ်ရာဆောင် မက်က လာဘ်ရသည်။
ရွှေလက်ကောက်ဝတ်မက်က ကြီးသောသူတို့ ချီးမြှင့်ခံရသည်။
ထမင်းနှင့်တကွ သပိတ်လွယ်မက်က လာဘ်ရသည်။ သမုဒ္ဒရာ
ကူးသည် မက်က မင်းဖြစ်သည်။
သွားနာသည်၊ နဲ့သည်၊ ယိုင်သည်မက်က ဥစ္စာလျော့သည်။
များသည်။
အစွယ် ဦးချိုရှိသော သတ္တဝါ၊ မျောက်,ဝက်, နှိပ်စက်ခံရမက်က
အဝတ်ဘေးသင့်သည်။
လက်မောင်းကို လည်းကောင်း၊ ရင်ကိုလည်းကောင်း၊
ကျောကွင်းဖွဲ့သည်ဟု မက်က သားသမီးရသည်။
အဆင်းလှသော ဦးပြည်းရှိသော မိန်းမနှင့်စပ်ယှက်ရသည်၊
ထိပါးရသည်မက်က ယောက်ျားမြတ်တို့ ဆဲရာဖြစ်သည်။

သားသမီးရ မက်က ဥစ္စာရသည်။ (ပညာရသည်ဟူ)
မိုးရေ၌ မြူးပျော်ရသည်မက်က ဥစ္စာစီးပွား များသည်။
ပန်းပန်ရသည်၊ ဝတ်ဖြူစင်ကြွယ်ဝတ်ရသည် မက်က ချမ်းသာကြွယ်ဝသည်။

တံခွန်ကို ကိုင်ရသည်၊ ရုပ်တုကိုဖက်ရသည်၊ မြတ်သောသူကို ညှဥ့်ပန်းရသည်၊ သွေးကို ချိုးရသည်၊ လက်နက်ကို ဖက်ရသည် မက်က ကြွယ်ဝချမ်းသာသည်။

## စိတ်ကိုစွဲ၍ မက်သော အိပ်မက်များ

ပုလ္လားကို စွဲလမ်းမက်က လာဘ်ရသည်။
ဆိတ်ဆိတ် နေရသည်မက်က သေသည်။
ဆတ်ဆတ်နီးမက်က မင်းဖြစ်သည်။ လာဘ်ရသည်။
ဝမ်းမြောက်ရွှင်သာမက်က ကောင်းစားသည်။
ရဟန်း, ပုလ္လားနှင့် ကြုံမက်က ချမ်းသာသည်။
စိုးရိမ်ကြောင့်ကြမက်က ဆိုလေရာ ကောင်းသည်။

## တောင်ပို့နိမိတ်အဟော

အရှေ့တောင်ခွင်၊ တောင်ပို့မြင်၊ မီးလျှင် လောင်တတ်သည်။ အနောက်ပေါက်ပြား၊ အောက်လူများ၊ နာဖျားဘေးဒဏ်ရသည်။ အနောက်တောင်တွင်၊ တောင်ပို့တင်၊ လူလျှင် ခိုက်သည်။ ကြွင်းငါးရပ်မှာ၊ ပေါက်ရောက်လာ၊ မှန်စွာချမ်းကြည်မြသည်။ မကောင်းရပ်နေ၊ ပေါက်လာပေသည်၊ ရွှေရေလောင်းလေကြ။ ဤသို့ ယတြာ၊ ပြုသော အခါ၊ ရောဂါရန်ကင်းပသည်။

…ပိုးသွားနိမိတ်အကောက်

အရှေ့မြောက်မျက်နှာ၊ ရွှေကျီးသော၊ လာဘ်သာ်ရမည့်မှတ်။ …ရှေ့ရပ်တူရှု၊ သာလေမူ၊ ချစ်သူလာတွေ့တတ်သည်။ ရှေ့တောင်ရပ် …သော၊ သာခလေပြော၊ မီးများလောင်မလတတ်။ တောင်ရပ်တူရှု၊ …သာလေမူ၊ ကိုယ်လူရောက်လာတတ်။ အနောက်တောင်က၊ ကျူးသံဟာ၊ …နိုးငှက်တတ်။ အနောက်ဒေသ၊ မြည်သံဟာ၊ ဒုက္ခကြီးဥပဒ်။ …အနောက်မြောက်မှာ၊ ကျူးသံသာ၊ ကျွန်လာဆိုက်ရောက်တတ်။ …မြောက်ကသာပြော၊ ကောင်းတော၊ ကြားမည် ကောင်းမှတ်။

…ကြွက်, အိမ်မြှောင်, …, မြွေစသော တိရစ္ဆာန်တို့တွေ့သော နိမိတ်ကို …တ်မြင်၊

ကြွက်, အိမ်မြှောင်, ပင့်ကူ, မြွေ, ပုတ်သင်, ဝံ, ကင်းခြေ, …ဖွက်, နို့ စသော ဤသတ္တဝါတို့သည် နေမွန်းလွဲ၌ မိမိတို့ ရှေ့က …မှ လာဘ်ရသည်။ နောက်ကျမှု၊ နိုးသူမိုးအုံ၊ လက်ယာဘက်မှ …မြိန်အရသာ စားရသည်။ လက်ဝဲကမှ ဆေးသင့်သည်။

ပုရပုရ် မဟာလသာ်၊ တွန့်မဘော မဟာမေယျ။

ဒက္ခိဏံ ရာဇပုဒ်တံ၊ ဝါမတော ကာလံယာ် ဘာဓေ။

ပုရပုရ်၊ ရှေ့မြင်မှ ကျလာမူကား။ မဟာမေယျ၊ စားသင့်မြင် …ကျွံမေသည်။ ဒက္ခိဏံ၊ တောင်လက်ယာက ကျလာမူကား။ …ရုမိတ်၊ မင်းပုံ… ရသည်။ ဝါမတော၊ လက်ဝဲမှကျလာမူကား။ …လဟာ၊ ငြင်းခုံခြင်း သည်။ ဘာဓေ၊ ဖြစ်လတ္တံ့။ လက်ဝဲမှကျလာ …ကား။ ကာလဟာ၊ ငြင်းခုံခြင်းသည်။ ဘာဓေ၊ ဖြစ်လတ္တံ့။

အိမ်မြှောင်သည် ဦးခေါင်းထက်, ပခုံးထက်, လက်ရုံးထက် …လာမူကား အစီ၊ အလေးစရာသမားနှင့် တွေ့ကြုံသည်။ ဦးလေးဆေး

လေးပါး၊ နား,ပေါင်ထက်ကျမှု သား,မယားနှင့် ကွေကွင်းသည်။ လက်ထက်ကျလာမှု အနှောင်အဖွဲ့ ခံရသည်။ ကျောက်ကုန်းထက်ကျလာမှု အနာကြီးသင့်သည်။ ဝမ်းထက်ကျမှု မိန်းမသေသည်။ လက်ယာပေါင်ထက်တောင်သို့ မျက်နှာမူလျက်ကျမှု လာဘ်ကြီးရသည်။ (ကျွန် ယောကျ်ားရအံ့လည်း ဟူသည်) လက်ဝဲပေါင်ထက်ကျမှု ကျွန်မိန်းမရသည်။ သဇုံးမြင်းခေါင်းထက်ကျလာမှု သူပုန်ဇော်လာသည်။

မြတ်သော လာဘ်ရသည်။ လက်ဝဲဖမိုးထက် ကျလာမှု သူတစ်ထူးနှင့် မျက်လိုကြသည်။ လက်ယာဖမိုးထက်ကျမှု ကျွန်မိန်းမရသည်။ မုတ်ဆိတ်ထက်ကျမှု မယားလာဘ်ရသည်။ သူနှင့်ချစ်ခင်ဆက်ဆံရသည်။ ပေါင်ထက်ကျမှု သားကောင်းရသည်။ ခါးထက် ကျမှု ကောင်းသောပုဆိုးကို ဝတ်ရသည်။ သားမြတ်ထက်ကျမှု သမီးကညာရသည်။ ချက်ထက်ကျမှု အစားရေစာများသည်။ ရင်ထက်ကျမှု ရွှေငွေရတနာရသည်။ အရပ်တစ်ပါးမှလာသော ပုဆိုးကောင်းကိုရသည်။ လည်ထက်ကျမှု ပြည်ထိုက်ပြည်တန် တန်ဆာဆင်ရသည်။ ဦးခေါင်းထက်ကျမှု ကြွယ်ဝသည်။ မင်းသားသော်မင်းဖြစ်သည်။ မိမိတို့ရှေ့၌ ကိုယ်ကို လက်ဝဲကတက်မှု မကောင်း။ လက်ယာကတက်မှု ပြုံးသာဥစ္စာရသည်။

**တစ်နည်း**

အိမ်မြှောင်သည် ဦးခေါင်းထက်ကျမှု ဆရာသမား မိဘသေသည်။ ထိပ်ထက်ကျမှု နာဖျားသည်။ ကျောက်ကုန်းထက်ကျမှု အဆွေခင်ပွန်း သေသည်။ ကိုယ်နာသည်။ ဥစ္စာကျသည်။ လယ်ယာကကျမှု အစ်ကိုကြီးသေသည်။ လက်ဝဲကျမှု ညီသေသည်။ ခါးတွင်းကျမှု

ဆင်သည့် တန်ဆာပျောက်သည်။ မွတ်သိပ်သည်။ သူနှင့် မျက်လိုသည်။ လက်ယာပေါင်ထက်ကျမှု သားယောကျ်ားသေသည်။ လက်ဝဲပေါင် ထက်ကျမှု ကျွန်, သား, မြေး သေသည်။ လက်ယာပုဆစ်၌ ကျမှု ရန်အောင်သည်။ လက်ဝဲပုဆစ်၌ကျမှု ရန်သတ္တုရပျောက်သည်။ လက်ဝဲ မြင်းခေါင်းတွင်ကျမှု ကျွန်မိန်းမပြေးသည်။ လက်ဝဲဖမိုးတွင် ကျမှု ကျွန်ယောကျ်ားပြေးသည်။

**ခြပုန်းစွဲအယော**

ခြသည် လျောက်တွင်လည်းကောင်း၊ ခေါင်တိုင်တွင်လည်း ကောင်း နေထွက်အခါစွဲမှု ဆင်းရဲသည်။ အလယ်တိုင်စွဲမှု အခြံအရံ များသည်။ မြောက်က စွဲမှု အဆွေခင်ပွန်းများသည်။ အနောက်ကစွဲမှု သမီးကညာရသည်။ အရှေ့ကစွဲမှု လာဘ်ရသည်။

**ပျား, နံကျယ်စွဲအယော**

ပျားလည်းကောင်း၊ နကျယ်လည်းကောင်း၊ အရှေ့ အိမ်စွန်စွဲမှု ကြောင့်ကြဗျာပါ ပူဆွေးသောက ရောက်သည်။ (အိမ်ပြောင်းလေ၊ မနေးနှင်)။ အနောက်အိမ်ခေါင်စွဲမှု ဥစ္စာရသည်။ (ဥစ္စာပျောက်သည်) ဤကဲ့သို့ နှစ်ချက်ဆိုသောကြောင့် ကြပ်ကြပ်သတိထားတော်မူကြ ပါသည်။ တောင်စွန်းက စွဲမှု သူဆဲရေးသည်။ နာ [illegible]သည်။ အိမ်ပြောင်းလေ။ မြောက်ကစွဲမှု အဆွေအမျိုး ဥစ္စာပေးလာသည်။ တောင်ထုပ်ကို စွဲမှု ထိုပျား နကျည်ကို အစာပေး၊ ရန်အောင်ရသည်။ အရှေ့တောင်ထောင့်ကစွဲမှု သမီးကညာရသည်။ အနောက်တောင် ထောင့်ကစွဲမှု ခိုးသူဝင်ရသည်။ သတိထားလေ။ အနောက်မြောက် ထောင့်ကစွဲမှု ဆွေမျိုးဥစ္စာပေးလာရသည်။ အရှေ့မြောက်ထောင့်က

စွဲမှု ရွှေငွေလာဘ်ရရာသည်။ အရှေ့အိမ်ခေါင်ကစွဲမှု ကြောင့်ကြများရာသည်။ အနောက်အိမ်ခေါင်က စွဲမှု ဥစ္စာပျောက်သည်။ အထက်ထုပ်လျောက်ကစွဲမှု သားယောကျ်ားရသည်။ တောင်အရပ်က စွဲမှု မကောင်း၊ ဆေါင်းကွပ်အလယ်ကစွဲမှု ရန်အောင်သည်။ သင်ဖြူးအောက်ကစွဲမှု မင်းပူဇော်ခံရသည်။ အိပ်ရာအောက်ကစွဲမှု မြတ်သောဥစ္စာရသည်။ ဝတ်သောပုဆိုးတွင်စွဲမှု သူတကာတို့ဆက် မြတ်သည်။ ဥစ္စာဆုံးလာသည်။ ကံခါးရွက်ကွင်စွဲမှု လာဘ်ကြီးရသည်။ စားဖိုကိုစွဲမှု ကျွန်၊ သမီးရသည်။ လှေကားအောက်ကစွဲမှု ကျွန်၊ နွားရသည်။ ပျောက်ပြီးသောဥစ္စာ ရသည်။ (အနာအဖျား များသည်) ဤကဲ့သို့ သုံးချက်ထွက်သည်ကို ဆင်ခြင်၍ ယူကြပါကုန်သည်။ ဆင်ကပ်၊ မြင်းဇာပ်စွဲမှု ခိုက်ရန်ဖြစ်သည်။ (ရန်အောင်သည်) ဤကဲ့သို့ နှစ်ချက်ထွက်သည်ကိုဆင်ခြင်၍ ယူကြပါကုန်သည်။ လှံရိုးတွင်စွဲမှု ရန်အောင်သည်။ နတ်အုန်းတွင် ပျားမြေထက်ကလာ၍ စွဲသော် ကောင်းစားပြီးသေသည် ယုတ်ရာသည်။ ဆင်းရဲသား ကောင်းစားရာသည်။

နံနက်အခါ အိမ်ဝန်းကျင် ပျံလာမှုကား စိုလ်ပါသခင်ဖြစ်သည်။ လှေဝယ်စွဲမှု (ဖျားနာသည်၊ ရောင်း၍ ပစ်လေ၊ မစီးလေနှင့်) မြားဝယ်စွဲမှု ဖျားနာသည်၊ ရန်တွေ့သည်။ အောင်သည်။ အိပ်ရာကာပ်အောက်က စွဲမှု ကြွယ်ဝသည်။ အရှေ့ကလာ၍စွဲမှု ဥစ္စာပျောက်သည်။ သတိထားလေ။ တောင်ကလာ၍စွဲမှု ကြောင့်ကြဗျာပါများသည်။ အနောက်တောင်ထောင့်ကလာ၍စွဲမှု မင်းလာဘ်ပေးရာသည်။ နေထွက်သောအခါ အရှေ့ကလာ၍စွဲမှု သူကြီးဖြစ်သည်။ မွန်းတည့်သောအခါ တောင်ကလာ၍စွဲမှု အဆွေအမျိုး ရောက်ရာသည်။ မြောက်ကလာ၍စွဲမှု ကျော်စောသည်။ အရှေ့ကလာ၍ အနောက်ကစွဲမှု နှလုံးမသာ ဖြစ်ရာသည်။ အနောက်ကလာ၍ အရှေ့ကစွဲမှု

လာဘ်ကြီးရသည်။ မြောက်ကလာ၍ အနောက်ကစွဲမူ ကောင်းသည်။ အရှေ့တောင် အနောက်ထောင့်ထောင့်ကလာ၍ အနောက်မြောက်ကစွဲမူ အခြေမှလေးခု ဥစ္စာရသည်။ အနောက်မြောက်ကလာ၍ အရှေ့မြောက်က စွဲမူ မင်းပုဆော်ခံရသည်။ တောင်ကလာ၍ မြောက်ကစွဲမူ ဥစ္စာရသည်။ မြောက်ကလာ၍ တောင်ကစွဲမူ အိပ်ပျက်သည်။ အရှေ့ခေါင်လျောက်၌ စွဲမူ ဥစ္စာ ပျောက်ရသည်။ သတိထားလေ။ တောင်လျောက်ကစွဲမူ ဥစ္စာချမ်းသာရသည်။ မြောက်လျောက်ကစွဲမူ ငွေရသည်။ ချမ်းသာ ရရာသည်။ တောင်ထုပ်ကစွဲမူ မယားရရာသည်။ တောင်ထရံကစွဲမူ ဘေးသင့်ရာသည်။ မြန်မြန်လွှဲပြောင်းလေ။ အရှေ့မြောက်က စွဲမူလာဘ်ရသည်။ ထုပ်မှလျောက်ကစွဲမူ ငွေရသည်။ မယားရသည်။ အနောက်မြောက်ထောင့်က ထုပ်လျောက်စွဲမူ အဆွေအမျိုး ဥစ္စာပေး လာရာသည်။ အိမ်ရှေ့ကစွဲမူ မကောင်း။ အရှုပ်ရှုပ်တတ်ရာသည်။ ပျား, နကျယ်, ပဆုပ်ပနီ ၎င်းသုံးမျိုးကိုပင် ယူရမည်။

## မြွေခဲကျမ်း

ဥ,ခေါင်း, ညို, ဖြာ၊ လက်ယာကခဲ၊ သား, ရွှေ, ခဲ၊ လက်ဝဲက။ မြွေကိုက်သောနေ့ဖြင့် အဖို, အမ သိအပ်သောနည်း။ ၎င်းက လွှဲသော် မြွေဆိုးမှတ်ရမည်။

အောင်စံ, မြတ်, သူ, အဖိုယို, ကျော်, သံ, မ, ထွက် အမမှတ်။ မြွေကိုက်သောနေ့ဖြင့် အဖို, အမ သိအပ်သောနည်း။ ၎င်းကလွှဲသော် မြွေဆိုးမှတ်ရမည်။

သစ်ယာစကေ၊ ကျမ်းဒွေး၊ အုန်းဆီနော၊ တယောဒင္ဂါ၊ စသည်က လွှဲသော်၊ ကံကြမ္မာ၊ မြွေကောင်းမှတ်ကြပါ။ သောကြာနေ့၊ ဗုဒ္ဓဟူးနေ့ မြွေကိုက်သော် အစွယ်ရာ တစ်ချောင်း၊ တနင်္လာ,

ကြာသပတေး နှစ်ချောင်း၊ ထနင်္ဂနွေ၊ အင်္ဂါ၊ စနေ၌ အစွယ်ရာ သုံးချောင်းရှိရမည်။ ၎င်းကလွဲသော် မြွေဆိုးမှတ်ရမည်။

**နေအိမ်ဖွဲ့ နိမိတ်အဟော**

နေအိမ်ဖွဲ့ဟန်၊ လင်းမိန့်ပြန်၊ မှတ်ရန် သတိထား။ တနင်္ဂနွေ၊ မိုးရေခေါင်စွာ၊ တံနလာ၊ ပျက်ရာသီးစပါး။ အင်္ဂါလေမြူး၊ ဗုဒ္ဓဟူး၊ အထူးမိုးရေများ။ နေ့ကြာသပတေး၊ ဖွဲ့ရေးကညာ၊ ဆက်သလာ၊ သောကြာရာစည်ကား။ စနေဖွဲ့မူ၊ အိုးနှယ်ဆူ၊ ပြည်သူသောကပွား။

**တစ်နည်း**

**နေအိမ်ဖွဲ့ နိမိတ်အဟော**

နေ့ အိမ်ဖွဲ့ရာ၊ ဟောမိန့်မှာ၊ လက်ာသံပေါက်ကြား။သူရဇ္ဇမှာ၊ ဖွဲ့လေပါ၊ ပြည်ရွာမီးလောင်များ။ စန္ဒရဖွဲ့ကာ၊ မိန်းမသာ၊ ရောက်ရာ ဟောပြထား။ အင်္ဂါဖွဲ့ပေ၊ မီးလောင်ချေ၊ ရောက်လေအလောင်းထား။ ဗုဒ္ဓဟူးဖွဲ့က၊ စစ်ထိုးကြ၊ ဒုက္ခရန်မီးပွား။ မင်းကိုအမတ်၊ ကြံစည်တတ်၊ မှတ်လေဂုရုအား။ သောကြာဖွဲ့မြောက်၊ ကညာရောက်၊ ဖေါ်ပေါက် ရွှေအိုးများ။ စနေဖွဲ့လာ၊ ရန်ဘေးကွာ မိုးမှာကောင်းလေငြား။ နေထွက် ဖွဲ့လေ၊ ရှေ့ပြုဖွေ၊ ရန်ပွေမင်းအများ။ မီးလောင်ငတ်မွတ်၊ ထဘီဝတ်၊ ပွင်းချွတ်ပျောက်ပျက်ရှား။ နေဝင်ဖွဲ့မူ၊ ကြီးစစ်သူ၊ ရန်သူ ဘေးနှောင်ပွား။ ကျယ်ဝန်းလှစွာ၊ ဖွဲ့လေပါ၊ ပြည်ရွာလွန် ချောက်ချား။

**လအိမ်ဖွဲ့ နိမိတ်အဟော**

လအိမ်ဖွဲ့ကို၊ အဟောဆို၊ လှူဖိုလ်အတ်မှထား။ ဂျူနန်မိုးရွာ၊ ပြည်သာယာ၊ ကျားမှာ ပြည်ချောက်ချား။ ခြသေ့်လေလာ၊ မိုးမရွာ၊

ဆင်မှာ မိုးရေများ။ ကြွက်မှာကညာ၊ ဆက်သလာ၊ ပူးမှာ သုခပွား။ နဂါးဖွဲ့လျှင်၊ ပြည်တိုင်းခွင်၊ ပူပင်မီးအလား။

တနင်္ဂနွေနေ့ လအိမ်ဖွဲ့မူ မိုးကောင်းသည်။ ပြည်ထဲဝပြောသည်။

တနင်္လာနေ့ ဖွဲ့မူကား မိုးတစေ့တရေစောင်း ရွာသည်။

အင်္ဂါနေ့ဖွဲ့မူကား လေမိုးအရောရော ကောင်းသည်၊ ကောက်ကြီး ကောက်လတ် စားသည်။

ဗုဒ္ဓဟူးနေ့ဖွဲ့မူကား မိုးကောင်းသည်၊ ပြည်ဝပြော သာယာသည်။

ကြာသပတေးဖွဲ့မူကား မိန်းမရတနာ မင်းမှာရောက်သည်။ ဆင်ဖြူ မြတ်ရကနာလည်း ရောက်သည်။

သောကြာနေ့ဖွဲ့မူကား ပြည်ထဲသူဌေးသူကြွယ်တို့ ဖြစ်လာသည်။

စနေဖွဲ့မူကား ပြည်ရွာသုဥ်းသည်၊ မကောင်းဟူ၍ မှတ်ပါ။

## တစ်နည်း လအိမ်ဖွဲ့ နိမိတ်အဟော

လ, အိမ်ဖွဲ့ရန်၊ အဟောပြန်၊ ကျမ်းဂန်လာအံ့ရ။ မီးလောင်တရပ်၊ ဝပြောတတ်၊ ဖွဲ့လတ် သူရှဖ္။ အရှေ့ပြည်ဗွာ၊ ကောင်းဖို့ရာ၊နေ့မှာ စန္ဒရ။ မုန်တိုင်းအင်္ဂါ၊ ဗုဒ္ဓမှာ၊ ပြည်ရွာဝပြောလှ။ပြည်ရွာသုဥ်းမှု၊ နေ့ဂုရု၊ ဖွဲ့ပြုအဟောပြ။ သူဌေးသူကြွယ်၊ ထွန်းပဖွယ်၊ ဖွဲ့ဝယ်နေ့ သောကြာ။ ပြည်ရွာပျက်လေ၊ နေ့စနေ၊ ဖွဲ့လေမဏ္ဍလ။

## လ, လျှောင်လှုပ် နိမိတ်အဟော

လ, လျှောင်လှုပ်၊ အဟောထုတ်၊ ကြိုးကုတ် မှတ်ယူနာ။ တန်ခူး ရန်ကုန်၊ လကဆုန်၊ ဖျဉ်းသုဥ်သစ်သီးမှာ။ ကိုယ်ဝန်ပျက်တုံ၊ နယုန်မှတ်ကြ၊ ဝါဆိုလ၊ ကင်းပမင်းခန္ဓာ။ ဝါခေါင်လှုပ်ငြား၊ပြည်သူများ၊

ပူမှားဒုက္ခသာ။ တော်သလင်းကား၊ ပုဗ္ဗားရဟာန်း၊ မရှင်လန်း၊ ညှိုးနွမ်းဒုက္ခပါ။ ဝါကျွတ်လမှ၊လှူပ်တုံကာ၊ မောင်းမ လားနယ်ရွာ။ တန်ဆောင်မုန်းလှူပ်၊ ပြည်ချုပ်မူးမတ်၊ ဖြစ်တတ်သောကာ၊ နတ်တော်လ၊ ကြီးလှဘေးဒုဏ်မှာ။ လှူပ်ရေးပြာသို၊ ပျက်ပြိုပြည်ကွဲ၊ တပို့တွဲ၊ ပြိုကွဲကဝိန္ဓာ။ တပေါင်းလှုင်မူ၊ မြို့ရွာဆူ၊ ညှိုးပူပျက်တတ်စွာ။

**နေ့လျှင်လှူပ်နိမိတ်အဟော**

နေ့လှူပ်လျှင်၊ အဟောတွင်၊ လူရှင်မှတ်ကုန်ကြ။ နေ့တနင်္ဂနွေ၊ ဤမြေလှူပ်ငြား၊ တိုင်းကားပြည်ရွာ၊ တနင်္လာ၊ ရေစာပေါကြွယ်ဝ။ လှူပ်လေအင်္ဂါ၊ ပြည်ရွာထကြွ၊ ဗုဒ္ဓနေ့မှာ ဆင်ဖြူရတနာ၊ လှကညာ၊ ဆက်လာ ပဏ္ဏာသ။ ဂုရုနေ့မှာ၊ လောင်းလျာပေ၊ သင်္ဃာတည်လေ့၊ သောကြာနေ့ ပြောင်းရွေ့မင်းစိုးရ။ စနေနေ့ဝယ် သူကြွယ် ပုဏ္ဏား၊ သူဌေး၊ သူမြတ်၊ ပြည်မူးမတ်၊ ဖြစ်တတ်ဘေးဘယ။

**အခါလျှင်လှူပ် နိမိတ်အဟော**

လျှင်လှူပ်နေ့၊ ဟောနည်းတွေ့၊ မှတ်လေ့များဗိုလ်ပါ။ မိဿလက်တွင်၊ လျှင်လှူပ်ငြား၊ ကျွဲ၊ နွား၊ မြင်း၊ ဆင် တိုင်းပြည်ခွင်၊ ဝင်သည် ဥပဒ်သာ။ ပြိဿလက်တွင်၊ လှူပ်ခဲ့လျှင်၊ မင်းလျှင် မြောက်ဖို့ရာ။ မေထုန်ပုန်ကန်၊ နိုင်ငံဆူတတ်၊ ကရကဋ်၊ မြတ်သူပင်၊ သိမ်ဟ်လက်တွင်၊ လှန့်လျှင် ကြံပျက်စွာ။ ကန်လက်လှူပ်ဘိ၊ ကဝိယွင်းပျက်၊ တုလက်စစ်များ ပြိဿကား ချောက်ချားမြို့ပြည်ရွာ။ ဓနုမှာသော်၊ လျှင်စိုး ကာ၊ မကာရ၊ ပြည်ပ ငြိုငြင်စွာ။ ကုံတွင် ,စစ်မက်၊ မိန်လက် သည်ဖျင်း၊ ပျက်စီးခြင်း၊ ခပင်းမြို့ပြည်ရွာ။

### တိမ်တံခွန်ထွက် နိမိတ်အယော

တိမ်တံခွန်ထွက်မှာ၊ မှတ်သားရာ၊ ကျမ်းလာဤသို့ပြ။ ရှေ့
မြောက်တောင်တွင်၊ စစ်မက်မြင်၊ နေ့လျှင်သူရှုရှု။ နောက်မြောက်
စ်တာပ်၊ ပေါ်လာချက်၊ နေ့ထွက်စန္ဒရ။ နောက်တောင် အင်္ဂါအနောက်
ဟု၊ ဗုဒ္ဓ စစ်မက်ထ။ ဆင်ရတနာ၊ ဆက်သမှာ၊ ရေ့မှာ ဂုရုပ။
ဿဘိ၀တ်ဘေးဒဏ်၊ စစ်မက်ထန်၊ ထွက်ပြန် နေ့သောကြာ။ မိုးလည်း
လွန်စွာ၊ ပြည်သာယာ၊ ထွက်လာရေနှာဂ။

### ကြယ်တံခွန်ထွက် နိမိတ်အယော

ကြယ်၊ တံခွန်ကို၊ ထုံးနည်းဆို၊ လူဗိုလ်မှတ်ရန်မှာ။ မင်းကို
တတန်၊ မကောင်းကြံ၊ ထွက်တန် ရှေ့ပြုဖွာ။ တောင်မှထွက်ငြား
မင်းအများ၊ ပျက်ပြားသက်ခန္ဓာ။ အနောက်အရပ်၊ ထွက်လာလတ်
အတော်ပုန်ကန်ရာ။ ကြယ်တံခွန်ပြူ၊ အေးပြည်သူ၊ နိုးမူစစ်ထိုးရာ၊

### ငှက်မြည်သံနိမိတ်အယော

အရှေ့ကသာ၊ ငှက်မြည်လာ၊ ဥစ္စာပျက်စီးချေ။ ရှေ့တောင်
ရန်နိုက်၊ တောင်၌သေတတ်၊ နောက်တောင်ရပ်၊ ဝင်လတ်မိုးသူမေ။
နောက် ည်မိန်းမ၊ ရအုံမနေတတ်၊ နောက်မြောက်နှင့်သာ၊ မြောက်မှာ
သာဘ်ရ၊ ရှေ့မြောက်က၊ ရာဇပူဇော်လေ။

### ၊ မ နပုံးငှက်သံ နိမိတ်အယော

ယောကျ်ားငှက်မှာ၊ သံပြင်းစွာ၊ သံသာငှက်မိန်းမ။ မပြင်းမသာ၊
သံမှာ၊ သညာနပုံး၊ ငှ်၊သံမရဏ။ မ၊သံချစ်ခင်၊ နပုံးတွင်၊ ကျိုးလျှင်
ပွဲမပြ။ တစ်ကြိမ်အသံ၊ ဒုက္ခငြိုငြင်၊ နှစ်တွင်အနာ၊ သုံးမှာလာဘ်များ၊

လေးကြိမ်ကြား၊ ထင်ရှားကျော်စောစွာ။ ငါးစွန်းချမ်းသာ၊ ခြောက်မှာစည်းစိမ်၊ လာဘ်မိုန်ခုနစ်၊ ခွန်သံရှစ်၊ စင်စစ်သိဒ္ဓိက။ ငှက်သံဟောကို၊ ကျမ်းအဆို၊ အိုအောင်မှတ်ကုန်ကြ။

**ကြွက်ခဲ နိမိတ်အဟော**

ကြွက်ခဲသည့်ကို၊ ဟောနည်းဆို၊ လူဗိုလ်မှတ်နာကြ။ သည်ကိုခဲလေ၊ ရှရွေငွေ၊ ခြေမှာလာဘ်လာဘ။ သံလုံးသားခဲလာ၊ ဘေးရောဂါ၊ မှတ်ပါ စုတ်ကြီးစွ။

**အဝတ်ကြွက်ခဲသော နိမိတ်အဟော**

လူတို့ဝတ်စား၊ အဝတ်များ၊ ကြွက်သားခဲပြန်ချက်။ နစ်ဖက်အနား၊ ကြွက်ခဲငြား၊ စီးပွားယွင်းယိုပျက်။ လေးထောင့်၌တွင်၊ ကိုက်ခဲလျှင်၊ လွန်ပင် စီးပွားတက်။ ကြွင်းအရပ်မှာ၊ ကြွက်ခဲလာ၊ ရောဂါလွန်နှိပ်စက်။ ကောင်းနိမိတ်သာ၊ ထင်သောခါ၊ ရတနာသုံးပါးတက်။

**မိုးခေါင်မည်ကိုသိကြောင်း နိမိတ်အဟော**

မိုးခါဖြစ်လျက်၊ ပုရွက်အမျိုး၊ ရေအိုးအောက်ဝင်၊ ဖြစ်ခဲ့ချင်၊ မိုးလျှင်ခေါင်တတ်စွ။ ဖားသတ္တဝါကား၊ ကုန်းကျက်စား၊ မိုးများခေါင်တတ်လှ။" ဖားမြည်သံပါး၊ ဖြစ်ကုန်ငြား၊ မိုးများသွေ့ရှောင်ကြ။ ငှက်သိုက်မြေနား၊ ပြုလာငြား၊ မိုးများရွာဖူးပ။ ပုစွန်ရေနား၊ တွင်းကိုထား၊ မိုးများခေါင်ကြောင်းပြ။ ရေသတ္တဝါကုန်း၊ ကုန်းသတ္တဝါရေ၊ ကျက်စားလေ၊ မိုးသွေ့ကွင်းမည်ပ။

## ကျက်မှတ်အံ့သည်ကို သိကြောင်း နိမိတ်အဟော

တိရစ္ဆာန်များ၊ ဇာက်တူသား၊ စားမှုထိုအရပ်၊ ငက်မှတ်တက်၊ စီကြောင်, ကြွက်၊ ကျေးငှက်, ကျီး, မြွေ၊ ဤခြောက်ထွေ၊ ပါလေထိုရပ်၊ ငတ်မှတ်တတ်။ စားသောက်ဇောလျှင်၊ ခုံမင်ပြုကြား၊ သူအများ၊ ရှားပါး ငတ်မှတ်တတ်။

## အသားလှုပ်ခြင်း နိမိတ်အဟော

ဦးခေါင်းလှုပ်မှု ကျွန်ဖြစ်သည်။ ဦးရေလှုပ်မှု ဖျားနာသည်။ ထိပ်လှုပ်မှု မင်းပူဇော်သည်။ နှာခေါင်းလှုပ်မှု ချစ်သူများသည်။ အထက်နှုတ်ခမ်းလှုပ်မှု ရန်ဖြစ်သည်။ အောက်နှုတ်ခမ်းလှုပ်မှု အမြိန် စရသာ စားရသည်။ (အဝေးစကားကြား) မေးဖျားလှုပ်မှု အချင်းများ သည်။ လည်ဖင်းလှုပ်မှု တန်ဆာရသည်။ ကျောက်ကုန်းလှုပ်မှု အဝတ်ပုဆိုးရသည်။ နှလုံးသားလှုပ်မှု ခင်မွန်းတစ်ယောက် ဥစ္စာလာ ပေးသည်။ ချက်လှုပ်မှု နှစ်လိုသော ဥစ္စာရသည်။ ကောင်းချီးပေးသည်။ အင်္ဂါဇာတ်လှုပ်မှု စကားကောင်းဆိုရသည်။ ဥစ္စာရသည်။ (မယားနှင့် စကားများရသည်) ခါးလှုပ်မှု ဥစ္စာပျောက်သည်။ ကိုယ်လှုပ်မှု မယားနှင့် အထူးစကားပြောရသည်။

## လက်ယာခေါ်သော အသားလှုပ်ခြင်း နိမိတ်များ

ဦးကင်းလှုပ်မှု လာဘ်ရသည်။ မျက်ခုံးလှုပ်မှု လာဘ်ရသည်။ ခင်ပွန်းပူဇော်သည်။ အောက်မျက်ခမ်းလှုပ်မှု ရန်တွေ့သည်။ (မိန်းမ မကောင်းကြံသည်) နှုတ်ခမ်းလှုပ်မှု ချစ်သူနှင့် စကားဆိုရသည်။ ပါးလှုပ်မှု ချစ်သူတွေ့သည်။ လက်ပြင်လှုပ်မှု ချမ်းသာရသည်။ လက်ရုံးလှုပ်မှု ခင်ပွန်းကောင်းကို ဖူးရသည်။ လက်ဝါးလှုပ်မှု

အကြံပြီးစီးသည်။ အဝတ်အစားရသည်။ ရင်ဘတ်လှုပ်မှု ကောင်းမြတ်သည်။ နို့လှုပ်မှုလာဘ်ရသည်။ နားတောင်းလှုပ်မှု အပူဓော်ခံရသည်၊ ခါးလှုပ်မှု အဆွေမှ ဥစ္စာရသည်။ ဝမ်းပျဉ်းလှုပ်မှု အစားကောင်းစားရသည်။ ဆီးစပ်လှုပ်မှု ရိုသေပူဇော်သည်။ တင်သားလှုပ်မှု မိဘမျက်လိုသည်။ ပေါင်သားလှုပ်မှု လာဘ်ရသည်။ လိုရာပြီးစီးသည်၊ မယားသေသည်။ ပုဆစ်လှုပ်မှု ချစ်သူတွေ့သည်။ မြင်းခေါင်းလှုပ်မှု ကောင်းသည်။ ခြေဖဝါးလှုပ်မှု ခရီးသွားရသည်။

## လက်ဝဲခေါ်သော အသားလှုပ်ခြင်း နိမိတ်များ

ဦးကင်းလှုပ်မှု မကောင်းသတင်း ကြားရသည်။ နဖူးမသားဖြစ်သည်။ မျက်ခုံးလှုပ်မှု အဆွေကောင်းတွေ့သည်။ ကြံသမျှ ပြီးစီးသည်။ အောက်မျက်ခမ်းလှုပ်မှု ငိုရသည်။ နားလှုပ်မှု သူနှစ်လိုသည်၊ လာဘ်ရသည်။ ပါးလှုပ်မှု ရွှေ၊ ငွေ ရသည်။ နှုတ်ခမ်းလှုပ်မှု မျက်လိုသည်။ အဝေးစကားကြားရသည်။ ပခုံးလှုပ်မှု ဥစ္စာပို့လာသည်၊ မျက်လိုသည်။ အစားပေါ်သည်။ ချိုင်းလှုပ်မှု စည်းစိမ်ကြွယ်ဝသည်၊ လက်ရုံးလှုပ်မှု ဥစ္စာပေးလာသည်။ အမှုကောင်းအောင်သည်။ လက်ဝါးလှုပ်မှု အမှုကောင်းအောင်သည်။ ရင်ဘတ်လှုပ်မှု ပူပန်သည် နို့လှုပ်မှု မိတ်ဆွေရသည်။ နားတောင်းလှုပ်မှု အစိုးရပူဇော်သည် ခါးလှုပ်မှု ဥစ္စာပျောက်သည်။ ဝမ်းပျဉ်းလှုပ်မှု လာဘ်ရသည် ဆီးစပ်လှုပ်မှု အမိမျက်လိုသည်။ တင်သားလှုပ်မှု ပူဇော်လာသည် မျက်လိုသည်။ ပေါင်သားလှုပ်မှု အိမ်တွင်းသူနှင့် မျက်လိုသည် ပုဆစ်လှုပ်မှု သူမကောင်းကြံသည်။ မြင်းခေါင်းလှုပ်မှု မိန်းမနှင့် မျက်လိုသည်။ ဖဝါးလှုပ်မှု ထဘီဝတ်ချမ်းသာ ပြုလာသည်။

## ိမ်တွင်း မှိုပေါက်သည်ကို ပြဆိုခြင်း

အိမ်တွင်း မှိုပေါက်မှု ရတနာသုံးပါး နက်ကဏာတို့အား ွပေး၊ စလပ်ရွက်၊ ကင်ပွန်းသီး ဤမြက်ကို ရာ၍ ထားလိုသောအခါ ည်သျှစ်ရည်နှင့်ဖျော်၍ ခေါင်းဆေးလေ။ ဦးခေါင်းဆေးရသော အကျိုးကား ကောင်းသည်ဖြစ်သည်။

## ရောယှက်၍ မစားကောင်းသောအရာများ

သားခြောက်၊ ဟင်းရွက်၊ မုန်လာရွက်၊ ရောယှက်မစား ကောင်းပါ။

ပဲကြီး, ထင်လဲ၊ နှစ်ပါးတွဲ၊ စားခဲမပြုကောင်း။

နို့ချဉ်, ပေအူ၊ ပေရည်ဟူ၊ ဝက်မူ မစားကောင်း။

ပဲဖတ်, ဆိတ်သား၊ ကျွဲသား, ကြံဉ၊ အစုစု ရောမှုမစပ် ကောင်း။

ဒေါင်းသား, ကြက်သား၊ ထိုအသား၊ နို့များချဉ်နှင့် မစပ်ကောင်း။

ပိလောပီနံ ဥယျှဉ်မှုဒေါင်းသား၊ သကြားသေရက်၊ ကင်းပိမ့်ရွက်၊ ှားစွက် မစပ်ကောင်း။

သေအရက်၊ ချဉ်, ဆား၊ မှို, ကြက်သား၊ ငါးကို နို့နှင့် စပ်ကောင်း။

ဆပ်ပြာ, ပြာ, ဆား၊ အချဉ်များ၊ စပ်ထားမပြုကောင်း။

ကင်းမိမ့်အရွက်၊ နမ်းဖက်စွက်၊ ချက်၍ မပြုကောင်း။

ငါးချက်ဘူးပြား၊ ဟင်းအိုးများနှင့် ပျားရည်ပိတ်ချင်းရွက်၊ ာနွေးစွက်၊ ချက်၍မစားကောင်း။

မုန်ညင်းဆီများ၊ ခိုအသား၊ ငါးကိုနို့နှင့် မချက်ကောင်း။

ကြက်ဆူဆီများ၊ ငှက်အသား၊ ချက်စားမပြုကောင်း။

မဲနယ်အိုးများ၊ သားချဉ်ငါး၊ ထည့်ထား မပြုကောင်း။

ပဲကြီး မုန်လာ သားမှာသားချင်း၊ ရောစပ်သွင်း၊ အလျှင်းမစားကောင်း။

နို့နှင့် ငှက်ပျောသီး၊ ထန်းသီးနို့ချဉ်၊ ဆိတ်လျှင်အသား၊ ဆူးပန်းများ၊ ချက်စားမပြုကောင်း။

အစားမမှန်၊ ခါမမှန်၊ အလွန်အယုတ်မစားကောင်း။

## နှစ်ခိုက် ခန္ဓာအိမ်အဟော

အသက်တည်လှန်၊ မသွေမှန်၊ နံဂြိုဟ်ဇီဝနှော။ ကြိန်းသုံးတန်၊ မြှောက်တုံပြန်၊ ကိုးတန် ဘုဋ္ဌကော။ ဆနှင့် သုည ကြွင်းသောအခါ ခန္ဓာပျက်သည်။

## ဓာတ်လေးပါးနှင့်တကွ သုဒ္ဓိုးသောအခါ ဆေးနာကုရန်

လေးသော်သက်တည်၊ ပထဝီ–၂ဝ၊ အာပေါ–၁၂၊ တေ,ဝါ ၄–၆၊ ရောလောက်သချာ၊ ထားပြီးခါမှ၊ စတုဘုဋ္ဌ၊ အသုဒ္ဓိုးကျမှု၊ ပထဝီ၊ သီသ, အာပေါ, သလိပ်၊ ချောင်းညိပ်, လည်နာ၊ ရင်နာ တေဇော၊ ဝါယော, ဝမ်းမှာ ရောဂါရသည်။ သဲ,ရေ, ယပ် မီး လျှကြောင်းတည်း။

**တစ်နည်း**

နာသောသူမှာ၊ ကောဇာဂြိုဟ်လျှောက်၊ တြိမြှောက်ကြ၊ စားသတ္တတည်း။ ဝကကြွင်းသည်၊ ဆိမ်းညိမှ၊ ပူဇော်ခလော။ ဒွေးသုဝဏ္ဏ၊ တြအင်္ဂ၊ မှတ်ဘိမုချ၊ ရက္ခဒေဝ၊ ပူဇော်ကာဖြင့်၊ ဓေယျာသက်ရှိ၊ လွတ်ဘိချမ်းသာ၊ ပဥ္စမှာကား၊ ဆရာရဟာန်း၊ ဆွမ်းပန်း

ကျွေးမွေး၊ လှူဒါန်ပြု၊ ဆရာမှာယာယီ၊ သူဥ်းပြီးဌာန၊ ဝိဟာရမူ၊ ပြောင်းရွှေ့ပါက၊ ချမ်းသာရမည်၊ ဟောပါ ပွဲကြီးအလယ်တည်း။

တွက်နည်း

ယခု ကောဇာကိုတည်၊ နာသောသူ၏ ဂြိုဟ်နှင့်လျှောက်။ ကြိမြှောက်၊ သတ္တစား၊ အကြွင်းကို ရှင်းလက်အတိုင်းပြုလေ။ နာသောသူလျှင် ယတြာပြုရန် အဟောလက်ာပြီးသည်။

စန်း၊ လွန်း၊ လဂ် သုဥ်းတွက်နည်း

သက္ကရာဇ်တည်ထား စန်း–၁၅၊ လွန်း–၁၇၊ လဂ်ဝယ်–၁၂၊ မြှောက်ပြီးလစ်မှ၊ ဥစာချုံး၊ စန်း၊လွန်း၊ လဂ်ဝယ်သုဥ်း။

တစ်နည်း – လွန်းသုဥ်းအတွက်ကား

အသက်တည်ခြား၊ ဟူဘော်ထား၊ သဝံအင့်–နော်နှင့်စား၊ သုဥ်းလျှင်နံဘုရားမှာ၊ နဖူးတော်ရွှေ ၇ချပ်၊ ရင်တော် ၈ ချပ်၊ ခြေတော်မှာ ၉ ချပ် ချ၍ ယတြာပြုလေ။ စန်းပြတ် လျှင်ကြေ။ လွန်းပြတ်လျှင် သေတတ်သည်။ သတိထားရသည်။

ကြွင်း၊ နဝင်း ဆေးသုဥ်းတွက်နည်း

ကိုးမြှောက်ကိုးစား၊ သက်တည်ထား၊ သုဥ်းပြေးကြွင်းသာ။ သုံးမြှောက်, ကိုးစား၊ သက်တည်ထား၊ သုဥ်းပြေး နဝင်းသာ။ အသက်တည်ထား၊ ၃ ခုစား၊ သုဥ်းပြေးဆေးဆောင်ပါ။

တစ်နည်း

အသက်ကိုတည်၊ ၂ ခုစား၊ သုဥ်းသော် စန်းသုဥ်းသည်။ အသက်ကိုတည်၊ ၃ ခုစား၊ သုဥ်းသော် ကြွင်းသုဥ်းသည်။

## ကမ္မကွယ စသည်ရွေးနည်း

ကောဓာတုညီထား၊ အသက်စား၊ ရဂြားလဒ်မှာ သက်မြောက်ပါ။ ထပ်ကာဆယ့်နှစ်စား။ တစ်,နှစ်, ကြွင်းမူ၊ ထိုသည့်သူ၊ မှတ်ယူကမ္မကွယ။ သုံးလေးငါးတန်၊ အကြွင်းကျန်၊ ခေါ်ရန် ဥပစ္ဆေဒက။ ခြောက်ခွန်ရှစ်ခု၊ အကြွင်းမူ ဥပပီဠက။ ကိုးနှင့်တစ်ဆယ်၊ ဆယ့်တစ်ဝယ်၊ မှတ်ဖွယ်အာယုကွယ။ ဂီဠကမှာ၊ မကောင်းတာ၊ သုန်းဖြာအကျိုးရိမ်ရသည်။

## နာသေသသူကြည့်ရန်ကိန်း

အသက်တည်ထောက် ၅ ခုမြောက်၊ စားလောက်ခုနှစ်သာ။ တစ်ကားရကျ၊ နှစ်ဂေဟာ၊ သုံးရ, ဝန်မှာ။ လေးကား, လူပြု၊ ငါးဂြိုဟ်စု၊ ခြောက်, ခု, ဝိပါက်သာ။ သုညကြွင်းလျှင်၊ ကံကုန်မြင်၊ ဆင်ခြင်ကြည့်ကုန်သည်။

## သုံးစွထောက် ပေါကိန်း

ဦး, လှ, ရွှာ၊ ကြာ,တော, သား၊ စံ, ပါ, စေ၊ လေး, ရွှာ, က များ။ ဦးတု၊ သု, စ, မောင်၊ ထောင်, သာ, ဖဲ၊ ခံ, နိုင်ဘူး, ရွှေးချင်ရွှေး၊ မရွှေးလျှင် သေသည်။ ;

## အနာဖြစ်ရာလက္ခဏာ

လူ၏ အသက်ကိုတည်၊ ခန္ဓာငါးပါးနှင့်မြှောက်၊ ခုနစ်ခုစား။ ၁ ခုကား အရိုးမှဖြစ်သောအနာ။ ၂–ခုကား အကြောမှ ဖြစ်သောအနာ။ ၃–ခုကား အူမှ ဖြစ်သောအနာ။ ၄–ခုကား ဝမ်းထဲက ဖြစ်သောအနာ။ ၅–ခုကား ခါးမှဖြစ်သောအနာ။ ၆–ခုကား အစားလွန်၍ ဖြစ်သောအနာ။ သုဉ်းမူကား အရှုးနာ။

## း်သမား လူနာသင့်၊မသင့် တွက်နည်း

လူနာ၏အသက်ကိုတည်၊ ၈–ခုစား၊ အကြွင်းကို ဆေးသမားနံ
င့်နှော၊ ၇–ခုစား၊ သုဉ်းလျှဉ်မကုနှင့်၊ အသေဟူ၍မှတ်ပါ။

## ူနာ သေ မသေ တွက်နည်း

လူနာ၏ အသက်ကိုတည်၊ မိမိနံကို ၁–ခုနှုတ်၍နှော၊ ၈–
မြှောက်၊ ၁၂–ခုစား၊ သုဉ်းသော် ထိုလူနာ အာယုပြတ်၏။ မကုနှင့်၊
သေဟုမှတ်ပါ။

## ငါးပါးပြတ် တွက်နည်း

လူနာ၏အသက်ကိုတည်၊ ၁၂–ခုနှော၊ ၃–ခုမြှောက်၊ ၉–ခုစား၊
ုဉ်းသော် ထိုလူနာ ခန္ဓာငါးပါးပြတ်သည်။

## း‌နံ့ပြတ်တွက်နည်း

အသက်ကိုတည်၊ အထက်လဒ်နှင့်နှော၊ ၂– ခုစား၊ သုဉ်းသော်
ူနာဆေးနံ့ပြတ်သည်။ ဆေးမပေးနှင့်၊ ဘုရားကို ဆွမ်းတော်တင်ပါ။

## ူနာပြာပုံသို့ ကျ၊ မကျ တွက်နည်း

လူနာ၏ သက္ကရာဇ်ကိုတည်၊ ကောဇာသက္ကရာဇ်နှင့်နှော၊
ဘော်တည်ထား၊ အထက်မှာ ၉–ခုစား၊ အလယ်မှာ ၈–ခုစား၊
ောက် မှာ ၇–ခုစား၊ ၃ ပါးလုံးသုဉ်းသော် သိကြားကုသော်လည်း
မှတ်နိုင်ပါ။

## လူနာယာယီရွေ့ရန် တွက်နည်း

လူနာ၏ အသက်ကိုတည်၊ ၅–ခုစား၊ ပေါနည်းမှာ မြောက်ကို အသုဉ်း၊ တစ်လုံးအရှေ့၊ ခွေးတွေ့တောင်ရှိ၊ ကြိုအနောက်ယာယီရောက်သည်။

## အာယုပြတ်တွက်နည်း

ပြတ်မည့်နေ့ကို သိလိုမူ အသက်ကိုတည်၊ ၃–ခုမြှောက်၊ ၇–ခုစား၊ တစ်ခုကြွင်းမူ တနင်္ဂနွေနေ့၊ ၂–ခုကြွင်းမူ တနင်္လာနေ့၊ ၃–ခုကြွင်းမူ အင်္ဂါနေ့၊ ၄–ခုကြွင်းမူ ဗုဒ္ဓဟူးနေ့၊ ၅–ခုကြွင်းမူ ကြာသပတေးနေ့၊ ၆–ခုကြွင်းမူ သောကြာနေ့။ သုဉ်းမူ စနေ သေသည်။

## လူနာ၏အသက်ကို အချိန်ပိုင်းနည်း

လူနာ၏အသက်ကိုတည်၊ ၄–ခုစား၊ တစ်ခုကြွင်းမူ နံနက်မွန်းတည့်သေသည်။ ၂–ခုကြွင်းမူ မွန်းတည့်ကသည် နေဝင်သေသည်။ ၃–ခုကြွင်းမူ ညဉ်းကသည် သန်းခေါင်သေသည်။ သုဉ်းမူ သန်းလွဲကသည် မိုးသောက်တိုင်လျှင် သေသည်။

## အာယုစန်းပြတ်တွက်နည်း

ဓာတာမူလ သက္ကရာဇ်တွင် မူလနက္ခတ်နော၊ ရောက်သောအသက်လည်းနော၊ ၂၇ ခုစား၊ နက္ခတ်ရောက်ရာစန်းထား။ ရာဟု၊ ကြာသပတေး သက်ရောက်သော် တောင်းတောင်းပြယ်၍ နောဖွဲ့တွေ့သည်၊ အာယုစန်းပြတ် တွက်နည်း ယုံမှား မရှိသင့်ပေ။

## အနှိပ်ကျမ်း

ကိုးဆယ့်ခြောက်ပါး၊ ရောဂါများကို၊ လက်ဖျားထိရောက်၊ ကင်းကွာပျောက်လိမ့်၊ မှတ်လောက်စရာ၊ ဆေးဆရာတို့၊ စဉ်လာဥပဒေ၊

ထားခဲ့ပေသား၊ အသေအချာ၊ နှိပ်ပုံမှာကား၊ သီသာဦးရင်း၊ စက်ကြော တင်း၍၊ ခံပြင်းစရာ၊ စွဲကပ်လာသည်၊ ကုပ်မှာနားထင်၊ နောက်ဘယ် မြင်၌၊ နားကျင်အလို၊ အပူလျှို၍၊ ရက်ကိုလေပင့်၊ တနင့်နင့်တင်း၊ ခံတွင်းအာထဲ၊ တံတွေးချွဲ၍၊ ခေါင်းခဲအနာ၊ ထိုရောဂါကို၊ ဆရာ လက်သည်၊ ဉာဏ်ကြီးကျယ်သား၊ အလွယ်တကူ၊ နှိပ်လိုမူကား၊ မှတ်ယူခြားနား၊ ဖော်၍ကြားသည်၊ ဒူးဖျားအထက်၊ လေးသစ်တက်၍၊ နှိပ်ချက်တစ်ဖုံ၊ ဆိုကုန်မပျက်၊ ပုံအထွက်နှင့်၊ နားရွက်အောက်ပါး၊ ဝဲယာခြား၍၊ ခုလုလုလို၊ လက်နုချောမွေ့၊ တည့်တည့်တွေ့၍၊ စေ့စေ့နှိပ်က၊ ပျောက်နေကျသည်၊ ပွဲရအဟုတ်၊ စာပင်ချုပ်လော့၊ ယူနုတ်အမြစ်၊ တူး၍ပစ်သို့၊ စင်စစ်ခေါင်းခဲ၊ ပျောက်စမြဲတည့်။

မလွှဲတစ်ချက်၊ နားလေထွက်၍၊ နားပျက်နားအူ၊ နားထူ နားလေး၊ နားပြည်မြေး၍၊ ခေါ်မေးမရ၊ နားထိုင်း စသည်၊ သောက ဝေဒနာ၊ နှိပ်လိုပါမူ၊ ကဏ္ဍာအထက်၊ နားသယ်စက်နှင့်၊ နားရွက်၏ နောက်၊ နားရွက်အောက်ကို၊ လျှောက်၍မငြီး၊ နှိပ်ပုံမှီးလော့၊ စည်တီး မကြား၊ပင်းသည့်နားလည်း၊ ကြား၍မပျက်၊ ချက်ချင်း သက်သည်။

လေတက်တုံလေ၊ မူးမှိုင်ချေ၍၊ အနေမသာ၊ ရှိလေခါတော့၊ ဂိဝါးကုပ်စောင်း၊ အလယ်ကောင်းနှင့်၊ တစ်ကြောင်းမျက်မှောင်ကြား၊ မျက်ခုံးနားရင်း၊ ဦးပြည်းဆံဆက်၊ နှိပ်ပုံထွက်သည်။

တစ်ချက်ထိုမှ၊ လေပူထသော်၊ ကဏ္ဍာနားနောက်၊ နှိပ်ခေါ ထောက်လော့။

ထို့နောက်တမျိုး၊ ကြို့ကြီးထိုးသော်၊ ကုပ်ရိုးကိုလျှောက်၊ နှိပ်လျှင်ပျောက်သည်။

တစ်ထောက်ဒွန္တာ၊ သွားဖုံးနာနှင့်၊ သွားနာသွားကိုက်၊ သွား၌ ရောဂါ၊ စွဲကပ်လာသော်၊ လျှင်စွာပျောက်အောင်၊ နှုတ်ခမ်းစောင်နှင့်၊

ပါးစောင်တစ်လျှောက်၊ နားဖျားရောက်အောင်၊ လက်ထောက်မြဲမြဲ၊ မှန်မလွဲဘဲ၊ လက်ဝဲလက်ယာ၊ နှိပ်ဘိပါသော့။

တစ်ဖြာထိုမှ၊ စားလျှင်ရှုသို့၊ သတ္တကလေ၊ တက်တွေတပြိုင်၊ မေးခိုင်ပါမူ၊ လက်နိုင်နှိပ်လို၊ ပုံအဆိုကား၊ လည်မျိုတစ်လျှောက်၊ နားရင်းရောက်အောင်၊ နှိပ်မြောက်တုံလေ၊ လွတ်မြဲပေသည်။

တတွေတစ်ဖန်၊ လေပုပ်ဆန်၍၊ အော့ဘန်တစ်မျိုး၊ ပခုံးရိုးက၊ ကုပ်ပိုးကျအောင်၊ ပြ၏နှိပ်ချက်။

ပါဒရက်ကြောင့်၊ လေတက်၍တုန်၊ မျက်စိမှုန်၍၊ မျက်အုံဝေရီ၊ မျက်စိသီလျက်၊ မျက်နီမျက်ဝါ၊ မျက်စိနာနှင့်၊ သလ္လာတိမ်လုံး၊ မျက်စိဖုံးက၊ မျက်လုံးကြောင်ကြောင်၊ မျက်စငုတောင်၍၊ မျက်တောင်မကြွ၊ မျက်မှောင်ကျလျှင်၊ မျက်စိပိုးရှိ၊ ကျိန်းစပ်မိသည်၊ မျက်စိဝေဝေ၊ မျက်ရည်တွေ့သား၊ ဆိုထွေတချက်၊ မျက်တွန့်တက်၍၊ လက်တလှမ်းလှမ်း၊ ဖြုတ်ချင်တန်းသည်။ မျက်ခမ်းစပ်နှီ၊ မှုန်သီသီနှင့်၊ ဟာန်ချိမရ၊ လမ်းမဂ္ဂကို၊ ထကြွဖြောင့်မတ်၊ မသွားတတ်အောင်၊ စွဲကပ်ရုံးစု၊ ရောဂါပြု၍၊ စက္ခုအနာ၊ အာမာဓာတို့၊ မကြာလျှင်လျှင်၊ ပျောက်လိုငြားမူ၊ ကြွက်သားအဖုံး၊ ခြေသလုံးနှင့်၊ ပခုံးနားတက်၊ အလယ်ချက်တွင်၊ စုံတက်ဆစ်ကြာ၊ နှိပ်တုံမှောက၊ အဆောင်မကြာ၊ လွန်ချမ်းသာသည်၊ ကွယ်ကာနှိပ်ဖို့ စာတမ်းတည်း။

လက်စွဲတဖြာ၊ မိန့်လိုက်မှာအံ့။ ကလျာရှုဖွယ်၊ သားမိမယ်တို့၊ ကိုယ်ဝယ်စွဲကပ်၊ ဓာတ်ဖောက်ကြောင့်၊ မီးယပ်ရင်ဆို့၊ ဖြစ်တုံမြို့သော်၊ စိမ်းညို့ဖတ်ဖတ်၊ သားမြတ်အထက်၊ မွှေ့မွှေ့ညက်သည်၊ မောင်းဆက်အနား၊ ရင်နဲ့သားကို၊ နှိပ်ငြားကုပါ၊ လွန်ချမ်းသာလိမ့်။

ဟတ္ထာလက်ကပ်၊ လက်သေလတ်သော်၊ သားမြတ်ထက်စ၊ လေးသစ်ကျနှင့်၊ ရင်ဝအောက်နား၊ မောင်းတွေးကြားတည့်။

မှတ်သားစုံမြို့၊ လေပွကြို့နှင့်၊ ရင်ဆို့ရင်ကျပ်၊ လေထိုးလတ်သော်၊ နှိပ်အပ်လက်ဖျံ၊ တတန့်မဆွဲ၊ ပုံအရကား၊ ရင်ဝကျော့လယ်၊ တသွယ်မှတ်ရာ။

နံဘေးနှာနှင့်၊ ဒွုလာလေနှာ၊ ရင်ဘတ်နှာသော်၊ မှန်စွာမပျက်၊ ပျောက်မည့်ချက်ကား၊ နှစ်ဖက်သောကြား၊ ချက်အောက်လျှော့၍၊ နှိပ်လေဆရာ၊ သုံးသစ်ကွာတည့်။

ဝါဒတထွေ၊ ခြေလျှင်သေကာ၊ ထုံကျင်စသည့်၊ မုဋ္ဌာဖွားမိ၊ မဏ္ဍုတ္တိတို့၊ သွေးတိမကျ၊ ရှိကနှိပ်မူ၊ ရာသီစု၍၊ ဥတုမဖြောင့်၊ ဆီးကျင့်အောင့်သော်၊ မြီးညောင့်အထက်၊ နှစ်သစ်တက်၍၊ နှိပ်ချက်တစ်ဖုံ၊ လက်ကုန်ထိုးသိပ်၊ ကောင်းစွာနှိပ်လော့။

အိပ်၍မပျော်၊ ရှိတုံသော်လည်း၊ ဒူးပေါ်တလျှောက်၊ ပေါင်ခြံရောက်အောင်၊ ထိုနောက်နှိပ်ရိုး၊ ခြေဖမိုးရင်း၊ ဖနောင့်တွင်းတည့်။

ကိုက်ချင်နာစိမ့်မြစ်၊ မှုန်ဝေတက်သား၊ ခြေမျက်စိနဲ့၊ ရောဂါဘွဲ့တွင်၊ အိပ်စက်မပျော်၊ ခြေလက်သော်လျှင်၊ လက်ကျော်ဆရာ၊ ဉာဏ်ဖွေရှာ၍၊ နှိပ်စက်မယွင်း၊ ဒူးဖျားတွင်းကာ၊ နားရင်းရောက်အောင်၊ လက်ဝါးစောင်းနှင့်၊ ထောင်၍နှိပ်လျှင်၊ ပျောက်မြဲပင်တည့်။

မီးသွင်အထူး၊ ခြေဒူးပေါ်သော်၊ ထို့တူမယွင်း၊ ပုဆစ်တွင်းကို၊ မပြင်မလျော့၊ လက်နှကြော့နှင့်၊ နှိပ်လော့မှန်စွာ၊ ပျောက်၏မှာသည်၊ ချမ်းသာကေန် မလွဲတည်း။

မလွဲမှန်စွာ၊ မိန့်ခဲ့ပါသည်၊ ခါးနာ,ခါးကိုက်၊ ခါး၌ဝေဒနာ၊ စွဲကပ်လာသော်၊ ခြေမှာခေါ်ရိုး၊ ခြေဖမိုးက၊ ဒူးဆက်ကျအောင်၊ နှိပ်ထလျင်စွာ၊ ပျောက်မြဲသာတည့်။

ကျင်ဝါကျင်အောင့်၊ ကျင်မဖြောင့်သော်၊ ဖနောင့်အထက်၊ ကြွက်သားဆက်ကို၊ လျှောက်လျက်နှိပ်ပါ၊ လွန်ချမ်းသာလိမ့်။

ပူကာတစ်ခန်း၊ ချမ်းကာတစ်ဖုံ၊ ဖျားကြကုန်သော်၊ နိုပ်ပုံမရ၊ မှန်စွာပြသည်၊ ခြေမအကြား၊ ခြေဖဝါးမှာ၊ နိုပ်လေပါလော့။

ကြီးစွာအဖျား၊ တက်သောအားကြောင့်၊ မေးကြားမရ၊ ငန်းလျှင်ကြွ၍၊ ခေါ်ကမထူး၊ အမူးအမေ့၊ ရောဂါတွေ့သော်၊ နိုပ်လေ့အဆော၊ ဖနောင့်ကြောတည့်။

မှတ်လော့တခန်း၊ ငန်းပူဖမ်းသော်၊ နိုပ်ဇမ်းမသွေ၊ ခြေမျက်စိအောက်၊ နာနာထောက်လော့။

ထို့နောက်တခြား၊ တုန်၍ဖျားသော်၊ ခြေဖဝါးလယ်၊ ဖနောင့်စွယ်ကို၊ နယ်ကာနိုပ်မူ၊ ပျောက်မြဲတူသင့်။

ခြေမူချည့်နဲ့၊ ဖြစ်တုံခဲ့သော်၊ တည့်တည့်ဒူးဖျား၊ နိုပ်ချက်ထားသည်၊ မှတ်သားကုန်ပါ၊ ရှေးပုံလာကို၊ လက်ချိုးများ၊ စီကုံးထားရှင့်၊ နိုပ်ကြားလိုသူ၊ ပုံစံယူ၍၊ နာသူတို့ကို၊ ကယ်စေလိုသည်၊ မင်းဖိုလ်ဆုတောင်း ရကြောင်းတည်း။

**လောကျမ်း**

ခေါင်းခဲသော် အခံမခက်လော၊ မန်ကျည်းမှည့်ကိုဆားနှင့်ဖျော်၍ ရှူသော် မပျောက်လော။

ရင်ဘတ်နာသော် အခံရမခက်လော၊ ကောက်ညှင်းကိုစား၍ ရေချိုးသော် မပျောက်လော။

မျက်စိနာသော် အခံရမခက်လော၊ နှမ်းလှော်၍ ရှူသော် မပျောက်လော။

အနာပေါက်သော် အခံရမခက်လော၊ ထန်းလျက်ကို စားသော် မပျောက်လော။

ဆုံဆို့နာပေါက်သော် မသေလော၊ သဘော်သီးကိုစားသော် မပျောက်လော။

နှာစေးသော် မခက်လော၊ ရေနံကိုရှူသော် မပျောက်လော။

ကိုက်ခဲသော် မခက်လော၊ မြေနီလူးသော် မပျောက်လော။

အင်ပျဉ်ထသော် မခက်လော၊ ချက်မှာ ဆားစုသော် မပျောက်လော။

စား၍ အရသာပျက်သော် မခက်လော၊ ပုစွန်ချဉ်စားသော် မပျောက်လော။

ကင်းကိုက်သော် မနာလော၊ ကြေးဖလားကို တီးသော် မပျောက်လော။

ကြမ်းပိုးကိုက်သော် မခက်လော၊ ပွတ်ထမ်းတံပိုးကို အိပ်ရာအောက်ကထားသော် မပျောက်လော။

မိန်းမ မီးမဖွားနိုင်သော် မခက်လော၊ ပေါက်ပန်းပင်အကိုင်းသင့်ရာ လက်ဝဲ, လက်ယာကိုင်စေသော် မဖွားလော။

ချွေးလေးယားသီးထိ၍ ယားယံသော် မခက်လော၊ ဆီးဖြူသီးကိုစားသော် မပျောက်လော။

ငါးရှ ငါးကျည်းစူးသော် မခက်လော၊ ဆီးဖြူသီးစားသော် မပျောက်လော။

မိန်းမတို့ နို့မထွက်သော် မခက်လော၊ နွားသားနှင့် ချဉ်ပေါင်နီရွက်ကို ဟင်းခါးချက်၍ သောက်သော် မထွက်လော။

မီးမဖွားနိုင်သော် မခက်လော၊ ပုစွန်လက်မကို သွေး၍သောက်သော် မပျောက်လော။

လိပ်ကျောက်ဆူးစူးသော် မခက်လော၊ အုန်းထမင်းချက်၍စားသော် မပျောက်လော။

ရှားစောင်းစေး မျက်စိဝင်သော် မခက်လော၊ သဘော်စေ့ကိုသွေး၍ ခတ်ပြီး အသီးစားသော် မပျောက်လော။

ဝမ်းကျ၍ ကြွက်တက်သော် မခက်လော၊ ရေနံနှင့် ဆီကို ရော၍ ခြေဖဝါးသုတ်၍ မီးကင်သော် မပျောက်လော။

မိန်းမ မီးဖွား၍ သားအိမ်တကျည်းလွဲသော် မခက်လော၊ ဖားပြုတ်ခြောက်ကို မီးဖုတ်၍ ခြေမှာသုတ်သော် မပျောက်လော။

ဒူလာ အပူကြီး၍ ဆာလောင်လာသော် မခက်လော၊ ကျွဲသားနှင့် ချဉ်ပေါင်နီရွက် ချက်၍စားသော် မပျောက်လော။

အူဝထွက်သော် မသေလော၊ ရှောက်သီးနှင့်ငှက်ပျောသီးကို လက်သုပ်လုပ်၍ စားသော် မပျောက်လော။

ဝမ်းတွင်း သန်ကောင်ရှိသော် မခက်လော၊ ဆေးဒန်းနှင့် မြင်းခွာသွေး၍ သောက်သော် မပျောက်လော။

ဝမ်းကိုက်သော် အခံမခက်လော၊ ထန်းလျက်နှင့်ဆားကို စားသော် မပျောက်လော။

သူငယ်ထုံးကို စားသော် မငိုလော၊ ဒွါရကို ရေဆေးသော် မပျောက်လော။

ငရုတ်သီး မျက်စိကို ဝင်သော် မစပ်လော၊ ညာဘက်က ဝင်သော် ဘယ်ဘက်၊ ဘယ်ဘက်ကဝင်သော် ညာဘက်ခြေမကို ရေဆေးသော် မပျောက်လော။

ခွေးကိုက်သော် မနာလော၊ ခင်ပုပ်လာ၍ တစ်အော်သော် မပျောက်လော။

တောက်တဲ့ကိုက်သော်မခက်လော၊ ရက်ကန်းဆူးကို သွေး၍ သောက်သော် မပျောက်လော။

မျက်ခမ်းစပ်သော် မခက်လော၊ ဆေးဒန်းကို သုတ်သော် မပျောက်လော။

မီးဝင်နေရာကိုဆိုင်းတီးသော် သွေးမတိတ်လော၊ ကြေးဖလား ရေစိမ်သောက်သော် မပျောက်လော။

မျက်စိ၌ ရှားစောင်းဆေးဝင်သော် မကာန်းလော၊ ကန့်ကူ ဆံကို သွေး၍ခတ်သော် မပျောက်လော။

နားအူသော် မခက်လော၊ ဆီနှင့်ကြပ်သော် မပျောက်လော။

## ခေါင်းခဲ၍ ခေါင်းကြောတင်းသည်ကို နှိပ်ရန်

ထိုရောဂါ ကပ်ရောက်သော သူတို့သည် နောက်ဘက်၌သော် လည်းကောင်း၊ ကုပ်၌သော်လည်းကောင်း၊ လက်ဝဲ၊ လက်ယာနားထင် ၌သော်လည်းကောင်း၊ အပူလျှံသည်ဖြစ်၍ အလွန်တရာ နာကျင်တတ် ပါသည်။ ရင်ကိုလည်း ဝါယောဓာတ် ပင့်မြောက်သည် ဖြစ်သော ကြောင့် တနင့်နင့် တအင့်အင့် ရှိတတ်ပါသည်။ အာခံတွင်းမှ အပုပ်ဆန့်လျက် တနံ့နံ့ တစော်စော် ရှိတတ်ပါသည်။ တံတွေးလည်း များတတ်ပါသည်။ နှိပ်အံ့သော အချက်ကား လက်ဝဲဒူးဖျားမှသည် အထက်လက်လေးသစ်ခန့် အရပ်၌ လက်မဖြင့် ထောက်ဖွေ နှိပ်နယ်ပြီးလျှင် နားရွက်နှစ်ဖက်၏ နောက်သော်လည်းကောင်း၊ မေးရိုး၊ နားထင်ရိုး၊ မျက်မှောက်ရိုးသို့သော်လည်းကောင်း၊ လက်ဖြင့် ဆွဲ၍ အပူများပြီး အောက်လျှောက်သွားသော အကြောသို့သော် လည်းကောင်း၊ လက်ညှိုးက အသာဖေး၍ ဖြည်းဖြည်းချင်း လက်မဖြင့် ထိုးကြိတ်နှိပ်နယ်ရသည်ရှိသော် တခဏအတွင်း၌ပင် ဆိုခဲ့သော ဝေဒနာသည် ကင်းကွာပျောက်ပရပါသည်။

## နားအူ နားပင်းနှိပ်ရန်

ထိုရောဂါကပ်ရောက်သူတို့သည် ဘေးကြော၊ ရင်ကြော ...င်း၍ လည်၌ ဆို့မြို့ နှင့်တင့် ရှိတတ်ပါသည်။ နားအုံတစ်ဖက် ...ချက်တို့၌ အပူကြွ၍ နားတွင်းမှ တစစ်စစ် ပိုးထိုးသကဲ့သို့

ကိုက်တတ်ပါသည်။ နှိပ်ရန် အချက်ကား ဇက်ကိုသော်လည်းကောင်း၊ နားသယ်ကိုသော်လည်းကောင်း နားရွက်၏ အောက်လ က်တစ်ဆစ်ခြား ခန့် နေရာသော်လည်းကောင်း၊ လက်မဖြင့် အတော်ကြာကာလ ထောက်သဖြင့် အပူအပြင်သို့ ရောက်လျှင် ခဏချင်းနှင့်ပင် ဆိုခဲ့သော ဝေဒနာသည် ကင်းကွာပျောက်ပရပါသည်။

## မူး၍ တမှိုင်မှိုင် တတွေတွေရှိသည်ကို နှိပ်ရန်

ထိုရောဂါကပ်ရောက်သော သူတို့မှာ သွေးသည် အထက်ကို တက်သဖြင့်လည်းကောင်း၊ အောက်သို့သက်သဖြင့်လည်းကောင်း၊ နှလုံးကို လေရိုက်သဖြင့်လည်းကောင်း၊ တစ်ကိုယ်လုံးအေးမြတတ် ခြင်း၊ မျက်တောင်မှေးယှက်ခြင်း၊ တစ်ချက်တစ်ချက်သတိမေ့လျော့ တတ်ခြင်း ဖြစ်တတ်ပါသည်။ နှိပ်ရန်အချက်မှာ နောက်စေ့သို့သော် လည်းကောင်း၊ ကုပ်၏နှစ်ဖက်စောင်းကိုလည်းကောင်း၊ မျက်မှောက် အကြားသို့သော်လည်းကောင်း၊ မျက်ခုံးသို့သော်လည်းကောင်း၊ လက်ညှိုးဖြင့် ဖေးမ၍ လက်မဖြင့် အသာအယာ ထောက်လျှင် တခဏချင်းနှင့်ပင် ဆိုခဲ့သော ဝေဒနာသည် ကင်းကွာ ပျောက်ပ ရပါသည်။

## လေပူထသည်ကို နှိပ်ရန်

ထိုရောဂါ ကပ်ရောက်သော သူတို့ကို နားနောက် အရိုးဖု၏ အောက်တွင် လက်မနှင့် ထောက်သဖြင့်လည်းကောင်း၊ တကျည်း၏ အောက် လေရောက်သောနေရာကို လက်ဝါးစောင်းတစ်ဖက်ဖြင့် နှိပ်ချ၍သော်လည်းကောင်း တခဏအတွင်း၌ပင် ဆိုခဲ့သော ဝေဒနာသည် ကင်းကွာပျောက်ပရပါသည်။

### ကြီးထိုးသော် နှိပ်ရန်

ထိုရောဂါ ကပ်ရောက်သော သူတို့ကို နောက်ဘက်ခါးမှ ည်ကုပ်ရိုးတစ်လျှောက် လျှောက်၍ လက်ညှိုး, လက်မ နှစ်ဖက် ပ်ပြီးလျှင် သာယာစွာဖြင့် အနည်းငယ်နှိပ်သော်လည်းကောင်း၊ စ်ဖက်သော ခြေဖျားကို နာနာအုပ်၍ အတွင်းသို့ ချိုးပြီးလျှင် င်စကို လက်ဝါးနှင့်ဖိကာ အုပ်သော်လည်းကောင်း ခဏချင်းပင် ဆိုခဲ့သော ဝေဒနာသည် ကင်းကွာပျောက်ပရပါသည်။

### ွားနာ သွားကိုက်ကို နှိပ်ခြင်း

ထိုရောဂါကပ်ရောက်သော သူတို့ကိုနှုတ်ခမ်းဆောင်း တစ်ဖက် စ်ချက်ကစ၍ နားရင်းသို့ထိအောင် နှိပ်ခြင်း၊ ပါးသွယ်ရိုးအောက် စ်ဖက်တစ်ချက် လက်ညှိုးလက်မဖြင့် မမြှောက်, မကြွ တသမတ် ည်းထောက်၍ နှိပ်ရသော် တခဏချင်းပင် ဆိုခဲ့သော ဝေဒနာသည် င်းကွာပျောက်ပရပါသည်။

### းနိုင်၍ နေသည်ကို နှိပ်ရန်

ထိုရောဂါကပ်ရောက်သော သူတို့ကို လည်မျိုကလျှောက်၍ းရင်းသို့ ရောက်အောင်သော်လည်းကောင်း၊ ပေါင်တွင်းကြောက က်တစ်ဖက်ဖြင့်နှိပ်၍ ဇက်ကြောကို လက်တစ်ဖက်ဖြင့် ဆုပ်ခါချသော် ည်းကောင်း တခဏချင်းမင် ဆိုခဲ့သောဝေဒနာသည် ကင်းကွာ ျောက်ပရပါသည်။

### က်စိနာ တိမ်စွဲ သလ္လာလွှမ်းကို နှိပ်ရန်

ဝဲ,ယာ ခြေသလုံး ကြွက်သားကိုသော်လည်းကောင်း၊ ပခုံးနှစ် က်နှင့်တကွ အုပ်ဆက် အလယ်တည့်တည့်ကိုသော်လည်းကောင်း၊

ခြေသလုံး ပြင်အနီး ညို့သကျည်းအရိုးခြောင်ကိုသော်လည်းကောင်း၊ လက်ညှိုး, လက်မဖြင့် ကုပ်လျက် အထာနိုင်ယံနာအောင် နှိပ်သော် တခဏချင်း ဆိုခဲ့သော ဝေဒနာသည် ကင်းကွာမပျောက်ရပါသည်။

**မိန်းမတို့၌ မီးယပ်နှင့်ယှဉ်၍ဖြစ်သော ရင်ဆို့ရင်ကျပ်နာတို့ကို နှိပ်ရန်**

လက်ဝဲ, လက်ယာ မောင်းဆက်နှစ်ဖက်အတွင်း၊ သားမြတ်အတွင်း ရင်နှသားကို လက်မဖြင့် အသာအယာနှိပ်၍ နှံအေးမှုသော်လည်းကောင်း၊ ကျောမှသော်လည်းကောင်း၊ လက်ဖနောင့်ဖြင့် ဖိကာ-ဖိကာနှိပ်ရသော် တခဏချင်းပင် ဆိုခဲ့သောဝေဒနာသည် ကင်းကွာပျောက်ပရပါသည်။

**လက်သေ လက်ကပ်သော် နှိပ်ရန်**

ရင်သားအထက် လက်လေးသစ်ခန့်တွင်သော်လည်းကောင်း၊ ရင်ဝအောက် မောင်းကျွေးကြားတွင်သော်လည်းကောင်း၊ ရင်ဝအောက် မောင်းကျွေးတွင်သော်လည်းကောင်း လက်ဖြင့် ထောက်ကာ ထောက်ကာ နှိပ်နယ်ပြီးလျှင် လက်မောင်းရင်းမှ လက်ဖျားထိအောင် ရေနွေးနှင့် သုတ်လိမ်း၍ လက်ဝါးဖြင့် ဆုပ်နှိပ်ရသော် ဆိုခဲ့ပြီးသော ဝေဒနာသည် တခဏချင်းပင် ကင်းကွာ ပျောက်ပရပါသည်။

**သေပုထိုး၍ ရင်ကျပ်သော် နှိပ်ရန်**

ရင်ဝနှင့်ဘဝင်ကို ရှေးဦးစွာ လက်ဖြင့် ဖိလျက် အပူခိုးပျံ့နှံ့စေပြီးလျှင် ကျောကာတစ်ဖန် လက်ဖနောင့်နှင့် ဖိကာ ဖိကာ အတန်ကြာကာလကို လွန့်စေ၍ လက်ပြင်ညှနံ့သို့ လက်မဖြင့် ဘစ်ဖက်တစ်ချက် နှိပ်ရသော် ဆိုခဲ့သောရောဂါသည် တခဏချင်းနှင့်ပင် ကင်းကွာ ပျောက်ပရပါသည်။

## ဖျားအောင့် ရင်အောင့်သော် နှိပ်ရန်

ဒူးကြောတစ်ဖက်တစ်ချက်ကို လက်မနှင့်ဖြင့် ဖိကာ ဖိကာ နှိပ်နယ်ပြီးလျှင် ချက်အောက်သုံးသစ်ကွာသော ဆီးချိုင့်အရပ်ထက် လက်ဝါးဖြင့်အုပ်၍ နှိပ်ရသော်လည်းကောင်း၊ လက်ရုံး၊ ပခုံးနှစ်ဖက် ၏ ရင်ကတ်စွန်းမှ ရင်အုံသားမြတ် အထက်တစ်ပြင်လုံးတွင် နှိပ်ရ သော်လည်းကောင်း ဆိုခဲ့သောရောဂါသည် ခဏချင်းနှင့်ပင် ရှင်းကွာ ပျောက်ပရပါသည်။

## ခြေလက်သေ တုံကျဉ်သော် နှိပ်ရန်

မီးညောင့်အထက် လက်နှစ်သစ်အကွာတွင် လက်မဖြင့် နှစ်စွမ်းစွာထိုးနှက်၍ ပေါင်တွင်းကြော တံတောင်ဖြင့် တစ်တလျှဉ်း ည်း ကြိတ်ပြီးလျှင် ခြေသလုံး ကြွက်သားတွင်းသို့ နှိပ်ရသော် ဆိုခဲ့သောရောဂါသည် ခဏချင်းနှင့်ပင် ပပျောက်ရပါသည်။

## ကျင် ဆီးအောင့်နှိပ်ရန်

ခြေဖနောင့်အထက် ကြွက်သားကို လျှောက်နှိပ်စေသော်လည်း ကောင်း၊ ချက်တိုင်အောက် တကျည်းလိပ်မြီးများကို လက်ဝါးဖြင့် သာအုပ်လျက် လက်ဖျားဖြင့် ကုပ်ကာကုပ်ကာ နှိပ်ရသော်လည်း ကောင်း ဆိုခဲ့သော ဝေဒနာသည် လျှင်စွာပပျောက်ရပါသည်။

## ထိုက် ခါးနာနှိပ်ရန်

ခြေဖမိုးကစ၍ ဒူးဆစ်ကျအောင် ရှေ့သို့သကျည်းရိုး ဘေး ဖက်တစ်ချက်အတွင်းသို့ လက်မဖြင့် ထောက်ကာ ထောက်ကာ ရသော်လည်းကောင်း၊ တင်ပါးခွက်အတွင်းသို့ တံတောင်ညွန့်နှင့် ဆွပြီးလျှင် ခါးနောက်ကျောရိုးသို့ လက်မလက်ညှိုးဖြင့် အကြောရှိ

သွေးပူအောင် နှိပ်ကာနယ်ရသော်လည်းကောင်း ဆိုခဲ့သော ဝေဒနာသည် ခဏချင်းနှင့် လျှင်စွာပျောက်ရပါသည်။

**အဖျားကပ်ရောက်သော သူတို့ကို နှိပ်ရန်**

ပူတုံ–ချမ်းတုံဖျားသော် ခြေဖဝါးကို နာနာကြိတ်ပြီးလျှင် ခြေမကြား အကြောကို နှိပ်ရာသည်။ အဖျားကြီး၍ မေးခေါ်မရမူးမူး မေ့မေ့ရှိသော် ဖနောင့်ကြောကို နာနာနှိပ်ရာသည်။ ငန်းဖမ်း၍ လူးလဲသော် ခြေမျက်စိအောက်ကို နှိပ်ရာသည်။

**ခြေမသယ်နိုင် လက်မသယ်နိုင်ရှိသော် နှိပ်ရန်**

ဒူးဖျားကို တံတောင်ဖြင့် နာနာတေ့၍ ဖရုံစွဲ အသားကိုသော်လည်းကောင်း၊ လက်မောင်းရင်းအိုး ရှေ့နောက် နှစ်ရပ်ကိုသော်လည်းကောင်း နှိပ်ရာသည်ဟု ကျမ်းအစောင်စောင်တို့မှာ ပြပေသည်။

**တစ်ပါးသော ဆရာ၏အလိုအားဖြင့် ရှစ်ပါးသောနှိပ်ချက်**

၁။ နာစေးသော်၊ မျက်စိဝေသော်၊ ပခုံးအလယ်ကြောကို နှိပ်ရာသည်။
၂။ ဝမ်းကျသော် ချက်ကို လက်ယာရစ်လှည့်၍ နှိပ်ရာသည်။
၃။ ငန်းဖမ်းသော် ပေါင်တွင်းကြောဆုံကို နှိပ်ရာသည်။
၄။ ရင်ဘတ်နာသော် ဖဝါးအလယ်ကြောကို နှိပ်ရာသည်။
၅။ ကျင်ဖြူ, ကျင်နီဖြစ်သော် ဆီးကြောကို နှိပ်ရာသည်။
၆။ ဝက်ရူးပြန်သော် မောင်းတွင်းအလယ်ကြောကို နှိပ်ရာသည်။
၇။ သွေးတဂ္ဂဖြစ်သော် ဆီးကြောအထက်က ကြာသေးကြားကို နှိပ်ရာသည်။
၈။ အစာမကြေ လေမစုံသော် ဝမ်းကြော မ,ကို ဖိနှိပ်လေသည်။

**တကျည်းနှင့် နှိပ်အပ်သောအချက်**

အရသာနှင့်တကွ သွေး, သလိပ်တို့ကို ဆောင်ကုန်သော ခုနစ်ရာသော အကြောတို့တွင် ဓမနီမည်သော နှစ်ဆယ့်လေးချောင်းသော အကြောကြီးတို့သည် လိပ်သဏ္ဌာန် ကုမ္မနာဠီဟု ဆိုအပ်သော တကျည်းဖြစ်ကုန်သည်။ ထိုလိပ်ခေါင်းကား လက်ဝဲနံပါးသို့ အမြီးကား လက်ယာနံပါးသို့ ထားကုန်သည်။ ထိုလိပ်သဏ္ဌာန်ဖြစ်သော အကြော နှစ်ဆယ့်လေးခုတို့တွင် ခေါင်းနှင့်အမြီးတို့မှ အကြောကြီးနှစ်ခုစီ ထွက်သည်။ ဝဲ, ယာ နံပါးနှစ်ဖက်တို့ကို လျှောက်သွားကုန်သည်။ လက်နှစ်ဖက်, ခြေနှစ်ဖက်တို့မှ အကြောကြီးငါးခုစီတို့သည် လူတို့၏ လက်, ခြေ၊ ၎င်း၏ အသီးသီးပျံ့နှံ့သွားလာကြကုန်သည်။ ထို့ကြောင့် အနှိပ်လိမ္မာကုနသော ဆရာတို့သည် တကျည်းဖြင့် များစွာ နှိပ်နယ်ကုန်သည်။

**စမ်းသပ်ရန် သွေးကြောတို့အကြောင်း**

နှလုံးသား၏ အတွင်းဝယ် အခေါင်းငယ် လေးခုတို့တွင် လက်ဝဲဘက်အောက် တွင်းကြီးမှ သွေးကြောကြီးတစ်ခုသည် နှလုံး၏ နောက် လက်ယာဘက်သို့ စောင်း၍ ထွက်ပြီးလျှင် အထက်သို့ တက်သွားပြီး အထက်ဆုံး နံရိုးအောက် ရင်ဘတ်ဆီတည့်တည့် အရပ်သို့ ရောက်သည့်ကာလ လက်ဝဲဘက်သို့ခွေကောက်၍ ကျောရိုးကို ကပ်ဆင်း၍သွားရာ နှလုံးအောက် အသည်းနေရာအောက်အကိုင်း တစ်ခုထွက်၍ ၎င်းအကိုင်းမှ အခက်ငယ် ၃ ခုဖြာပြီးလျှင် လက်ယာဘက်သို့ သွားသည့်အခက်တွင် အသည်းနှင့် သည်းခြေ တွယ်ကပ်၍ ဖြစ်သည်။

လက်ဝဲဘက်သို့ သွားသည့် အခက်အဖျားတွင် သရက်ရွက် တွယ်ကပ်၍ ဖြစ်သည်။ အလယ်ခက်သည် အခက်ငယ် အများအပြား

ဖြစ်၍ အချို့ကား အစာသစ်အိမ်တွင်းသို့ သွားသည်။ အချို့ကား ပြည်အိတ်ရှိရာသို့ သွား၍ အဖျားတွင် ပြည်အိတ်၌ ကပ်လျက်ရှိသည်။ အချို့သည် သူငယ်၏ ပထမပိုင်း၌ ဖြာလျက်သွားသည်။

နှလုံးမှ ထွက်လာရင်း အကြောကြီးသည်ပင် အောက်သို့ ဆင်းသွားပြန်၍ အောက်ဆုံးနံတိုနှစ်ချောင်းအနက် အထက်နံတိုနှင့်ပင် ဆက်သည်။ ကျောရိုးမှ အောက်ကျောရိုး ၄ ချောင်းအတွင်းတွင် အကိုင်းနှစ်ခုထွက်ပြီးလျှင် အဖျားတွင် ဝဲယာ ကျောက်ကပ်နှစ်ခု ဖြစ်ပြန်၍ ဤကျောက်ကပ်၏ အရှေ့ဘက် အကြောကြီး ထွက်သည့် အညှာမှ နောက်အခေါင်းရှိသော အကြောတစ်ခုစီထွက်၍ ဆီးအိမ် ဆီးပေါက်တွင်းသို့ ဝင်သည်။

နှလုံးမှထွက်လာရင်း သွေးကြောကြီးသည် လည်ပင်းသို့ ရောက်သည့်ကာလ အကိုင်းကြီးနှစ်ခု၊ အကိုင်းငယ်သုံးခု ခြေနှစ်ဖက်သို့ အကိုင်းကြီးနှစ်ခုတို့သည် သွားကုန်သည်။ အကိုင်းငယ်သည် နောက် ထားမချပ် မြီးညောင်ရိုး တင်ပါးတို့သို့ ဖြာ၍သွားသည်။ ခြေနှစ်ဖက်သို့ သွားသောအကိုင်းနှစ်ခုတို့သည် တစ်ခုလျှင် နှစ်ခုစီဖြာ၍ ဝဲယာပေါင် တို့ကို ရှေ့နောက်အုပ်ပြီးလျှင် အောက်သို့ ဆင်းသက်၍ ခြေသလုံးသို့ ရောက်ပြန်လျှင် သုံးဖြာကွဲ၍ ခြေဖျားတိုင်အောင် အတွင်းအပြင်ဖြာ၍ သွားလေသည်။

ဤနှလုံးကထွက်ရင်း သွေးကြောကြီးသည် အထက်ဆုံးရင်ရိုး အနီးသို့ ရောက်၍ ပြန့်ခေါက်သည့် အကွေးဘက်မှ အကိုင်းသုံးခု ထွယ်လျက် လက်ဝဲ, လက်ယာနှစ်ခုတို့သည် လက်နှစ်ဖက်သို့ သွားသည်။ အလယ်အကိုင်းသည် နှစ်ဖြာကွဲလျက် လည်ပင်း ဝဲ,ယာကို ညပ်ပြီးလျှင် နား, နှာခေါင်း, မျက်လုံး, လျှာ, ဦးနှောက် အတွင်းတိုင်အောင် များစွာသော အခက်ငယ်တို့သည် ဖြာလျက် အုပ်သည်။ လက်သို့သွားသော အကိုင်းနှစ်ခုတို့သည်လည်း အထက်

က်မောင်းအလယ်ခန့်လောက်တွင် နှစ်ခုဖြာလျက် လက်ရှေ့ ာက်ကို အုပ်ပြီးလျှင် လက်ဖျားတိုင်အောင် အပြန့်အနှံ့ ဖြာလျက် ားသည်။ ထို့ကြောင့် ဆေးဆရာတို့သည် ဤအထက်သို့ သွားသော ွးကြောတို့တွင် လက်ကောက်ဝတ်၌ရှိသော သွေးကြောကိုလည်း ာင်း၊ ထိုမှတစ်ပါး ဆိုအပ်ခဲ့ပြီးသော အရပ်ရပ်ဌာန တို့ကိုလည်း ာင်း စမ်းသပ်လျက် အနာရောဂါအကြောင်းကို သိကြကုန် သည်။

## လ, တာရာ, ဂွတ်တို့၏ ထိတ်နိမိတ်အကြောင်း

ကမ္ဘာဦးအခါ၌ အဘိညာဉ်ရသော ရသေ့ရှစ်သောင်း သူတော် ာင်းတို့ ဟောပြော မိန့်ဖော်ထားတော် မူခဲ့သည်မှာ ကောင်းကင်၌ ယ်တံခွန်လည်း ထွက်သည်။ နေလလည်း ၄ သည်။ မင်း၏ မတ်ဟူးရားတာတ်တို့ အပြစ်ရှိသည်။ ဖျောက်ဆိတ်ထွက်ရာ လဝင်မှ ျင်လှုပ်သည်။ ရသေ့မြတ်စွာ မာရာသခင်၊ နတ်ရှင်မင်းသို့၊ င်သော အလျောက်၊ မှတ်စင်လောက်သည်၊ အနောက်စူးမှူး၊ ဦးအမှတ်၊ လဦးစွန်းထွက်၊ ထွန်းသည့်ရောင်ဝါ၊ အင်္ဂါလာမူ၊ ာတိုင်းဂမြ၊ နေသည့်မင်းတို့၊ ပျက်ခြင်းဖြစ်သည်၊ ရှစ်လနီသော်၊ ကြီးဖြစ်သည် မလွဲတည်း။ အရှေ့မျက်နှာ၊ လနှင့်အင်္ဂါ၊ထိကြဲရာကား၊ ာက်လလွန်သော်၊ မတ်မွန်တကာ၊ ချမ်းသာဖြစ်သည် မလွဲတည်း။

လ၏အဦး၊ ဗုဒ္ဓဟူးနှင့်၊ ယှဉ်ပူးအတူ၊ ထိကြမူကား၊ မိုးလေမရှိ၊ စိတ်ပုံဘိသည်၊ လနှင့် ဗုဒ္ဓဟူး၊ မွန်းတည့်မူးမူ၊ ရှစ်လကြူးသော်၊ ထူးတခြား၊ တိုင်းကားမိုးမြေ၊ နေသည်မင်းမှုပစ္စည်းဥစ္စာ၊ ရတနာကို၊ းစွာရသည်။ လနှင့် ကြာသပတေး၊ မဝေးရာယှက်၊ အရှေ့မျက်နှာ၊ ကြရာကား၊ မိုးဦးမိုးနှောင်း၊ ကောင်း၏ဝစ္စာ၊ စားရပါသည်၊

မချမ်းသာယာ၊ ဝမ်းတို့နာသည်၊ မွန်းတည့်အခါ၊ ကြာသပတေး ကြယ်ကြီး၊ လနှင့်နီးသော်၊ ကြီးသည်မင်းတို့ ပျက်သည်။

ထိုမှတစ်ဖန်၊ မှတ်သိပ်ပြန်သည်၊ တစ်ဖန်များစွာ၊ ကွေ့ကွင်းရာသည်၊ ရန်သူဥပဒ်၊ ဖြစ်လတ်ခုနစ်လ၊ မုချမလွတ်၊ မချွတ်ဖြစ်သည်၊ အကယ်မလွဲသည်၊ အရှေ့မျက်နှာ၊ လနှင့်စနေ၊ တွေ့ကြလေမူ၊ တိုင်းကားမိုးမြေ၊ နေသည်မင်းတို့၊ ပျက်ခြင်းဖြစ်သည် အလားတည်း။ မှတ်သိပ်ခြင်းနှင့်၊ ထန်ပြင်းခိုးသူ၊ ပူလတွံ့သည်။

မွန်းတည့်အခါ၊ လနှင့်စနေ၊ တွေ့ကြလေမူ၊ ပုံသေမုချ၊ ငှလမလွန်၊ ရပ်ဇွန်တခြား၊ မင်းတစ်ပါးမှ၊ ခွန်သဥစွာ၊ များစွာရသည့်၊ အရှေ့စူးစူး၊ စနေပူးမူ၊ မင်းကြီးဆရာ၊ ဗိုလ်ပါအလုံး၊ စုရုံးညီညာ၊ မင်္ဂလာဦးထိပ်၊ ဘိသိက်အကျော်၊ တန်ခိုးတော်ဖြင့်၊ လျင်မြန်မြောက်သည်၊ ကြာသပတေး၊ သောကြာ၊ နေ့ခါတစီ၊ ထိကြရကား၊ ခြောက်လလွန်သော်၊ မင်းမွန်ခန္ဓာ ပြောင်းသည်။ စနေ–အင်္ဂါ၊ ထိကြရာကား၊ ခြောက်လလွန်မြောက်၊ ခုနစ်လရောက်သော်၊ ပျောက်ခသည်။ မင်းကြီးဆရာသည်၊ ဝဿန်အခါ၊ စနေ–အင်္ဂါ ထိကြရာကား အထူးထူးသော အရပ်မှ စုစ်မက်ဖြစ်သည်။

ဟေမန္တအခါ၊ စနေ–အင်္ဂါ၊ ထိကြရာကား၊ ခြောက်လလွန်သော်၊ အမွန်ချမ်းသာ၊ များစွာရသည် မလွဲတည်း။ ဂိမှာနအခါ၊ ကြာသပတေး၊ မဝေးအင်္ဂါ၊ ထိကြရာကား၊ များဖြင် သတ္တဝါ၊ ကမ္ဘာမီးသွင်၊ ရောက်လာချင်းသို့၊ ဥယျာဉ်ရေကန်၊ မကျန်ခပင်း၊ ပျက်စီးခြင်းဟု၊ မယွင်းမှတ်ရန်ရာသည်။ ဝဿန်အပါ၊ ဗိဝါကြာသပတေး၊ မဝေးအင်္ဂါ၊ ထိကြရာကား၊ မကြာခဏာ၊ လွန်သုံးလတွင်၊ သတ္တဝါများစွာ၊ လူတာကာတို့၊ ပူဆာညွတ်ယိမ်း၊ တိမ်းတိမ်းပါးပါး၊ သွားလာမပျက်၊ ငိုကြွေးလျက်နှင့်၊ စစ်မက်ရောထွေး၊ ရောဂါဘေးနှင့်၊ အများဆက်လက်၊ ပျက်အံ့မချွတ်မလွဲတည်း။

ဟောမန္တ အခါ၊ ကြာသပတေး-အင်္ဂါ၊ ထိကြရာကား၊ လေးလ မြောက်သော်၊ ပျောက်အံ့ထင်ရှား၊ မင်းကြီးမယား၊ မိဖုရား၏ အလားတည်း။ ဟောမန္တ အခါ၊ ရာဟု-အင်္ဂါ ထိကြရာကား၊ ခြောက်လ လွန်သော် ရပ်စွန်ဇနပုဒ်၊ ဥပဒ်ကြိုက်သည် မလွဲတည်း။ ရာဟုကင်း သည်၊ လမင်းကြက်တိုက်၊ ဆိုက်လျက်လည်သွား၊ ချဉ်းလတ်ငြားမူ ဘုရားမြတ်စွာ၊ သုံးလူ့ချာနှင့်၊ စကြာမန္တတ်၊ လေးကျွန်းနတ်တို့၊ သူ မြတ်များစွာ၊ ထင်ရှားရာသည်၊ မှတ်ပါမချွတ် မလွဲတည်း။ ဆိုင်းထမ်း ကြယ်ကား၊ လဝယ်ထက်ရုံး၊ ထိကြတုံသည်၊ ဗိုလ်ပုံမှတ်ရာ၊ များစွာ ပြောထု၊ ပြည်သူဘေးကြီးရောက်သည်။

သဘော်ကြယ်ကား၊ လဝယ်ထိသည်၊ ဣန္ဒိပျံ့မွှေး၊ စကြဝတေး မင်းရေးတစ်ပါး၊ ဘုရားမြတ်စွာ၊ ခန္ဓာပျက်သည်၊ ဆိုင်းထမ်း ကြက်တိုက်၊ ဆိုက်၍အကြား၊ လမင်းသွားမူ၊ ဘုရားနိဗ္ဗာန်၊ လွန်သည်အရောင်၊ ကမ္ဘာလွန်သို့၊ ဆောင်သည်ပြည်ထဲ၊ ပြိုပျက်ကွဲ သည်၊ ဖျောက်ဆိပ်ကြက်တိုက်၊ ဆိုက်၍အကြား၊ လမင်းသွားမူ၊ မင်းကြီးမယား၊ မိဖုရားငယ်သေသည် မချွတ်တည်း။ ဆိုင်းတန်းကြက် တိုက်၊ တိုက်သည့်အကြား၊ လမင်းသွားမူ၊ မင်းသားအမတ်၊ တစ်ရပ် ပြည်သူ၊ ပုလောင်ဖျာပါ၊ ပျက်စီးရာသည်၊ မှတ်ပါမချွတ် မလွဲတည်း။

ကြယ်သဘော်တွင်း၊ လမင်းသွားမူ၊ ကျွဲ, နွား, မြင်း, ဆင်၊ ပျက်စီးလျှင်သည်၊ သို့စဉ်မချွတ် မလွဲတည်း။ ကြတ္တိကာကြယ်စီ၊ ရောဟိဏီထက်၊ ချဉ်းလျက်လမင်း၊ သွားလတ်လျှင်းမူ၊ ထန်ပြင်း သီးသီး၊ မြေကြီးလှုပ်ခြောက်၊ ဒုဗ္ဘိရောက်သည်၊ ခတ်မြောက်အိုးရေ၊ မြေသို့အလို၊ ပျက်ပြိုတိမ်းလု၊ စာနုရနှင့်၊ ကြီးသူရောဂါ၊ အနာပွားများ၊ ထူးခြားအံ့လောက်၊ ကျောက်နှင့်ဝက်သက်၊ ထွက်အံ့ရေယုန်၊ မြုံအနာ၊ ပေါက်တတ်စွာသည်။

ကောင်းကင်အလယ်၊ ကြယ်သဘော်ထက်၊ ပြက်ပြက်ထင့်ရှား၊ လမင်းသွားမှု၊ မင်းဖျားစကြဝတေး၊ အရေးတစ်ပါး၊ ဘုရားမြတ်စွာ၊ မဟာပရိနိဗ္ဗာန်၊ ဝင်ကြစမြဲ၊ မလွဲမှန်စွာ၊ သတ္တဝါတို့၊ ရောဂါနှိပ်စက်၊ ခန္ဓာဖျက်သည်၊ ဗုဒ္ဓဟူးကြယ်၊ လ, ဝယ်တစ်ထွေ၊ ချဉ်းတုံလေမူ၊ ဆာမူကျူးမ်းလောင်၊ မိုးခေါင်မှတ်သိပ်၊ ဒုဗ္ဘိက္ခမကောင်း၊ ပုန်းရှောင်ခိုးဝှက်၊ လုယက်ဖျက်ဆီး၊ ပြည်ကြီးပျက်သည်၊ အရောင်အဂ၊ ပေါ်ဆဲပြစွာသား၊ သောကြာ–ကြာသပတေး၊ ပြေးသည်အထက်၊ နှင်းလျက်မခြား၊ လမင်းသွားသည်၊ လူများစောထီး၊ မင်းကြီးလည်းသေ၊ အနေလည်းပျက်၊ ထွက်ခဲ့ပြည်တွင် မနေရာ။

သောကြာကြယ်ကြီး၊ လထဟော်စီးမှု၊ မင်းကြီးဆရာ၊ အမစွာတို့၊ ခန္ဓာနစ်မွန်း၊ ဖန်ရည်စွန်းသည်၊ ရဟန်းအကြီး၊ မင်းမထီးနှင့်၊ အပြီးထင်ရှား၊ လူသုံးပါး၏ ကြမ္မာတည်း။ စနေဖူးမှီ၊ လှည့်ပတ်ချည်၍၊ ရောင်နီထွန်းဝင်း၊ လမင်းစန္ဒရာ၊ ချဉ်းလတ်ရာမူ၊ များစွာပြည်သူ၊ ဗိုလ်လူတကာ၊ ပူဆာလှိုက်လှဲ၊ တကွဲတပြား၊ အိမ်ကားဓားလှံ၊ တွေ့ရန်လေဘေးမလွဲတည်း။

ရာဟုပူးသား၊ သွားလှည့် ရာ၌၊ စဉ်ဆိုက်ရောက်ချက်၊ ထက်ဝက်လမင်း၊ ချဉ်းလတ်ရာကား၊ အိမ်သားဘေးလည်း၊ မဝေးရောက်ရန်၊ ကျိန်းကြီးမှန်၍၊ တန်တန်စဉ်းစား၊ လှံနှင့်ဓားကို၊ ဆီအားအုံ့ငှာ၊ ငြိမ်းချမ်းသာအောင် ရတနာသုံးပါး၊ ဦးဖျားထိပ်ထက်၊ နေ့တိုင်းရွက်လော့၊ ပျက်အုံ့ပုံသေ မလွဲတည်း။ ဤအရာ၌ လဆန်းဖြစ်လျှင် အနည်းငယ် ချွတ်ယွင်းတတ်သည်။ လဆုတ်ဖြစ်လျှင်ကား အလွန်မှန်ကန်တတ်သည်။

တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ စနေ၊ ကြာသပတေး ဤဂြိုဟ်လေးလုံးကို နဂိုဟူ၍မှတ်။ တနင်္လာ၊ အင်္ဂါ၊ သောကြာ၊ ရာဟု၊ ကိတ်တို့ကို ယာယီဟူ၍မှတ်။ ၎င်းယာယီနဂို၊ နှစ်လုံးဂြိုဟ်တို့၊ ရောင်စုံလက်လတ်၊

ပြက်ပြက်လျှံခင်း၊ ပထွန်းလင်းသော်၊ မင်းနှစ်ဖော်သို့၊ မနှစ်လို၍၊ စစ်ဖက်လိုစိုး၊ ထိုးကြအုံသော–အလာတည်း။

နဂိုကြယ်လည်း အုံ့ဖွယ် ထူးဆန်းအလာတည်း။ ရောင်ဝါလင်းသည်၊ နဂိုမင်းတို့ ဖျက်ခြင်းဖြစ်သည်။ ဂြိုဟ်များဆရာ၊ ကောဇာကြာသပတေး၊ မနေးစွာရ၊ သိပ္ပကျ၍၊ မာဃဆက်ဖျား၊ နင်းလျက်သွားသည်၊ မှတ်သားစစ်ဖက် အလားတည်း။

စနေဂြိုဟ်ဖျား၊ ကုံနှင့်သွား၍၊ ပိုင်းခြားတွက်ဆ၊ တသဒထက်၊ နင်းလျက်လာသည့်၊ မမှားပြည်ထဲ၊ ပြိုကွဲကြမှာ ပျက်သောတည်း။

တမောရာဟု၊ ရှုလောမကွာ၊ သွာဒီစိတြ၊ မှတ်ထနက္ခတ်၊ မချွတ်နင်းကာ၊ ပျက်ခြင်းကြီးစွာ၊ ပြည်ကြီးဒသာ၊ ပြည်ကြီးကြမှာတည်း။

ဤမျှသုံးပါး၊ မှားကောဇေ၊ ညီလှရာကား၊ ပြည်ရွာလန့်စိုး၊ စစ်မက်တိုးသည်၊ ကောဇာမကောင်း သင့်လက်မှောင်သည်၊ ပြည်ကြီးအုတ်ကျက်၊ ဆူပွက်လောင်ဖွဲ၊ လူခပဲတို့၊ ဖွဲ့သည့်လုံ့ဓား၊ ဘေးရန်များသည်၊ တခြားကောဇာ၊ ကာကနတာ၌၊ သွားရာလမ်းတွင်၊ မှောင့်ယှက်ချင်မူ၊ ပြည်ရှင်ဘေးရ၊ ဘောမအင်္ဂါ၊ ကောဇာသွားခြင်း၊ ခပင်းမချွတ်၊ နက္ခမူလ၊ အဒြရေဝတီ၊ တူညီတကွ၊ ဟသဒထက်ဖျား၊ နင်း၍သွားမူ၊ လူများစောထီး၊ မင်းကြီးလည်းသေ၊ တိုင်းပြည်လည်းကြေ၍၊ ဗိုလ်ခြေကျွမ်းဆောက်၊ မီးလျှံတောက်သည်၊ ပြေးပေါက်လမ်းကိုရှာပါသည်။

**ကိတ်ဂြိုဟ်သုံးပါးကို ထွဲ၍ ငင်းဂြိုဟ်၏ တိတ်နိမိတ်ကိုပြခြင်း**

အကြင်ပြည်ရွာ အရပ်တို့၌ ကိတ်သည် အရောင်အဝါ ပြင်းထန်စွာ ထွန်းလင်းမှုကား ထိုအရပ်၌နေသော မင်းတို့သည်လည်းကောင်း၊ ပြည်သူပြည်သား လူအများတို့သည်လည်းကောင်း ပျက်စီးသည်။

သို့ရာတွင် ကိတ်ဟူသည်ကား မြေ၌ဖြစ်သောကိတ်၊ အန္တရကိတ်၊ ကောင်းကင်ကိတ်ဟူ၍ သုံးပါးအပြားရှိသည်။ ထိုသုံးပါးတွင် ဖရုံရေပြွန်း၊ မီးငါးစုန်း၊ ပတ္တမြားစသည် တို့ကိုကြည့်၍ အရပ်ရပ်တို့၌ ထန်စွာသော၊ အခိုးအလျှံအရောင်အဝါတို့ဖြင့် တောက်ပသောကိတ် တို့သည် မြေကိတ် မည်သည်။

မြို့ပြ၊ တံခွန်၊ ကုက္ကား၊ လှံအိမ်ရာ၊ ပြာသာဒ်၊ ဆောင်မှစ်၊ စုလစ်မွန်း ချွန်း၊ထန်းပင်၊ သစ်ပင်၊ ပုထိုး၊ ဘုရား၊ ဝှကျောင်းစသည်တို့ ဖြစ်သော ကိတ်သည်အန္တရကိတ်မည်သည်။ ဥက္ကာကျသော်၊ ဗုဒ္ဓဟူး ဂြိုဟ်ထွန်းသော်၊ ကြယ်တံခွန်၊ တိမ်တံခွန်ထွက်သော်၊ နေကြတ်သော်၊ လကြတ်သော်၊ ကောင်းကင်ထက်အရောင်အဝါ တောက်ပသော်၊ ကောင်းကင်သဲသဲကျော်သော်၊ ကြက်ခွပ်သော်၊ နေမဏ္ဍိုင်သင့်သော်၊ ကြယ်၊ လ၊ နေ၊ တိမ်တို့၌မြင့်သော် ထိုကိတ်သည် ကောင်းကင် ကိတ်မည်သည်။ နေဝန်းတွင်ဖြစ်စေ၊ လဝန်းတွင်ဖြစ်စေ၊ ကိတ်သည် အဆင့်ဆင့် ဦးတို၊ လည်တို၊ လက်နက် အဆင်းသဏ္ဌာန်ကဲ့သို့ မြင်မူထိုအရပ်နေ လူအပေါင်းတို့သည် လုံ့အား၊ စားဘေးတွေ့သည်။

နေဝန်းတွင်တိမ်သည် လှံတံအဆင်းသဏ္ဌာန်ကဲ့သို့ မြင်မူမင်း ကြီးသေသည်။ ကိတ်အဆန်းမြင်မူ ခိုးသူသေသည်။ ထမ်းစင်အဆင်း သဏ္ဌာန်ကဲ့သို့မြင်မူ ဝတ်မွတ်သည်။ မင်းတို့အဆောက်အအုံဖြစ်သော တိမ်တံခွန်သည် တောင်ဝှေး၊ ယပ်၊ အဆင်းသဏ္ဌာန်ကဲ့သို့မြင်မူ မင်းတစ်ပါးဖြစ်သည်။ မီးကျီးလျှံကဲ့သို့မြင်မူ လူတို့ပျက်စီးသည်။ ကိတ်တစ်ပါးထွက်မူ မွတ်သိပ်သည်။ နှစ်ပါးထွက်မူ ပြည်ရွာမီးလောင် များသည်။ သုံးပါးထွက်မူ မင်းတို့ပျက်စီးသည်။ (တိုင်းကားပြည်ရွာ၊ ပုဏ္ဏား၊ မင်းတို့အား အကျိုးပေးသည်) ဤကား အကြောင်းသနိမိတ် တည်း။

## ကိတ်, နေဝန်း, လဝန်း, အဆင်းပြရာ တိတ်နိမိတ်တို့၏ အကျိုးအပြစ်ကိုပြခြင်း

ကိတ်, နေဝန်း, လဝန်း တို့သည် အကြင်မြို့ရွာရှိ ကျောင်း, ကန်, ဘုရား, ပုထိုးတို့ကို အဆင်းပြသည်။ ထိုအရပ်၌ နေထိုင်လျက်ရှိကြသော ရဟန်း, ပုဏ္ဏား, လူအများတို့ ဘေးဥပဒ်အန္တရာယ်ကြီးစွာရောက်သော နိမိတ်ဖြစ်ကုန်သည်။ တော်လည်းသော်လည်းကောင်း၊ မြေကြီးကွဲသော် လည်းကောင်း၊ မြေငလျင်လှုပ်သော်လည်းကောင်း၊ မင်းအချင်းချင်း စစ်မက်ကြီးမား၍ ရဟန်း, ပုဏ္ဏား တိုင်းကားပြည်ရွာ ချောက်ချားသော မြေကြီးနိမိတ်တည်း။

## လနှင့်ကြယ်ခြင်းရာအကျိုးအပြစ်ကိုပြခြင်း

လ၏အလယ်တွင် သောကြာကြယ်ချဉ်းမူ မဂရာဇ်တိုင်း၊ ယဝတိုင်း၊ ကလိင်္ဂတိုင်း၊ ယောရာတိုင်း၊ သုသဝါသပြည်၊ ဤပြည်တို့သည် ပျက်သည်။ ကြာသပတေးကြယ်ကျဉ်းလတ်မူ, ဂန္ဓာလရာဇ်တိုင်း၊ သောစိကတိုင်း၊ သောဋ္ဌသတိုင်း, သိန္ဓုနတိုင်း ထိုတိုင်းတို့သည် ပျက်စီးသည်။ စနေကြယ် ချဉ်းလတ်မူ ကုရုတိုင်း၊ ပေါမတိုင်း ဤတိုင်းတို့ပျက်စီးသည်။ (အမတ်ကောင်း ဆောက်ကျစ်သည်။ ယာယီမင်းကား မထောင်းတာ) ဗုဒ္ဓဟူးကြယ် ချဉ်လတ်မူသွေးချောင်း ဖြစ်အောင် သတ်ကြသည်။ နေထွက်ဦးက ဥဒေါင်းလည်ဆံကဲ့သို့ ထွက်လတ်မူကား အခြံအရံများသော မင်းတို့ စစ်ထိုးကြ၍ ပျက်စီးကြသည်။ (ဤသည်လျှင် ဈာန်အဘိညာဉ်ရ ဆရာရသေ့တို့အဆိုတည်း)။

## ဓာတ်ဘက်

အ–န္တော၊ ဂ–ဇ္ဇော၊ စ–ရော၊ ဝ–သော၊ ဓာတ်ဘက်ပေ။

## ခရီးမသွားကောင်းနေ့–အရပ်

အုန်း–ဘောင်–သူ၊ ချစ်–သူ–ထံ၊ စံ–ထွန်း–ဦး၊ လှ–အုံ–ကြဲ့၊ ပြန်–ချင်–စွ၊ သူ–ဇာ–လှ၊ ထွား–လှ–မှတ်။

### အဓိပ္ပာယ်

အုန်း–တနင်္ဂနွေသားသည်၊ ဘောင်–ကြာသပတေးနေ့၌၊ သူ–သောကြာအရပ်သို့ မသွားကောင်း။ (ကျန် ၆–နေ့ကိုလည်း ဤနည်းအတိုင်းသိလေ။)

## ခရီးသွားသင့်–မသွားသင့် တွက်နည်း

ခရီးသွားလို၊ ရန်ဂြိုဟ်သက်နေ၊ စားလေသာအငှ၊ ကြွင်းကေရာဇာ ပူဇော်ရာ။ နှစ်ဖော်–ဆင်းရဲ၊ အောင်ပွဲကြိုက်း၊ ချမ်း–ငြိမ်း စတု၊ ငါးခု လာဘ်ရ၊ စာ–ကားများနှာ၊ သတ္တ–ခိုးသူ၊ သုည်းမူတစ်ဖန်၊ အိမ်မပြန် သည်။

## စန်း–လွှန်း–လက်–ကြွင်း–နဝင်းပြတ် တွက်နည်း

အသက်တည်ထား၊ နှောဆယ့်ငါး၊ စားလေရှစ်ခုသာ။ သုဉ်းမူ စန်းပြတ်၊ မှတ်လေအပ်၊ ဆုံးတာတ်ထိုလူနှာ။ ဆယ်နွှန်နှောထား၊ ရှစ်ခုစား၊ သုဉ်းကြွင်း–လွှန်းပြတ်ပါ။

ဆယ့်နှစ်နှောလေ၊ ရှစ်စားပေ၊ သုဉ်းလေလက်ပြတ်ပါ။
ကိုးခု မြှောက်ထား၊ သုံးခုစား၊ သုဉ်းကြွင်းကြွင်းသာ။
သုံးမြှောက်–ကိုးစား၊ သုဉ်းလေကြွင်း၊ မှတ်သားနဝင်းပါ။

## ဓာတ်သုဉ်း–ဆေးသုဉ်း တွက်နည်း

သက်တာသုံးစား၊ သုဉ်းလေကြွင်း၊ မစားဆေးရှောင်ရာ။

အသက်တည်ပါ၊ နှစ်ဆယ်သား၊ နှောကာမလေးခုစား။
သုဥ်းလျှင်မြေဓာတ်၊ ပျက်စီးလတ်၊ နာတတ် ဦးခေါင်းများ။
ဆယ့်နှစ်နှောကာ၊ လေးခုသာ၊ စားပါမှန်မများ။ သုဥ်းလျှင်ကား

ရေ၊ မျှက်စီးလေ၊ နားထွေလည်ချောင်းယား၊ လေးနှောလေးစား သုဥ်းလေငြား၊ ပျက်ပြားတေဇောဓာတ်။

ဘယရောဂါ၊ ဖြစ်တတ်စွာ၊ ရင်မှာနာမည်မှတ်။
နှောခြောက်ခုပင်၊ လေးစားချင်၊ သုဥ်းလျှင်လေပျက်ဓာတ်။
ဝမ်းပြည့်ဝမ်းနာ၊ ဖြစ်ပြီးကာ၊ ရောဂါစွဲလို့ကပ်။
ထိုဓာတ်လေးပါး၊ ပျက်ပြိုငြား၊ ပြုခြားယတြာ။
သက်ရောက်နံတင်၊ ဘုရားတွင်၊ ဖူးမြင်လှူဒါန်းရာ။
သဲ, ရေ, မီး, ယပ်၊ ထိုသည်ဓာတ်၊ ယူစဥ်မှတ်တိုင်းသာ။
ကန်လေလှူလေ၊ ပူဇော်လေ၊ ဒုက္ခဘေးကင်းကွာ။

## ယတြာ

ထိုဓာတ်လေးပါး၊ ပျက်ပြိုငြား၊ ပြုထားယတြာ။
သက်ရောက်နံတင်၊ ဘုရားတွင်၊ ဖူးမြင်လှူဒါန်းရာ။
သဲ–ရေ–မီး–ယပ်၊ ထိုသည်ဓာတ်၊ ယူမှတ်စဥ်တိုင်းသာ။
ကပ်လေ လှူလေ၊ ပူဇော်လေ၊ ဒုက္ခဘေးကင်းကွာ။

## ပုည–ဇီဝ–ကမ္မ တွက်နည်း

အသက်တည်ကား၊ သုံးခုစား၊ ထက်ကား၁၊ တောင်။
လယ်သော်ပဥ္စ၊ အောက်နဝ၊ မြှောက်ထဆယ့်နှစ်စား။
လတ်သုဥ်းပုည၊ လယ်ဇီဝ၊ အောက်မှကမ္မထား။
ပုညသုဥ်းက၊ ရပ်တေဇ၊ ထောက်မ, ညှောင်ပင်အား။
ဇီဝသုဥ်းလတ်၊ အာယုရပ်၊ လွှတ်အပ်ပုစွန်–ငါး။

ကမ္ဘာ့သုဥ္းပါ၊ ပရိပါ၊ လွှပါကိုယ်ချိန်ထား။

## ကမ္ဘာကွယ စသည် တွက်နည်း

ကောဇာတည်ထား၊ အသက်စား၊ ရပြားလာဘ်မှာ၊ သက်မြှောက်ပါ၊ ထက်ကာ ဆယ့်နှစ်၊ စားလေကြ။ တစ်–နှစ်ကြွင်းမူ၊ ထိုသည့်လူ၊ မှတ်ယူကမ္ဘာကွယ။

သုံး–လေး–ငါးတန်၊ အကြွင်းကျန်၊ ခေါ်တန် ဥပစ္ဆေဒက။
ခြောက်–ခွန်–ရှစ်ရ၊ အကြွင်းပြ၊ ဥပပီဠက။
ကိုးနှင့်တစ်ဆယ်၊ ဆယ့်တစ်ဝယ်၊ မှတ်ဖွယ် အာယုကွယ။
ပီဠကမှာ၊ မထောင်းတာ၊ သုံးဖြာအကျ စိုးရိမ်ရ။

## သူဌေးဖြစ်စာတား အယောကိန်း

ကောဇာမှာ နှောန်၊ နေ့၊ ကောကန်၍ ပစ်ချေ။ ယောရန်တွေ့၊ ဧတ္တေ၊ ခေတ်ကြေအောင်ကျော်သဲ။ ကြမ္မ–ခန့်ကြွယ် မြန်မာ့နယ် ငြိမ်းလိမ့်ပျော်ပွဲ။ ကျန်ငါးတန်၊ လုံ့၊ ဓားရန်၊ ခံစားရန်ဖော်ကဲ။ ကံအားသန် တော်ဆဲမို့၊ စော်ကဲတို့ကိန်းနှယ်။ သုညမှာဆုံးလာပြား၊ မင်းသားဖြင့် မင်းဖြစ်ရမယ်။

ဆင်းရဲသားတစ်သွတ်၊ အန္တယ်အပါးကျော်ဟိုးလို့၊ တန်းခိုဖြင့် ကြီးကျယ်ကုန်၊ မျိုးဧ ့လုံးစုံ။ ဤလေးပါးတွေ့ကြုံလျှင်၊ လူ့ဘုံထက် တန်းမို့လေး။

## ၁၂ လရာသီဘွဲ့

တန်ခူးလဟူ၊ မိဿရာသီ၊ ကြယ်နီစိတြ၊ ဓာတ်ကားပထဝီ၊ တော်စာညီ၍၊ ပွဲမှီသင်္ကြန်၊ ပန်းကံ့ကော်၊ ဖဝါးသော်ကား၊ သုံးခုထား၍၊ ဂြ ဒါးရက်၊ ကြွက်နှင့်စနေ၊ တထွေရာဇာ၊ တနင်္လာနှင့်၊

သာကြာပူးမင်း၊ ရက်ထွန်းကားကျား၊ နဂါးသီသ၊ ပဠိမတည့်၊ မှုညနာရီ၊ သုံးဆယ်ချီ၍၊ ဤသည်မာသ၊ ကန့်ရှု[illegible]ဂို၊ ရက်ခံနှံ ဆိုသည်၊ ဤသည်စဉ်းစား သတိထား။

## နေထွက် အချိန် နေဝင်အချိန်

၁။ "ကူး" သောင်–နေး–တုန်။
၂။ "ဆုန်" –ပေါ်–ဖိ–နင်း။
၃။ "ယုန်" –မင်း–လှ–ဘန်။
၄။ "ဆို" –ပြန်–ဆယ်–ထပ်။
၅။ "ခေါင်" –မြတ်–လည်–တို။
၆။ "တော်" –ပို့–ပြန်–နက်။
၇။ "ကျွတ်" –ဟိန်–ထွက်–တင်။
၈။ "မုန်း" –သက်–အောင်–ထိတ်။
၉။ "နတ်" –ဘာ–ချိတ်–တည်း။
၁၀။ "သို" –သိပ်–စို–နံ့။
၁၁။ "တွဲ" –သန့်–ကောင်း–တွင်။
၁၂။ "ပေါင်း" –သင်း–အင်း–ထွေ။

၁။ "ဟာ" –သံ–တော်–တော်။
၂။ "ကုံ" –သူအော်–နှင့်။
၃။ "န" –သော်–ချိတ်–ဆိုး။
၄။ "ဝါ" –သူ–ဆိုး–တွင်။
၅။ "ခေါင်" –သိုး–ကြီ–နံ့။
၆။ "လင်း" –သန့်–အောင်–ထူ။
၇။ "သ" –သူ–နယ်–တင့်။

၈။ "ဆောင်" –ပန်း–ပွင့်–တည်း။
၉။ "နတ်" –မြန်–လယ်–ထွန်။
၁၀။ "ပြာ" –မွဲ–စွန်–တို့။
၁၁။ "တွဲ"–မြန်–လှန်–တောင်း။
၁၂။ "ပေါင်း" –မူ–မြို့–နယ်။
ရှေ့ဝယ်နံ့သင့်၊ ယူရန်ဖွင့်သည်၊ နေမင်းသုံရိန်ဝင်ချိန်တည်း။

## ဒွးဂဏန်းရေးနည်း

တစ်လျှင်ကကြီး၊ အသီးသီး၊ မငြီးမှတ်ကုန်ကြ။ နှစ်လျှင်ခခွေး၊ ခေါ်မူရေး၊ မထွေးမှတ်ကုန်ကြ။ သုံးမှာကား–ငး, ရေးကုန်ကြ၊ မုချမှတ်လေပါ။ လေးတွင်–စလုံး၊ ရေးမြဲထုံး၊ လက်သုံးမှတ်ကြပါ။ ဆလိမ်–ငါးယူ၊ ခြောက်မူကား–ည၊ အ,မှာ ၁၀၊ မှတ်ကြမျိုးလေးဖြာ။

တ–ဝမ်း–ပူ–ခုနစ်၊ ရေးရိုးဖြစ်၊ အသစ်မှတ်ကြပါ။
ရှစ်မူ–ထဆင်ထူး၊ အထူးထူး၊ မည်ကြူးမှတ်ကြပါ။
ကိုးမူ–နငယ်၊ အသွယ်သွယ်၊ အလွယ်မှတ်ကြပါ။
တစ်, နှစ်လုံးက၊ ပစောက်ရ၊ မုချ မှတ်လေပါ။
နှစ်, နှစ်လုံးကား၊ ဖ–ကိုထား၊ မှတ်သားပြုကြပါ။
သုံး, နှစ်လုံးမူ၊ မ–ကိုယူ၊ ကြည်ဖြူမှတ်လေပါ။
လေး, နှစ်လုံးကား၊ ယ–ငယ်ထား၊ မှတ်သားပြုလေပါ။
ငါး, နှစ်လုံးမှာ၊ ရ–ကောက်သာ၊ မှတ်ပါပေါင်းသိသာ။
ခြောက်, နှစ်လုံးက၊ လ–ကိုရ၊ မုချ မှတ်လေပါ။
ခွန်, နှစ်လုံးမှာ၊ ဝ–ယူပါ၊ သေချာမှတ်လေပါ။
ရှစ်, နှစ်လုံးမူ၊ သ–ကိုယူ၊ ကိုးမူ ဟ–ယူပါ။
ကြက်ခြေမှာ–အ၊ ရေးလေကြ၊ မှတ်ကြ ပေါင်းသိသာ။

## ကျောက်စာရေးနည်း

ရှ, ကျောင်း, ဘုရား၊ တည်ထားကျောက်စာ၊ ကမ္ပည်းမှာကို၊ ဘယ်ခါ ယ်ကူ၊ သိစိမ့်ဟူ၍၊ ထုတ်သူဖော်ငင်၊ လက်ဘဆင်သည်၊ လျှင် ၁စီး၊ လုံးကြီး ၂တင်၊ ၃လျှင်ဆံခတ်၊ ထက်ရပ်စီးတစ်၊ တစ်ချောင်းငင်မူ၊ ၄ လျှင်အမြဲ၊ အောက်ကဆွဲလော့၊ တတွဲနှစ်ချောင်း၊ ဝင်တုံ့ရှောင်းမူ၊ ၅ လျှင်ဟူသည်၊ ၆–မူသဝေ၊ သတ်လေသမျှ၊ အောက်ကအမြဲ၊ ရဆွဲတည်း။ ပင့်မြီးမှောက်ချ၊ ရစ်ထလိမ်ကွေး၊ အောက်ပင့် ဖ–တည့်။ ရေးလျှင် အမြဲ၊ ဝ–ဆွဲလုံးကြီး၊ တင်တုံ့ပြီးမှ၊ လုံးကြီး ဝ–ဆွဲ၊ ယ–ဆွဲ၊ လ–ဆွဲ၊ နောက်ပစ် ကဲလော၊ ပစ်မြဲအောက်တိုး၊ ခေါ်ရိုးစဉ်ပင်၊ ကျောက်တွင်ရေးနည်း၊ ဤနည်းနဲ့ယူ၊ နှလုံးမူ၍၊ ဖတ်သူပညာ၊ ရေးထည့်မှာသည်၊ နောင်လာသူများ မှတ်လို့ထား။

## ပိဋကတ်သင်္ချာရေးနည်း

တစ်, မှာကား–က၊ နှစ်မှာ–ခ၊ သုံးမှာ ဂ–ကိုယူ။ လေးမူ ဃ–ကြီး၊ ငါ–လည်းပဥ္စ၊ ခြောက်မှာ–စ၊ သတ္တ ဆ–ကိုယူ။
ဈ–မြင့်ဆွဲသာ၊ ရေးနဝ၊ ရှစ်မှာ ဇ–ကွဲယူ။
ဋ–ဌ–ဍ–ဎ–ဏ၊ ငါးလုံးပ၊ ရေးကြစဉ်အသာ။
တ, မှာကား–ဆ။ ဆ–သတ္တ၊ ဒ–မှာ ရှစ်ခုသာ။
ဓ–အောက်ချိုက်မှာ၊ ရေးနဝ၊ မှတ်ပါပေါင်းသိသာ။
ပ–ဖ–ဗ–ဘ–မ၊ ငါးထိပြ၊ မှတ်ကြစဉ်အလာ။
ယ–မှာ ဘားတစ်၊ ရ–မှာနှစ်၊ သုံးဖြစ်လ–ကိုယူ။
ဝ–မူလေးရ၊ သ–သတ္တ၊ အဋ္ဌ ဟ–ကိုယူ။
ဠ–ကြီးမှာကား၊ ကိုးခုထား မှတ်သားတပည့်ဟူ။
ယှ–မှာငါးယူ၊ ခြောက်မူကား–ရှ၊ ရေးနည်းပြ၊
သိကြစဉ်အလာ။ သရ–ရှစ်ခု၊ ည, န, ရှ၊ မှတ်ပြုသုညသာ။

## မဟာဘုတ်ကိန်း

၁ ၂ ၇ ၆ ၃ ၂ ၅

### ၁ ခုကြွင်းတိုင်ပုံ

၅

| အထွန်း | အဓိပတိ<br>သိုက် | ရာဇ |
|---|---|---|
| ၇ | ၃ | ၆ |
| ၄ | ၁ | ၂ |
| မရဏ | ဘင်္ဂ | ပုတိ |

တွက်လိုသူတို့၏ဖွား သက္ကရာဇ်တည်၊ ၇- ခုစား၊ အကြွင်းကိုဘင်္ဂ ကစ၍ မွေးနံကျရာ တွင်ဟောလေ။

**"ချုရန်လက်ာ"**

အောင်၊လဲ၊ထူ၊စစ်၊သူ၊ကြီး၊ပွဲ

### ဘင်္ဂတိုင်ကြိုပ်အဟော စာတမ်းတော်ထပ်

အောက်တန်းသဲ့ယဲ့ဘင်္ဂ၊ ခင်အလှကျရင်၊ ဝင်မရ နေခွင်မှာ ပျက်ကိန်းပင်ဆိုစို့။ နွား, ကျွဲ, မြင်း, မြေ, ယွင်းမသွေ ဆုံး တတ်တာမို့။ အိမ်ကလဲမလုံပါ၊ မိုးရွာလျှင်စိုလို့။ ကြွေးရှင်တွေ ဆူဆူပျို့ ပူပူလို့ကြုံလာ။

စိတ်အနေတယ်မအေး၊ ကလေးနှင့် မိန်းမကြောင့်သာ။ အိမ်နီး ချင်း အမှုရှာတယ်၊ ခုအခါတယ်မကောင်းပေဟု၊ စိတ်ထောင်းလို့ ကိုကြေ၊ ပူသောကမွေ့။

မရှင်စရာ့၊ ဘင်္ဂမြေမှာ၊ ခင်လှစာမေ ပျက်ကိန်းမို့လေး။ ။

## သက်ရောက်တွက်နည်း

မိမိရောက်သော အသက်ကိုတည်၊ ၈ ခုစား၍ အကြွင်းအရ မွေးနံဂြိုဟ်ရှိရာက လက်ယာရစ်ရေလေ၊ ရောက်ဂြိုဟ်သည် သက်ရောက်ဂြိုဟ်ဖြစ်သည်။

### ဂြိုဟ်စားအယော

| | | |
|---|---|---|
| ဧသန်<br>[illegible]<br> | ပုရတ္ထိမ<br>တနင်္လာ<br>၁၅ | အဂ္ဂိ<br>အင်္ဂါ<br>၈ |
| ဥတ္တရ<br>သောကြာ<br>၂၁ | | ဒက္ခိဏ<br>ဗုဒ္ဓဟူး<br>၁၇ |
| ၁၂<br>ရာဟု<br>ပါယဝ္ဗ | ၁၉<br>ကြာသပတေး<br>ပစ္ဆိမ | ၁၀<br>စနေ<br>နေရတီ |

ဓာတာရှင်၏ အသက်တည်၊ မွေးနံကစ၍ ဂြိုဟ်စဉ်အတိုင်း ဂြိုဟ်သက်ကို နှုတ်၊ မနှုတ်လောက်သော ဂြိုဟ်သည် ဂြိုဟ်စားဖြစ်သည်။ (တစ်ဖက်မှပါပုံမှာ) နေရပ်ဂြိုဟ်၊ အမည်ဂြိုဟ်၊ အသက်တို့ ဖြစ်သည်။

## သုံးထပ်ကိန်း

| | | |
|---|---|---|
| ၄ | ၆ | ၇ |
| ၆ | ၇ | ၈ |
| ၁ | ၂ | ၃ |
| ၅ | | ၄ |
| ၅ | | ၁ |
| ၆ | | ၇ |
| ၈ | ၅ | ၇ |
| ၄ | ၃ | ၂ |
| ၁ | ၄ | ၆ |

ဓာတာရှင်၏ အသက်တည်၊ ၈ ခုစား၊ အကြွင်းကို မိမိမွေးနံက စ၍ လက်ယာရစ် ရေတွက်လေ၊ ကျရောက်ရာအရပ် ဂြိုဟ်တွင် ဟောရမည်။

အထက်ပုံမှာ ကိန်းချုပ်ပုံဖြစ်၍ (ချရန်လက်ာမှာ)

အောင် – သာ – လှေ၊ င – နေ – သစ်၊ ဆယ့် – ရှစ်–တောင်၊ ရောက် – အောင် – ထိုး၊ တိမ်ခိုး – သာ၊ မြစ် – ညာ – ဝ၊ ရောက် – လွယ် – အောင်၊ သောင် – မွေး – မွေး။

## ဂြိုဟ်အဟောစာတမ်း

ရောက်သက်တည်ထား၊ ရှစ်ခုစား၍၊ ကြွင်းငြားသေသ၊ ကိန်းအရမှာ၊ တိုကြာအိမ်၊ ခွင်မှာကြိမ်မူ၊ ဗုဒ္ဓမှောင့်ယှက်၊ လာသည့်ချက်ကြောင့်၊ ကိန်းတွက်မှာမံ၊ ကံပြန်တစ်ပုံ၊ ဥသံ့ကာခါ၊ သိုက်နေရာကို၊ မျက်သာကြီးမှောင့်၊ ကံသောကြောင့်လျှင်၊ တောင်ထောင့်ရပ်စူး၊ နပူးခပ်မောက်၊ နာရောင်ကောက်နှင့်၊ ဝင်ရောက်လာလို၊ လူပုဂ္ဂိုလ်မှန်၊ လက်မခံနှင့်၊ တစ်ဖန်သောကြာ၊ ခိုဝင်လာ၍၊ သွားရာလမ်းမြစ်၊

ပြင်မိန်းမ၊ ဝင်ထလာပြန်၊ လက်သင့်ခံကာ၊ သောကြာကြီးကဲ၊
ဟ်ကိုစွဲ၍၊ ညှဉ်းဆဲနှိပ်စက်၊ ကိုယ့်ထက်ကြီးသူ၊ ရန်လျှင်မူသည်၊
တ်ယူသေချာ၊ ဂြိုဟ်သောကြာနှင့်၊ နေ့အပါဂျွန်၊ ပြုလေတုံက၊
တ္တအစစ်၊ သချာဖြစ်၍၊ ယုတ်ညစ်ခိုးသူ၊ ရှိန်ပူအဂ္ဂိ၊ ကိန်းကြီးရှိ၏၊
ဗုဒ္ဓ၊ ပူတွေ့ကြသဖြင့်၊ လုဒ္ဒလူညစ်၊ ဆဒ္ဒန်စစ်ကို၊ လေးပစ်ကိန်းဆိုက်၊
ကြူလာကြိုက်၍၊ ဝမ်း၌ရောဂါ၊ ပေးတတ်စွာ၏၊ ဒိသာတောင်က၊
ဒလေးဘက်၊ တစ်ကွက်မြီးစွပ်၊ မှုချုတ်ဂေါ်ဏ၊ ဝင်ကာလက်ခံ၊
က်နှံ့အိမ်နေ၊ သေတတ်ချေ၏၊ တြတြေယုတ်၊ ဆင်မှာကုပ်က၊
ာမကြွင်းကျန်၊ ရပြန်လာဘ်စုတ်၊ ပူးကိုထုတ်၍၊ ခြေကုပ်ဂျွန်၊
ုတ်တုံပဌ၊ ဂ. ... ဆံသကြောင့်၊ တိရညရောင်မှောင်း၊ ရွှေကောင်း
ကန်၊ ဝင်ရန်မယွင်း၊ ယင်းကြွင်းယာမ၊ ပဌသေသ၊ ပေါင်းလေပါက၊
ငှသချာ၊ ဖြစ်ပြန်လာ၍၊ ရောဂါဝါယု၊ တွေ့မှုတစ်ဖန်၊ ကင်းလွတ်
ွန်မူ၊ ဂြိုဟ်နံ့ရဝီ၊ ရှောင်ရန်ရှိသည်၊ သတိမြဲချ ... စိတ်ဝယ်မှတ်။

## ရှားမီးကိန်းနှင့် ပေါရန်အကျဉ်း

| | | |
|---|---|---|
| ၃ | ၄ | ၁ |
| ၅ | | ၂ |
| ၆ | ၇ | ၈ |

တဘာရှင်၏ အသက်
တည်၊ ၈ ခုစား၊ အကြွင်းကို
မွေးနံ့ကစ၍ လက်ယာရစ်ရေ
တွက်၊ ရောက်ရာ ဂြိုဟ်အိမ်တွင်
သမသတ်ရိုက်၍ ပေါလေ။

## ချရန်လက်ာ

မိုး – ဇွေ – အုံ – ခါ – ရွာ – တုံ – သာ – လှ။

## ယောရန်အကျဉ်း

(၁+၆–အုံသာ) ကျသော် သူအိုယာယီယူလေ။ ယာယီရွှေ့ပြောင်းရပေသည်။

(၂–၄၊ ခါ–လှ) ကျသော် ကောလီ စုတ်ကြီးယူလေ။ စုတ်ကြီး လာဘ်ကြီးများ ဝင်ချေမည်။

(၃–၇၊ ဈေ–တုံ) ကျသော် စော–ထွေ–ဌွေ့–နောင်း၊ စုတ်ကောင်းနဂိုယူရလေ။ လာဘ်များဝင်၍ ရွှေ့ပြောင်းရန်မလို။

(၈–၅၊ ရွာ–မိုး) ကျသော် ရှားမီးတွင်းကျ၊ မရဏာယူလေ။ အားရန်ရှိ၍ ရှားမီးပူဇော်ရမည်။

## စခွရီကိန်းနှင့် စက်ဝလေးလုံး အယောလက်ာ

| | | | | |
|---|---|---|---|---|
| ၄ | + | | ၂ | ၁ |
| ၁ | ၄ | + | + | ၂ |
| ၂ | ၁ | | | |
| | ၂ | ၁ | ၄ | + |
| + | | ၂ | ၁ | ၄ |

### ယောရန်ယူပုံမှာ

ဖော်ပြပါကိန်းအရ တစ်နေ့ ၅ ပိုင်းပိုင်း၍ ယောလေ။ အထက်နှင့်အောက် ၁ ရက်က ၅ ရက်အထိ ရေတွက်၍ဆုံးလျှင် အစကို ပြန်၍ကောက်၊ အသက် ကောဇော အလိုမရှိ၊ ရောက်နေ့ အတန်းစဉ်အတိုင်း ကြည့်၍ယော။

စက်လေးလုံးအခါ၊ မေးရောက်လေသော်၊ မယောသီဝ၊ ဝူဝဉ်မင်၊ ပြင်ပထွက်မှု၊ ကိုန်းနှင့်တူ၏၊ စိုက်ထူသစ်ဝါး၊ အဖျားအဂ္ဂာ၊ ရှိလေရာသည်၊ တစ်ဖြာထို့ထက်၊ လက်စွင်ဖြူ၊ မည်း၊ ကိုင်စွဲတင်မှု၊ အဖြူလက်ယာ၊ အမည်းမှာမူ၊ လက်ဝဲဟူ၏၊ ငြင်းမှုတရား၊ ကြက်လောင်းပြားမှု၊ အသားဖြူကို၊ နိုင်လှူသူက၊ ဇိုကပ်ခလော၊

မုချမယွင်း၊ သီတင်းစကား၊ ကြားသည်မှာမူ၊ အသားဖြူမှ၊ ကြားသည်ဘ် မှန်လှ၊ သွားထခရီး၊ ဝေးနီးပြား၊လျှင်၊ ဖြူထွားနီစါ၊ လာဘ်ပဏ္ဏာနှင့်၊ ဆွေညာ်တူကွ၊ တွေ့ခဲ့ရလိမ့်၊ သွားထလေရာ၊ ခရီးမှာကား၊ မကြာသုံးရက်၊ ရောက်မည်ဆက်ဟု၊ ပျော်ပျက်ဥစ္စာ၊ မေးပေ့လာမူ၊ ရလိမ့်ဟူလော့။

ထိုသူတသွန်၊ ကျွန်၊ နွား၊ မြင်း၊ ပျော်ပျက်လျှင်းသော်၊ မယွင်းအခြေ၊ စေ့ရေတထောက်၊ မြောက်မှာမချွတ်၊ ရှိလတ်မှန်စွာ၊ မကြာလေကြ၊ ရလိမ့်မလွဲ၊ ကျွန်၊ ကျွဲပျောက်မူ၊ မြောက်သို့ရှာလေ၊ ရှေ့နှစ်ရက်နှင့်၊ သုံးရက်တိုင်ခါ၊ ရလိမ့်သာ်တည့်၊ နာသည့်သူမှာ၊ မေးရောက်လာသော်၊ ရှာနတ်ဒက္ခိဏ၊ ရပ်ဒေသမှာ၊ မိန့်ဩဇာနှင့်၊ လျှင်စွာပို့မှ၊ ချမ်းသာရမည်၊ မှန်လှစကံလေးလုံး အဟောတည်း။

## ပဥ္စကာလ ကိန်းချပယားများ

| ၆-၁-နေ့(ပ)ချ | ဒုတိယ-ချ | တတိယ-ချ | စတုတ္ထ-ချ | ပဥ္စမ-ချ |
|---|---|---|---|---|
| ဣ<br>ဧဩဉ<br>အ | ဥ<br>ဩအဧ<br>ဣ | ဧ<br>အဣဩ<br>ဥ | ဩ<br>ဣဥအ<br>ဧ | အ<br>ဥဧဣ<br>ဩ |

| ၄-၂- နေ့(ပ)ချ | ဒုတိယ-ချ | တတိယ-ချ | စတုတ္ထ-ချ | ပဥ္စမ-ချ |
|---|---|---|---|---|
| ဧ<br>အဣဩ<br>ဥ | ဩ<br>ဣဥအ<br>ဧ | ဣ<br>ဥအဧ<br>ဩ | ဣ<br>ဧဩဥ<br>အ | ဥ<br>ဩအဧ<br>ဣ |

| ၃ နေ့ (ပ)ချ | ဒုတိယ-ချ | တတိယ-ချ | စတုတ္ထ-ချ | ပဥ္စမ-ချ |
|---|---|---|---|---|
| အ<br>ဥဧဣ<br>ဩ | ဣ<br>ဧဩဥ<br>အ | ဥ<br>ဩအဧ<br>ဣ | ဧ<br>အဣဩ<br>ဥ | ဩ<br>ဣဥအ<br>ဧ |

| ၅-၂ နေ့ (ပ)ချ | ဒုတိယ-ချ | တတိယ-ချ | စတုတ္ထ-ချ | ပဥ္စမ-ချ |
|---|---|---|---|---|
| ဥ<br>ဩအဧ<br>ဣ | ဧ<br>အဣဩ<br>ဥ | ဩ<br>ဣဥအ<br>ဧ | အ<br>ဥဧဣ<br>ဩ | ဣ<br>ဧဩဥ<br>အ |

| စနေနေ့(ပ)ချ | ဒုတိယ-ချ | တတိယ-ချ | စတုတ္ထ-ချ | ပဥ္စမ-ချ |
|---|---|---|---|---|
| ဩ<br>ဣဥအ<br>ဧ | အ<br>ဥဧဣ<br>ဩ | ဣ<br>ဧဩဥ<br>အ | ဥ<br>ဩအဧ<br>ဣ | ဧ<br>အဣဩ<br>ဥ |

## အထက်ရပ်ဂြိုဟ်နေအဟော

ထက်အကျတွင်မှ၊ လာလပဥ္စကို၊ ယဉ်ကမျှားချိုးကြူးလို့၊ ကြည်နူးဖွယ် ချိုငြိမ့်ပေစွ ဆိုမိန့်ဟန်။ ။ဂြိုဟ်မြတ်ကယ်ငါးဖြာ ရှိလေရာဝယ်၊ ဝိဒေဟာညွန့်၊ ထက်ဆုံးနံ့ကွန့်၊ လျှင်လာ၊ ညာကွန့် ပန်ကျူ၊ ဥကင်ငွေမှာ၊ နှစ်ဆူစက်ရန်၊ ကညာတော်နှံ့ ချိန်မို့၊ ကြံသရွေ့ အောင်မြင်သည်၊ စိန်မြတ်ရှင် ဝေဘူကျောက်ကယ်သို့၊ ထွန်းတောက် ဗလျှံ၊ ပျောက်ပျက်ကယ်တိမ်သည်၊ မဟီဂေါ်ဏ၊ မြင်း၊ ဆင်လှနှင့်၊

ထီး,မ မြားမြောင်၊ ကျေးကျွန်ပေါင်းလည်း၊ ဝေးအောင် မသည်၊ ရှေ့ဥသဘက၊ မိတ်ရည်နံ့တူ၊ ချစ်ကျွမ်းသူတို့၊ ကြည်ဖြူ သာယာ၊ ပို့ဆောင်လာလိမ့်ဟု၊ မှာတွေသုံ့ငယ်၊ ဝေဒလီကျမ်းကြီး ကိန်းပုံတဲ့။

သူငယ်ရယ်ပျိုမျစ်၊ နာသည်ဖြစ်လဲ၊ ဖြူနှစ်ကာယ်ဥစွာ၊ ရတနာကို၊ မာတာမိခင်၊ ခမဲယင်က၊ လွှတ်စဥ်ဥပဒ်၊ ငါးရက်ဝယ်ပြယ်ပါလိမ့်၊ ဝင်လာဘ်ကာယ် စုတ်ရှင်၊ ပြောင်မာတင်မှု၊ ကြံအင်ယှင်းယို၊ စွယ်လက်ယာတို မြပ၊ စုတ်ခိုတဲ့ရာသီသို့၊ ပြည်ပူရီမငြိမ်းသတ်နိုင်ငဲ့၊ တိုင်းပျက်ရာခဲ့သည်။

## ဖြိုဟ်နေ ၅ ကွက်၊ ကြက် ၅ မျိုး အရွှံးအနိုင်အယော

ရပ်မစဲပြီဟု၊ ကြက်ပွဲမြေပြင်ဓယ်၊ ဘော်ငွေစင် ကိုယ်သုံးလို့ နိုင်ရှုံးမှာထိန်စေဖို့ ခါချိန်ပုံ။ ။အ–အက္ခရာ ကြယ်ဖြူယေိပါသည်၊ ဣ–မှာ မည်းနက်၊ ဥ,ပွဲကြက်ကာယ်နှင့်၊ ဧ,ကွက်ကာယ်လွှင်၊ ဩ, ပြာညိုစင်လှတယ်၊ လယ်ခွင်က ကြွက်တိုင်မှာ၊ ချက်မပိုင်သေကျေ၊ ဆုံးစစ်နှင့် ကြံ့၊ တောင်ညာခွင်မှာ၊ မမြင်ကြက်ကန်း၊ အောက်ကွက်ခန်းတွင်၊ လိုက်ဖမ်းငယ်မှီ၊ နောက်ကြောင်းငယ်ချီလို့၊ နီအောင်ပြေးထွက်၊ မြောက်ရန်ကြက်မူ၊ ငွေရွက်ကာယ်နီ၊ ဒိုင်ကြယ်လောက်အောနိုင်တန်းမို့၊ ကံခိုင်လုံသည်၊ သူဖြုန်ပါပေရိုး ခုနှယ်ဖြင့်။ ထက်ဗွေငယ်ပုံကော်၊ တိုင်းကျော်ကြက်မူ၊ ပြိုင်ဘက်ကာယ်မမီ၊ ဇမ္ဗူဒီဝယ်၊ လောကီမကိုင်၊ မင်းရာဇာထိုက်ပေထင့်၊ အမြိုက်ကာယ်တစ်ဆူ၊ မှုက်လာမှုရတယ်၊ ဇမ္ဗူရစ်ကြီးခိုင်မှာ၊ ဂိန်းဘုံချုံ တိုင် သန္တာရေသှာက်ကာယ်နှင့်၊ ထားလောက်ပေထင့်သည်။

## မူလဇာတာကိန်း

အဓိပတိ

| | ၁ |
|---|---|
| အဓိပတိယောဂ–၄ | ၂၅ သိရီ |
| ရာဇယောဂ–၇ | ၂၂–ယဘာ |
| ပုတိ–၁၀ | ၁၉–သောက |
| ဘင်္ဂ–၁၃ | ၁၆–မရဏ |

(တစ်ခုကြွင်းတိုင်ထူပုံ)

ဇာတာရှင်၏ သက္ကရာဇ်ကိုတည်၊ ၁၂ နှုတ်၊ ၂ ခုနှင့်စား၊ သေသကို အဓိပတိတိုင်မှာ၃ ခုစီတိုး၍ လက်ယာရစ်ချ၊ အသက်ကိုရေတွက်၍ ကျရာတွင် ဟောလေ။

### စာရေးတော်ကြီး နော်ရထာသီပရေး ယိုးဒယားရုပ်ပုံဟော ဓားထပ်

၁။ မူလ ခေါ် သက္ကရာဇ်၊ ဝက်နှုတ်၍ မထားပါ၊ တစ်ဆယ့်ဘုဋ္ဌ ဝယ်၊ ကြွင်းလေရာအဟော၊ တစ်ခုကြွင်းမှန်ပါလျှင်၊ ထန်းဝင်မှာ ဖွားတဲ့သဘော။ ဘုရားတကာ နက္ခတ်ဝင်၊ ကြွက်ရုပ်ပင်မှန်သဘော။ ကုန်သွယ်လယ်ယာဝပြောလို့ မင်းစိုးသော်တပ်မတော်၊ ကျိုးမမြင်ထန်းပင်ထောက်လျှင်၊ မိုး,ဆောင်း,နွေ ခြောက်နိုင်ဘုနော်။ မှုသိကနှာမှန်ပေါ်သည်။ ရှင်ဉာဏ်တော်ရှိငြားငဲ့၊ ကိုယ့်အားနှင့် ချင့်ချိန်ပြန်၊ များကြည်ညိုရန်။ သူဖို့ကိုယ့်ဖို့ ကျိုးနှစ်တန်ကို၊ ရိုးအမှန်ဖြောင့်သားပါရဲ့လေး။

၂။ နှစ်ခုမြင် ဘုန်းပင်ပွား၊ ဘုန်းခင်အားမှတ်ရာ။ ကျောင်းဒကာ နက္ခတ်ပါသည်၊ နွားရုပ်သာမှန်လှ။ မင်းစိုးခ မနေလျော်တယ်၊ ကျေးရွာ နော်ရှိဘူးဆိုရ။ ကူးသန်းလို့ကုန်သွယ်၊ တောင်သူငယ်တော်ပ။ ဆင်အခြင်မြော်မြင်ဆ၊ ပေါ်ထင်စွာလူ့ပြည်၊ ကြံစည်ကာလုပ်ဆောင်စားလျှင်၊ ကျိုးစီးပွားခံရတတ်သည်။ ကတညုတ ကတဝေဒီ၊

သွေမဖိသိပြြားရဲ့ သူတစ်ပါးနှင့် နှောဆက်ဆံ၊ များလိမ့်စိုက်ရန်။ စဉ်းစားချက်အတန် တန်ကို သူတကာရှုံလွန်းလှလေး။

၃။ ဟောပါလေ သုံးချကြွင်း၊ ဖွားရင်းတဲ့ ကညင်ပင်၊ ဘီလူးနက္ခတ်အမြင်မှာ၊ ကျားရုပ်ပင်ဆိုစမြဲ။ မင်းစိုးဖြစ် ဆရာခေါ်ခံလျှင်၊ ငယ်နာမည်ပျောက်လိမ့်မလွဲ။ ဝါဏိဇ္ဇတောင်သူ၊ ရှောင်တော်မူအမြဲ။ ကျိုးမထင် အင်ခွင်နံ့မှာမို့၊ သည့်ပြင်လွဲကြပါဆရာကို၊ ဘယာထွက်စေတော့၊ အာဏာစကြီးလှသည်တာ။ ရွှေကျားမင့်သညာမှာ မြင်မြင်တဇာရှုံ့ထိပေါ်လို့၊ ဟိတ်တန်ခိုးနှင့် ကျင့်အကြံ၊ ကြီးတဲ့ဒေါမာန်။ လောဘပွားလို့ သမားလုပ်ပြန်လျှင်၊ သူနာတစ်ဖန် ငေါက်ငန်းပါလိမ့်လေး။

၄။ ကြွင်းသေသာထားစတု၊ ဖွားသမုပင်လက်ပံ၊ နတ်သမီးနက္ခတ်မှန်၊ စန္ဒာရက်ယုန်မင်း၊ ပရိယေသနတယ်မပူ၊ လွယ်တကူစားမယ့်ခင်း။ ရစမြဲ ငွေအသပြာ၊ သေချာစွာထုတ်သွင်း။ သူလိုလျှင်လက်ငင်းပ၊ ပေးကမ်းခြင်းရက်ရောစွာ၊ ပင်လက်ပံ ဂဠုန်စိုးတာမို့ဟိတ်တန်ခိုးကြီးမြတ်လှပါ။ သီးပွင့်တဲ့ချိန်အခါ၊ ငှက်များစွာခိုမှီးလို့၊ ထိုနည်းဥပမာ နှိုင်းဆယူပါ။ ဖော်အပေါင်းနှင့် ပျော်ကြောင်းရှာ၊ ကျေးဇူးကိုယ်မှာ ရှိဘူးစို့လေး။

၅။ ငါးခုမြင် သက်န်းဖွား၊ ဓော်ဂျီများ နက္ခတ်ပါ၊ ရေနဂါးသူ့ဓဝါ၊ မင်းစိုးမှာခထမ်း၊ မကြာဘုမြန်စွာငယ် ကေန်ဝယ်မင်းဖြစ်မယ့်လမ်း။ ကုန်သွယ်ခြင်းတောင်ယာ၊ ရှောင်ဖယ်ကာ တစ်ခန်း၊ ကျိုးမထင်ပင်ပန်းမည်ကြောင့် စီးပွားလမ်းမမြင်။ လိုချင်ချင်လောဘနှင့် ဒေါသများကြီးမြတ်သည်ပင်၊ ပညာဂုဏ်ဇာတိအင်မှာ၊ နာဂီသွင် ဖြိုးမောက်လို့၊ တန်ခိုးတောဇ် ဟိတ်ကြီးစွာ ဖြစ်တတ်လှပါ။ ဆွေမျိုးထက်တပိုးသာသည်၊ ထွန်းကားစွာ ဖြစ်ပါလိမ့်လေး။

၆။ ခြောက်ခုမြင် ပင်ဇောခိ၊ ဖွားဇာတိပလ္လင်္က၊ ဘုရားဒကာ နက္ခတ်၊ ရုပ်သဏ္ဍာန်ပြေပြေနှင်း၊ ကုန်သွယ်ခြင်းလယ်ယာကို ဘယ်အခါ လုပ်တော့မပန်း။ ကြိုးပမ်းရဲ့ မြီမှတ်ပါ၊ မြတ်ဆရာခွင့်လမ်း၊ မင်းစိုးကို စိတ်မလှမ်းလေနှင့်၊ နမ်းစေ့ခနဲ့ ကျိုးမထင်၊ မင်းဆိုလျှင် ဆယ်အိမ်ခေါင်းတောင်မှ၊ ဘောင်းစွာခွင့်တယ်မမြင်၊ ဆွေမျိုးထက် ထွန်းကားအင်မှဝ ဥစ္စာရှင်ခံ့ညားလို့၊ သူ့အားအလိုလို ရှက်တတ် နဂို။ မျက်နှာငဲ့လို့ စကားဆို၊ များမပို အိုနဲ့ပါလုလေး။

၇။ ကြွင်းသတ္တဝါကွက်အဟော ငှက်ပျောတဲ့ဖွားအင်၊ တောထွက် ခန်း ရဟန်းအမြင် နက္ခတ်ပင်မှတ်သား။ ရုပ်အသွင်ဝေလာမှာ၊ ထွေထွေရာရာ ရှိဘူးပထား။ ဖြောင့်မတ်တဲ့စေတနာ၊ ပေးကမ်းရာလက် ဖျား၊ သူလိုလျှင် ချန်မထားပါဘု၊ အားရအောင်ယူစေ။ ကိုယ်လိုက မရချေသည်၊ မနေ့ငွေကုန်ကျရဲ့၊ ဘုံဘဝ ဉာဏ်လှ့ရှာ များမှီခိုလာ၊ သူတစ်ပါးတော့ မ့ထင်စရာ ခင်များမှာ အကြောင်းပလေး။

၈။ ရှစ်ခုမြင်ကသစ်၊ ဖွားတုံလစ်မှန်စွာ၊ ရက္ခစိုးနက္ခတ်ပါသည်၊ ဆိတ်ရုပ်သာထင်ရှား။ မင်းခလို့ ကုန်သွယ်လျှင်၊ ဈေးရှူးဝယ်ရှိလိမ့် အံ့များ။ လယ်လုပ်ကတော်လျော်၊ စီးပွားနော်သင့်ပြား၊ ဆိတ်ကညာဖြစ် ပြားသော်ကြောင့်၊ မပေါမရှားမှတ်ရာ။ ဈေးရှူးကို လွန်သိတယ်၊ တည့်မတ်တဲ့လုပေပါ။ အတ္တ ပရ ကျိုးနှစ်ဖြာကို တညာ်မှီကာတွေးဆ လို့၊ မဝေးရသမ္ဘဇဉ် ရှိရက်အစဉ်၊ သမာဓိနှင့် ဇာတိအင်၊ နက္ခတ်တွင် ပါရင်းမို့လေး။

၉။ ကြွင်း နဝါကိန်းလဲလျှင်၊ ပိန္နဲမှာဖွားအင်၊ ဟနုမာန်နက္ခတ် တွင်သည်၊ မျောက်ရုပ်ပင်ခေါ်မြဲ။ မင်းခလျှင် သူတော်ကောင်း၊ ဇောင်းနားတောင်းနော်ရလိမ့်မလွဲ။ မှူခင်းကို ကျိုးရှက်ဆောင်၊ မင်းမျက် တော်ရှိပဲ၊ ကုန်သွယ်လယ်ယာတဲ၊ မျက်နှာလွှဲမိုင်းချင်။ သူ့မှုကို

ဆောင်ကြဉ်းငှဲ၊ ကိုယ့်မှုတော့ ဆောင်မဲ့မမြင်။ ရဲရင့်ခြင်းပညာတွင်၊ လိမ္မာအင်ရှိတတ်သူမို့၊ ရှေ့အရပ်က နေမည်အမှန်၊ မုချကေန်။ နောက်ပါးက မြင်ခဲ့ပြန်လျှင်၊ နက္ခတ်ပင်နှိုန်ဘူးဆိုစို့လေး။

၁၀။ ခုတစ်ဆယ်ကြွင်းအယော၊ သဘောတဲ့ဝါနိ၊ ပင်ရုက္ခဓါမှိ ဖွားပြန်ပြီမြန်လှ။ တဓောာဒေဝါ နက္ခတ်မြင်၊ ကြက်ရုပ်ပင် ဆိုရမည်။ မင်းဖြစ်တတ်ကေန်ပါ၊ ဝါဏိဇ္ဇတော်ရွှ၊ တောင်သူမှာမော်ရရဲ၊ ပေါ်ထင် လှမှတ်ပါ၊ ဆရာဆို လုပ်မနေးစေနှင့်၊ အကျိုးပေးစံစားရမည်။ ဆွေမျိုးကို မကိုးစားရာ ခိုကိုးစရာ မြင်ဘူးသည်၊ ကိုယ်ထူးကိုယ်သာချွန်၊ တွေးဆဉာဏ်လွန်၊ ရဲရင့်ခြင်း ဂုဏ်တံခွန်မှာ၊ လူရည်မွန် ဆိုလောက် ကဲ့လေး။

၁၁။ ဆယ့်တစ်မြင်ကြာပင်ဖွား၊ ကြာဖက်–တင်းကားမှတ်ပါ။ ဒီသာမောက်နက္ခတ်မှာ၊ သကြားစက်သာစမြ။ မင်းစိုးခဏောင်းကျိုးပေါ် တယ်၊ မင်းဖြစ်လိမ့်နော် ဟောကွပယ့်မလွဲ။ ဆရာကြီးအခေါ်ခံ၊ သမားတော်ဖြစ်ရန်ပေပ၊ စားသောက်မှန်အိပ်နေနည်း၊ ရိပ်ခြေလည်း သိမယ်။ ကောက်အလိမ်ပွေမဆန်း၊ ရွှေကျမ်းထွက်ဖြောင့်အောင် ကျင့်တတ်သည်။ ရိုးသားလို့ တရားသည် စကားမမြည် ယွင်းပျက်ဘူ၊ မင်းအမျက်ရန်ကိုရှောင်၊ ကောင်းဖို့ကြိုဆောင်။ စီပ်ပုတီးနှင့် သူတော်ကောင်း၊ သီလတော်မြဲမယ်ပလေး။

၁၂။ သိုးဒယားရုပ်အယော၊ သဘောနှင့်ယှဉ်ရန်၊ သုညကြွင်းချင် ခဲ့ပြန်လျှင်၊ ပလ္လက်အဖွား။ ကံထိုက်သည့် မင်းကုမာ၊ ဇြဟ္မဒတ်ရာဇာ၊ နက္ခတ်ဟုထား၊ ရဲရင့်တဲ့သူပါ၊ အာဇာနည်တစ်ပါး၊ ကြောက်ရွံ့ဆိုခဲ့ ညားပါဘူ၊ သိကြားမ,တဲ့သူ၊ မင်းဒဏ်နှင့်မင်းဘေး၊ ကင်းဝေးနေကြ မှတ်တော်မူ၊ လယ်လုပ်လို့ယာကူ၊ တောင်သူကို စိတ်မကူးနှင့်၊ ရွံ့လူး ခံရမည်သာ၊ ပေးဘူးကျိုးမှာ။ ကုန်သွယ်လို့ ရောင်းအဝယ်ပါလျှင်၊ ကောင်းမယ်သာ ဟောရပါရဲ့လေး။

## အင်္ဂဝိဇ္ဇာကာလကြီးကိန်း

အင်္ဂဝိဇ္ဇာကာလကြီးမှာ သုဒ္ဓိဖမ်း၍ တွက်ရသည်။

## တွက်ပုံမှာ

သုဒ္ဓိနံကို ၃ နှုတ်၊ ၃၀ စား၊ ကြွင်းလဒ်ကို မိဿရာသီခွင်မှ လက်ယာရစ်ရေတွက်၍ ကျရာခွင်သည် နေထွက်အိမ်ဟု မှတ်သားရမည်။

ဂဏန်းသွင်းသောအခါ နေထွက်အိမ်မှ တစ်ခွင်လွှန်၍ စခရမည်။ တစ်နေ့တွင် ၈ ပိုင်းပိုင်း၍ချလေ။

## ချရန်ဂဏန်းကား

"သူရဇ္ဇ —သောကြာ–ဗုဒ္ဓ–စန္ဒြာ–သောရီ–ဂုရု–ဘောမ–သူရဇ္ဇ"ဟူ၍ချပါ။

## လဂ်တပ်ရန်ကား

| | | | | | |
|---|---|---|---|---|---|
| ပထမအချိန် | ၆ နာရီ | ၀ မိနစ်မှ | ၇ နာရီ | ၃၀မိနစ် | တစ်ခွင်တည်း |
| ဒုတိယအချိန် | ၇ နာရီ | ၃၀ မိနစ် | ၉ နာရီ | ၀ မိနစ် | တစ်ခွင်ခြား |
| တတိယအချိန် | ၉ နာရီ | ၀ မိနစ် | ၁၀ နာရီ | ၃၀ မိနစ် | ၂ ခွင်ခြား |
| စတုတ္ထအချိန် | ၁၀နာရီ | ၃၀ မိနစ် | ၁၂ နာရီ | ၀ မိနစ် | ၃ ခွင်ခြား |
| ပဉ္စမအချိန် | ၁၂ နာရီ | ၀ မိနစ် | ၁ နာရီ | ၃၀ မိနစ် | ၃ ခွင်ခြား |
| ဆဋ္ဌမအချိန် | ၁ နာရီ | ၃၀ မိနစ် | ၃ နာရီ | ၀ မိနစ် | ၄ ခွင်ခြား |
| သတ္တမအချိန် | ၃ နာရီ | ၀ မိနစ် | ၄ နာရီ | ၃၀ မိနစ် | ၅ ခွင်ခြား |
| အဋ္ဌမအချိန် | ၄ နာရီ | ၃၀ မိနစ် | ၆ နာရီ | ၀ မိနစ် | ၆ ခွင်ခြား |

မှတ်ရန်မှာ။ ။တစ်ခွင်တည်း၊ တစ်ခွင်ခြားယူသည်ကား တနင်္ဂနွေခွင်ဖြစ်သည်။

လက်တပ်ပြီးသောအခါ ၎င်းလက်အိမ်ရှင်က မိသားစွင်မှစ၍ "စ–သာ–ရွှေ–ကူ–အင်းဝ–သူ၊ ဆံ–ဖြူ–တစ်–ကာင်း ၁ယ်း"ဟူသော လက်ာနှင့်ချပြီးရှာ၊ လက်အိမ်တွင် တွေ့သောစာလုံး၏ နံသင့်ဂဏန်းကိုကြည့်၍ မှတ်ထား။ ၎င်းလက်အိမ်မှစ၍ "တနု–ကုရွှေ–သဟဇ–ဗန္ဓု–ပုရစာ–အာရိ–ပထနီ–ဓရဏ–သုဘ–ကမ္မ–လာဘ–ဗျာယ"ဟူသော လက်ာဖြင့် လက်ယာရစ်လှည့်ချလေ။ အထက်က မှတ်ထားပြီးသော ဂဏန်းကွက်ချရာတွင် ပောာလေ။

(၎င်းကိန်းမှာ ဆရာနှင့် လက်ထပ်သင်ရမှ နားလည်သည်)

## လက်တွေ့ဆေးနည်းတိုများ ဆီးဆေး

ချိုးသီး၊ ကလောသီး၊ ချင်းခြောက်၊ ပင်လယ်ရေမြှုပ်၊ ဆားပုပ်၊ ကလိန်ဆံ၊ ဂုံညင်းဆံ၊ ကြွေပုပ်၊ လိပ်ကျောက်ဆူး။

(၎င်းကိုးပါး ဆတူ အားလုံးအလေး ပွေးကိုင်းကဲ) (အကျိုးကား) ဆီးပူ–ဆီးပုပ်၊ ဆီးချုပ်–ဝမ်းချုပ်၊ ဝမ်းဖော၊ ဝမ်းရောင်သူတို့အတွက် ကွမ်းသီးလုံးခန့် စားလေ။

## အနာဝင်ပျောက်ဆေး

အနာရှိသူညှော်မိ၍ ဇက်၊ ခါး တောင့်တင်းပြီး အနာဝင်က အုန်းရည်တွင် ငရုတ်ကောင်းမှုန့် နည်းနည်းထည့်ပြီး ဗမ်းထဲဝင်အောင် တိုက်သွင်း၊ တဖြည်းဖြည်းပျောက်သည်။

## ကျွဲအသားမာပျောက်ဆေး

ပြောင်းဖူးစေ့အရင့်ကို အမှုန့်ပြု၍စစ်ယူပြီး ဆားနည်းနည်း ရေနှင့်ဖျော်၍ လိမ်းထား၊ အနာပေါ်က ပိန်းရွက်အုပ်ပေးရသည်။

## ပွေးဆေးအကျော်

ကြွက်သွန်ဖြူဥတစ်လုံး ၇–တက်၊ သဘော်ာမဲဇလီ ၇–ရွက်၊ အရင်အဖျားဖြတ်ကြိတ်ပြီးလျှင် ၇ လုံး လုံး၍ တစ်နေ့ တစ်လုံးကျ စားရသည်။

## တစ်နည်းပွေးဆေး

ချီးသီး ၃ လုံး
ကလော်သီး ၁ လုံး
မန်းကျည်းမှည့် ၁ဝ သား
ထန်းလျက် ၁ဝ သား

အားလုံးအလေး ပွေးကိုင်းကဲ၊ ဆားတနန်ရုံထည့်၊ တစ်နေ့ကို တစ်လက်မ သီးစားရသည်။

## အဖောအရောင်ဆေး

မန်ကျည်းသီး ၁၅ ကျပ်သား၊ ထန်းလျက် ၂၅ ကျပ်သား၊ ဆန်ပုန်းရည် တစ်ပိဿာ၊ ရှားစောင်းကြီး ၂၅ ကျပ်သား၊ နပ်နပ်စဉ်း၊ အမှုန့်ပြု၊ ၎င်းဆေးအစုကို လက်ကော်ရအောင်ကျို၊ ညဥ့်–နံနက် တစ်ဇွန်းစီ စားရသည်။

## ဝဲဆေး

တမာခေါက် ၂ ကျပ်သား၊ ရှိန်းခို ၁ ကျပ်သား၊ ငရုတ်ကောင်း ၂ ကျပ်သား၊ ဆား ၂ ကျပ်သား၊ ကြပ်ခိုး ၂ ကျပ်သား ညက်စွာ ထောင်း၍ ဆီးကင်းခန့် ညဥ့်–နံနက် တစ်လုံးက နှစ်လုံး ရေနွေးနှင့် သောက်ပါ။

## တုပ်ကွေးဒေါ်ဂါ ပျောက်ဆေး

ပန်းန၊ ပန်းမ၊ ဆေးပုလဲ၊ ပိတ်ချင်း၊ လေးညှင်း၊ ဇာတိပ္ဖိုလ်၊ သိန္ဓော အမျိုးစီအမှုန့်ပြု၊ ညဥ့်–နံနက် ကွမ်းရွက်ပြုတ်ရည် နွေးနွေးနှင့် သောက်ပါ။

## ချောင်းဆိုးဆေးကျော်

သိန္ဓော ၁ ကျပ်၊ ဇဝက်သာ ၂ ကျပ်၊ ပရုပ် ၈ ပဲ၊ ဓာတ်ပွိုလ် ၄ ပဲ ၎င်းတို့ကို အမှုန့်ပြု၍ လေလုံစွာထားပြီး ကင်ပွန်းရွက်ရည် ပူပူနှင့် ဆီးကင်းခန့် တစ်နေ့နှစ်ကြိမ်သောက်ပါ။

## အကြောရောဂါပျောက်ဆေး

ပျားကလေးရည် ၁ဝ သား၊ ကြံသကာ ၁ဝ သား၊ မြန်မာ ထောပတ် ၁ဝ သား၊ ထန်းဖိုထန်းလျက် ၁ဝ သား၊ နှမ်းဆီ ၅ ၈ ပဲသား၊ ကောက်ညှင်းဆန် တစ်စလယ်၏အမှုန့်၊ ပုံသကူစာကလေး၊ အမွေးမနုတ်ဘဲ ဝမ်းခွဲ၍ ရှိန်းခို ၂ ပဲသွတ်၊ ဓာတ်ပွိုလ်သီးပါသွတ်၍ ပြာချ။ အထက်ဆေးစုနှင့် သမအောင်မွှေပြီး နေပူလှမ်းကာ ခဏခဏမွှေ ပေးပါ။ နေပြင်းလျှင် တစ်ရက်၊ ညှို့လျှင် ၃ ရက်လှန်း၊ နံနက် မွန်းတည့် ညဦး တစ်နေ့ ၃ ကြိမ်သောက်ပါ။

အကျိုးကား။ ။အကြောရောဂါ၊ ကာလသားရောဂါ၊ ဒူလာ၊ မီးယပ် ရောဂါတို့မှာ ဆေးစား၍ ၂ ရက်၊ ၃ ရက်အတွင်း သက်သာ၍ တနင်္ဂနွေ ၂ ပတ်၊ ၃ ပတ်အတွင်း ပျောက်ကင်းသည်။

## ကလေးထိပ်အုံဆေး

ပန်းညိုရွက်၊ လင်းလေ၊ ကွမ်းရွက်၊ ကုလားပင်စိမ်း၊ ပင့်ကူမြေး၊ ဘက်သင့်ရုံကြိတ်၍ နှမ်းဆီနှင့်လိမ်းပြီး ထိပ်မှာအုံပေးက နှာစေး ချောင်းဆိုးကောင်းသည်။

## ဝမ်းရောဂါပျောက်ဆေး

ရှားစေး ၁ ပဲ၊ ကွမ်း ၁၁ ရွက်၊ ကြောင်ပန်းရွက် တစ်ဆုပ်၊ ၎င်းကို ၃ ခွက်, ၁ ခွက်တင်ကျို၍ တိုက်လေ၊ ကြွက်တက်ပါပျောက် သည်။

## လိပ်ခေါင်းထွက်ပျောက်ဆေး

ကျားကြီးရေ၊ ကျားသစ်ရေ၊ ခွေးရေ၊ နွားရေ တစ်ခုခု မီးဖုတ်၊ ပြာကိုယူ၍ ရောပြီး လိပ်ခေါင်းကိုထည့်ပါ၊ လက်တွေ့ဆေးဖြစ်သည်။

## နှင်းရုဆေး

ကျွဲချိုဖြူ ဆံပင်မီးဖုတ်၊ အင်တွဲ၊ ငရုတ်ကောင်း ၎င်းလေးပါးကို ဆတူကြိတ်၊ ဆန်ဆေးရည်နှင့် တစ်နေ့ ၃ ကြိမ် နှင်းရုကိုလူးပါ။

## ရင်ဘတ်နာပျောက်ဆေး

ငရုတ်ကောင်း ၄ ပဲ၊ ချင်း ၈ ပဲ၊ ပိတ်ချင်း ၂ ပဲ၊ ကြက်သွန်ဖြူ ၂ ကျပ်သား၊ ဆား ၃ ကျပ် ၈ ပဲ၊ ၎င်းဆေး ၆ ပါးကို အမှုန့်ပြု၍ ကွမ်းသီးလုံးခန့်စားပါ၊ ရင်ဘတ်နာပျောက်သည်။

## အသဲဝင်ပျောက်ဆေး

, ကင်ပွန်းသီး တစ်ထောင့်ကို မီးကျွမ်းအောင်ဖုတ်၊ ဆားမီးဖုတ် ကျက်ကျက်နှင့် ဆတူကြိတ်ပြီး ဖျားရည်၊ ထန်းလျက်ရည်၊ သံပရာရည်နှင့် ဖျော်၍ လျက်ပေးပါ။

## ယားနာဆေး

ကွမ်းသီးကြက်ချေး ၁ ကျပ်၊ လေးညှင်း ၁ ကျပ်၊ ကင်ပွန်းသီး ၄ ပဲ၊ ၎င်းတို့ကို ကျွမ်းအောင်လှော်၊ ဆေးဒန်း ၁ ကျပ်သားနှင့်ထောင်း၊ အမှုန့်ပြု၊ နှင်းခူ၊ ဒက်၊ ဝဲစို၊ ဝဲခြောက်တို့ကို အုန်းဆီနှင့်ဖျော်၍ လူးပါ။

## ဆီးဆေး

| | |
|---|---|
| ကြွေပုပ် | ၅ ကျပ် |
| ဆားပုပ် | ၁ ကျပ် |
| ပင်လယ်ရေမြှုပ် | ၁ ကျပ် |
| ဖြူဆူး | ၄ ပဲ |
| လိပ်ကျောက်ဆူး | ၄ ပဲ |
| အလိုကြူ | ၈ ပဲ |

၎င်းဆေးအစု အမှုန့်ပြု၍ စားသောအခါ ပျားရည်နှင့် သမအောင်မွှေ၊ သံပရာရည်ထည့်၊ ကြီးလျှင် တစ်စိတ်၊ ငယ်လျှင် တစ်ခြမ်း၊ အမြှုပ်ထမည်၊ အမြှုပ် သေမှ သောက်ပါ။

## သွာ နှ။ သွားဖုံးရောင်၊ ရေစီးကမ်းပြို ပျောက်ဆေး

ကန့်၊ ယမ်းစိမ်း၊ ဇဝက်သာ၊ ကျောက်ချဉ် ဆတူကြိတ်၊ တစ်ပြားသားကို သံပရာရည်နှင့်စိမ်၊ ကြေးနီပြားတစ်ပြားထည့်ထား၊ ကြေးနီပြားပျော်လျှင် သမအောင်မွှေ၍ နာသည့်သွားမှာ သိပ်ပေးပါ။

## နှင်းခူ၊ သမင်ဖြူ၊ နက် အနာပက်စွက်ဆေး

တမာရွက်တစ်ဆုပ်ကို ပတဲကျောကြီးအရည် သင့်တော်ရုံ ထည့်၍ ပြာချ၊ ၎င်းပြာထဲသို့ ဒုတ္တာတစ်ပြားသားထည့်၊ ရေနံချေးနှင့် သမအောင်ချက်။ အရည်သင့်လျော့်လျှင် ချပြီး အနာကိုဆွ၍ ၃–၄ ခါသုတ်က ပျောက်သည်။

## နှင်းခူဆေး

ဆေးဒန်း၊ မရိုးဆေး၊ ပေါက်နက်၊ စိန်နီ၊ ပိန်းမဟော်ရာ အားလုံး တစ်မတ်စီအမှုန့်ပြု၍ အုန်းဆီနှင့် လူးလေ။

### ရင်ဘတ်နာ–လေနာလျက်ဆား

သိန္ဓော၊ ဆားပုပ်၊ ဘင်္ဂလီဆား၊ ဓလက်သာ ၅–ကျပ်သားစီ၊ မြန်မာဆား ၁၅ ကျပ်၊ ကျောက်ချဉ် ၁ ကျပ်၊ ယမ်းစိမ်း ၄ ပဲထောင်း၍ အိုးသစ်တွင်ထည့်၍ ဇော်ဂျီမံ၍ပြာချ၊ ၎င်းပြာကို မပြတ်လျက်လေ။

### ကျင်ငယ် တစ်စက်စက်ကျသော်

ဆီးဖြူသီးပြုတ်ရည်ကို ပျားရည်နှင့်တိုက်ပါ။

### ဆီးဆေး

ကျောက်ဖရုံသီးနှင့် သကြားခဲရော၍ သမအောင်ပြုလုပ်ပြီး စားလည်းစား၊ သောက်လည်းသောက်ပါ။

### ခွနာဆေး

မြင်းချေးလေးဆတွင် ငရုတ်ကောင်းတစ်ဆ၏အမှုန့်ထည့်၊ အုန်းဆီနှင့်ဖျော်၍ လိမ်းပါ။

### ပန်းနာ–ရင်ကျပ်ပျောက်ဆေး

ချင်းသတ္တုရည် ၁ဝိသား၊ ရှောက်ရည် ၁ဝိသား၊ ဆားမီးဖုတ် ၅ိ သား၊ သမအောင်မွှေ၍ ည–နံနက် တစ်ဇွန်းခန့် သောက်ပါ။

### ရင်ဘတ်နာပျောက်ဆေး

သံပရာသီး ၁၀ လုံး၊ ဆား ၁၀ ကျပ်သား၊ စမုန်မျိုး ၅ ပါး ၂ ပဲစီ၊ ပျားရည် ၂၅ ကျပ်သားနှင့် ပေါင်းစုတော၊ စပါးတွင် မြုပ်၍ ၇ ရက်စေ့က ထုတ်၍ တစ်နေ့ တစ်ဇွန်းစားလေ။

## သွေးလွန်ရောဂါ

ဖန်ခါးသီး၊ ဆီးဖြူသီး၊ ကြစုသီး၊ သစ်ဆိမ့်သီး၊ နံ့သာနီ–
ု–ဆတူ ၃ ခွက်တစ်ခွက်တင်ပြုတ်၍တိုက်၊ မီးယပ်သွေးလွန်နှင့်
ွး၊ဒုလာကောင်းသည်။

## အဖျဉ်းဆေး

ကြက်နက်၊ ကန့်ချုပ်နီ၊ သဘော်မဲ့ဇလီ၊ ငှင်းသုံးဦးကို
တ်၍သောက်၊ အဖျဉ်းရောဂါ ကောင်းသည်။

စိန်၊ ဒုတ္တာ၊ ကျောက်ချဉ်၊ ကြက်သွန်ဖြူ အမှုစိကို
ပရာရည်နှင့်ငေ ၊ သုတ်လိမ်းပါ။

## ဝမ်းကိုက်ပျောက်ဆေး

ဆီးဖြူသီး ၁ ကျပ်၊ မြန်မာလက်ဖက်ခြောက် ၁ ကျပ်၊
ကြား ၁ ကျပ်၊ ငှင်းဆေး သုံးကျပ်သားကို ကြိတ်၊ ၉ လုံးလုံး၊
ံနေ့ ၃ လုံး၊ ၃ ရက်သောက်၊ ပိတ်ဝမ်း၊ သွေးဝမ်း၊ ဝမ်းကိုက်
လွန်ကောင်းသည်။

## လေနာပျောက်ဆေး

ချင်းခြောက် ၁ ကျပ်၊ ကန့်ချုပ်နီ ၁ ကျပ်၊ နုပ်ချို ၁ ကျပ်၊
ဟင်း ၁ ကျပ်၊ သိန္ဓော ၁ ကျပ်၊ ငှင်းဆေးအမှုန့်ပြု၊ တစ်မတ်
းခန့်သောက်၊ လေပုပ်၊ စမြင်းပါ ပြိုကျသည်။

## ဒုလာ မြင်းသရိုက် ဝမ်းကျဆေး

တြိကဋုက် ၃ ပါး၊ နွားမြေရင်း ၁ ကျပ်၊ နနွင်းစိမ်း ၁ ကျပ်၊
ံနက် ၁၀ ကျပ်သား၊ ပျားရည် ၂၅ ကျပ်သားနှင့် ချက်ပြီးလျှင်
က်ရည်နှင့် ည–နံနက်သောက်ပါ။

### ဖျားရာတွင် သွေးဝမ်းကျဆေး

ဥသျှစ်ကင်းကို ပျားရည်နှင့်ပြုတ်၊ ထန်းလျက်နှင့် ကျွေးပါ။ **တစ်နည်း**။ ။လက်ထုတ်ငှခါက်၊ သပြေရွက် အမျှစ်ကြိတ်၊ သမန်းရွက်နှင့်တွေ၍ စားပါ။

### ကာလဝမ်းရောဂါ

ကြစု၊ မိတ်ချင်း၊ ချင်း၊ နွယ်ချို ၁ ကျပ်သားစီ၊ သိန္ဓော ၂ ကျပ်၊ ဝေကင်သာ ၄ ကျပ်၊ ညက်စွာ အမှုန့်ပြု၍ နေ့စဉ်နည်းနည်း လျက်ပါ။

### အရိုးကျိုး၊ အကြောပြတ်၊ ခွေးကိုက်၊ လှံထိုး၊ ဓားစုတ်အတွက် ရေမန်း၊ ဆီမန်း ဂါထာများ

ဥုံ–သွားတော်လေးဆယ်၊ စွယ်တော်လေးချောင်း၊ ဓာတ်တော်ပေါင်းရှစ်စရွတ်၊ အထက်စူဠာမဏိပုထိုးတော် မေတ္တာရေနှင့် ငြိမ်းစေသတည်း။

ဥုံ–မာရက်၊ မာရက်သွားဟ၊ ဥုံ–စိစမစို၊ တန်ခိုးကောင်းကင်လျှောက်၊ ရေမန်းတစ်ပေါက်၊ အရိုးကျိုးနာသို့ ရောက်စေသတည်း၊ ရေ(သို့) ဆီမန်းမှုတ်ထည့်ပါ။ အနာ၏ အမည်လည်းထည့်ရမည်၊ (၃၇)အုပ်။

### အရိုးကျိုး၊ အကြောပြတ်၊ ပဃောဂ၊ အစာမိ အလုံးအကျိတ်လိမ်းရန် သောက်ရန် ဣစ္ဆာသယဂါထာ

ဥုံ–သုဝဏ္ဏဘုမ္မိ ဂန္တာဝနာ၊ သောဏုတ္တရာ မဟိဒ္ဓိကာ ပိသာစေ နိဒ္ဓမိတွာန၊ ဗြဟ္မဇာလ၊ မဒေသယုံ။

ဥပ–ဗုဒ္ဓသံတံကျင်၊ ဓမ္မသံတံကျင်၊ သံဃသံတံကျင်၊ သဗ္ဗရှု၊ သုည်ဆိတ်။ (၃၇)အုပ်။

## နှံးပို၊ လည်ပိုးစသော အဖြင်သက်တန့်အတွက် ထုံး နနွင်းမန်း

ဥပ–သက်တံနဲ့ပေါက်ဆိန်၊ အရှိန်ရဲရဲ ရှားမိးခဲ အထဲမကြေ ငါမနေ သေလေဟဲ့သက်တန့်၊ ကျလေဟဲ့ သက်တန့် ဖွ။ (၃၇ အုပ်)

## အတွင်းသက်တန့်အတွက် ဓားနှင့်စိတ် မန်းရန်ဂါထာ

ဥပ–မြေကမိခင်၊ မိုးကာဖခင်၊ တတ်သိကျော်ဟိုး၊ တန္ခိုးနှင့် မိုးကြိုးစက်အား၊ သန်လျက်ဓားနှင့် ပိုင်းပိုင်းဖြတ်၊ သေလည်း ဆရာသေ၊ ကြေလည်း ဆရာကြေဖွ။ (၃၇အုပ်)

## ကလေးအနာဆက်အတွက် ဆီမန်းဂါထာ

ဥပ–အမေကွယ်၊ အဖေကွယ်၊ ဘဝိသတိ၊ သွားဟာ ဖွ။

## ရေယုန်အတွက် ကျွန်းသားမီးသွေး မန်းရန်ဂါထာ

ဥပ–ရေယုန်, ရေယုန်၊ ဆွေ့ဆွေ့ခုန်၊ ရေယုန်တကာငါဆရာ၊ သေလည် ဆရာသေ၊ ကြေလည်း ဆရာကြေ၊ ပျောက်လည်း ဆရာ ပျောက်ပါ။

## ငါးရိုးမြတ်သော် သောက်ရန် ရေမန်းဂါထာ

ဥပ–လက်ပံပင်ထိပ်ဖျား, တင်ကြီးနား၊ တင်ကြီးထိုး ဟဲ့ ငါးရိုးထွက်။ (၃၇ အုပ်)

**တစ်နည်း။** ။ရေကိုစုန်ရေ ဆန်ရေယူ၍ တနင်္ဂနွေသားဖြစ်လျှင်

(ဥုံ–တနင်္ဂနွေသား အရှိုးမြစ်တယ်၊ အရှိုး တနင်္ဂနွေသား မြစ်တယ်) ၇ နေ့သား ဤအတိုင်းဆိုလေ၊ အလွန်ကောင်းသည်။

**တစ်နည်း။** ။စိဝရံ ပုတီးစိပ်ကို မှန်ကန်စွာ ၇ အုပ်မန်း၊ အရှိုးအမြစ် အလွန်ကောင်းသည်။ ပုဗ္ဗဏှသုတ်သည် ကလေးမဖွားနိုင်ရာ၌ အလွန် ကောင်းသည်။ (လက်တွေ့)

## မာကြာစွဲ သူငယ်နာကုထုံး

ပဋိသန္ဓေနေမှုလေးမျိုးရှိလေသည်။ ၎င်းတို့မှာ ဂဗ္ဘသေယျက၊ သံသေဒဇ၊ အဏ္ဍဇ၊ ဥပပတ္တိ ဟူ၍ ဖြစ်၏။ ယင်းတို့အနက် ဂဗ္ဘသေယျက ပဋိသန္ဓေသည် (၁) အမိ၏ ဓမ္မတာ လာမြဲတိုင်း ဥတု လာဆဲ ရပ်ဆဲအခါ၊ (၂) သတ္တဝါ၏ ရှေ့ရှုထင်ဆဲအခါ၊ (၃) မိဘ နှစ်ပါးတို့၏ သံဝါသပေါင်းဖော်ဆဲအခါ၊ ဤအင်္ဂါသုံးပါး ညီညွတ် မည်ဖြစ်၍ မိဘနှစ်ပါးတို့၏ သုက်သွေးတည်းဟူသော ဥတုကို မှီ၍ အမိဝမ်းတွင်း၌ ရှေ့ရှုထင်ဆဲဖြစ်သော သတ္တဝါသည် ပဋိသန္ဓေ စွဲယူ ၏။ ယင်းသို့ ဂဗ္ဘသေယျကဖြစ်သော အမိဝမ်းတွင်းမှ ဖွားမြင်သော သူတို့၌ ကံကြမ္မာအလိုက် ကပ်ဆိုက်စွဲရောက်တတ်သော သူငယ်နာ မျိုးကား –

(၁) ခုတ်လေးပါးကို စွဲ၍ရောက်သော သူငယ်နာ၊

(၂) တစ်ဆယ့်နှစ်ပါးသော အစွဲနှင့်ဖြစ်သော သူငယ်နာ၊

(၃) ဆယ်ပါးသော သူငယ်နာ ကြက်ညှာ၊

(၄) ဆယ်ပါးသော ကျုဗဟုန်းသူငယ်နာ၊

(၅) ငါးပါးသော သူငယ်နာ ငန်းနာ၊

(၆)သုံးပါးသော အပုပ်သူငယ်နာ၊

(၇) နို့ကြောင့်ဖြစ်တတ်သော သူငယ်နာသုံးပါး၊

(၈) ခြောက်ပါးသော သူငယ်နာ ဥပါဒ၊

(၉) သုံးပါးသော သူငယ်နာ မြင်းသရိုက်စွဲ၊

(၁၀) သုံးပါးသော ပါဒရက် သူငယ်နာ၊

(၁၁) သုံးပါးသော မုက္ခိစွဲ သူငယ်နာ၊

(၁၂) သုံးပါးသော မာတြာစွဲ သူငယ်နာ၊

(၁၃) မြေစွဲ သူငယ်နာဟူ၍ ခြောက်ဆယ့်ခြောက်ပါး အပြားရှိ၏။

## ဓာတ်လေးပါးကို စွဲ၍ ရောက်သောဝေဒနာ

သူငယ်တို့သည် မိဿရာသီ၊ ပြိဿရာဦ၊ မေထုန်ရာသီဟုဆိုအပ်သော တန်ခူးလ၊ ကဆုန်လ၊ နယုန်လ၊ ဤသုံးလ၌ တစ်ကိုယ်လုံး မီးအုံးသကဲ့သို့ ပူခြင်း၊ ရင်တကော့ကော့ ရှိခြင်း၊ ဝမ်း ပျော့တုံမာတုံရှိခြင်း၊ ခြေဖျားလက်ဖျား ကုပ်ခြင်း၊ ရေကို အလိုရှိခြင်း ဖြစ်တတ်သော် ထိုသို့ဖြစ်သော အခြင်းအရာကို တေဇောဓာတ်ပျက်သော လက္ခဏာဟူ၍ သိရမည်။

သူငယ်တို့သည် ကရကဋ်ရာသီ၊ သိဟ်ရာသီ၊ ကန်ရာသီဟုဆိုအပ်သော ဝါဆိုလ၊ ဝါခေါင်လ၊ တော်သလင်းလ ဤသုံးလတို့၌ နေ့စဉ် မထဲ ဝမ်းသွားခြင်း၊ အော့အန်ခြင်း၊ ရင်ဝလည်ချောင်းတို့၌ ချွဲသလိပ် ဖွဲ့ခြင်း၊ ဖုတ်လိုက် ဖုတ်လိုက် အသက်ရှုခြင်း၊ ကြို့ထိုးခြင်း၊ အသားအရေ ဝင်းဝင်းဝါဝါ ရှိခြင်း ဖြစ်တတ်သော ထိုသို့ဖြစ်သော အခြင်းအရာကို ဝါယောဓာတ်ပျက်သော လက္ခဏာဟူ၍ သိရမည်။

သူငယ်တို့သည် ကုရာသီ၊ ဗြိစ္ဆာရာသီ၊ ဓနုရာသီဟု ဆိုအပ်သော သီတင်းကျွတ်လ၊ တန်ဆောင်မုန်းလ၊ နတ်တော်လ၊ ဤသုံးလတို့၌ အာခံတွင်း ဖူးမှုန့်ပေါက်ခြင်း၊ ဦးခေါင်းချွေးစေးထွက်ခြင်း၊ ဝမ်း နံ့စွာသွားခြင်း၊ အပုပ်အစပ် စသော ဘောဇဉ်စာကို အလိုရှိခြင်း ဖြစ်တတ်သော ထိုသို့ဖြစ်သော အခြင်းအရာကို အာပေါဓာတ်ပျက်သော လက္ခဏာဟူ၍ သိရမည်။

သူငယ်တို့သည် မကာရရာသီ၊ ကန်ရာသီ၊ မိန်ရာသီဟု ဆိုအပ်သော ပြာသိုလ၊ တပို့တွဲလ၊ တံပေါင်းလ၊ ဤသုံးလတို့၌ ခြေဖျား လက်ဖျား အေးတုံပူတုံရှိခြင်း၊ မြေကြီးကို စားခြင်း၊ မိုးမျိုးစုံတို့ လှုပ်ရှားခြင်းကြောင့် အသည်းအူနာခြင်း၊ ကျော၊ ကျောက်ကုန်းပူခြင်း၊ မျက်စိမျက်တောင် လေး၍ တမှေးမှေး၊ တမှိန်းမှိန်းရှိခြင်း၊ မြွေကဲ့သို့ တွန့်လိမ်ခြင်း ဖြစ်သော် ထိုသို့ ဖြစ်သော အခြင်းအရာကို ပထဝီဓာတ်ပျက်သော လက္ခဏာဟူ၍ သိရမည်။

## သူငယ်နာ လက္ခဏာ (၁၃) ပါး

သူငယ်တို့၌ ကပ်ရောက်သော သူငယ်နာတို့တွင်...

၁။ ပိတ်ပြည်ကဲ့သို့ ဖြူဖြူရိရိ ဝမ်းသွားသော သူငယ်နာကို အူစွဲသူငယ်နာဟူ၍ မှတ်

၂။ ရင်ပြည့်ခြင်း၊ ဝမ်းလားခြင်းကို အဆုတ်စွဲ သူငယ်နာဟူ၍ မှတ်

၃။ ခေါင်ရေကဲ့သို့ ဝမ်းလားခြင်း၊ စိမ်းစိမ်းရွှေရွှေ ဝင်းဝင်းဝါဝါ ဝမ်းလားခြင်းကို အသည်းစွဲ သူငယ်နာဟူ၍ မှတ်

၄။ ပုပ်ပုပ် စပ်စပ် ကစော်ဖတ်ကဲ့သို့ ဝမ်းလားခြင်းကို နှလုံးစွဲ သူငယ်နာဟူ၍ မှတ်။

၅။ ချွဲချွဲပျစ်ပျစ် ကြက်ဥနှစ်ကဲ့သို့ ညှီညှီပုပ်ပုပ် ဝမ်းလားခြင်းကို သည်းခြေစွဲ သူငယ်နာဟူ၍ မှတ်။

၆။ ဝမ်း သရိုးသရီ တညည်းညည်း နေမထိ ထိုင်မထိ ဖြစ်ခြင်းကို သရက်စွဲ သူငယ်နာဟူ၍ မှတ်။

၇။ အနည်းငယ် ဝမ်းသွားလျက် ညည်းချွေ မှိုင်တွေခြင်းဖြစ်မှု ထိုသူငယ်နာကို အဖျဉ်းစွဲ သူငယ်နာဟူ၍ မှတ်။

ငယ်နာကို အရိုးစွဲ သူငယ်နာဟူ၍ မှတ်။

၉။ နှစ်ရက်၊ သုံးရက်ဖျား၍ ကျောကော့လျက်နေသည်။ မအိပ်။ မိန်းမလက်ယာ၊ ယောကျ်ားလက်ဝဲ ကိုယ်တစ်ခြမ်း လိမ်ခြင်း၊ စောင်းခြင်းဖြစ်မှု ထိုသူငယ်နာကို အကြောစွဲ သူငယ်နာဟူ၍ မှတ်။

၁၀။ ကိုယ်တနွေးနွေးနှင့် ဖျော့တော့ခြင်း၊ ငြီးငွေ့မှိုင်တွေခြင်း ဖြစ်မှု ထိုသူငယ်နာကို အသားစွဲ သူငယ်နာဟူ၍ မှတ်။

၁၁။ ကိုယ်တချပ်ချပ်နှင့် အသားအရေ ပိန်ခြင်း ဖြစ်မှု ထိုသူငယ်နာကို အရေစွဲ သူငယ်နာဟူ၍ မှတ်။

၁၂။ သလိပ်ကဲ့သို့ ရိရိရွဲရွဲ ဝမ်းသွားခြင်း ဖြစ်မှုကား ထိုသူငယ်နာကို ရင်စွဲသူငယ်နာဟူ၍ မှတ်။

၁၃။ ဦးခေါင်းလေးခြင်း၊ နွေးခြင်း၊ မျက်စိ မှိတ်ခြင်း၊ ခေါင်းပူခြင်းဖြစ်မှုကား ထိုသူငယ်နာကို ဦးခေါင်းစွဲ သူငယ်နာဟူ၍မှတ်။

## ဆယ်ပါးသော ကြက်ညှာသူငယ်နာ

ဆယ်ပါးသော ကြက်ညှာသူငယ်နာ၏ လက္ခဏာကား ဤသို့လျှင်တည်း။

၁။ အသံတကျည်ကျည် ဟစ်အော်၍ရှိလျှင်မှုကား နှလုံးစွဲ ကြက်ညှာတည်း။

၂။ တညည်းညည်းငိုလျက် ဝမ်းသွား၍ သွေးပါမှုကား အသည်းစွဲ ကြက်ညှာတည်း။

၃။ ချက်က ဖူးဖူးထ၍ မနေမသာ ရှိမှုကား ချက်စွဲကြက်ညှာတည်း။

၄။ ဝမ်းပြည့်၍ ကိုယ်ပူမှုကား အသားစွဲကြက်ညှာတည်း။

၅။ ထိုင်ခြင်း၊ သွားခြင်း၊ ရပ်ခြင်း ကာလတို့၌ တချောက်ချောက်မြည်မှုကား အရိုးကြက်ညှာတည်း။

၆။ ခြေပစ်၊ လက်ပစ် လန့်ဖျပ်မှုကား မြင်းခေါင်းစွဲ ကြက်ညှာတည်း။

၇။ ရင်လုံးမှုကား ရင်စွဲကြက်ညှာတည်း။

၈။ အသက်ရှူတိုင်း ရင်၌ ထွက်တုံဝင်တုံ လိုက်လှဲရှိမှုကား လေစွဲကြက်ညှာတည်း။

၉။ ရင်၊ လည်ချောင်း၌ တစီစီမြည်မှုကား သွေးစွဲကြက်ညှာတည်း။

၁၀။ လည်ရင်း၊ လည်ချောင်း၌ တချောက်ချောက် မြည်မှုကား သလိပ်စွဲ ကြက်ညှာတည်း။

## ဆယ်ပါးသော သူငယ်နာကျဗဟုန်း

ဆယ်ပါးသော သူငယ်နာ ကျဗဟုန်း၏ လက္ခဏာကား ဤသို့လျှင်တည်း။

၁။ ပြင်းပြစွာ ချုပ်ကိုင်မရငိုမှုကား နှလုံး ကျဗဟုန်းတည်း။

၂။ ငိုတုံရယ်တုံရှိမှုကား အသည်းစွဲ ကျဗဟုန်းတည်း။

၃။ ဆီး၊ ဝမ်းမသွား၊ ဝမ်းကျက်ကျက်ရှိမှုကား အရိုးစွဲ ကျဗဟုန်းတည်း။

၄။ အလွန် မိန်းမောလျက် တွေဝေမှုကား အရေစွဲ ကျဗဟုန်းတည်း။

၅။ တမြည်းမြည်း တခွေ့ခွေ့ အိပ်နေမှုကား ပဆစ်ဒူးစွဲ ကျဗဟုန်းတည်း။

၆။ ရေငတ်လျက် အော့အန်မူကား သည်းခြေဖွဲ ကျဗဟုန်းတည်း။

၇။ သမ်းဟိုက် လိမ်ကော့ စောင်းရွဲ့၍ တက်မူကား လေဖွဲ ကျဗဟုန်းတည်း။

၈။ တစ်ကိုယ်လုံး အပြောက်ပြောက် အကွက်ကွက်နှင့် တက်မူကား သွေးတက် ကျဗဟုန်းတည်း။

၉။ မျက်နှာ၊ နှုတ်ခမ်းက စ၍ လက်ဖျား၊ ခြေဖျားညိုမည်း၍ တက်မူကား လေအပုပ်တက် ကျဗဟုန်းတည်း။

၁၀။ ဘစ်ကိုယ်လုံး ညိုမည်း၍ တက်မူကား သွေးအပုပ်တက် ကျဗဟုန်းတည်း။

## ငါးပါးသော သူငယ်နာငန်း

ငါးပါးသော သူငယ်နာငန်း၏ လက္ခဏာသည်ကား ဤသို့ လျှင်တည်း။

၁။ တစ်ကိုယ်လုံး အေးလျက် မျက်စိတမှေးမှေး တမှိန်းမှိန်း တက်မူကား သူငယ်နာလေငန်းတည်း။

၂။ တစ်ကိုယ်လုံး နွေးလျက် ခြေလက်လန့်ဖျပ်၍ တက်မူကား သူငယ်နာလေငန်းတည်း။

၃။ ချောင်းတဟုတ်ဟုတ်နှင့် တစ်ကိုယ်လုံး အေးတုံပူတုံ ရှိလျက် တမှိန်းမှိန်းတက်မူကား သူငယ်နာ သလိပ်ငန် တည်း။

၄။ တစ်ကိုယ်လုံးပူလျက် မျက်စိ၊ ဦးခေါင်းယမ်း၍ ကိုက်ခဲ ထိတ်လန့် ဖျားနာမူကား သူငယ်နာငန်းပုပ်တည်း။

၅။ လျှင်မြန်စွာတက်၍ ဘာမှန်းမသိ မျက်ဖြူဆိုက်၍ ရှိမူကား လျှင်မြန်စွာတက်သော သူငယ်နာ အပြင်းဒမ်းငန်းတည်း။

## သုံးပါးသော အပုပ်သူငယ်နာ

သုံးပါးသော အပုပ်သူငယ်နာ၏ လက္ခဏာကား ဤသို့လျှင်တည်း။

၁။ ကိုယ်တွေနွေးနွေးနှင့် ဝမ်းပြည့်လျက် အော့အန်၍ ညည်းညူစွာနေမှုကား လေအပုပ်တည်း။

၂။ အလွန်ပူသဖြင့် ရှေင်တက်လျက် ချောင်းဆိုးနှင့်တကွ အသား အံရေ ခြောက်မှုကား သလိပ်ပုပ်သူငယ်နာတည်း။

၃။ ခြေပစ်လက်ပစ် ဖျား၍ ခြေ အေးတုံ့ပူတုံ့ရှိမှုကား သူငယ်နာသွေးတည်း။

## နို့ကြောင့်ဖြစ်သော သူငယ်နာသုံးပါး

နို့ကြောင့်ဖြစ်သော သူငယ်နာ စွဲသုံးပါး၏ လက္ခဏာကား ဤသို့လျှင်တည်း။

၁။ မျက်ဖြူဆိုက်တုံ့ မှိတ်တုံ့ဖွင့်တုံ့ ပြုလျက် ခြေလက် ကျောက်ဟန် ခေါင်းလှုပ်၍ ဘာမှန်းမသိ ရှိမှုကား နို့မြွေနို့ငန်း သူငယ် နာတည်း။

၂။ အမိနို့ကို စို့သည်မှစ၍ မငိုဘဲ တလူးလူး တလဲလဲ တတွန့်တွန့်ရှိမှုကား သူငယ်နာနို့ငန်းတည်း။

၃။ အမြှုပ်တစီစီထွက်၍ ဝမ်းတကြုတ်ကြုတ် မြည်လျက် ဝမ်းသွားသများမှုကား နို့ပုပ်သူငယ်နာတည်း။

## ခြောက်ပါးသော သူငယ်နာ ဥပါဒါန်

ခြောက်ပါးသော သူငယ်နာ ဥပါဒါန်၏ လက္ခဏာသည်ကား ဤသို့လျှင်တည်း။

၁။ ခြေသည်းသိပ်ခြင်း။
၂။ လက်သည်းသိပ်ခြင်း။
၃။ လက်ကိုကုပ်ခြင်း၊ လက်ကို ကိုက်ခြင်း။
၄။ မျက်စိကို မှိတ်ခြင်း၊ မျက်တောင်နှုတ်ခြင်း။
၅။ နားကို နှိုက်ခြင်း။
၆။ နှာခေါင်းကို နှိုက်ခြင်း။

## သုံးပါးသော သူငယ်နာမြင်းသရိုက်စွဲ

သုံးပါးသော သူငယ်နာမြင်းသရိုက်စွဲ၏ လက္ခဏာသည်ကား ဤသို့တည်း။

၁။ တဖျပ်ဖျပ် လန့်မှုကား သူငယ်နာ မြင်းသရိုက်ထည်း။
၂။ ဝမ်းသွား၍ ဒွါရထွက်မှုကား သူငယ်နာ အူစွဲမြင်းသရိုက်တည်း။
၃။ ညှစ်အားနှင့်တကွ ဝမ်းရွှေရွှေ ဝါဝါ နီနီ စိမ်းစိမ်း မည်းမည်းသွားမှုကား သူငယ်နာ တြိဒေါသ မြင်းသရိုက်တည်း။

## သုံးပါးသော ပါဒရက်သူငယ်နာ

သုံးပါးသော ပါဒရက်သူငယ်နာ၏ လက္ခဏာသည်ကား ဤသို့လျှင်တည်း။

၁။ ကိုယ်တစ်ပိုင်းမှ တစ်ပိုင်းအေးနှင့်တကွ ခြေ လက် အမွေး အသားအရည်ညစ်မှုကား ဥဘယပါဒရက်တည်း။

၂။ ခြေဖဝါး၊ လက်ဖဝါးမှလျက် အရေခြောက်ကပ် ကြုံလှီစွာ ရှိမှုကား ဥဏှပါဒရက်တည်း။

၃။ ခြေဖျား၊ လက်ဖျားကစ၍ အဆစ်အမြစ်အေးလျက် ဝမ်းရှု မှုကား သီတပါဒရက်တည်း။

## သုံးပါးသော မုက္ခိစွဲသူငယ်နာ

သုံးပါးသော မုက္ခိစွဲသူငယ်နာ၏ လက္ခဏာသည်ကား ဤသို့ လျှင်တည်း။

၁။ တစ်ကိုယ်လုံး နွေးလျက် ဦးခေါင်းလှုပ်၍ အလွန်ငိုမှုကား အဇာမုက္ခိစွဲတည်း။

၂။ ကိုယ်ခဏာမှ ခဏာအေး၍ ဦးခေါင်းလည်း လည်လျက် အလွန်ငိုမှုကား နာဂမုက္ခိစွဲတည်း။

၃။ မျက်စိမှိတ်၍ ခါးရင်ကော့လျက် ငိုမှုကား ရက္ခမုက္ခိစွဲ တည်း။

## သုံးပါးသော မာတြာစွဲသူငယ်နာ

သုံးပါးသော မာတြာစွဲသူငယ်နာ၏ လက္ခဏာသည်ကား ဤသို့လျှင်တည်း။

၁။ တစ်ကိုယ်လုံးတဆတ်ဆတ်တုန်လျက် လန့်၍ ငိုမှုကား ဒေဝမာတြာစွဲတည်း။

၂။ မျက်စိစိုက်လျက် ကြည့်၍ ပြင်းပြစွာ လူးလဲ၍ ငိုမှုကား

ယက္ခမာတြဲစွဲတည်း။

၃။ အမြုပ်တစီစီနှင့် ပူချမ်းမမှု သွားတကြိတ်ကြိတ် ပြုလျက် ဟိန်းဟဲညည်းညူမှုကား ပုတ္တမာတြဲစွဲတည်း။

## မြေစွဲသူငယ်နာ

မြေစွဲသူငယ်နာ၏ လက္ခဏာသည်ကား ဤသို့လျှင်တည်း။ ချည့်နဲ့ခြင်း၊ ခြေလက်သေခြင်း၊ ကြုံလှီခြင်းသည် မြေစွဲသူငယ်နာပေတည်း။ ထိုမှတစ်ပါးလည်း ချွေးထွက်၍ ဆေးပေးသော်လည်း ချမ်းသာသကဲ့သို့သာ ဖြစ်၍ မချမ်းမသာ အဖန်တလဲလဲ နာသော သူငယ်နာကိုကား စုန်းဖုတ်တို့ ဖမ်းသော သူငယ်နာဟူ၍ သိအပ်၏။



မာတြဲဖမ်းပုံနှင့် ကုထုံးသူငယ်ကို ဘယ်လက်ပေါ်မှာ ပက်လက်ထား၍ ညာဘက်က သူငယ်ဗိုက်ကို ဖိပာန်

၁။ သူငယ်မွေးဖွား၍ ၁ ရက်၊ ၁ လ၊ ၁ နှစ်အတွင်းမှာ နာမူကား ပဋိသန္ဓေကို စောင့်သော ဒေဝမည်သော မာတြာဖမ်းစား၏။ ထိုဒေဝမည်သော မာတြာဖမ်းစားမှုကြောင့် နာဟာမန်ကား ဝမ်းရောင်၏၊ ချမ်းအေးရှိ၏၊ အငိုများ၏၊ ထိုအနာကို လွတ်စေလိုမူ ခေါပန်းတောင်းတွင် ထမင်း ငါးဆုပ်၊ တံခွန် လေးတိုင်၊ ပန်းလေးပွင့် ထည့်၍ အရှေ့မြောက်ထောင့် အရပ်သို့ မွေးဖွားသည့်အချိန်တွင် ပို့လေ။



သူငယ်ကို ဘယ်လက်ပေါ်တွင် မှောက်လျက်ထား၍ ညာလက်က
သူငယ်ကျောကို ဖိဟန်

၂။ သူငယ်မွေးဖွား၍ ၂ ရက်၊ ၂ လ၊ ၂ နှစ်အတွင်း၌နာမူကား ပဋိသန္ဓေကို စောင့်သော ဒေဝမည်သော မာတြာပင် ဖမ်းစား၏။ နာဟာန်ကား တမှိန်းမှိန်း ရှိ၏။ ကျောဝမ်းပူ၏။ ဝမ်း၌လည်း သွန်၏၊ အော့အန်၏။အစွဲချရသော နည်းကား ခေါ်ပန်းတောင်းတွင်

ဘီလူးရုပ်လုပ်၍ ထမင်း ၅ ဆုပ်၊ မုန့် ၇ ယှက်၊ လက်ဖက်တစ်ထုပ် ထည့်၍ အနောက်မြောက် ထောင့်အရပ်သို့ မွေးဖွားသည့် အချိန်တွင် ပို့လေ။



### ဘယ်လက်က သူငယ်၏ခေါင်းကို ကိုင်၍ ညာလက်က သူငယ်ထိပ်ကို ဖိဟန်

၃။ သူငယ်မွေးဖွား၍ ၃ ရက်၊ ၃ လ၊ ၃ နှစ် အတွင်း၌ နာမူကား ပဋိသန္ဓေကို စောင့်သော ဘီလူး ဒေဝနတ်ဖမ်းစား၍ အရှေ့သို့ သွားရာတွင်ဖမ်းစားသည်။ နာဟန်ကား ခေါင်းလေး၏။ ရင်ပြည့်၏။ ပျို့လည်း ပျို့၏။ လက်တတုန်တုန် ရှိ၏။ ထိုအနာကို လွတ်စေလိုမူ ခေါပန်းတောင်းတွင် ပန်း ၃ ပွင့်၊ ထမင်း ၃ ဆုပ်၊ မုန့်ညက်ကို လူရုပ်လုပ်၊ တံခွန် ၃ တိုင်ထည့်၍ မွေးဖွားသည့်အချိန် အရှေ့အရပ် သို့ ပို့လေ။



ဘဃီလက်က သူငယ်ကိုကိုင်၍ ညာလက်က
သူငယ်ပါးစပ်ကိုနှိုက်ဟန်

၄။ သူငယ်မွေးဖွား၍ ၄ ရက်၊ ၄ လ၊ ၄ နှစ်အတွင်း၌ နာမူကား ပဋိသန္ဓေကိုစောင့်သော ဒေဝနာဂနတ် ဖမ်းစား၏။ အရှေ့တောင် ထောင့်သို့ သွားရာတွင် နာသည်။ နာဟန်ကား ကျောပူ၏၊ အော့အန်၏၊ ခြေခဲအေး၏၊ ထိုအနာကို လွှန်လိုမူ ခေါပန်းတောင်းတွင် ဘီလူးရုပ်လုပ်၍ ထည့်၊ မုန့် ၄ ယှက်၊ ငါး ၄ တစ်၊ ပန်း ၄ ပွင့်၊ ထမင်း ၄ ဆုပ်ထည့်၍ မွေးဖွားသည့် အချိန်တွင် အရှေ့တောင်ထောင့် အရပ်သို့ ပို့လေ။



**လက်တစ်ဖက်က သူငယ်၏ လက်ကို ကိုင်၍**
**တစ်ဖက်ကသူငယ်၏ ခြေသလုံးကို ကိုင်ဟန်**

၂။ သူငယ်မွေးဖွား၍ ၅ ရက်၊ ၅ လ၊ ၅ နှစ်အတွင်း၌ နာမူကား နလိတနုတ် ဖမ်းစား၏။ နာဟန်မှာ: ပူတချမ်းတုံ ရှိ၏။ မနေသာ မထိုင်သာ ရှိ၏။ ခါးလည်း ညောင်း၏။ ခြေလက်လေး၏။ ထမင်း စားလိုရှိ၏။ ထိုအနာကို လွှတ်လိုမူ ခေါပန်းတောင်းတွင် ထမင်း ၅ ဆုပ်၊ မုန့် ၅ ယှက်၊ ငါးပြေမ ၅ကောင် တဲစို့ထိုးကင်၊ ပန်း ၅ ပွင့်၊ ဆီမီး ၅ တိုင်၊ တံခွန်တိုင် ၅ တိုင်ထည့်၍ တောင်စူးရှူး အရပ်သို့ မွေးဖွားသည့် အချိန်တွင် ပို့လေ။



## လက်တစ်ဖက်က သူငယ်၏ခေါင်းကို ကိုင်၍ လက်တစ်ဖက်က သူငယ်ကုပ်ကို ကိုင်ဟန်

ဖ။ သူငယ်မွေးဖွား၍ ဖ ရက်၊ ဖ လ၊ ဖ နှစ်အတွင်း၌ နာမှုကား ပဋိသန္ဓေကို စောင့်သော ကာလဒေဝနတ် ဖမ်းစား၏။ နာဟန်ကား ကိုယ်ပူ၏။ နုလုံးဆို့မျို၏။ တသမ်းသမ်း တဝေဝေ ရှိ၏။ အဲရူးကဲ့သို့ ရှိ၏။ ငိုတုံရယ်တုံ ရှိ၏။ ထိုအနာကို လွှတ်စေလိုမူ ခေါ် ပန်းတောင်းတွင် ထမင်း ဖ ဆုပ်၊ မုန့် ဖ ယှက်၊ သစ်သီး ဖ မည်၊ ပန်းကုံးမှာ ကိုယ်နှင့်တိုင်း၍ ထည့်၊ ပေါက်ပေါက်ပန်း နံ့သာ ရေဖျန်း၍ ထည့်၊ မွေးဖွားသည့် အချိန်တွင် အနောက်မြောက် အရပ်သို့ ပို့လေ။



## လကျာ်နှစ်ဖက်ညှပ်၍ သူငယ်ပါးနှစ်ဖက်ကို တီးဟန်

၇။ သူငယ်မွေးဖွား၍ ၇ရက်၊ ၇ လ၊ ၇ နှစ်အတွင်း၌ နာမှုကား ပဋိသန္ဓေကို စောင့်သော သူရက်ကန္တမည်သော နတ်ဖမ်းစား၏။ နာဟန်မှုကား အော့အန်၏။ ပူတုံချမ်းတုံ ရှိ၏။ ခြေအေး၏။ ထိုအနာကို လွတ်လိုမူ ခေါပန်းတောင်းတွင် မုန့်ညက်ကို လူရုပ် လုပ်၍ ဘုမ္မိအရပ်သို့ ပို့လေ။



## လက်တစ်ဖက်က သူငယ်ကို ကိုင်၍ မျက်နှာချင်းဆိုင်ထားပြီး တစ်ဖက်က ရိုက်မည့်ဟန်

၈။ သူငယ်မွေးဖွား၍ ၈ရက်၊ ၈ လ၊ ၈ နှစ်အတွင်း နာမူကား ခေမာဂိရိနတ် ဖမ်းစား၏။ အနောက်မြောက်ထောင့်သို့ သွားမိရာတွင် မိသည်။ နာဟန်ကား နေ့မသိ ညမသိ ပူ၏။ တမှိန်းမှိန်း မအိပ်တတ်၊ မနေတတ်ရှိ၏။ ငိုဖန်များ၏။ စိတ်ကြမ်းတမ်း၏။ ကျင်ကြီးကျင်ငယ် မဖြောင့်ရှိ၏။ နှုတ်လျှာလေး၏။ ထိုအနာကို လွတ်လိုမူ ခေါပန်းတောင်းတွင် ထမင်း တစ်စလောင်းကိုထည့်၊ ပန်းပေါက်ပေါက် ထည့်၊ ဆီမီး ၂ တိုင်၊ တံခွန် ၂ တိုင်၊ ပန်းနံ့သာရည် ဖျန်း၍ အနောက်မြောက်ထောင့်အရပ်သို့ မွေးဖွားသည့်အချိန်တွင် ပို့လေ။



**လက်တစ်ဖက်က သူငယ်ကိုပွေ့ပြီးလျှင် အထက်သို့ မော့ကြည့်၍ လက်တစ်ဖက်က အထက်သို့ လက်ညှိုးထိုးဟန်**

၉။ သူငယ်မွေးဖွား၍ ၉ ရက်၊ ၉ လ၊ ၉ နှစ်အတွင်း နာမူကား ပဋိသန္ဓေကို စောင့်သော အာကာသ ဒေဝနတ် ဖမ်းစား၏။ နာဟန်ကား အေးတုံ ပူတုံ ကျော့ဝမ်း ပူ၏။ အထက်သို့ ကြည့်၏၊ မျက်စိ နီ၏။ ထိုအနာကို လွတ်လိုမူ ခေါပန်းတောင်းတွင် ငှက်ပျောဖက်ခင်း၍ ထမင်းတစ်စလောင်းထည့်၊ မုန့်ကြော် ၇ ယှက်၊ ငါးကြော် ၇ ကောင်၊ ပေါက်ပေါက် နံ့သာရေဖျန်း၍ နေဝင်လျှင် အိမ်ခေါင်မိုးမှာတင်၊ ကျီးမနိုးခင် မြောက်ရှူးရှူး အရပ်သို့ပို့၍ ချမ်းသာ ရ၏။



## သူငယ်ကို ပွေ့၍ သစ်ပင်ပေါ်၌ ထိုင်နေဟန်

၁၀။ သူငယ် မွေးဖွား၍ ၁၀ ရက် ၁၀ လ၊ ၁၀ နှစ်အတွင်းတွင် နာမူကား ပဋိသန္ဓေကို စောင့်သော ရုက္ခဒေဝနတ် ဖမ်းစား၏။ နာဟန်ကား ခေါင်းခဲသည်။ သွားစေသည်။ ငိုဖန်များသည်၊ ဝမ်းလည်း သွန်သည်။ သွားလည်း ကြိတ်ကြိတ်မည်သည်။ ထိုအနာကို လွတ်လိုမူ ခေါပန်း တောင်းတွင် မုန့်ကို နတ်ရုပ်လုပ်၍ ပန်း ၉ မည်၊ ထမင်း ၉ ဆုပ်၊ နံ့သာရည် ထောပတ်ဖျန်း၍ မွေးနံ့ပြီးပြော် အရပ်သို့ ပို့လေ။



## သူငယ်ကိုပွေ့၍ အိမ်ခေါင်မိုး၌ ထိုင်နေဟန်

၁၁။ သူငယ် မွေးဖွား၍ ၁၁ ရက်၊ ၁၁ လ ၊ ၁၁ နှစ်အတွင်း နာမူကား ပဋိသန္ဓေကို စောင့်သော သရသောနတ် ဖမ်းစား၏။ နာဟန်ကား ငိုဖန်များ၏။ နှလုံးတုန်၏။ ကိုယ်ပူ၏။ ထိတ်လန့်၏။ ပူတုံချမ်းတုံ ရှိ၏။ ရေငတ်၏။ ထိုအနာကို ပျောက်လိုမူကား ခေါပန်းတောင်းတွင် ပေါက်ရွက် ၆ ရွက် ခင်း၍ ထမင်း ၁၀ ဆုပ်၊ မုန့် ၁၁ ယှက်၊ ငါးကြော် ၁၀ တစ်၊ တံခွန် ၅ တိုင်၊ ဆီမီး ၅ တိုင်၊ ပန်းပေါက် ပေါက်ထည့်၍ နံ့သာရည်ဖျန်း၊ 'ချမ်းသာပါစေ' ဆုတောင်း၍ အိမ်မိုးမှာတင်၊ မိုးသောက်ထကျိုးမနိုးခင် သစ်ပင်သို့ ပို့၍ တင်လေ။



## လက်တစ်ဖက်က သူငယ်ကိုကိုင်၍ လက်တစ်ဖက်က ငှက်ပျောဖက်နှင့် သူငယ်ကိုရိုက်မည့်ဟန်

၁၂။ သူငယ်မွေးဖွားရာ၌ ၁၂ ရက်၊ ၁၂ လ၊ ၁၂ နှစ်အတွင်းတွင် နာမှုကား ပဋိသန္ဓေကို စောင့်သော စန္ဒီနတ်ဖမ်းစား၏။ နာဟန်မှုကား ပူတုံချမ်းတုံ ရှိ၏။ ထိုအနာကို လွှတ်လိုမူ ငှက်ပျောရွက် ကို ဖက်ခွက်ထိုး၍ ထမင်း ၁၀ ဆုပ်ထည့်၊ ထောပတ်မုန့်ကို အချိုအချဉ် ရသာမျှထည့်၍ နံ့သာရေဖျန်း၊ ဆီမီး၊ တံခွန်ဖြူ တစ်တိုင်စီ ထည့်၍ နံပြိုပြင်သင့်ရာ အရပ်မှာ နံသင့်ရာ ရုက္ခစိုးစောင့်သည့် သစ်ပင်မှာ တင်ပို့လေ။

## သူငယ်နာဆေးပေးပုံ

**သူငယ်နာကုပ်ကျိုး** - မျက်စိမိုတ်၊ မျက်ရည်ထွက် အနာကို နှမ်းလှော်ကို ထောင်း၍ ရှူစေ၊ ပြီးလျှင် လက်ဖက်ကို ဆီနိုင်နိုင်နှင့် စားစေ၊ မကြေသော် နွားသား မီးဖုတ်ကို ဆီနိုင်နိုင် ဆမ်း၍ စားစေ၊ ရှူလည်း ရှူစေ။ မကြေသော် မန်းကျည်းရွက်ကို ဆန်လှော်နှင့် ချက်၍ စားစေ၊ မကြေသော် ခရမ်းသီးကို ငါးခူနှင့် ချက်၍စားစေ၊ မကြေသော် ကြက်ဟင်းခါးရည် ရှူစေ၊ ပြီးလျှင် ကိုယ်ကို ဆီသုတ်၍ ကုပ်ဆက်ကို သံတူနှင့် စတိထုစေ။ မကြေသော် နံ့သင့်သစ်သားကို တိုင်းဖြတ်ပြီးလျှင် အရင်းက သွေး၍ မျက်စဉ်းခတ်စေ၊ ဆီးသီး ဟင်းကိုလည်း စားစေ၊ မကြေသော် အုန်းသီး ထန်းလျက်ဖက်၍ စားစေပြီးလျှင် ခြေကို ဆီသုတ် ကုပ်ဆက်ကို မန်ကျည်းရွက် ကျပ် ထုပ်ထိုးစေ။ မကြေသော် မုန့်ဆီကြော် စားစေ။ ပြီးလျှင် စကားပွင့်ကို နမ်းစေ၊ မကြေသော် ခြေကို ဆန်ဆေးရေနှင့် ဆေးစေ၍ တရုတ် စကားပွင့်ကို နမ်းစေ၊ မကြေသော် ဆန်လှော်ကို စားစေပြီးလျှင် မျှင်ဝါးစိမ်းကို မီးဖုတ်ရှူစေ၊ မကြေသော် ခြေကို ကျွန်းသားမီးသွေး သုတ်၍ မီးကင်စေ၊ ဇက်ကိုလည်း ခဲမပုပ်ရေဆွတ်စေ၊ မကြေသော် ငယ်ထိပ်ကို ဆံပင် ၇ ပင် နုတ်၍ ရေသို့ မျောစေပြီးလျှင် ရေမှန် ကြည့်စေ။ မကြေသော် ငရုတ်သီး အညှော်ခံစေ။ သူငယ်နာ ကျောပူ ခေါင်းပူကို အုန်းသီးစားစေ။ မကြေသော် ပဲကြီးလှော် ထန်းလျက် ဖက်၍ စားစေ၊ မကြေသော်။ သူငယ်စာ ငှက်ပျောသီးကို စားစေ၊ မကြေသော် မုန့်နှပ်စားစေ၊ မကြေသော် ယာဂုစားစေ၊ မကြေသော် ကန်စွန်းဥကို ထန်းလျက်နှင့် စားစေ၊ မကြေသော် ရွှေဖရုံသီး ပြုတ်၍ စားစေ၊ မကြေသော် ဆီလိမ်း၍ ချွေးအောင်းစေ၊ မကြေသော် မုန့်ဆီကြော်ကို စားစေ။ မကြေသော် ဆန်လှော်ကို စားစေ။

မကြေသော် ကျောက်ဖရုံရည်ကို ခြေဆေးပြီးလျှင် ဆားပုပ်ရေကို သောက်စေ၊ မကြေသော် ဝမ်းကို ဆူးပုပ်ရည်သုတ်စေ၊ မကြေသော် ပုစွန်ကြော် စားစေ၊ မကြေသော် ဆူးလေးရွက်ကို ဟင်းချက်၍ အမိကို သောက်စေ။ သူငယ်ကိုလည်း ပေးစေ။

**သူငယ်ဝမ်းသွားသည်၌** – ပဲလှော်ကို အလျှင်ပေးပြီးလျှင် အုန်းသီး ထန်းလျက်ကို စားစေ၊ မကြေသော် နွားသားနှင့် ဆန်လှော်ကို ရောပြွမ်းချက်စားစေ၊ မကြေသော် ဝက်သနီကြော် စားစေ၊ မကြေသော် ငါးထွေသားကို သားပြွမ်းဟင်းချက်၍ စားစေ၊ မကြေသော် သခွားသီးစိမ်း စားစေ၊ မကြေသော် မုန့်လုပ်ဆောင်း စားစေ၊ မကြေသော် ထန်းလျှက် ဝဝစားစေ၊ မကြေသော် ထန်းငယ်လက်ကို သုံးခွက်တစ်ခွက်တင် ကျို၍ ရေတွင် ထန်းလျက် ခတ်၍ သောက်စေ၊ မကြေသော်ဩဇာသီး စားစေ၊ ပြီးလျှင် မြေနီရေ မပြတ်သောက်စေ၊ မကြေသော် သပြေသီး စားစေ၊ မရလျှင် သပြေခေါက်ကို စားစေ၊ မကြေသော် ဆီးယိုကို စားစေ၊ မကြေသော် ရခိုင်ငှက်ပျောသီးစိမ်းကို စားစေ၊ မကြေသော် ဆန်မုန့်ညက် ၅ ကျပ်၊ ပျားရည် တစ်ကျပ်၊ ထုံး တစ်ရွေး ထည့်၍ စားစေ၊ ၎င်းအနာတွင် ဝမ်းဖော၍ကျလျှင် ပျားရည်နှင့် သခွားသီးကို စားလေ၊ မကြေသော် ဆန် ၂ ကျပ် ဆီ တစ်မူး ထုံးရည် နည်းနည်းနှင့် ပျားရည်ဖက်၍ စားစေ။

**သူငယ်နား မြင်းသရိုက်နာကို** – အုတ်နီခဲပူပူကို ရေနှင့်သပ်၍ အခိုးခံစေ၊ မကြေသော် ဦးခေါင်းကို ရေဆွတ်စေ၊ မကြေသော် ဝမ်းကို ဆီသုတ်၍ မီးကင်စေ၊ မကြေသော် ကြောင်ပန်းရွက်စားစေ၊ မကြေသော် ငါးထွေသားကို သားပြွမ်းဟင်းချက်၍ စားစေ၊ မကြေသော် မန်ကျည်းမြစ်ကို ဆီနှင့် သွေး၍ သောက်စေ၊ မကြေသော် ညောင်

ရွက်လက်သုပ် စားစေ၊ မကြေသော် ပြာပူကို ဆင်းစေ၊ မကြေသော် ခြေပူ သွားစေ၊ မကြေသော် ဆီးသီးနှစ်ကို မဲမပုပ်ရေနှင့် ဖျော်၍ သောက်စေ၊ မကြေသော် ကြောင်လျှာသီး လက်သုပ်စားစေ၊ မကြေသော် သဘော်ပွင့်ကို ကြော်စားစေ၊ မကြေသော် ဆန်ပုန်းရည် ဘွင် ထန်းလျက်ခတ်၍ သောက်စေ၊ မကြေသော် မိဿလင် ကျွဲချို မီးဖုတ်ကို ပျားရည်နှင့် ဖျော်၍ သောက်စေ၊ သူငယ် အပူကြီး၍ ခြေလက်ဖြူသော် ဆူးလေး အစခံ၍ အဆုံးမှာ ဆူး ၇ ပါး အခိုးခံစေ၊ မကြေသော် ထန်းပင်မြစ် စားစေ၊ မကြေသော် ရေကန်စွန်းကွင်း ရွက်များနှင့် မှိုင်းခံစေ။ မကြေသော် ရွံ့ပုပ်ကို သုတ်စေ၊ မကြေသော် ထုံးနနွင်းသပ်၍ ရက်လည် အောင်သောက်စေ၊ မကြေသော် ရေခံရကို စားစေ၊ ၎င်း အရေခွံကို မှိုင်းခံစေ၊ မကြေသော် ခွေးသားကို စားစေ၊ မကြေသော် ဒီမှိုင်းအခိုးခံစေ။ မကြေသော် ငှက်ပျောသူငယ်စာပင်က ခေါင်းကို ဟင်းချက်၍ စားစေ၊ မကြေသော် သပြေခေါက်ကို ခိုင်းခံစေ၊ မကြေသော် မန်ကျည်းမှည့် ၂၅ ကျပ်၊ ထန်းလျက် ၄ ကျပ်၊ ဆီ ၅ ကျပ် ထေ၍ တစ်နေ့ ၃ ခါစားစေ၊ ပြီးလျှင် မန်ကျည်း ရွက် မှိုင်းခံစေ၊ မကြေသော် ကြောင်ပန်းရွက်ကို ကျို၍ ရေချိုးစေ ပြီးလျှင် အနာရှိရာ ဆင်ငိုမြက်နှင့် မှိုင်းခံစေ၊ မကြေသော် မန်ကျည်း ဖျော်ရည် ဆားငန်နှင့် ဝမ်းနုတ်ပြီးလျှင် ဆေးဖြူကို သံပုရာရည်နှင့် သောက်စေ၊ အနီထွက်လျှင် ဆေးနက်ကို နွားနို့နှင့် သောက်စေ။

သူငယ်နာ အူရောင်သော်၊ ကိုယ်ဝမ်းဖောသော် - ပဲကြီးနှင့် ခရမ်းချက်၍ စားစေ၊ မကြေသော် ကန်စွန်းရွက်နှင့် ခရမ်းသီး ချက်၍ စားစေ၊ မကြေသော် ချိတ်ဆန်နှင့် ပဲကြီး ချက်၍ စားစေ၊ မကြေသော် ဥသျှစ်ရွက်နှင့် ပဲကြီး ချက်၍ စားစေ၊ မကြေသော်

ကြောင်ပန်းရွက် ဟင်းချက်စားစေ၊ မကြေသော် စံမြိတ်ရွက် ဟင်းခါးကို စားစေ၊ မကြေသော် နံနံရွက်ကို ဝက်သားနှင့် ချက်၍စားစေ၊ မကြေသော် မဲဇလီရွက်နှင့် ပဲကြီး ချက်၍ စားစေ၊ မကြေသော် ကျွဲသားနှင့် ကြက်သွန်နီ ဟင်းခါး စားစေ၊ မကြေသော် ကွမ်းရွက်၊ ညှချစ်ရွက်၊ ပဲကြီး အမှုစပ်၍ ဟင်းခါး ချက်ပြီး စားစေ၊

**သူငယ်မျက်ခမ်းစပ်သော်** – ရာသီဖြူဆေးကို ဆီနှင့် တစ်ကိုယ်လုံးလိမ်း၊ မကြေသော် ရေချိုးဆင်ခြင်၍ ပေါက်ပန်းဖြူဟင်းစားစေ၊ မကြေသော် အုန်းဆံလက်ခုပ်ဆံစပ်၍ စားစေ၊ မကြေသော် ထန်းလျက်ကိုဆီနှင့် နယ်၍စားစေ ၊ မကြေသော် ငရုတ်သီး စားစေ၊ ရေချိုးရှောင်စေ ၊ ဘူးသီးနှင့် ဝမ်းဘဲသား ချက်၍ စားစေ၊ မကြေသော် ဆင်ငိုမြတ်နှင့် ချေးမပြတ်အောင်းစေ၊ မကြေသော် မစင်ကို မီးဖုတ်၍ ညှော်ခံစေ၊ မကြေသော် မောပန်းအောင် ပြေးစေ၊ ဆားရည်သောက်စေ၊ မကြေသော် နေ့သုံးချက်တီး အချိန်တွင် ခေါင်းကို ရေစက်လောင်းစေ၊ မကြေသော် ကြက်ဟင်းခါးသီးနှင့် ကြက်ဖြူသားကို ချက်စားစေ၊ မကြေသော် မြင်းခွာရိုးကို ဟင်းခါးချက်၍ သောက်စေပြီးလျှင် ကျွဲဖြူချိုကို ညှော်ခံစေ။ ၎င်းအနာတွင် တိမ်စွဲသော်ပုဇွန်ဆိတ်မှျင်ကို လှော်၍စားစေ။ အောင်မဲဖြူပင်ကိုလည်း အရည်ထောင်းပြီးလျှင် ရာသီဖြူဆေးရော၍ ခတ်လေ၊ ရေချိုး ကြပ်ကြပ်ရှောင်လေ။

**သူငယ်ရေငတ်ဝမ်းကျသော်**– ခဲမဖြူရေကို တိုက်၊ နောက်ဆေးဝါးကို တစ်ရွေးခန့်တိုက်၊ မကြေသော် မကျည်းမြစ်သုံးခွက်တစ် ခွက်တင်ကျိုသည့်ရေတွင် ဆီးသီးနှင့် ရော၍တိုက်၊ မကြေသော် ဆန်လှော်ရေတိုက်စေ၊ မကြေသော် ကောက်ညှင်း နှမ်းလှော်စားစေ၊ မကြေသော် ငချိပ်ပေါင်းစားစေ၊ မကြေသော် နှမ်းပြောက်ပြောက်နှင့်

မုန့်ဖြူကြော်စားစေ၊ မကြေသော် ဆီတင်နို့သောက်စေ၊ မကြေသော် သံပုရာဖျော်ရည်သောက်စေ၊ မကြေသော် သားလုကျေးဖူး တင်ပင်လုံးကို ဆားလော်နိုင်ချင်းနှင့် လျက်စားစေ။

သူငယ်နာ အပြင်းတုက်၍ မျက်ခွက်မညီးသော်– ငါးပြုတ် သခွားရည်တွင် ထန်းလျက်နှစ်၍ သောက်စေ၊ မကြေသော် ကင်ပွန်းရည်တွင် ဆားခတ်၍ သောက်စေ။

**သူငယ်နာ ရင်ပြည့် ရင်ကြပ် သလိပ်အားကြီးသော်–** ထန်းလျက်၊ လက်ဖက်၊ ကွမ်းရွက်၊ ဆား၊ အမှုကြိတ်၍ စား၊ မကြေသော် လက်ဖက်နှစ်မတ်၊ ဆားနှစ်မတ်၊ ကြက်သွန်ဖြူနှစ်မတ်၊ ဆီနှင့် ကြိတ်၍စား၊ ဆီးသီးဖျော်ရည် ဆားငန်ငန်နှင့် ခတ်၍သောက်၊ မကြေသော် ခရမ်းသီးနှင့်ဆား အမှုကြိတ်၍ စား၊ မကြေသော် ရှောက်သီး ထန်းလျက်စား၊ မကြေသော် ခရမ်းသီး ကွမ်းရွက်ဆားကြိတ်၍စား၊ ၎င်း သူငယ် မျက်ချေးချသော် နာခေါင်းဖေးချသော် တွန့်သော် လွန့်သော် ကြက်သွန်မီးဖုတ် ဆီနယ်၍စား၊ မကြေသော် ထန်းရည်ချိုနှင့် ထမင်း မပြတ်စား၊ သခွားသီးနှင့် ဖျားရည်ကိုလည်း အပုပ်ကြေအောင်စား၊ မကြေသော် အုန်းသီး အုန်းနို့စား။

**သူငယ်နာ လက်ခြေကုပ်သော်၊ ဝမ်းကော့သော်၊ မျက်နှာရှုံ့သော်–** စမုန့်နက် နမ်းကို အခြောက်လှော်၍ ရှူ၊ သခွားသီးနှင့် ဖျားရည်ကိုစား၊ သံပရာရည်၊ စောင်းလျားရည်၊ မရမ်းရည်များကို မုန့်နှင့် ဖျော်၍နယ်၊ ကျောရိုးကို ရေနံသုတ်၍ မီးကင်မကြေသော် ပုစွန် ငါးခူကို အခြစ်ဖုတ်ပြီးလျှင် သံပရာရည်နှင့် ဖျော်၍ မစောင်းသည့်အက် အသာအယာ နှိပ်စေ။

**သူငယ်နာ ဝမ်းကိုက်၍ညစ်ရသော်–** တအေးအေး နာသော် ထန်းလျက်တစ်မူး ဆီတစ်ပဲ နယ်၍စား၊ မကြေသော် ဆီတစ်မတ်

တန့်သည် နှစ်မှတ်တန်သည်သောက်။ မကြေသော် ခရမ်းသီးကို ထန်းလျက်နှင့် နယ်၍စား။ မကြေသော် ခရမ်းသီးမီးဖုတ်ကို ဆီးသီးနှင့် နယ်စား။ မကြေသော် သနပ်ခေါက်ကို ဆန်ဆေးရည်နှင့် သောက်။ မကြေသော် ထန်းလျက်ဆီကြော်ကိုစား။ ရောင်ဖောသော် ပျားရည်ကို သောက်စေ။

**သူငယ်ခြေလက်သေ၍ ပူဆာသော်**– အပူအအေး မညီသော် ပဲကြီးလှော် ၁၂ရက်စား။ မကြေသော် ကြက်ဟင်းခါးသီး၊ ပုစွန်ဆိတ် ပဲလွန်းရွက်ချက်၍စား။ မကြေသော် ကောက်ညှင်း ဆန်လှော် ပုစွန် သားပြွမ်း ချက်၍စား၊ ရေကို ချမ်းအောင်ချိုး။

**သူငယ်နို့မစို့၊ ထမင်းမစား ပျို့အန်သော်**– ရင်ပြည့်သော်မျက်နှာရောင်ရမ်းသော် ထန်းလျက် ၂ကျပ်သား၊ ဆား ၁ ကျပ်နယ်စား။ မကြေသော် လက်ဖက် ၂စုဆားတစ်စု ကြိတ်၍စား။ အဓိက ချဉ်ပေါင်ဟင်း၊ ကန်စွန်းရွက်ဟင်းစား။ မကြေသော် ဆီးသီးနှစ်ကို ပျား ရည်နှင့်သောက်။ သူငယ် ဆီးချုပ်သော် အောင့်သော် လက်ဖက်ကို ဆီးများများ ဆားငန်ငန် နယ်၍စား။ မကြေသော် ထန်းပင်မြစ်ကို ပြုတ်၍စား။ မကြေသော် လက်ချားနှစ်မတ်၊ ယမ်းစိမ်းသုံးမတ် ကြိတ်၍ သောက်၊ မကြေသော် စပါးကြီးသည်းခြေကို အသက် ၇ချက် အောင့်၍ သွေး၊ ဆီးနှင့်ရော၊ ဝမ်းက ဆီးစပ် ရောင်အောင်ကို အသက်အောင့် သုတ်၊ မကြေသော် သင်းခွေချပ်ခွံကို ကျောက်မှာ အသက် အောင့်၍ သဝေထိုးသွေးပြီးလျှင် အောက်သို့ဆွဲချ။ မကြေသော် ပုန်းရည်ကို ဆားခတ်၍ သောက်၊ မကြေသော် ထန်းလျက်နှင့် ဆားကိုစား။ မကြေသော် အုန်းနို့ကို ထန်းလျက်နှင့် ဆားခတ်၍ သောက်စေ။

**သူငယ်ဝမ်းဖော၍ မျက်စိ ဦးခေါင်း အပူရောက်သော်**- သခွားသီးကို ငါးချဉ်နှင့် သုပ်၍စား၊ သံပရာရည် တစ်ခွက်၊ ဆီ တစ်ဝက် ခတ်၍သောက်။ မကြေသော် ပုစွန်လှော်ကို စားစေ။ ပြီးလျှင် မီးဖုတ်၍လည်း ရှူ မကြေသော် ထန်းလျက်နှင့် ပေါက်ပေါက်ကိုစား၊ မကြေသော် ရေချင်းရှား မိဿလင်ပိတ်သင်းကပ် ဆီမြစ် ဟင်းဝဲမြစ် လေးပါးအမှု ဒန့်ဖီးကူးကဲ၍ ကြိတ်၊ ဆန်ဆေးရည်နှင့် သောက်၊ မကြေသော် ပိတ်သင်းကပ်မြစ်ကို သွေး၍သောက်၊ မကြေသော် ပြည်ညောင်ခေါက်ကို ဟင်းချိုချက်၍သောက်၊ မကြေသော် ငှက်ပျောသူငယ်စာခေါင်းကို ဟင်းချိုချက်သောက်။

**သူငယ်နှ မျက်သလို ချက်သလို ရောက်သော်**- ဆန်ပုန်းရည်နှင့် ဆား၊ ထန်းလျက်ဖျော်၍သောက်။ မကြေသော် သဘော်သီး ထန်းလျက် ဖက်၍စား။ မကြေသော် ကင်ပွန်းရွက်ဟင်းစားစေ။

**သူငယ်နာ သွားကြိတ်သော်**- နနွင်း၊ ကြ[illegible]သွန်နီစား။ မကြေသော်ပဲ ပဲလွန်းရွက်ရည်တွင် နနွင်း၊ ကြက်သွန်၊ ထန်းလျက်ဖက်၍ စား၊ မကြေသော် ပဲလွန်းရွက်ရည်တွင် ထန်းလျက်ခပ်၍သောက်။

**သူငယ်နာ ရင်လုံးသော်**- ဆီးသီးနှင့် ဆားငန်ငန် ဖျော်၍ သောက်။ စိမ်းစိမ်းဝါဝါ အန်လာလျှင် ထန်းလျက်ကိုစား။ မကြေသော် ဇီတ်နို့၊ နွားနို့ စွဲ၍သောက်။ မကြေသော် သကြားနှင့် အုန်းရည်ဖျော်၍သောက်။ သူငယ်နာ သွားကြိတ်သော် နနွင်းနှင့် ကြက်သွန်နီကိုစား။ မကြေသော် နနွင်း၊ ကြက်သွန်၊ ထန်းလျက်ကြိတ်၍ စား။ မကြေသော် ပဲလွန်းပြုတ်ရည်တွင် ထန်းလျက်ခတ်၍ သောက်စေ။

**သူငယ်နာ ချောင်းဆိုး၍ ချွဲထသည်ရှိသော်**- ကွမ်းရွက်နှင့် ဆား၊ လေးညှင်းတစ်ပွင့်ကို ကြိတ်၍စား။ မကြေသော် ကင်ပွန်းရွက်

ပြုတ်ရည်တွင် ပျားရည်ဖက် အမှုန့်စပ်၍ သိန္ဓောဆားခတ်၍ သောက်စေ။

**သူငယ်နာ မျက်စိမှိတ်သော်**– မျက်သားတက်သော် ခေါင်းကို မိုးရေခံ၊ မကြေသော် နမ်းလှော်နှင့် အုန်းသီးကိုစား။

**သူငယ်နာ ကြက်ညှာစွဲသော်**– မရမ်းသီး နေလှမ်းခြောက်ကို ပျားရည်နှင့် နယ်၍ ဆားခတ်ပြီးလျှင် ဖရက်စား။ ဟင်းမှ ကင်းပွန်းရွက်နှင့် ငါးစင်ရိုင်း၊ ငါးခုံးမချက်ကို စွဲ၍စား။ မကြေသော် မုန့်ဆီကြော်စား။ နောက် ကောက်ညှင်း၊ အုန်းသီးဖက်၍ ၁၂ရက်စား။ ဟင်းမှာ ပုဖွန်ဟုတ်၊ ပုစွန်ဆိတ်၊ ရရာလှော်၍စား။

**သူငယ်နာ အူရောင်လိုက်သော်**– လယ်ပုစွန်ဆိတ်ကို ထမင်းနှင့် နယ်၍စား။ မကြေသော် ဆန် ၁ကျပ်၊ ဖယောင်း ၁ကျပ်ကို ထုပ်၍ မှန်ထုပ်စွဲ ကျပ်ကျပ်ပြုတ်ပြီးလျှင် စား။

သူငယ်နာ အတွင်းပူ၍ အဆုတ်ခြောက်သော်– ဆေးဒန်း တစ်ပဲ၊ လက်ချား ၂မှူး၊ ဆေးပုလဲ ၄ရူး၊ ကွမ်းရွက် ဖမူးကြိတ်၊ စန်ရေဆန်ရေနှင့် သောက်။ မကြေသော် ဆေးဒန်း တစ်ပဲကို ဇရစိမ်၍ သောက်။ မကြေသော် ကြာသီးဆံကို ဆေးသောရေနှင့် သွေး၍ သောက်။

**သူငယ်နာ ဝမ်းကြောတင်းသော်၊ တောင့်သော်**– ဆိတ်ဖူး၊ လင်းနေ၊ စမုန်နက်၊ ကြက်သွန်ဖြူ၊ စမုန်ဆေ အမှုန့်ကြိတ်၍ ဆီးသားကို မီးဖုတ်၍ ထွက်သည့် ဆီနှင့်နယ်။ မကြေသော် သနပ်မြစ်၊ ကံ့ကော်ဝတ်ဆံ၊ စမုန်နက် အချုကြိတ်၊ ဆီနှင့်ဖျော်၍ နယ်၊ ရေငတ် ဝမ်းကျကို သောက်။

**သူငယ်နာ လျှာထုတ် လျှာနာသော်**– နွယ်ချို၊ ပဲစိမ်း စပါးကြီး သည်းခြေ ၃ပါးသွေး၍ပွတ်။ မကြေသော် လက်ချားကို မီးဖုတ်၍

မွှတ်၊ မကြေသော် ပိန္နဲခေါက်၊ စပါးကြီးသည်းခြေပါးသွေး၍ မွှတ်။

**သူငယ်နာ မျက်ခုံရောင်မဖွင့်ဝံ့**– အလင်းရောင် မကြည့်ဝံ့ နဖူး၊ ခေါင်း အပူကြီးသော် အပူပြင်းသော် နံ့သာနီကို သွေး၍ နဖူး၊ နားရင်းကို ထပ်မနား လိမ်းစေပြီးလျှင် မန်ကျည်းရွက်ကြမ်းကို ဆား အစာန်ထည့်၍ ကြိတ်။ ကြက်ဆူဆီ ရွက်နှင့်ထုပ်၊ မီးနွေးနွေးကင်၊ အရည်ညှစ်၍ ရောင်ရာကို သုတ်စေ။ ၎င်းထုပ်သည့် ကြက်ဆူ ဆီရွက်ကိုလည်း အုပ်စေ။

**သင်း၊ဂြိုဟ် ... ၎င်း၊ဂြိုဟ်ရာသော် ထင်းများလောကီကျမ်းလာ**

ဆင်းရဲ ... ၍ သဂြိုဟ်ရမည့် ထင်းသားမှာ အင်သား၊ မန် ကျည်းသား၊ အုပ်သား၊ လက်ပံသား၊ လိမ်သား၊ ထနောင်းသား၊ သစ်သား၊ ထောက်ကြံ့သား၊ သျှိသျှားသား၊ ကုက္ကိုသား၊ ဇီးသား၊ ဒန်းသား၊ ပြည့်စင်သား၊ လက်ထုပ်သား ဤဆိုခဲ့ပြီးသော ထင်းတို့ နှင့်သာ ဆင်းရဲသားတို့ သဂြိုဟ်ရာသည်။

မသဂြိုဟ်ရာမည့် ထင်းသားမှာ–

ရေညှိ၊ ကြောင်လျှာ၊ ကန့်ကြည်း၊ ပိုးစာ၊ ညောင်၊ သရက်၊ ရှောက်၊ ခပေါင်း၊ ဖျောက်ဆိပ်၊ သမင်စဖို၊ စစ်ကြီး၊ သက်နန်း၊ ဤဆို ခဲ့ပြီးသော အသားတို့သည် မသဂြိုဟ်အပ်။

မင်းဧကရာဇ်တို့ကို သဂြိုဟ်ရာမည့် ထင်းသားမှာ –

ခရာ၊ ကျွန်း၊ စန္ဒကူး၊ ထင်းရှူး၊ နံ့သာနုနစ်ဝါ၊ ဤဆိုခဲ့ပြီး သော ထင်းတို့နှင့်သာ သဂြိုဟ်အပ်၏။ သည်မှတစ်ပါး မြေတွင် မြှုပ်သော် သူမှာလည်း လူကြီးဖြစ်သော် သုံးတောင်တစ်မိုက်တွင်း သို့ တူးရာ၏။ လူငယ်ဖြစ်သော် နှစ်တောင်တစ်မိုက်တွင်းကို တူးရာ ၏။ သည်မှတစ်ပါး လူကြီးသေသော်လည်းကောင်း၊ လူငယ်သေ

သော်လည်းကောင်း၊ မြေတွင်မြုပ်နှံသည့်ရှိသော် အမိအဖ အကျ ခမ်းနားလာသော သူတို့သည်လည်း သင်းချိုင်းသို့လိုက်၍ပို့အပ်၏။ စီးနှင့်သင်္ဂြိုဟ်သော် လိုက်သောသူတို့သည် အလောင်းချလာရာ ခရီး အစဉ်အတိုင်း ပြန်လာအပ်၏။

ခွေးရူးကိုက်၍သေသော မြွေကိုက်၍သေသော် တစ်ရက် လည်အောင် ညဥ့်မသိပ်အပ်၊ ရေလုံမချိုးစေအပ်၊ သိပ်သော် ချိုးချေ သော် အပြစ်ရောက်ရာ၏။ ခွေးရူးကိုက်၍ ခွေးကဲ့သို့ဖြစ်ပြီးသေသော မီးမသင်္ဂြိုဟ်အပ်၊ ဆွမ်းလည်း မကျွေးအပ်၊ တောစွန့်အုံနား သေခဲ့မူ ကား ထိုသေရာအရပ်တွင် မြုပ်အပ်၏။ ပြင်တလားခေါင်း စသည် တို့ကို မပြုအပ်၊ မထည့်အပ်၊ ဖျာတလားဖြင့်သာ သင်္ဂြိုဟ်အပ်၏။

ဗကတိ ဖျားနာပြီး သေသောသူကဲ့သို့ အခမ်းအနားကို အရှည် မပြုအပ်၊ ပြုချေသော ထိုဒုမင်္ဂလာရှင်တို့၌ မကောင်းရှိတတ် ၏။ ဘေးဥပဒ်ရောက်တတ်၏။ ဤကား လောကသမ္မုတိကျမ်းမှ အကျဉ်းထုတ်နုတ်၍ အများလူတို့ မှတ်သား ကျေးဇူး အထူးရှိစေခြင်း ငှာ ရေးသားလိုက်ရသော ဒုမင်္ဂလာနှင့် စပ်သော စကားပြီး၏။

## နှစ်အဖို့ ကုန်အပေါ်အရှားတွက်ကိန်း၊

ယခုအခါ၌ လောကီစီးပွားအကျိုးအားဖြင့် တိုးပွားခြင်းနှင့် စပ်သော အရပ်ရပ် လောကီကျမ်းကို ထောက်လှမ်းကာ စဉ်းစား၍ မမှားမတိမ်း အပေါ်အရှား ကုန်တွက်ကိန်းတို့ကို ခပ်သိမ်းလူများ အကျိုးပွားအောင် အကျဉ်းအား ယူအမှန်ဖြင့်မူ တစ်ဖန်ဆန်းသစ်၍ ရေးလုစ်ကာ ပြဦးအံ့။

### နှစ်အဖို့တွက်ကိန်းပြဲတိန်း

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| ၉ | ၂ | ၁ | ၁၀ | ၃ | ၄ | ၅ | ၆ | ၇ | ၂၀ | ၁၄ |
| က | ခ | ဂ | ဃ | င | စ | ဆ | ဇ | ဈ | ည | ဋ |
| ဌ | ဍ | ဎ | ဏ | တ | ထ | ဒ | ဓ | န | ပ | ဖ |
| ဗ | ဘ | မ | ယ | ရ | လ | ဝ | သ | ဟ | ဠ | အ |

### အထက်ကိန်း ချုပ်တွက်ပုံ ဟောပုံအလင်္ကာ

နဝဒွေးဓ၊ တစ်ဆံယ်ရေး၊ သုံးသေး ငါးခြောက်၊ ခုနစ်လှောက် ထိုနောက် နှစ်ဆယ်၊ ဆယ့်လေးသွယ်၊ ကိန်းဝယ်ပြီးမှ၊ က- ခ- ဂ- ဃ- င၊ အဆုံးချ။

မှန်လှကောဇာ၊ တည်ဖို့ပါ၊ လိုရာကိန်းနှင့် လှောက်၊ သုံးခုခြောက်၊ ကိုးနှင့်စား၊ သုဉ်းမူအရှား၊ ဆ- သားအပေါ၊ တြိရော အလတ်၊ မှတ်ကြပြီးကာ၊ ကြွင်းသေသာကို သေချာရှုဆ၊ မြင်သမျှဖြင့်၊ မုချ ဟောလေ မယွင်းတည်း။

နှစ်အဖို့

| လအမည် | ကိန်း | ကုန်မည် | ကိန်း | ကုန်မည် |
|---|---|---|---|---|
| တန်ခူး | ၇ | စပါး | ၆၁ | ထန်းလျက် |
| ကဆုန် | ၉ | ဆံ | ၅ | နှမ်း |
| နယုန် | ၆ | ငါးပိ | ၁၀ | ချင်း |
| ဝါဆို | ၁ | ဆီ | ၁၉ | |
| ဝါခေါင် | ၅ | ဆေး | ၆၁ | ကွမ်း |
| တော်သလင်း | ၂ | ဝဲ | ၂၅ | ကွမ်းသီး |
| သီတင်းကျွတ် | ၂ | ပြောင်း | ၇၅ | ပေ |
| တန်ဆောင်မုန်း | ၇ | ပြုတ် | ၃၇ | ထုံး |
| နတ်တော် | ၅ | ကြက်သွန် | ၁၉ | မဲနယ် |
| ပြာသို | ၇ | ထောပတ် | ၂၄ | နွား |
| တပို့တွဲ | ၄ | ပျား | ၂၆ | ဆင် |
| တပေါင်း | ၁ | ဆား | ၂၅ | မြင်း |

## တွက်ကိန်းပြကိန်း

| ကိန်း | ကုန်မည် | ကိန်း | ကုန်မည် | ကိန်း | ကုန်မည် |
|---|---|---|---|---|---|
| ၈၆၇ | ကွဲ | ၂၆ | မီး | ၂၀၂ | ရထား |
| ၂၄ | အုန်းသီး | ၂၇ | ရေ | ၃၇ | လျှည်း |
| ၂ | ပုဆိုးဖြူ | ၂၇ | လေ | ၂၄ | လှေ |
| ၁၆ | ပုဆိုးနီ | ၂ | သီး | ၃ | သစ်စေး |
| ၇ | ဗျတ် | ၃၀ | ခဲမ | ၃ | ဖယောင်း |
| ၇ | ပိုး | ၂၇ | ကြေး | ၃၀ | ဝါနီ |
| ၂၅ | သဘော်စက္ကူ | ၁၃ | ခဲမဖြူ | ၁၁ | ကြံသကာ |
| ၂၄ | သဘော်ချည် | ၅ | ပုဂံ | ၁၉ | လဘက် |
| ၂၇၇ | အင်္ကျီ | ၁၇ | ကြေးဝါ | ၁၃ | ပတဲဂေါ် |
| ၇ | ဝါ | ၇ | ရွှေ | ၁၉ | သစ် |
| ၅ | ဝါး | ၆ | ငွေ | ၁၈ | |
| ၂၈ | သားရေ | ၁၅ | ကျောက် | ၂၇ | |

ၾငင်းလကၤာ အစိပ္ပာယ်ကို သိလွယ်ရှင်းရှင်း သံသယ ကင်းလောက်အောင် အလင်းကိုပြပေအံ့၊ စပါး၊ ဆန်၊ သစ်၊ ဝါးစသောကုန်တို့၏ အပေါ်အရှားကို တွက်၍ သိလိုသော် လိုသော ကောဇာသက္ကရာဇ်ရှည်ကိုတည်၊ စပါးစသော ကုန်တို့၏ အမည်အက္ခရာရှိရာစ– အက္ခရာတို့ဖြင့် ပြသော လေးဂဏန်းကိုယူ၊ ပ– အက္ခရာတို့ဖြင့်ပြသော နှစ်ဆယ့်ဂဏန်းကိန်းကို ယူ၊ ၎င်းကိန်းနှစ်ပါးကို ရောသော်နှစ်ဆယ့်လေးရက် ရ၏။ ၎င်းရှိသော ကိန်းနှင့် ယခင်တည်ထားသော ကောဇာသက္ကရာဇ်ရောပြီးလျှင် သုံးခုမြှောက်၊ ကိုးခုနှင့်စား၊ သေသသုဉ်းလျှင် ၎င်းနှစ်စပါးရှားမည် ဟူ၍ ဟောရမည်၊ ခြောက်ခုကြွင်းလျှင် ၎င်းနှစ် စပါးပေါ်မည်ဟူ၍ မှတ်ရမည်။ သုံးကြွင်းလျှင်အလတ်ထိုနှစ် စပါး မပေါ်မရှား အလတ်စားရှိမည်ဟု ဟောရမည်။

စပါးမှ တစ်ပါးသော သစ်ဝါးစသော ကုန်တို့၏အပေါ်အရှားကို သိလိုလျှင် ယခင် စပါး၌ပြခဲ့သော နည်းအတိုင်း လိုသောကုန်နံအက္ခရာမြင်ရာကိန်းများကို အစဉ်အတိုင်း ထုတ်နှုတ်၍ ရောနှောပြီးလျှင် ရှေးနည်းတူ ကိုးခုနှင့်စား၊ အကြွင်းမြင်သမျှ သေသများနှင့်အပေါ်အရှားအလုံးစုံများ ဗိုလ်လူဥသုံတို့ ကုန်စင်အောင် သိကြ။စကုန်သတည်း။ ၎င်းကိန်းကို တွက်ကြရန် မန္တလာ စက်ခန်း နေပြည်တော်တွင် တောင်ပြင်ဒေသရပ်ဌာန၌ ဗေဒအရာ လိမ္မာကျွမ်းကျင်သိမြင်အလိုင်း ဆရာကြီးဦးဝိုင်းတို့ ယူကြသည့် တွက်နည်းများကိုအာစရိယဝါဒဖြင့် ပြောကြားဖူးသည်မှာ ကောဇာသက္ကရာဇ်တွင်ရောက်သောကိန်းကို နှောပြီးမှ သာသနာ ငါးထောင်ကိုလည်းရော၊ကိုးခုစား၊ အကြွင်းကိုရှု၍ အပေါ်အရှားကို ဟောရမည်။

သည့်ပြင်တစ်ဖြာ ဇေယျာပုရဌာနသစ်လှိုင်းမြို့ စစ်ကိုင်းတွင်အလိုင်းတန်ဆောင် တစ်ဂိုဏ်းထောင်လျက် ဂုဏ်ရောင်ဇမြေလော

က ဓမ္မနှစ်ဝနှစ်ဖြာ အရာရာ၌ လိမ္မာတော်မူလှသော ဆရာကြီးဦးပုညတို့လည်း ၎င်းနည်းမကျွာရောက် ကောဇာတွင် သာသနာ့ဒါ ထောင်စွက်၍ တွက်ကြသည့် နည်းများကိုလည်း ကြားဖူးသည်ဘ၀၊ အာစရိယဝါဒလ ဒွေါပဒေသ ရသည့်အနက် ယင်းနှစ်ချက်တွင် ယခင်ကိန်းမူရင်း၌ ငါးထောင်ကိန်းကြွင်းရမည်ဟု မပါသော်လည်း အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ဆင်ခြင်ညဏ်ချွန်ပြီးလျှင် လွန်ခဲ့သော နှစ်များ၌ အပေါ်အရှားကို တွက်ရာ သာသနာ့ငါးထောင်ကို ထည့်သွင်း၍ တွက်ခြင်း လက္ခဏာကား အမှာနှင့်ညီညွတ်၍ မချွတ်ကေန်များပါသည်။ ယင်းကို ထောက်စာလျှင် နောက်ဆက်နှစ်ပါးကို ညဏ်သွားနှင့်စက်ပြီးလျှင် တွက်ကြသော သရုပ်ကို ကျွန်ုပ်တို့ နှစ်သက်ပါသည်။

တွက်နည်းများ ထိုနှစ် ကောဇာသက္ကရာဇ်ရှည်ကိုတည် ခ–ဆ– ပဋ္ဌ၊ (၅၆၀)ကိန်းကိုရော၊ ဒေါဒေါရသ (၆၂၂)ကိန်းလည်းနော မဟာသက္ကရာဇ်ဖြစ်၍ ၎င်းမဟာသက္ကရာဇ်ကိုတည့်၍တစ်ရာ့ရှစ်ခုစား၊ လဒ်ကိုမလို အကြွင်းသေသသည် ကိန်းဖြစ်သည်၊ အပေါ်အရှားကို သိလိုသော် ကုန်နံအမည်ရော၊ ကိန်းကို ယခင်အင်းပုံမှာ ရှု၍နော၊ သုံးခုမြှောက် ကိုးခုစား၊ သုဉ်းသော်ရှားအံ့၊ ဆွဲ့အံ့လည်း ဟူ၏။ သော မကြွင်းသော် ပေါ်အံ့၊ ပါပကြွင်းမူ အလတ်မပေါ် မရှားရှိမည် ဆိုရ မည်။

ဤကားနှစ်အဖို့ ကုန်အပေါ်အရှား တွက်ကိန်းပြီး၏။

## လအဖို့ ကုန်အပေါ်အရှားတွက်ကိန်း

လ, ကိန်းတွက်နည်းကား မည်သည့်လ,က စ၍ ရှားမည်ပေါ်မည်သိလို ပြန်သော် ယခင်ကိုးခုစား၍ရသော လဒ်တို့ကို တည်၊

တစ်ဆယ့် နှစ်ခုမြှောက်၊ ကိုးခုစား၊ လဒ်ကိုမလို၊ အကြွင်းကိုယူ၊ သုဉ်းသော ထိုလတွင် စ၍ ရှားအံ့၊ ဆွံ့အလည်းဟူ၏။ သောမကြွင်းသော် ထိုလတွင် စပါးပေါ်အံ့၊ ပါ့ပကြွင်းမူကား အလတ်၊ မပေါ်၊ မရှား ရှိမည် ဆိုရမည်။

ဤကား လ,အဖို့ ကုန်အပေါ်အရှား တွက်ကိန်းပြီး၏။

## တစ်နည်း၊ ကုန်အပေါ်အရှား တွက်ကိန်း၊

သက္ကရာဇ် တည်ထား၊ စပါးသော၁မ၊ ဆေး၀ယထည့်၊ ၈ကောကားငါး၊ နွားမှတစ်ဆယ်၊ ဝါဝယ်သတ္တ၊ ပဥ္စဆီသာ၊ ဆန်မှာတိံသ၊ ငါးပိ ကျမ္မ၊ တေရသချိန်၊ မဟိံသငါးဆယ်၊ တစ်ဝယ်ခြောက်ခု၊ နော်ဖွယ် ပြုလျက်၊ မြှောက်မှုတြိန္န၊ နဝနှင့်စား၊ သုဉ်းငြားကောန်၊ ဆွံ့ရှားမှန် သည်၊ တွက်ဟန်ရှေးမှ မတိမ်းတည်း။

### လက်ာ၏ ဟောကိန်းပြပုံ

| ကုန်အမည် | စ၀ါး | ဆေး | ငါး | နွား | ဝါ | ဆီ | ဆန် | ငါးပိ | ကျွဲ | သစ် |
|---|---|---|---|---|---|---|---|---|---|---|
| ဈေးကိန်း | ၃ | ၄ | ၁ | ၁၀ | ၇ | ၂ | ၃၀ | ၁၃ | ၂၀ | ၆ |

အထက်ပါ လင်္ကာ အဓိပ္ပာယ်ကား လိုသော ကောဇာသက္ကရာဇ်ရှည်ကိုတည်၊ လိုသောကုန်နံ့ရော၊ ကိန်းကိုရော၊ သုံးခုမြှောက်၊ ကိုးခုစား၊ သုဉ်းသော် ၎င်းကုန်ကို ထိုနှစ်ဆွံ့အံ့၊ မသုဉ်းသော်မဆွံ့ပြီ။

ဤကဲ့သို့ ဆိုလိုသော နှစ်ဟူသမျှ အထက်ကိန်းပုံတွင် ပါသည့် အမည်နာမကို တွက်ဆ၍ သိကုန်ရာ၏။

## တစ်နည်း ကုန်အပေါ် အရှား ရောနှောကိန်းပုံစံ

| စပါး | ဆား | ဝါး | ငါးပိ | ဝါ | ကွမ်းသီး | ငရုတ် | နှမ်း |
|---|---|---|---|---|---|---|---|
| နှောကိန်း | ၎င်း | ၎င်း | ၎င်း | ၎င်း | ၎င်း | ၎င်း | ၎င်း |
| ၁၂ | ၁၀ | ၈ | ၃ | ၇ | ၄ | ၁၆ | ၆ |

အထက်ပါ ရောနှောကိန်း ပုံစံတွင် ပါရှိသည့်အတိုင်း လိုရာကုန်များ၏ သက်ဆိုင်ရာ ဂဏန်းများကို ရောနှော၍ အထက်ပါအတိုင်း တွက်၍ ဟောရမည်။

ဤတွင် ကုန်အပေါ်အရှား တွက်ကိန်း တစ်နည်း ပြီး၏။

## ဒွါဒသ်ကဝ့်ကိန်းတွက်နည်း အချိုးအလင်္ကာ

ရောက်ကောဇာ တည်ရေးလို့၊ ငါးဆယ့်လေး နုတ်ရပါ။ စား ခုနစ်သာ၊ ဆဇယာကြွင်းလာမှုကား။ မှတ်ရှားငတ်မည့် ရေးကို တွေးတော့လူများ။ ရပ်ကာစ်ပါးမှာလ၊ ဘယ်လမျှား၊ ငတ်မည်ရေး၊ မေးမြန်းတဲ့လျှင် ကောဇာတွင် နှောချင်တစ်ခု။ ခုနစ် ကယ်မှန်မသွေနှင့်၊ မြတ် ကာဆ ဗေဒင်တတ်တယ်လို့ စားအပ်ရမူ။

တစ်ခုတဲ့ ကြွင်းလာ။ ဝွမ်းမျိုးဝတ်ရာ၊ နှစ်ခုမှာ ရှမ်းလူမျိုး တောရိုးကလာ၊ သုံးခုမှာမုန်ဆွာတစ်လိုင်း၊ လေးပိုင်းမှာ ကြွင်းလျှင်လည်း ကသည်းပင် ငတ်မည်ရေးကို လွေးတော့လူတိုင်း၊ ကျန်လိုင်းတဲ့ ငါးခုမှာ ခေါ်ရိုးမြန်မာပါ၊ ခြောက်ခုမှသက်မျိုး၊ တောရိုးသေချာ။ ကြွင်းသုညာ တရုတ်ပါ ကုလား၊ ရသေ့ချာန်ပျံတို့ မှန်နန်းတော်

ရွှေပေရွက်မှာ....ရေးဆက်လို့ထား။

ဒုတ္တိက္ခကိန်း တွက်နည်းလက်ာပြီး၏။

## အပေါ်အရှား တွက်နည်းသံပေါက်

ကောဇာတည်ထုတ်၊ ဆယ်ခုနုတ်၊ စားကုတ်ခုနှစ်သာ။
ကြွင်းပြားတစ်ခု၊ စပါးပြု၊ နှစ်ခုံပုဆိုးသာ။
သုံးခုဝါမျိုး၊ လေးခုဖြိုး၊ ရှားရိုးငရုတ်မှာ
ငါးခုအရေ၊ မပေါ်ထွေ၊ ခြောက်နေအရွက်သာ။
သုဉ်းလေတုံပြန်၊ အသီးမှန် ကောန်ရှားပါးရာ။
အပေါ်အရှား တွက်နည်းသံပေါက်ပြီး၏။

## ရေကိန်း မိုးကိန်းတွက်နည်း

လိုသော် ကောဇာသက္ကရာဇ်ရှည်ကို တည်၍ သုံးဖော်ထား အထက်ဖော်မှာ နှစ်ခုနှော၊ အလယ်ဖော်မှာ ငါးခုနှော၊ အောက်တစ်ဖော်မှာ သုံးခုနှော ပြီးလျှင် အထက်တစ်ဖော်မှာ ရှစ်ခုနှင့်စား၊ အလယ်တစ်ဖော်မှာ ကိုးခုနှင့်စား၊ အောက်တစ်ဖော်မှာ ခုနစ်ခုနှင့် စား၊ ၎င်းသုံးဖော်တွင် အကြွင်းကိုရှု၍ ပါပဂြိုဟ်ကြွင်းရာ ရေကောင်း၏။ ၎င်းသာမဂြိုဟ်ကြွင်းရာ ရေနည်း၏ဟု ဟောရမည်။

၎င်းအကြွင်း သေသသုံးပါးတို့တွင် အထက်တစ်ဖော်မှာ တနင်္ဂနွေ၊ အင်္ဂါ စနေတို့ကို မြင်ခဲ့လျှင် ရေဦး၊ မိုးဦးကြီးအံ့၊ တနင်္လာ၊ ဗုဒ္ဓဟူး၊ သော်ကြာတို့ကို မြင်မူ ရေဦး မိုးဦးညံ့အံ့၊ နည်းအံ့လည်း ဟူ၏။ ကျန်နှစ်ဖော်မှာလည်း ထို့အတူ သောမ,ပါပကိုရှု၍ ရေဦးကြီး မည် ညံ့မည် စသည့်တို့ကို ဟောရသည်။

ရေကိန်းမိုးကိန်း တွက်နည်းပြီး၏။


## ပဝတ္တိအခါ ရောင်းဝယ်ရန် တွက်ကိန်း

သက်ရောက်ကိုတဲ့ တည်တို့ပါ။ ရောင်းလိုရာ ကုန်နံ့နော တယ်၊ သောဘုဋ္ဌိတာ။ ဒွေပဥ္စာ၊ မမြတ်ကယ်ပါသေး။ တစ်သုံးဆင် နံ့နှင့် ကြွင်းပြန်လျှင် ကောန်မြတ်ပါလိမ့်မယ်၊ မှတ်တော့ သေဌေး။

၎င်းအချိုးလင်္ကာ အဓိပ္ပာယ်ကား စပါးဆန်စသော ကုန်တို့ကို ရောင်းလိုသော သူတို့၏ ရောက်ဆဲသော အသက်ကိုတည်၊ စပါး ဆန်စသော ရောင်းလိုသော ကုန်၏ နံ့သင့်သော ဂဏာန်းကိုရော၊ ခြောက်ခုနှင့်စား၊ အကြွင်းကိုရှု၊ နှစ်ခု ငါးခုမြင်မူ ထိုနှစ်တွင် ထို ကုန်မမြတ်၊ တစ်ခု သုံးခု လေးခုမြင်မူ ထိုနှစ်တွင် ထိုကုန်မြတ်၏ သုဦးမူကား မမြတ် မရှုံး လျစ်လျူရှုအံ့ ဟူပေ။

အရောင်းအဝယ် ပြုလုပ်သော သူတို့ မှတ်ရန် ကိန်းစုကား ပြီး၏။

## လက်ထောက်ဗေဒင်ဟောနည်း





၎င်းကိန်းချပုံမှာ အထက် သ, အက္ခရာကစ၍
လက်ဝဲရစ်ချပြီးလျှင် ဟောရမည်

အကျဉ်းဟောပုံမှာ –

သ–န–အ–ဣ၊ အမည်ရှိ အက္ခရာ၊ လေးလုံးတွင်၊ မေးလာသမျှ လက်ထောက်ချသော်၊ (သ) အက္ခရာ၊ တွေ့ရှိပါက မလာမုချ၊ ယင်းဒေသတွင်၊ ကြာမည်ဟုပင်၊ သည့်ပြင် (န)မှာ၊ ထောက်မိပါမူ၊ နေရပ်ရွာက၊ လာမည်တအင်၊ ဝန်စည်ပြင်ကာ ရှိနေပါ၏။ မှန်စွာတူကွ၊ (အ) ကို တမူ၊ ထောက်မိမူကား၊ အိမ်သူပြာညို၊ လင်ကို စုံမက်၊ ထမင်းချက်လော့၊ ခုထက်မကွာ၊ ရောက်ဘိလာလိမ့်၊ (ဣ) မှာ တစ်ဝ၊ ထောက်လျက်ကျသော်၊ မုချဆက်ဆက်၊ လမ်းတစ်ဝက်ကို၊ ရောက်ပြီဆိုလော့၊ ထိုထိုလူများ၊ မှတ်စိမ့်ထားသည်၊ မမှားလက်ထောက် ကိန်းလျှင်တည်း။

လက်ထောက်ဗေဒင်အဟော ပြီး၏။

## လက်ထောက်ဗေဒင်ဟောနည်း




ငှင်းကိန်းချပုံမှာ အထက် (၁) ဂဏန်းကစ၍ လက်ဝဲရစ်ချပြီးလျှင် ဟောရမည်

### အကျဉ်းဟောပုံမှာ

ဇကောဋ္ဌာနေ၊ ဒွေမဂ္ဂန္တရေ၊ တြိသပီပေ၊ စကာဒွါ‌ရေ– ဟူ၍ဆို သောအတိုင်း ခရီးရောက် မရောက်၊ လာ မလာ စသည်တို့ကို ဟောရပေမည်။

### အကျယ်ဟောပုံ လင်္ကာဖြင့် ပြဦးအံ့

အကြွင်းသုံးများ၊ အမျိုးသားတို့၊ စီးပွားလို့ငှာ၊ ရပ်ရွာတစ်ကျေး၊ အဝေးအနီး၊ ခရီးသွားမြောက်၊ ရောက် မရောက်ကို၊ မျှော်ထောက် တွေးဆ၊ မေးလာကြသော် လက်ပြုမူမှန်၊ လေးလုံးစုတွင်၊ အမြန်ဇေ ရေ။ လက်ထောက်စေမှ၊ ကောသချာ၊ တွေ့ရှိပါမူ၊ မုလာမုချ၊ ယင်း ဌာနတွင်၊ ရှိမည်ပင်တည်း၊ ထို့ပြင်တရေး၊ ဒွေးဂဏန်းမှာ၊ လာပြီ တသီး၊ ခရီးအကြား၊ ရောက်ဖြေးမှတ်သိ၊ ဟောလေဘိလော့၊ တြိ သချာ၊ ထောက်သော်ခါဝယ်၊ လာ၍ဝါသီး၊ အနီးပင်ကျ၊ မကြာ‌ရာဘ တည့်၊ မုချသိစေ၊ ဟောလိုက်ပေလော၊ တထွေဧယ၊ ကောက်ခါကျ သော်၊ မောင်လှသက်လျာ၊ ဝေးရပ်ရွာက လာသည် ဆက်ဆက်၊ ထမင်းချက်ကာ ထားလေပါလော့၊ မှန်စွာမဖောက်၊ ကိန်းဟော ထောက်သည်၊ အံ့လောက်စရာ လက်သုံးတည်း။

လက်ထောက်ဗေဒင်အဟောပြီး၏။

### လက်ချိုးဗေဒင်နိမိတ်ဟော

လင်း၊– လင်းအရုဏ်တွင်၊ နေဝ်မာခွင်၊ ရောက်လျှင်ဆံတော်ဖြတ်။

တ– တထွင်စီးယူ၊ ဖောင်ဝံတော်ဖြူ၊ မရူစနွာပြတ်။

တော– တောထွက်၍သာ၊ ခြောက်နှစ်ကြာ၊ အစာရေမိုးငတ်၊

ဘုန်း– ဘုန်းတော်ကြောင့်သာ၊ သုဇာတာ၊ ဃနာဒို့ဆွမ်းကပ်။

တော်– တော်လှသည့်ရှင်၊ ယသော်လင်၊ ရောက်လျှင် မင်းသိဒ္ဓတ်။

ကြီး– ကြီးဘိသက်နံ့၊ အငြိဌာန်၊ အမှန်ရွှေစွက် မျှောပေအပ်။

စီ– စီဝရကြာ၊ ဃင္ဃီကာ၊ ဗြဟ္မာသကြန်းကပ်။

**ရင်**– ရင်၌သည်းချာ၊ ရာဟုလာ၊ ချားစွာနို့ ထိန်းအပ်။
**သည်**– သင်္ဂ တပို့တွဲ၊ မှန်ရလွဲ၊ အမြဲယာဂုကပ်။

ငင်းအထက်၌ ပြပြီးသော ကိန်းအရ ဟောနည်းမှာ ခုနစ်ရက်သားသမီးတို့အကြောင်းကိစ္စအလျောက် ဥစ္စာပျောက်၊ ခရီးသွားစသည်များကို မေးလာသောအခါ ၎င်း မေးလာသူတို့၏ စကားခွန်းရေကို မှတ်ပြီးမှ ကိန်းတွင်ပြသော အက္ခရာအစဉ်ကို လက်ချိုး၍ ရေ၊ ကျသောအက္ခရာတွင် ကြည့်ရှု၍ အကျိုးအကြောင်း၊ အဆိုးအကောင်းစသည်တို့ကို ဟောရမည်။

လက်ချိုးဗေဒင်ဟောနည်း ပြီး၏။

## သက်တော်ရှစ်ဆယ်ဟောကိန်း

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| ၃၂ | ၃၃ | ၃၄ | ၃၅ | ၃၆ | ၃၇ | ၃၈ | ၃၉ | ၁၀ |
| ၃၁ | ၅၆ | ၅၇ | ၅၈ | ၅၉ | ၆၀ | ၆၁ | ၄၀ | ၁၁ |
| ၃၀ | ၅၅ | ၇၂ | ၇၃ | ၇၄ | ၇၅ | ၆၂ | ၄၁ | ၁၂ |
| ၂၉ | ၅၄ | ၇၁ | ၈၀ | ကိန်း | ၇၆ | ၆၃ | ၄၂ | ၁၃ |
| ၂၈ | ၅၃ | ၇၀ | ၇၉ | ၇၈ | ၇၇ | ၆၄ | ၄၃ | ၁၄ |
| ၂၇ | ၅၂ | ၆၉ | ၆၈ | ၆၇ | ၆၆ | ၆၅ | ၄၄ | ၁၅ |
| ၂၆ | ၅၁ | ၅၀ | ၄၉ | ၄၈ | ၄၇ | ၄၆ | ၄၅ | ၁၆ |
| ၂၅ | ၂၄ | ၂၃ | ၂၂ | ၂၁ | ၂၀ | ၁၉ | ၁၈ | ၁၇ |

၎င်း သက်တော်ရှစ်ဆယ်ကိန်း၌ ကြည့်ရှု၍ ဟောရမည်မှာ တစ်နှစ်ရှိသောသူ ဖြစ်လျှင် တစ်ဂဏန်းမြင်ရာ နှစ်နှစ်ရှိသောသူဖြစ် လျှင် နှစ်ဂဏန်းမြင်ရာ မိမိတို့ အသက်ရောက်ရာ အကွက်တွင် အကောင်းအဆိုး၊ အကျိုးအပြစ်ကို ဆိုလတ္တံ့သော လက်ာအချိုးနှင့် တကွ ဟောရမည်။

## ဟောရန်လင်္ကာကား

ထောင့်တန်းတဲ့ကြက်ခြေ၊ သက်ရောက်ကာ ဖျားနာရ၊ ဒုက္ခ
နှင့်ပေ။ ။ များရွှေငွေ ဆောင်လေ သူခိုး။ ထိတ်ကြိုးနှောင်အိမ့်နှင့်၊
မှုမငြိမ်ဗျာပါပွားတယ်..... ဘေးကပ်လို့ညှိုး။
ကိန်းအနေသွယ်ကြူးလို့၊ ကူးပင်လယ်နဒီကျရင်လ၊ ဟောပ
သေချာ။ ချစ်မယားငယ်နှင့်၊ ချစ်သားမိတ်ခင်ပွန်းတို့ကြောင့်၊ ကျွန်းရ
ဗျာပါ။ စိတ်မသာ၊ ဣန္ဒြေနှင့်လွန်ဝေး။ စီးပွားချွတ်ချော်လို့၊ ကြံမတော်
ဗျာပါဖိတယ်၊ နှမ်းပူရှိဆွေး။
ထောင့် ကခြေ ပင်လယ်လွတ်ရင်လ၊ မချွတ်ရသေချာ။
စီးပွားရွှေငွေနှင့် မျောင်းနှစ်ခြေ ပွေကာထပ်အောင်၊ လာဘ်က မကွာ။
ကြံလေရာ၊ ပြီးပါပြီမလွဲ။ စိတ်အေးချမ်းသာလို့၊ လန်းရွှေကြာ ပမာ
တင့်တယ်၊ ကြီးမြင့်ဆင့်ကဲ။
သက်တော်ရှစ်ဆယ် ဟောကိန်းပြီး၏။

## ရေနံပိုင်ဦးရှင်ကြီး ဆွမ်းတင်မြောက်ပသနည်း အုန်းရည်နှင့် ပင့်ရန်

ပုလဲငွေမှို့ သဲရေစိုပါတဲ့ ပဲရှေမြို့အပိုင်၊ အောက်ခရိုင် ကျောက်တိုင်သည့်ဘက်၊ ရွှေစာရင်းညှိလိုက်သည့်၊ ရေကင်းအထိ ပိုင်ပေသော၊ ခရိုင်ကျော်ဇမ္ဗူ ပြိုင်လာသူ တကတဲရှုံးလောက်အောင်၊ သတင်းဖြာသည့်၊ ကစင်းရွာ ယင်းဌာနဆီက၊ မယွင်းမကွာသ အလွန်ကျော်ကိုးပြီး၊ ကျွန်တော်မျိုးတို့ မြို့ရပ်၊ ရွာသို့၊ နတ်ရာဇာ ကိုယ်တော်ကြွခဲ့ပါ။ လိုသော်တစ်ခဏ အမှန်းတင်၍ ကွန်းစင်မြတ် ကျောင်းဝိဟာသို့၊ အပေါင်းတပည့်များ ခြံရံတစ်သင်းငယ်နှင့် ရေနံမင်း တစ်ကျွန်းပိုင်၊ ကွမ်းအဆိုင် ဆွမ်းထိုင်လို့ သုံးပါတော့ ဘုန်းရှိတဲ့ နတ်ရာဇာ ကြွလာတော်မူပါ နတ်ဦးရှင်ခင်ဗျား။

## ပွဲပြင်ပြီးပင့်ရန်

စံရာကသိုင်း မြန်မာတိုင်း တလိုင်းသုံးရပ် ဒီရေနံသည့် ရာမညတိုင်း မုတ္တမကျော်လှိုင် မော်လမြိုင်, ထားဝယ်, ဇင်းမယ်, ရေး, မြိတ်, ရွာနီမိတ်၊ ကုလားထိပ်မော်တင်၊ ပင်လယ်ကျောက်ဖြူ ဇမ္ဗူမတိမ်၊ ပုသိမ်၊ မြောင်းမြ၊ ဒလတစ်ဖန်၊ ရန်ကုန်၊ ပဲခူး မြို့ရိုးမြို့တာ၊ ဥက္ကလာပ၊ သာကေတနှင့် မြစ်ဆုံကြေညာ၊ ရောဝတီ၊

နဒီဖြတ်သန်း၊ ရေကင်းအထိ၊ ကျောက်တိုင် စိုက်ပေသော၊ အောက်ခရိုင်တစ်ဝိုက် ရေကြောင်းဆိုင်သည့် ရွှေကျောင်းပိုင် ကျွန်းညိုလှဆီသို့၊ လက်ဆောင်ဖြာအလှူဆက်ခဲ့ပါ၊ ထန်းလျက်၊ ကောက်ညှင်း၊ သနပ်ရှင်းစွာ အုန်း၊ ငှက်ပျော၊ ကွမ်းယာ၊ လက်ဖက်တို့နှင့် တင်မြှောက်ရန် ဆက်သပါသည်။ မင်္ဂလာရှိသော ကျောင်းဘုံပေါ်သို့ ကြွလှမ်းတော်မူပါ၊ လူတို့သခင် နတ်ဦးရှင်ခင်ဗျား။

## တွမ်းကပ်ရန်

တောင်ဇမ္ဗူဒွေ၊ အောင်မြူရွှေသည့်၊ လေပြေပြောင်းရွှန်း၊ နေရောင်ထွန်း သည့်၊ ကျွန်းဒက္ခိဏ၊ သာယာလှသည့်၊ စိမ်းမြဒီသာ၊ တောင်မျက်နှာဝယ်၊ မဟာသမုဒ္ဒရာ၊ ပင်လယ်ဝဌ် မိန်းမလှခေါ်ဆို၊ မြစ်ကျွန်းညိုအွင်၊ ဗိုလ်လှုအပေါင်း၊ ခဝပ်ညောင်းရသော၊ ရွှေစောင်းတော်သခင်၊ နတ်မျိုးရှင်ဟု၊ အစဉ်ရေးက၊ ရာမညပိုင်း၊ မွန်တလိုင်းတို့၊ ညွတ်ကိုင်းပ,သ၊ ပူဇော်ကြသည့်၊ ကွင်းပဘေားဒဏ်၊ ရန်ခပ်သိမ်းကို၊ အမှန်ကင်းပျောက်၊ စောင့်ရှောက်တတ်စွ၊ ဘုန်းတေဇမြင့်၊ အာဏာတန်ခိုး၊ ဒိရေရောက်ရာ မြို့ရပ်ရွာတွင်၊ မှန်စွာစိုးလျက်၊ ရှေးရိုးအစဉ်၊ သက်သတ်မသုံး၊ မြတ်နလုံးဖြင့်၊ အောက်ခွင်ခရိုင်၊ မိန်းမလှခေါ်ကျွန်း၊ စံတော်ကွန်းက၊ ကျွန်းညိုရှင်ခင်ဗျား၊ မွေးကြိုင်ပျံ့သင်း၊ ရသာမြတ်ဖြူစင်လတ်သည့်၊ နတ်ကောက်ညှင်းနှင့် သနပ်ရှင်းသေချာ၊ အုန်း, ငှက်ပျောတွဲ၊ ကန်တော့ပွဲနှင့်၊ နွဲ့ဆင်ခါဖြင့်၊ ဖြူးကားပေါက်ပေါက်၊ လက်ဖက်ရွှေဖီ၊ စားမသီ ဆီမနော်ဘဲ၊ မောက်မောက်စုပုံ၊ ရွက်မြညှာ ကွမ်းနဝါ ယာတော်အစုံဖြင့်၊ မွှေးထုံပျံ့သင်း၊ ဒေါနသခင်၊ ပန်းတော်ဝင်တို့၊ စီရင်ခင်းလျက်၊ လျှံဝင်းဆီမီး၊ ထိန်ထိန်ညီးလို့၊ ကျောင်းကြီးဝိဟာ၊ နိမ့်မြင့်မယွင်း၊ ပွဲစုံကျင်း၍၊

သန့်ရှင်းစွာဖြင့်၊ ဆွမ်းဒကာ သားသမီး၊ အိမ်သားတစ်စုတို့က တင်မြှောက်၍ ပ,သပါသည်။ ကျွန်းညိုမြတ် အတိတ်မဟာဝနေက၊ တပည့်အပေါင်းအခြံအရံတစ်စုတို့နှင့် စောင်းရတနာ မကွဲလက်တော် ဆွဲပြီး ကြွလှမ်းကာ တင်ဆွမ်းယမကာကို ရှင်လန်းစွာ ဘုဉ်းပေးသုံး ဆောင်မတော်မူပါ ကျွန်းညိုသခင် နတ်ဦးရှင်ခင်ဗျား။

## ဆုတောင်း

ပင်လယ်သီခေါင်၊ ကျွန်းညိုတောင်တွင်၊ ဂုဏ်ရောင်လျှံငြိး၊ မပြတ်အစဉ်၊ ခြပ်ရှင်ပေသည့် ကျွန်းညိုရှင်ခင်ဗျား။ တင်မြှောက်ပ,သ ဆွမ်းမြတ်ဘောဇဉ်၊ နတ်ကွန်းစင်ကို၊ ပြုပြင်၍ ပ,သပါသည်၊ ဘယ်အန္တရာယ်၊ နတ်တန်ခိုးဖြင့်၊ ဘေးမျိုးကိုပယ်၊ ရေဝယ်ကြာသို့ လန်းပါစေ။ မကောင်းအိပ်မက်၊ မကောင်းငှက်နှင့် ဖုတ်, ပြိတ်, တစ္ဆေ, ကျား, မြွေ, မိကျောင်း, မကောင်းဥပါဒ်၊ နတ်တိုက်ရန်ဘေး၊ ထိုထိုလေ့ကို၊ ကင်းဝေးစေဖွယ်, ဘုရားဂုဏ်ပေါင်း၊ အရှင်မျက်စောင်း နှင့်၊ မကောင်းသမျှဖယ်, လနယ့်ရေလို အေးပါစေ။ ခြောက်ပါး ကိုးဆယ်၊ အန္တရာယ်ကို၊ သိကြားလက်နက်, နတ်တို့စက်ဖြင့် ပစ်ခါချသကဲ့သို့၊ တွင်းပပေါ့စွာ၊ ပယောဂလည်း၊ ကင်းရှင်းကွာလီမို့၊ ကိုယ်စိတ်ချမ်းသာပါစေသော်။

ရွှေငွေပေါစွာ၊ လာဘ်မိုးရွာလျက်၊ မျက်နှာမြင်က၊ ချစ်ခင်ပါစေ။ နှုတ်မြွက်စကား၊ အသံကြားက သနားပါစေ။ မေတ္တာဝေ၍၊ ရောင်းပန်း ဝယ်ပန်း၊ ပွင့်လန်းဝေဖြာအောင်၊ စောင့်မကြည့်ရှုတော်မူပါ။ လိုရာကို ဆုတောင်းပါသည်။ ရွှေစောင်းတော်သခင်၊ ရေငန်တရိုး ပိုင်စိုးပါတဲ့ နတ်မျိုးအရှင် အမြန်မတော်မူပါ။ ကျွန်းညိုသခင် နတ်ဦးရှင်ခင်ဗျား။

## ပြန်ပို့ရန်

နဒီစံပိုင် ရေငန်ပိုင်ဟု၊ ခရိုင်အဏ္ဏဝါ၊ ပြိုင်စံမလာနိုင်သော၊ *နိုင်ငံမြို့ရွာအသိ၊ ကွန်းခိုခရီး၊ ကျွန်းညိုကြီးဟု၊ ကမ္ဘည်းအမည်ကြီး ဘိသခင်၊ တေဇဘုန်းကွန့် မြို့ပြရွာလုံးရွံ့ရသည့်၊ ကျွန်းညိုသခင် ခင်ဗျား၊ ကျွန်းအရှင်ဆွမ်းတင်၍ ပြီးပါပေါ့၊ ကျွန်းညိုကြီး ဒီပါဆွေသို့၊ စိဝရံဝေဝေ ရွှေသက်န်းရယ်နှင့်၊ နေအဝင် ရွှေကြည်သာသည့်လမ်းကို၊ နတ်နန်းပျော် စောင်းတော်ပိုက်ပြီး၊ အပေါင်းအဖော် တပည့်များနှင့် ကျောင်းတော်က ကြွတော်မူပါ၊ ဒေဝါသခင် နတ်ဦးရှင်ခင်ဗျား။

**သတိ။** ။ဦးရှင်ကြီး ဆွမ်းတင်သောအခါ (အိမ်တွင်း)ကိုပါ တစ်ပွဲပြင်ပြီးတင်ပါက အထူးလာဘ်ရွှင်ပါသည်။

(အိမ်တွင်းအတွက် ဖယောင်းတိုင်မီး မပါရပါ)

## ဘိုးသူတော်ဦးနု စကားပုံ

၁။ မြန်ဗမ္မာပေါ် ဥဒဏ်ယူမျှော်သည့် သူတော်ကျွန်ုပ်၊ နား၏တန်ဆာ၊ နားဝင်သာအောင်၊ လက်ာပုဒ်ဖြင့်၊ အာလုတ်ချိုမြ၊ စကားပုံသရုပ် အမျိုးထုတ်ပြီးလျှင်၊ အချုပ်ကို ပြခဲ့မည်။

၂။ ဗုဒ္ဓဘာသာကို တွယ်ရမည်။ ရုပ်လုတာကို ပယ်ရမည်။ ဗုဒ္ဓဘာသာကိုတွယ်မှ အေးမြရာသည်။ ရုပ်လုတာကို ပယ်မှ အေးပကျွာမည်။

၃။ သေရသည်ကိုလဲ မသောက်နှင့်၊ ရေကြည်ကိုလဲ မနောက်နှင့်၊ သေရည်ကိုသောက်က အပယ်ကျတတ်သည်။ ရေကြည်ကို နောက်က အနည်ထတတ်သည်။

၄။ ထင်တိုင်းလည်းနှိမ်၍ မဆိုနှင့်၊ ဝင်တိုင်းရာလည်း သိပ်၍ မမျိုနှင့်၊ ထင်တိုင်းနှိမ်၍ဆိုက ရန်အသွယ်သွယ် ပွားတတ်သည်။ ဝင်တိုင်းသိပ်၍မျိုက အန္တရာယ်များတတ်သည်။

၅။ ဂေါ်ဏာမံသကိုလည်း မစားနှင့်၊ ကောခြေရံကိုလည်း မပွားနှင့်၊ ဂေါ်ဏာမံသကိုစားက မိဘသပွယ် ဖြစ်ပေသည်။ ကောခြေရံကို ပွားက သတိမရ အပါယ်နစ်ချေသည်။

၆။ အယုတ်တရားကိုလည်း အလိုမရှိနှင့်၊ မဟုတ်စကားကိုလည်း မဆိုဘိနှင့်၊ အယုတ်တရားကို အလိုရှိက ဘဂဝါ၏ စကားကို ပယ်ရာကျသည်။ မဟုတ်စကားကို ဆိုဘိက သမာဓိတရားကို ကာကွယ်သည်။

၇။ မြူသလိုပုံနှင့် ကလေးကိုမစနှင့်၊ လူကိုယုံသဖြင့် အကြွေး မချနှင့်။ မြူသလိုပုံနှင့် ကလေးကိုစက ကလေးအမိုက်မို့ ဆဲတတ်သည်။ လူကိုယုံသဖြင့် အကြွေးချက အရေးမစိုက် သဖြင့် မွဲတတ်သည်။

၈။ အမျိုးယုတ်သူ အဆင်းလှလျှင် သတိထားသင့်သည်။ တန်ခိုးနုပ်သူ ထမင်းဝလျှင် မကျီစားနှင့်၊ အမျိုးယုတ်သူ အဆင်းလှက စာဂထန်တတ်သည်။ တန်ခိုးနုပ်သူ ထမင်းဝက မာနထန်တတ်သည်။

၉။ အဟုတ်အမှန်လည်းသိမှ၊ အလုပ်အကြံလည်းရှိမှ၊ အဟုတ် အမှန်ကိုသိမှ သံသရာဘေးပ၍ အနေကျယ်ကြမည်။ အလုပ်အကြံရှိမှ ဆန်ရှာရေးလှ၍ အခြေတည်ရမည်။

၁၀။ သူဌေးလို ကြွယ်သော်လည်း မာန်စွယ်မထနှင့်၊ မြွေပွေးကို ငယ်သော်လည်း အလမ္မာယ်မပြနှင့်။ သူဌေးလို ကြွယ်သည်ဟု မာန်စွယ်ထက အရိုအသေမဲ့၍ မုန်းတတ်သည်။ မြွေပွေးကို

ငယ်သည်ဟု အလမ္ပာယ်ပြုက ထိုမြွေခဲလို့ မကြာခဏ သေဆုံးတတ်သည်။

၁၁။ မတော်ဘဲမဝယ်နှင့်၊ မခေါ်ဘဲမလည်နှင့်၊ မတော်ဘဲဝယ်က သပြာနေရှုံးတတ်သည်။ မခေါ်ဘဲလည်ချေက မကြာခဏ မုန်းတတ်သည်။

၁၂။ မတော်တာကို မမြည်းစားနှင့်၊ အဖော်မပါလျှင် ခရီးမသွားနှင့်၊ မတော်တာကို မြည်းစားက ဘေးရလို့ ရောဂါပွားတတ်သည်။ အဖော်မပါဘဲခရီးသွားက အရေးမလှတာမို့ သောကများတတ်သည်။

၁၃။ ခရီးကိုလည်း အပြင်းမသွားနှင့်၊ မီးကိုလည်း အကြွင်းမထားနှင့်၊ ခရီးကို အပြင်းသွားက မှားတတ်သည်။ မီးကို အကြွင်းထားက ပွားတတ်သည်။

၁၄။ ဆရာပြောသမျှကို အပြီးမမှားလေနှင့်၊ အနာရောဂါကို မကြီးပွားစေနှင့်။ ဆရာပြောတာကို အပြီးမှားက မုချမှောက်တတ်သည်။ အနာရောဂါကို ကြီးပွားက ဒုက္ခရောက်တတ်သည်။

၁၅။ စကား စကား ပြောဖန်များက စကားထဲက ဓာတ်ပြ၍ မာနတံခွန် ထူတတ်သည်။ ဘုရား တရား ဟောဖန်များ တရားထဲက ပါဠိရ၍ ဒါန အလွန်လှူတတ်သည်။

၁၆။ တံတားအိုမှောင်ခိုမလျှောက်နှင့်၊ စကားဆိုတောင်လိုမမောက်နှင့်။ တံတားအို မှောင်ခိုလျှောက်က ကျိုးတတ်သည်။ စကားဆို တောင်လိုမောက်က လွန်ဟာတတ်သည်။

၁၇။ အထက်ကိုလည်း မလှမ်းနှင့်၊ အပျက်ကိုလည်း မမှန်းနှင့်။ အထက်ကိုလှမ်းက အခက်ကြောင့် ပန်းရသည်။ အပျက်ကို မှန်းက အရှက်ကြောင့် နှမ်းရသည်။

၁၈။ အမျိုးမြတ်မှ အရိုးကို ကြံရာသည်။ တန်ခိုးလျှပ်မှ အဖိုးတန်ပါသည်။

၁၉။ သံသရာလောက နှစ်ဝအကျိုး တိုးပွားစေမှု အာရုံပြုလျက် ဦးနှမည်ခေါ် ငါသူတော်လျှင် နာပျော်ဖွယ်ရာ ဆုံးမစာကို တကာ, တကာမ မှတ်သားကြ၍ နေ့ညလေ့ကျက်ကြပါကုန်။

## အနန္တသူရိယအမတ်

၁။ သူတည်းတစ်ယောက်၊ ကောင်းဖို့ရောက်မူ၊ တစ်ယောက်သူမှာ၊ ပျက်လင့်ကာသာ၊ ဓမ္မတာတည်း။

၂။ ရွှေအိမ်, ရွှေနန်း၊ ကြွေငှန်းလည်းခံ၊ မတ်ပေါင်းရံလျက်၊ ပျော်စံရိပ်ငြိမ်၊ စည်းစိမ်မကွာ၊ မင်းချမ်းသာကား၊ သမုဒ္ဒရာ၊ ရေမျက်နှာထက်၊ ခဏတက်သည့်၊ ရေပွက်ပမာ၊ တစ်သက်လျာတည်း။

၃။ ကြင်နာသနား၊ ငါ့အားမသတ်၊ ယခုလွှတ်လည်း၊ မလွတ်ကြမ္မာ၊ လူတကာတို့၊ ခန္ဓာခိုင်ကျည်၊ အတည်မမြဲ၊ ဖောက်လွဲတတ်သည်၊ မချွတ်စသာ၊ သဘာ၀ါတည်း။

၄။ ရှိခိုးကော်ရော်၊ ပူဇော်အကျွန်၊ ပန်ခဲ့တုံသည်၊ ခိုက်ကြုံဝိပါက်၊ သံသာစက်၌၊ ကြိုက်လတ်တုံမူ၊ စုံ့မယူလို၊ ကြည်ညိုစိတ်သန်၊ သခင်မွန်ကို၊ ချိန်ဘိစင်စစ်၊ အပြစ်မဲ့ ရေး၊ ခွင့်လျှင်ပေးသည်၊ သွေးသည်အနိစ္စာ၊ ငါ့ခန္ဓာတည်း။

လောကနီမှတ်ပုံ နည်းမျိုးစုံကျမ်း
ဤတွင် ပြီးသည်။

## စံလှစာပေတိုက်မှ ထုတ်ဝေဖြန့်ချိသည့်စာအုပ်

| စဉ် | စာအုပ်အမည် | စာရေးသူ |
| --- | --- | --- |
| ၁။ | အသုံးချနည်းသစ်သဒ္ဒါ | ဦးသံဗျင်း |
| ၂။ | စက်ဆရာလက်စွဲ | ဘိုးသက္က |
| ၃။ | ဦးပေါ်ဦး | နေဘုန်းဝေ |
| ၄။ | မောင်ကျဘမ်း | နေဘုန်းဝေ |
| ၅။ | ဂါထာမန္တန်တော်များ | တင်အောင် |
| ၆။ | ဆုပေးဆုတောင်း | ဦးထွန်းလှ |
| ၇။ | တမလွန်ခရီးသို့ | မင်းဘူးမျိုးသက်အောင် |
| ၈။ | ပဋ္ဌာန်နှင့်ရိယက်ကံအနန္တငါးပါး | မင်းဘူးမျိုးသက်အောင် |
| ၉။ | ချစ်ခြင်းမေတ္တာနှင့် မိန်းမ | အောင်မြတ်ဦး |
| ၁၀။ | လူတိုင်းအတွက်သိမှတ်ဖွယ်ရာ | လင်းလင်းထက် |
| ၁၁။ | အိပ်မက်တိတ္ထုံ | ထက်မင်းလွင် |
| ၁၂။ | လောကီပဒေသာ | ထက်မင်းလွင် |
| ၁၃။ | မြန်မာဆယ်ဆောင်တွဲ | |
| ၁၄။ | ဆန်ဖွတ်သည့်အဘိုးအို | မောင်သင်းဆွေ |
| ၁၅။ | ချက်နည်းပြုတ်နည်း | လင်းလင်းထက် |
| ၁၆။ | မုန့်လုပ်နည်း | လင်းလင်းထက် |
| ၁၇။ | ထီပေါက်နည်း | လင်းလင်းထက် |
| ၁၈။ | ၃၇ မင်းပူဇော်ပသနည်း | ဦးထွန်းလှ |
| ၁၉။ | သင်္ဂဇာဆရာတော် | နေဘုန်းဝေ |
| ၂၀။ | လူတိုင်းအတွက်ဘုရားရှိခိုး | ရှေးမူ |
| ၂၁။ | ပရိတ်ကြီး(၁၁)သုတ်အသံထွက် | |
| ၂၂။ | သီရိရတနာ၀တ်ရွတ်စဉ် | |
| ၂၃။ | အစိန္တေယျဘုရားရှိခိုး | |
| ၂၄။ | ယိုးဒယားစကားပြော | နန်း |